
www.burmeseclassic.com



မင်းခိုက်စိုးစန် ထက်မြတ်နိုင်ဇင်

ဝတ္ထုတိုစုစည်းမှု

BURMESE CLASSIC .com

# ကျွန်တော့်ကို အမေသတ်ခဲ့တယ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

- ပုံနှိပ်သူ
  ဦးကျော်ဌေးမင်း (၀၅၉၉၂)
  အောင်သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။
- ထုတ်ဝေသူ
  ဦးအောင်မိုး (မြဲ-၀၄၆၇၆)
  အမှတ်-၁၁၊ အောင်သပြေလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
- ဖြန့်ချိရေး
  ရတနာသိုက်စာပေတိုက်
  အမှတ်-၁၄၂(ပထမထပ်)၊ ၄၇လမ်း(အထက်)၊
  ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
  ဖုန်း-၀၁-၂၀၀၆၉၉၊ ၀၉ ၅၅၀ ၆၁၉၈၊ ၀၉ ၅၁ ၉၆၁၂၃

# ကျွန်တော်ကို အမေသတ်ခဲ့တယ်

မင်းခိုက်စိုးစန်   ထက်မြတ်နိုင်ဇင်

မာတိကာ


| | | | |
|---|---|---|---|
| ၁။ | အလင်းတွယ်ရာ | ထက်မြတ်နိုင်ဇင် | ၁ |
| ၂။ | ဒီမိုကရေစီရေတန်ထဲက လိပ်တစ်ကောင် | မင်းခိုက်စိုးစန် | ၁၈ |
| ၃။ | စွန့်လွှတ်ကြသူတွေရဲ့ အိပ်မက်တာအရောင်နဲ့လား | ထက်မြတ်နိုင်ဇင် | ၃၄ |
| ၄။ | ငှက်ပျောသီးပဲ စားနေတဲ့ နိုင်ငံတော် | မင်းခိုက်စိုးစန် | ၅၇ |
| ၅။ | အရူးမောင်းတဲ့ရထား | ထက်မြတ်နိုင်ဇင် | ၇၆ |
| ၆။ | သရာတွေစားပေးပွဲကျူးတဲ့အခါ.. | မင်းခိုက်စိုးစန် | ၁၀၁ |
| ၇။ | ကြိုးတိုက်ထဲက မိန်းမများ | ထက်မြတ်နိုင်ဇင် | ၁၃၀ |
| ၈။ | ကျွန်တော့်ကိုအမေသတ်ခဲ့တယ် | မင်းခိုက်စိုးစန် | ၁၅၀ |
| ၉။ | ကျွန်တော့်ကိုအမေသတ်ခဲ့တယ် | ထက်မြတ်နိုင်ဇင် | ၁၈၃ |
| ၁၀။ | မုန်လာဥစာတိုက်ဆိုင် | မင်းခိုက်စိုးစန် | ၂၀၇ |
| ၁၁။ | သေသုံးသူတစ်ယောက်တာဝဲကို သင်္ချိုင်းနေတယ် | ထက်မြတ်နိုင်ဇင် | ၂၄၃ |


www.burmeseclassic.com

www.burmeseclassic.com


- မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း
  အောင်မိုး
- ကွန်ပျူတာ
  ဝေယံထက်၊ မို့မို့
- CTP
  Kabar Oo
- စာအုပ်ချုပ်
  ကိုတင်အေး(လှိုင်)
- ပုံနှိပ်ခြင်း
  ၂၀၁၄၊ အောက်တိုဘာလ၊
- အုပ်ရေ
  ၁၀၀၀
- တန်ဖိုး
  ၂၅၀၀ ကျပ်

ISBN 978-99971-0-126-6

၈၉၈.၈၄

မင်းခိုက်စိုးစန်၊ ထက်မြတ်နိုင်ဇင် စာရေးဆရာ
ကျွန်တော့်ကို အမေသတ်ခဲ့တယ်
မင်းခိုက်စိုးစန်၊ ထက်မြတ်နိုင်ဇင်၊ ရန်ကုန်၊
ရတနာသိုက် စာပေ၊ ၂၀၁၄
စာ - ၂၈၆၊ ၁၂.၅ × ၂၀ စင်တီမီတာ
ကျွန်တော့်ကို အမေသတ်ခဲ့တယ်


www.burmeseclassic.com

www.burmeseclassic.com



ဘုရားကို ဝတ်ပြုနေတဲ့လူတွေရဲ့ စိတ်ထဲမှာတော့ အေးချမ်းတဲ့ စိတ်သန္တာန်တွေ ကိန်းဝပ်နေမှာပဲလို့ ကျုပ်တွေးမိတယ်။ ကျုပ်ရင်ထဲမှာတော့ တမြည့်မြည့် ပူလောင်နေလေရဲ့ ..။ ရင်ပြင်တော်ပေါ်မှာ ထောင်ထားတဲ့ ကျုပ်ရဲ့ဆိုင်းဘုတ်လေးပေါ်က ..

''ရွှေပုံရိပ် ဓာတ်ပုံဆိုင်

ခုရိုက် ခုယူ

အမြန်ရပြီ''

ဆိုတဲ့ စာလုံးလေးတွေတောင် နေစားလို့ အရောင်ဖျော့တော့တော့ ဖြစ်နေပြီ။ ကျုပ်ရဲ့ ဓာတ်ပုံဆရာဘဝကိုလည်း နေစားသွားသလား မသိပါဘူးဗျာ။ ဖျော့တော့လို့ ...။

ကျုပ်လည်ပင်းမှာ တွဲလောင်းခိုနေတဲ့ Olympus E - 30 DSLR ကင်မရာအဟောင်းကလေးကလည်း အသက်ရှူရတစ်ချက် မရှူရတစ်ချက်ပဲ။ ကျုပ်ကတော့ ဘုရားပေါ်ကိုလာတဲ့ စုံတွဲကလေးတွေများ တွေ့ရင် ..

''ညီလေး ဓာတ်ပုံရိုက်သွားပါဦးလား''

''သမီးတို့ ဓာတ်ပုံရိုက်သွားကြဦးလေ''

ဆိုပြီး မျှော်လင့်တကြီး တတွတ်တွတ် လိုက်ပြောနေမိတာပဲ။ ဒါပေမဲ့ အားလုံးက ခေါင်းခါပြသွားကြတာတွေချည်းပါပဲလေ။

ဒီခေတ်ကြီးက ဓာတ်ပုံဆရာဆီမှာ ဓာတ်ပုံရိုက်တဲ့ခေတ် မဟုတ်တော့ဘူး။ လူတိုင်းနီးပါးရဲ့ လက်ထဲမှာ ဒစ်ဂျစ်တယ်ကင်မရာလေးတွေ၊ Smart ဖုန်းတွေ ရှိနေကြပြီပဲ။ ဓာတ်ပုံရိုက်တယ်ဆိုတာ ဟိုခေတ်ကလို တကူးတကရိုက်ပြီး ဓာတ်ပုံတွေကို Album ထဲမှာ





တရိုတသေသိမ်းတဲ့ခေတ် မဟုတ်တော့ဘူးကိုး ...။

ဓာတ်ပုံရိုက်တယ်ဆိုတာ ကျုပ်ကို တစ်သက်လုံး ထမင်းကျွေးလာတဲ့ပညာဗျ။ အို .. ကျုပ်တင်မကပါဘူးလေ။ ကျုပ်တို့လင်မယားရော၊ ကလေး ၃ ယောက်စလုံး အရွယ်ရောက်တဲ့အထိ ဒီပညာနဲ့ပဲ ရှာဖွေကျွေးခဲ့တာ။ အခုတော့ ကျုပ်တို့ကို ထမင်းကျွေးတဲ့ပညာက လူတကာရဲ့ လက်ထဲမှာ ပညာရပ်တစ်ခုမဟုတ်တော့ဘဲ အပျော်တမ်း ကစားနည်းတစ်ခုလောက်သာသာ ဖြစ်နေတာကို မြင်ရတော့ ရင်ထဲမှာ ခြောက်ကပ်ကပ်ကြီးဗျာ ..။

ဟော .. ပြောရင်းဆိုရင်း အသက် ၂၀ ကျော် ကလေးမ တစ်သိုက်က ကျုပ်ရပ်နေတဲ့ ရာဟုထောင့်ဘက်ဆီကို ရယ်ကာမောကာနဲ့ တစ်ယောက်ကိုတစ်ယောက် ရိုက်ပုတ်တွန်းထိုးရင်း လျှောက်လာနေကြတယ်။ ကျုပ်အနားကို ဖြတ်သွားတုန်း ...

''သမီးတို့ ဓာတ်ပုံရိုက်သွားကြဦးလေ''

အကျင့်ပါနေတဲ့ ကျုပ်ပါးစပ်က လွှတ်ခနဲ ဈေးခေါ်ခေါ်လိုက်မိတယ်။ စိတ်ထဲမှာတော့ သိပ်မျှော်လင့်ချက် မထားပါဘူး။ ထင်တဲ့အတိုင်းပဲ။ သူတို့ကလည်း လှည့်တောင် မကြည့်ဘူး။ သုံးလေးလှမ်းလောက်လျှောက်သွားကြပြီးတော့ အသားညိုညိုဝဝနဲ့ ကောင်မလေးက မျက်မှန်နဲ့ ကောင်မလေးကို လှမ်းပြီး ..

''ငါ့ကို ဒီနားလေးမှာ ဓာတ်ပုံရိုက်ပေး ..ရော့''

ဆိုပြီး သူ့လက်ထဲက ဖုန်းကို လှမ်းပေးလိုက်တယ်။ မျက်မှန်နဲ့ ကောင်မလေးက ..



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အေး" လို့ပြောပြီး ဖုန်းထဲက ကင်မရာနဲ့ ရှေ့တိုး နောက်ဆုတ် ချိန်ဆနေတယ်။

ဘာရယ် မဟုတ်ဘူး။ ကျုပ်က လှမ်းကြည့်မိတော့ နေရောင်ရဲ့ အလင်းအားကလည်း အကျဘက်အချိန်ရောက်နေ၊ ကောင်မလေး အသားကလည်း ညိုညိုနဲ့ အလင်းကို ဘေးတိုက်ပေးပြီး ရိုက်နေတာဟာ ဘယ်လိုမှ ပုံကောင်းတစ်ပုံထွက်မှာ မဟုတ်ဘူးလို့ ကျုပ်ရဲ့ အတွေ့အကြုံအရ သိလိုက်တယ်။ အဲဒါကြောင့် ကျုပ်ပါးစပ်က လွှတ်ခနဲ . .

"ဟဲ့ . . သမီးလေးက ဒီဘက်နားကနေ လာရိုက်လေ။ ဟို သမီးလေးက ညာဘက်နည်းနည်းတိုးလိုက်။ Contrast တွေ အရမ်းများ နေလိမ့်ဦးမယ်။ သတိထား"

လို့ လှမ်းပြီး သတိပေးမိသွားတယ်။ မျက်မှန်နဲ့ ကောင်မလေးက ကျွန်တော့်ကို ဖျတ်ခနဲ လှည့်ကြည့်တယ်ဆိုရုံကြည့်ပြီး သူ့အဖော်ကို ဖုန်းနဲ့ ရွယ်မြဲတိုင်း ရွယ်နေတယ်။ ကျုပ်ပြောတာကို တစ်စက်မှ ဂရုမစိုက်ပေါင်ဗျာ။ အသားညိုညိုနဲ့ ကောင်မလေးက . .

"ဟဲ့ . . ငါ့ကို လှလှလေး ရိုက်ပေးနော်"

လို့ လှမ်းပြောတော့ သူက . .

"အောင်မလေး . . နင်ကလည်းဟာ၊ ပူစရာမရှိ ကြံဖန်ပူနေပြန်ပြီ။ နင့်ပုံကို Computer ထဲ ထည့်ပြီး Photoshop နဲ့ ပြင်လိုက်ရင် နင့်တစ်ကိုယ်လုံး ဖွေးဖွေးလည်လည် လှသွားမှာ"

"သြော် . . အေး . . အေး"





ပြောပြောဆိုဆိုနဲ့ ဖုန်းက ကင်မရာခလုတ်ကို ဖျတ်ခနဲ နှိပ်ချလိုက်တယ်။ ကျုပ်ရဲ့ နှလုံးသားထဲကိုလည်း တစ်စုံတစ်ရာ ဖျတ်ခနဲ နှိပ်ချလိုက်သလိုပဲ။

'Photoshop နဲ့ ပြင်လိုက်ရင် လှသွားမှာတဲ့လား။ ကျုပ် တစ်သက်လုံး ဆည်းပူးလာတဲ့ပညာတွေဟာ Photoshop လောက်တောင် အသုံးမတည့်တော့ဘူးလား။ မသိပါဘူးဗျာ'

လို့ တွေးရင်း ဘုရားရင်ပြင်ပေါ်မှာ သွားလာနေကြတဲ့စုံတွဲတွေ၊ သက်ကြီးရွယ်အိုတွေ၊ မြီးကောင်ပေါက် ကောင်လေး၊ ကောင်မလေး တွေကို ကျုပ်ငေးမောကြည့်နေမိတယ်။ ဘာမှ အဓိပ္ပာယ်မရှိဘူး။ ဒီရင် ပြင်တော်ပေါ်မှာ ကျုပ်ရပ်နေတာဟာ အလကားအပိုသက်သက် ဖြစ်နေ တယ်။ ယောင်ယမ်းပြီး အကျီအိပ်ကပ်ထဲကို စမ်းကြည့်လိုက်တော့ ၁၀၀၀ တန် တစ်ရွက်နဲ့ ၂၀၀ တန် ခပ်နွမ်းနွမ်းတစ်ရွက် ရှိနေတယ်။ ဒါတောင် မနက်ပိုင်းတုန်းက နယ်က ဘုရားလာဖူးတဲ့မိသားစုတစ်စု အမှတ်တရဆိုပြီး ဓာတ်ပုံဝင်ရိုက်သွားကြလို့ . . . ။

ကဲပါလေ . . ရသလောက်နဲ့ပဲ တင်းတိမ်ရတော့မှာပေါ့။ နေရောင်ကလည်း တော်တော်စောင်းလာပြီ။ ဒီအချိန်ဓာတ်ပုံရိုက်လို့ ကလည်း ပုံထွက်သိပ်ကောင်းစရာအကြောင်း မမြင်တော့ဘူး။ အိမ်ကို ပြန်ဖို့ပဲ ကျုပ်ဆုံးဖြတ်လိုက်တော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

ရွှေတိဂုံဘုရား အရှေ့ဘက်စောင်းတန်းက လှေကားထစ်တွေ အတိုင်း ကျုပ်တစ်လှမ်းချင်း ဆင်းလာခဲ့တယ်။ ဟိုး လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၅နှစ်ကတုန်းကတော့ ဟောဒီလှေကားထစ်တွေအပေါ်မှာ ကျုပ် ခြေလှမ်းတွေဟာ ပြိုင်မြင်းတစ်ကောင်လို ကြွကြွရွရွ လှမ်းနေခဲ့တာပေါ့။

အဲဒီတုန်းက ကျုပ်ခြေထောက်တွေ အနှုတ်အသိမ်းမြန်လိုက် ပုံများ အခုပုံနဲ့ဆို ဘာမှ မဆိုင်ဘူး။ ဩော် ‥ ဇရာပေါ့လေ။ ခုဆို ကျုပ်တောင် အသက် ၅၀ ကို ၄ နှစ်စွန်းခဲ့ပြီပဲ ‥။ ဟိုတုန်းကတော့ ၁၆ နှစ်၊ ၁၇ နှစ်သားလေး မြင့်ရွှေဟာ ဆရာ့ကင်မရာပုံးကို ထမ်းပြီး မမောတမ်း မပန်းတမ်း ပညာသင်ယူနေတဲ့ကာလပေါ့ ‥‥။





ကျုပ်ရဲ့ ဆရာဦးစိန်နိုက ညောင်လေးပင် ဇာတိလို့ ပြောတယ်။ ဘယ်အရွယ်ကတည်းက ရန်ကုန်ရောက်နေသလဲတော့ မသိဘူး။ ငယ်ငယ်လေးကတည်းကပဲ ဖြစ်မယ်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ သူပြောတဲ့စကားထဲမှာ ဟိုးခေတ်တုန်းက အင်မတန်ထင်ရှားတဲ့ 'အဟူဂျာ' အင်ဓာတ်ပုံတိုက်မှာ ပညာသင်ဖူးတဲ့အကြောင်းတွေ ဘာတွေ ပါတာကိုး။

ကျုပ်ဆရာက သိပ်စေ့စပ်တယ်။ နိုင်းတာလည်း ရက်စက်တယ်။ သူနိုင်းတာကို ဖင်ပေါ့ပေါ့မလုပ်လို့ကတော့ နီးရာပစ္စည်းနဲ့ ကောက်ပေါက်တာ။ ဓာတ်ပုံဆေးသား တင်တာတို့၊ ခဲစိုးတာတို့များ အချိုးမကျရင် ဆွဲထိုးတာတောင် ခံရသေးတယ်။ ကျုပ်မှာ နှုတ်ခမ်း ပေါက်ရ၊ သွားနဲ့ရန်နဲ့ပေါ့ဗျာ။ ကျုပ်ကလည်း ပညာလိုချင်တဲ့သူဆိုတော့ ဘယ်လိုပဲလုပ်လုပ် ပေကပ်ပြီး နေတာပဲဗျ။ ဆရာကလည်း သူ့ပညာကို ဆော်တော်နဲ့ ပေးတာမဟုတ်ဘူး။ သူ့အိမ်မှာ ရေခွေးကျို၊ ထမင်းချက်၊ အဝတ်လျှော်နဲ့ နှစ်နှစ်လောက်အထိသာ ကြာလာတယ်။ ကင်မရာကို ကျုပ်မှာ လက်ဖျားနဲ့တောင် ထိခွင့်မပေးဘူး။ အဲဒီတုန်းက ဆရာ့ဆီမှာ Compack Kodak Folding Camera တစ်လုံးရှိတယ်။ ၁၉၉၂ ခုနှစ်က ထုတ်တာမို့လို့ အိုတော့ အိုနေပါပြီ။

ဒါပေမဲ့ သူ့ခေတ်နဲ့သူဆိုတော့ အဲဒါကိုပဲ အကောင်းလုပ်ပြီး တိုင်ရတာပေါ့။ အခုခေတ် ခင်ဗျားတို့မြင်ဖူးနေတဲ့ ကင်မရာတွေနဲ့ တစ်စက်မှ မတူဘူးဗျ။ ကင်မရာမှန်ဘီလူးနဲ့ ဖလင်ကော်ပြားထည့်တဲ့ သေတ္တာကို ဘာဂျာခေါက်ပုံစံကိုယ်ထည်နဲ့ စပ်ထားတာ။ ဓာတ်ပုံရိုက် မယ့်လူက ခေါင်းပေါ်မှာ အဝတ်မည်းကြီးခြုံပြီး မှန်ဘီလူးကျောင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကနေ ကြည့်ရတယ်။ ထင်တဲ့ပုံရိပ်ကလည်း စောက်ထိုးကြီးဗျ။ အဲဒီလို ··။

အဲဒီ ကင်မရာအပေါက်ကနေ ပထမဦးဆုံးစပြီး ချောင်းကြည့်ခွင့်ရတဲ့နေ့ကဆို ကျုပ်မြင့် ပျော်လိုက်တာဗျာ။ ရင်တွေ ဘာတွေတောင် တလှပ်လှပ်နဲ့ ···။

ဟုတ်တယ်လေ ··။ အရင်တုန်းကဆို ဆရာက ··

"မြင့်ရွှေရေ ·· လက်ဖက်ရည် သွားဝယ်စမ်းဟေ့"

"ဟုတ်ကဲ့ ·· ဆရာ"

ဒါက နေ့လယ်နေ့ခင်းပိုင်းနဲ့ ညေ့သည်တွေဘာတွေ လာတဲ့ အခါမျိုး။ အဲ ·· ညနေကျရင်တော့ ···

"မြင့်ရွှေရေ ·· လမ်းထိပ်ဆိုင်သွားစမ်းဟေ့"

ဒါဆိုရင်တော့ ကျုပ် အထာပေါက်ရပြီ။ လွယ်အိတ်ထဲမှာ ငှက်ပျောဖူးပုလင်းတစ်လုံးထည့်ပြီး ရပ်ကွက်ထိပ်က တရုတ်မဆိုင်မှာ အရက်သွားဝယ်ပေးရတယ်။ အဲဒီလို လက်ဖက်ရည်ဝယ်၊ အရက်ဝယ်နဲ့ အကြာကြီး နေလာခဲ့ရတာပေါ့။ ညဘက် ဆရာအိပ်ခါနီးရင်လည်း နှင်းနှိပ်ပေးရသေးတယ်။

အဲ ·· အဲဒီလို အနင်းအနှိပ်ခံရင်းနဲ့မှ ဆရာက စိတ်လိုလက်ရရှိတဲ့အခါမျိုးဆို ဓာတ်ပုံပညာနဲ့ ပတ်သက်တာ တစ်ခွန်းစ နှစ်ခွန်းစ သင်ပေးလေ့ရှိတယ်။ အဲဒါကို အမိဖမ်းပြီး နည်းနည်းချင်းစီ သင်ခဲ့ရတာပါ။

နေပူ (၁၁) ၊ မိုးအုံ့ (၈) ဆိုတဲ့လက်ာကို အလွတ်ကျက်ပြီး ဘယ်လိုအခါမှာ အပါချာ ဘယ်လောက်ထားရမယ်၊ ရှပ်တာ Speed က နှေးရင် ဘယ်လိုမြန်ရင် ဘယ်လောက်စတဲ့ဟာတွေပေါ့။





ဘာဖလင်အမျိုးအစားကို သုံးမှာလဲ၊ ဘယ်လို မှန်ဘီလူးအမျိုးအစားကို သုံးမှာလဲဆိုတာတွေ ဆုံးဖြတ်တတ်ဖို့ ကျုပ်မှာ နားထင်နားရင်းတွေ ပူစိမ့်နေအောင် အထိုးခံပြီး သင်ခဲ့ရတာပါဗျာ။

ဓာတ်ပုံသမားမှာလည်း အမျိုးမျိုးရှိတာပေါ့လေ။ ဖက်ရှင်ဓာတ်ပုံတို့၊ မှုခင်းဓာတ်ပုံ၊ သက်ငြိမ်ပုံတို့ စသဖြင့်ပေါ့။ ကျုပ်ကတော့ ပေါ့ထရိတ်သမားသက်သက်ပဲ။ လူ့ပုံပဲ ··။ တစ်ခါတလေ မင်္ဂလာဆောင် လိုက်ရိုက်တယ်။ ကျုပ်ရဲ့အိမ်သူနဲ့ စတွေ့တာလည်း ကျုပ်ဆရာရဲ့ ဓာတ်ပုံဆိုင်မှာ သူက ပေါ့ထရိတ်လာရိုက်ရင်းနဲ့ တွေ့တာလေ။

သူနဲ့ ချစ်ကြ၊ ကြိုက်ကြပြီး နှစ်နှစ်လောက်ကြာတော့ ယူကြမယ်တွေ၊ ဘာတွေဖြစ်ကရော။ ဆရာကတောင် ··

"ဟဲ့ကောင် ·· မြင့်ရွှေ မင်းက ဘာများ အဖြစ်ရှိသေးလို့ မိန်းမယူချင်ရတာတုန်း"

လို့ မေးတယ်။ ကျုပ်လည်း ရှိုးရှိုးဦးတင်နဲ့ ဓာတ်ပုံဆိုင်လေး တစ်ဆိုင် ခွဲထောင်ချင်ပါတယ်ဆိုတဲ့အကြောင်း ခပ်ယယ ပြောရတော့တာပဲ။ ဒီတော့မှ ဆရာက ··

"မင်းတို့ကိစ္စ တစ်နှစ်လောက် ဆိုင်းကြဦး"

လို့ ပြောတယ်။ အဲဒီကစလို့မှ ဖလင်ဆေးကူးတဲ့ပညာကို ကျကျနန သင်ပေးတော့တာပဲ။ အရင်တုန်းကလည်း ဆေးတော့ ဆေးဖူးသပေါ့၊ ဒါပေမဲ့ တတ်လို့မဟုတ်ဘူး။ ဆရာက ဒါလုပ်လိုက်ဆို လုပ်လိုက်တာပဲ။ သီအိုရီတွေ ဘာတွေလည်း နားမလည်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



အချုပ်ကတော့ဗျာ ..ဖလင်ကော်ပြားပေါ်မှာ ငွေပါတဲ့ ဓာတ်ဆားတွေ ကပ်ထားတာပါပဲ။ အဲဒီ ဓာတ်ဆားမှုန့်တွေ ကွာမသွားအောင် ဂျယ်လတင်လို့ခေါ်တဲ့ဟာနဲ့ အုပ်ထားတာ။ အလင်းနှင့် ထိလိုက်တော့ ငွေဓာတ်ဆားမှုန့်လေးတွေက လင်းတဲ့နေရာ လင်း၊ မှောင်တဲ့နေရာ မှောင်နဲ့ ပုံပေါ်လာတယ်။ အဲဒါကိုမှ အမှောင်ခန်းထဲမှာမှ ဆေးရကူးရတာ။ ငွေဓာတ်ဆားတွေဆိုတာက Silver Bromide တို့၊ Silver Cloride တို့ကို ခေါ်တာပါပဲ။ အမှောင်ခန်းထဲမှာဆေးတဲ့အခါကျတော့ ဖလင်သားပေါ်က Silver Halide တွေကို လျှော့ချပေးနိုင်မယ့် Solution ကို သုံးရတာပေ့ါ။ ဘယ်လောက်ပြင်းအားနဲ့ ဆေးမယ်၊ ဘယ်လောက်အပူချိန်မှာ ဆေးမယ်၊ ဘယ်လောက်ကြာကြာ ဆေးမယ်ဆိုတာတွေကို ဆုံးဖြတ်ရတာ အရေးကြီးတယ်။ နောက်ဆုံး ပုံထွက်ကောင်း၊ မကောင်း၊ Contrast များသလား နည်းသလားဆိုတာတွေကို အဲဒါတွေက ဆုံးဖြတ်ပေးတာပါပဲ။

ပြီးသွားရင် ဓာတ်ဆားတွေကို Sodium သိုင်ယိုဆာလဖိတ်နဲ့ ဆေးပစ်ရတယ်။ တစ်ခါတလေတော့လည်း အမိုးနီးယမ်းကို သုံးတယ်။ ပြီးရင် ရလာတဲ့ နဂတစ်ဖလင်ကို ရေသန့်သန့်နဲ့ ဆေးရတယ်။ အဲဒီအဆင့်တွေအားလုံး လက်စလက်န မှန်မှန်နဲ့ ပုံကောင်းတစ်ပုံထွက်ဖို့ ကျုပ်မှာ ၅ နှစ်ကျော်၊ ၆ နှစ်နီးပါး ထမင်းစားကျွန်ခံ သင်လာရတာ တဲ့အချိန်ကာလက မဟာဆိုလား၊ ဘာလား အဲဒီဘွဲ့မျိုးတောင် ရဖို့ ကောင်းနေပြီ။ ဒါတောင် သူများဆိုင်ဖက်အဖြစ် အထိုးအကြိတ်ခံပြီးမှ သင်လာခဲ့ရတာနော်။





အခုခေတ်များတော့ လွယ်လိုက်တာဗျာ။

ဘာဓာတ်ဆားတွေရဲ့ နာမည်ကိုမှ ကျက်နေ မှတ်နေစရာ လည်း မလိုဘူး။ ဆေးရည်တွေ စပ်နေစရာလည်း မလိုဘူး။ ကင်မရာထဲက Memmory (မန်မိုရီ) ကတ်လို့ ခေါ်တဲ့ဟာလေးကို ကွန်ပျူတာထဲ ထည့်ပြီး ခလုတ်တစ်ချက်နှိပ်လိုက်တာနဲ့ Printer (ပရင်တာ) လို့ ခေါ်တဲ့ ဟာထဲကနေ ဓာတ်ပုံချက်ချင်း တန်းထွက်လာတော့တာပါပဲ။

တစ်ခုတော့ ရှိတာပေ့ါလေ။ အခုခေတ်မှာ အဲဒီလိုနည်းနဲ့ ထွက်လာတဲ့ ဓာတ်ပုံတွေဟာ ဘယ်လောက်ကြာကြာခံမယ်တော့ မသိဘူး။ ကျုပ်တို့တုန်းကတော့ ရိုက်လိုက်တဲ့ဓာတ်ပုံတွေဟာ မြှုတ်ထနေတဲ့ Printer Paper (ပရင်းပေပါ) အကောင်းစားနဲ့ ကူးထားရင် သားစဉ်မြေးဆက် ကြည့်လို့ရတဲ့အထိတောင် ခံတာဗျ။

ကျုပ်တို့တုန်းက ပလတ်စတစ်အကြည်နဲ့ ဓာတ်ပုံ Album တွေ မပေါ်သေးဘူး။ စက္ကူထူထူနဲ့ ချုပ်ထားတဲ့စာအုပ်မှာ ဓာတ်ပုံအရွယ်အစားကို လိုက်ပြီး ထောင့်လေးထောင့်မှာ ဘရိတ်ဓားနဲ့ ခွဲထားတဲ့၊ ပြီးတော့ ဓာတ်ပုံအပေါ်က ဆီစိမ်စက္ကူနဲ့ အုပ်ပြီး သိမ်းတာ။ ကျုပ် အိမ်ထောင်ကျစက ကျုပ်မိန်းမကို ကိုယ်တိုင်ရိုက်ပေးတဲ့ ဓာတ်ပုံ အခုထိ အကောင်းအတိုင်း ရှိနေသေးတယ်။ အဲဒီတုန်းက ကျုပ်ကိုင်ခဲ့တဲ့ ကင်မရာ Leica-11 Camera လေ။ 135 ဖလင် ထည့်ရိုက်ရတဲ့ ကင်မရာပေ့ါ။ တစ်အိုးတစ်အိမ်၊ တစ်စီးပွား စထူထောင်တော့မယ်ဆိုပြီး ရှိစုမဲ့စုလေးတွေ ရောင်းချပြီး ဝယ်လိုက်ရတာ။ အိမ်ထောင်ဦးပစ္စည်းလို့ ပြောရင်ရတာပေ့ါ။ အခုများတော့ ဒစ်ဂျစ်တယ်ခေတ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖလင်နဲ့ ရိုက်တဲ့ကင်မရာတွေ အသုံးမတည့်တော့ဘူး။ ကျုပ်တို့သဘောကျဖူးတဲ့ Nikon တောင်မှ Nikon FM 10 နဲ့ Nikon F6 အမျိုးအစားနှစ်ခု နောက်ပိုင်းမှာ ဖလင်ထည့်ရိုက်တဲ့နေရာတွေ ထပ်မထုတ်တော့ဘူး။

ဖလင်ကင်မရာခေတ် ကုန်ပြီလေ။ အခု ကျုပ် လူရာမဝင် ဖြစ်နေသလိုပေါ့ . . . ။

■





(၃)

ဘတ်စ်ကားပေါ်က တိုးတိုးဝှေ့ဝှေ့ ဆင်းလာခဲ့ပြီးတော့ ချောက်ချင်းတန်းပြီး အိမ်ဆီကို လမ်းမလျှောက်နိုင်သေးဘူး။ မောတာနဲ့ ဘတ်စ်ကားမှတ်တိုင်မှာ ခဏထိုင်နေရသေးတယ်။ တမင်အချိန်ဆိုင်းနေတာလည်း ပါပါတယ်လေ။ ကျုပ် အိတ်ကပ်မှာ ပါလာတဲ့ ပိုက်ဆံလေး မဖြစ်စလောက်နဲ့ အိမ်က ဖနီးသည်ကို ဘယ်လိုမျက်နှာပြရဦးမယ် မသိဘူး။

သား ၃ ယောက်ကလည်း မိဘကို တစ်ပြားမှ ပြန်မထောက်နိုင်တော့ ခက်တာပေါ့။ ဓာတ်ပုံသမားအတွေးနဲ့ ပြောရရင် ကျုပ်ဖြစ်တာ ရှေးခေတ်ကင်မရာသုံး မီးလုံးကြီးတွေလိုပဲ . . ။ မီးထိုးလိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အားပြင်းလွန်းလို့ ဓာတ်ပုံအရိုက်ခံရတဲ့သူခင်ဗျာ မျက်လုံးတွေ ဘာတွေတောင် ပြာသွားတဲ့အထိ။ သားသမီးတွေအရွယ်ရောက်လို့ သူတို့ ပြန်လုပ်ကျွေးရမယ့်အလှည့်ကျတော့ အခုခေတ်ဓာတ်ပုံသုံး မီးသီးတွေလိုပါပဲဗျာ. . ။ ဟို LED ဆိုလား အရောင်ဖျော့ဖျော့နဲ့ မီးလုံးပေါက်စနလေးတွေလေ။

အင်း . . . အဲဒီအတိုင်းပဲ။

ကျုပ်က သက်ပြင်းကို လေးလေးပင်ပင် ချရင်း ဘတ်စ်ကားမှတ်တိုင်ကနေ တစ်လှမ်းချင်းထပြီး ထွက်လာခဲ့တယ်။ ကျုပ်တို့ ရပ်ကွက်ထဲဝင်တဲ့လမ်းကတော့ ချိုင့်တွေ၊ ခွက်တွေအပြည့်ပဲ။ လမ်းထဲကိုဝင်ကတည်းက မီးပျက်နေတာကို သတိထားမိတယ်။

အိမ်ပေါ်ကို ကျုပ်လှမ်းတက်လိုက်တော့ ဖယောင်းတိုင်မထွန်းဘဲ ဒီအတိုင်းထိုင်နေတဲ့ အိမ်သူဇနီးသည်ကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျုပ်က . .

"ဟဲ့ . . မယ်တင် မှောင်ကြီးမည်းကြီးထဲ ဘာထိုင်လုပ်နေတာလဲ"

ကျုပ်ရဲ့ အိမ်သူက နည်းနည်းတုန်ယင်နေတဲ့အသံနဲ့ ခပ်တိုးတိုး ပြန်ပြောတယ်။

"မလေးရှားမှာ လှစိုးဦး အသတ်ခံရသတဲ့တော့်"

"ဘယ်က လှစိုးဦးလဲ"

"ကျွန်မတို့သား အလတ်ကောင်နဲ့ အတူတူ မလေးရှားသွားတဲ့တစ်ယောက်ပေါ့"





ကျုပ်ရဲ့ပါးစပ်က 'ဪ' လို့ပဲ ခပ်တိုးတိုး ညည်းမိတယ်။ ဘာပြောရမယ်မှန်းမသိဘူးလေ။ ကျုပ်ရဲ့ အိမ်သူကတော့ . . .

"အလတ်ကောင်အတွက်ပါ၊ ကျွန်မ စိတ်မချဘူး အဖေကြီးရယ်။ ပြန်ခေါ်လိုက်ရင် ကောင်းမလား"

လို့ အားကိုးတကြီးလေသံနဲ့ မေးတယ်၊ 'ခက်တာပဲ . . ကျုပ် ဘယ်လိုဆုံးဖြတ်ပေးရမှာလဲ . . . '။

ဟိုကောင် လှစိုးဦးကများ အရှုပ်အရှင်းတစ်ခုခုနဲ့ ငြိစွန်းခဲ့လို့ အသတ်ခံရတာလား . . ။

ပစ္စည်းလုရင်း အသတ်ခံရတာလား . . ။

ဒါမှမဟုတ် ဘာကြောင့်လဲ . . ။

အခုတစ်လော မလေးရှားမှာ လူသတ်မှုဖြစ်တဲ့သတင်းတွေကိုတော့ ကြားကြားနေရတယ်။

ဟိုအရင်နှစ်ကလည်း မြန်မာတွေ အသတ်ခံရတယ် ဘာညာနဲ့ ဖြစ်ပြီး စိတ်ပူတဲ့သူတွေ၊ စေတနာရှင်တွေ၊ ဘုန်းတော်ကြီးတွေက ထောက်ပံ့ကူညီတာနဲ့ အလတ်ကောင်ရော၊ သူ့သူငယ်ချင်းပါ တစ်ပြားမှ မကုန်ဘဲ မြန်မာပြည် ပြန်ရောက်လာကြသေးတယ်။

အဲဒါပြီးတဲ့နောက် ဘာကြာလို့လဲ။ မလေးရှားကိုပဲ ပြန်ထွက်ကြတာပဲ၊ ဘဝနဲ့ ပတ်သက်လို့ ဆုံးဖြတ်ကြပုံတွေက ဒီဂျစ်တယ်ကင်မရာ ခလုတ်နှိပ်သလို ဖျတ်ခနဲ ဖျတ်ခနဲပဲ။ နောက်မှ ကွန်ပျူတာထဲမှာ ပြင်မယ်ဆိုတဲ့ သဘောလားမသိဘူး။ ကျုပ်တို့တုန်းကတော့ ကင်မရာ ခလုတ်နှိပ်ဖို့ မီးရောင်တွေ၊ အထားအသိုတွေ ကြည်လင်ပြတ်သားမှုတွေကို အကြာကြီး အချိန်ယူပြင်ဆင်ရသေးတာ၊ ပိုင်နိုင်ပြီဆိုမှ ခလုတ်

www.burmeseclassic.com



ပေါ်ကို လက်က နှိပ်ချလိုက်တာ။ ဘဝနဲ့ပတ်သက်လာရင်လည်း ဒီအတိုင်းပဲ။ ကျုပ်က စိတ်မောမောနဲ့ ဦးခေါင်းကို အသာယမ်းမိတယ်။

ဘဝနဲ့ပတ်သက်လာရင် ကျုပ်ကတော့ ဒစ်ဂျစ်တယ်နည်းပညာကို မယုံဘူးဗျာ ..။ ဘဝဆိုတာ Photoshop နဲ့ ပြင်လို့ရတဲ့ အစားထဲက မဟုတ်ဘူး။ ကျုပ်ခေါင်းခါတာကို မြင်သွားတဲ့ ဇနီးသည်က မျက်နှာပျက်ပျက်နဲ့ ..

''ဘာဖြစ်လို့လဲ အဖေကြီးရယ်၊ လေယာဉ်စရိုတ်နဲ့ ပွဲစားခ မကြေမှာစိုးလို့လား ..။ တော့်ဗီရိုထဲမှာ သိမ်းထားတဲ့ ဟိုကင်မရာနှစ်လုံးကို ထုတ်ရောင်းလိုက်ရင်ရောရှင် ဘယ့်နှယ့်လဲ''

သူ ပြောနေတဲ့ ကင်မရာနှစ်လုံးဆိုတာက ကျုပ်ရဲ့ မင်္ဂလာဦးပစ္စည်း Leica 11 ကင်မရာနဲ့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်လောက်က မစားရက် မသောက်ရက် ခြိုးခြံစုဆောင်းပြီး ဝယ်ထားတဲ့ Contax S ကင်မရာကို ပြောနေတာပါ။ နှစ်ခုစလုံးက ဖလင်ထည့်ရိုက်ရတဲ့ကင်မရာတွေချည်းပဲလေ။ ကင်မရာပေမဲ့ ကင်မရာမဟုတ်တော့ဘူး။ အလကားပေးရင်တောင် ယူမယ့်လူမှ မရှိတော့တာ။

''အဲဒီကင်မရာနှစ်လုံးက မင်းနဲ့ငါလိုပါပဲ မိန်းမရယ် ..။ လူဖြစ်ပေမဲ့ ငါတို့ဟာ လူရာမဝင်ကြတော့သလိုပေါ့ ..''

လို့ စိတ်ထဲကနေ ပြောနေမိတယ်။ ပါးစပ်ကတော့ ထုတ်မညည်းမိဘူး။ ဇနီးသည်က ကျုပ်ဘာများပြောလေမလဲလို့ အားကိုးတဲ့မျက်လုံးတွေနဲ့ ကြည့်နေတယ်။ အခန်းထဲမှာ မီးမထွန်းထားတော့ သူ့မျက်နှာဟာ မှုန်မှုန်မွှားမွှားနဲ့ ..။ အလင်းရောင် နည်းနေတယ် ..။





ကင်မရာသမားစကားနဲ့ပြောရရင် လိုက်တင် (Lighting) မကောင်းဘူး။ ပြီးတော့ ဘဝကလည်း လိုက်တင် (Lighting) မကောင်းဘူး။

ထက်မြတ်နိုင်ဇင်
၂၀၀၄



www.burmeseclassic.com

www.burmeseclassic.com




# ဒီမိုကရေစီရေကန်ထဲက လိပ်တစ်ကောင်

မင်းခိုက်စိုးစန်





(၁)

ကျွန်တော်ကတော့ ဟိုးအဝေးကြီးဆီကို ငေးကြည့်နေမိတုန်းပဲ။

(၂)

တဖြည်းဖြည်းနဲ့ ကျွန်တော်ဟာ လိပ်တစ်ကောင် ဖြစ်လာနေမှန်း ကိုယ့်ဘာသာကိုယ် သိနေတယ်။

ငယ်ငယ်တုန်းကတော့ အဖေနဲ့ အမေက ကျွန်တော့်ကို 'သိပ်စကားတတ်တဲ့ကောင်'တဲ့။ တကယ်ဆို သိပ်ပြီးတော့ 'တတ်'နေတာဟာ အန္တရာယ်ရှိမှန်း စောစောစီးစီးကတည်းက ကျွန်တော်သိခဲ့ဖို့ ကောင်းတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာဝင်ပုံပြင်တွေနဲ့ ချော့သိပ်လေ့ရှိတဲ့ အဘိုးကို ကျွန်တော် မေးခွန်းတွေ မေးကြည့်ဖူးတယ်။

''ဘိုးဘိုး၊ ပုံပြင်တွေထဲမှာ မင်းသမီးလေး ဒုက္ခရောက်နေတဲ့အခါ တိုင်း မင်းသားလေး တောကစားထွက်တာနဲ့ အမြဲတမ်း ကြုံတယ် နော် ..''တို့။

''စင်ဒရဲလားဟာ ဘိုးဘိုးပြောသလို ဆင်းရဲတဲ့ ကောင်မလေးမှ မဟုတ်တာ။ သူ့အဖေက ကိုယ်ပိုင်အိမ်လည်း ရှိတယ်၊ နောက် မိန်းမလည်း ယူနိုင်တယ်လေ။ ပြီးတော့ စင်ဒရဲလားကိုယ်တိုင် တောင် ပုံပြင်ဆုံးတော့ ယောကျ်ားယူသေးတယ် မဟုတ်လား။ အဲဒီတော့ စင်ဒရဲလားဟာ အိမ်ပိုင်ယာပိုင်နဲ့ အရွယ်ရောက်ပြီးသား မိန်းမ တစ်ယောက်လို့ပဲ ပြောရမှာပေါ့ ..''တို့ စသဖြင့်ပေါ့။

ကျွန်တော့်ရဲ့ စကားလုံးတွေဟာ နားရွက်တွေကို သမားရိုးကျ ပိတ် ထားချင်တဲ့သူတွေအတွက်တော့ အဆိပ်ရှိတဲ့ပိုးကောင်တွေနဲ့ တူနေမှာပဲ။

အဘိုးကတော့ ကျွန်တော် မေးခွန်းတွေ မေးတိုင်း ပြုံးပြုံးကြီး ကြည့်တယ်။ ပြီးတော့ ပါးစပ်ကို ပိတ်မထားနိုင်လို့ ကောင်းကင်ပေါ်က ပြုတ်ကျပြီး သေရတဲ့ လိပ်ကလေးအကြောင်းပုံပြင်ကိုပဲ ထပ်ခါတလဲလဲ ပြန်ပြောပြပါတယ်။

အဲဒီပုံပြင်ကို အားလုံးကြားဖူးကြမှာပါ။ ရေအိုင်ကြီးတစ်အိုင်မှာ အင်မတန်မှ စကားများတဲ့ လိပ်တစ်ကောင် နေထိုင်တယ်။ အဲဒီရေအိုင် ကို လာရောက်ပျံသန်း ကူးခတ်ကြတဲ့ ဟင်္သာငှက်တွေနဲ့လည်း သူက အသိအကျွမ်း ဖြစ်နေတာပါ။

ဒီလိုနဲ့ တစ်ခုသောနွေရာသီမှာ ရာသီဥတုဟာ ဆိုးဆိုးရွားရွား





အပူလွန်ကဲပြီး ရေအိုင်ထဲကရေတွေ ခန်းခြောက်ကုန်သတဲ့။ ငှက် တွေအဖို့ကတော့ အကြောင်းမဟုတ်ဘူးလေ။ ဒီထက် ပိုကြီးမားပြီး ကြာမျိုးငါးပါးနဲ့ ပြည့်စုံတဲ့ ရေကန်ကြီးတွေဆီကို ပျံသန်းပြောင်းရွှေ့ သွားရုံပေါ့။ သူတို့မှာက အတောင်ပံတွေ ရှိတာကိုး။

ခက်နေတာကတော့ လိပ်ပဲ။ သွားတာလာတာကလည်း နှေးကွေး တော့ မိုင်ချီပြီးဝေးကွာတဲ့ တခြားရေကန်ဆီ ဘယ်လိုပြောင်းရွှေ့မလဲ။ ဆက်ပြီးနေမယ်ဆိုရင်လည်း ခြောက်သွေ့သွားတဲ့ ရေကန်နဲ့အတူ သေဆုံးရမှာ။

ကုန်းပေါ်မှာ တရွေ့ရွေ့သွားမယ်ဆိုရင်လည်း ဟိုဘက်ရောက် မရောက်ခင် လမ်းမှာတင် လူတွေက ဖမ်းပြီး သတ်စားကြမှာကိုး။

ဒါပေမဲ့ ... လိပ်ကိုခင်မင်နေတဲ့ ဟင်္သာနှစ်ကောင်ကတော့ အကြံ အစည်တစ်ခု ရတယ်။ အဲဒါကတော့ တုတ်ချောင်းတစ်ချောင်းကို ဟိုဘက်အစွန် ဒီဘက်အစွန်ကနေ နှုတ်သီးနဲ့ ကိုက်ချီ ပျံသန်းမယ်။ လိပ်ကတော့ အလယ်ကနေ တုတ်ကို ပါးစပ်နဲ့ကိုက်ပြီး ခိုရင်း လိုက်ရမှာ ပေါ့။

အဲဒီလို စီစဉ်ပြီးတော့ လိပ်ရဲ့ စကားများတဲ့အကျင့်ကိုသိနေတဲ့ ဟင်္သာက ကတိတစ်ခုတောင်းတယ်။

''အဆွေလိပ်၊ ငါတို့ အဲဒီလို ပျံသန်းနေခိုက်မှာ ဘယ်သူက ဘာပဲ ပြောပြော အဆွေက နှုတ်တုံ့ပြန်ခြင်း လုံးဝမလုပ်ပါဘူးလို့ ကတိ ပေးပါ''

တဲ့။ လိပ်က စကားပြောဖို့ ပါးစပ်ဟလိုက်ရင် ပြုတ်ကျပြီး သေမှာ စိုးလို့ပါ။ လိပ်ကလည်း ကတိပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ အစီအစဉ်အတိုင်း တုတ်ရဲ့ အဖျားနှစ်ဖက်ကို ဟင်္သာနှစ်ကောင်က ချီ၊ လိပ်က အလယ်ကောင်မှာ တုတ်ကို ပါးစပ်နဲ့ကိုက်ပြီး ခိုလို့ ကောင်းကင်ပေါ် ပျံသန်းခဲ့ကြတယ်တဲ့။

လယ်ကွင်းတွေပေါ်လည်း ဖြတ်ပျံရော မြေပြင်ပေါ်က နွားကျောင်းသားလေးတွေက မော့ကြည့်ပြီး မြင်သွားတော့ . . .

"ဟာ. . . လိပ်ကြီးတစ်ကောင်ကို ဟင်္သာတွေ ချီပြီး ပျံသွားတယ်ဟေ့။ ထူးဆန်းလိုက်တာ"

လို့ အော်ဟစ်ပြီး အောက်ကနေ အပြေးလိုက်ကြည့်ကြတယ်။ ခေါင်းတမော့မော့နဲ့ ပြေးလိုက်ရင်း ပါးစပ်ကလည်း သူတို့ထင်ရာမြင်ရာတွေ တစ်ယောက်တစ်ပေါက် ပြောကြတာပေါ့။

အဲဒီစကားတွေကို ကြားရတော့ လိပ်ခမျာ အူယားလာတယ်။ နောက်ဆုံး . . . မနေနိုင်လွန်းတော့လို့ ပြန်ပြောမယ်ဆိုပြီး သူ့ပါးစပ်ကို ဟလိုက်မိတာနဲ့ တစ်ပြိုင်နက် ကိုက်ထားတဲ့တုတ်ချောင်းကနေ လွတ်ပြီး မြေပြင်ပေါ်ကို ပြုတ်ကျသေရသတဲ့။

အဖိုးက အဲဒီပုံပြင်ကို ပြောပြီး နေရာတကာတိုင်းမှာ အခြေအနေကို မသုံးသပ်တတ်ဘဲ ပါးစပ်ဟရင် ဒုက္ခတွေ့တတ်တယ်လို့ ဆုံးမတာ။ အဲဒီကတည်းက ကျွန်တော့်ကျောကုန်းမှာ အခွံမာမာတစ်ခု တဖြည်းဖြည်းချင်း ခုံးထလာခဲ့တယ်လို့ ခံစားရတာပဲ။

ကျွန်တော်က ပါးစပ်ဟရင် သေမယ့် လိပ်တစ်ကောင်ပါ။ ဒါနဲ့များ ဘာဖြစ်လို့ ကျွန်တော့်ကို စကားလုံးတွေ သင်ပေးလိုက်ကြတာလဲ။

■





(၃)

ကျွန်တော်တို့ ငယ်ငယ်တုန်းက အိမ်တိုင်းစေ့ တီဗီဝယ်မကြည့်နိုင်ဘူးလေ။ ကျွန်တော်တို့ တစ်လမ်းလုံးမှာ ရုပ်မြင်သံကြားစက် ဝယ်နိုင်တာ တစ်အိမ်ပဲ ရှိပါတယ်။ ကျွန်တော်တို့ ကလေးတွေက တီဗီကြည့်ချင်ရင် အဲဒီအိမ်မှာ သွားကြည့်ရတယ်။

(အခုနေပြန်တွေးကြည့်တော့ 'မျက်နှာငယ်လိုက်တာ. . .' လို့ ခံစားရတယ်။ ဒါပေမဲ့ အဲဒီတုန်းကတော့ ကလေးမို့လို့လား မသိဘူး အဲသည်လိုမျိုးတွေ မခံစားတတ်ဘူး။ ကိုယ်ကြည့်ချင်တဲ့ ရုပ်ရှင်ကားတွေ တီဗီမှာ ကြည့်ရရင်ကို ပျော်နေတာပဲ)

တီဗီပိုင်ရှင်ဦးလေးကြီးက မဆိုးပါဘူး။ တနင်္ဂနွေနေ့ နေ့လယ် မြန်မာကားလာချိန်ဆို တီဗီကို အမြဲဖွင့်ပေးထားတတ်တယ်။ သူက ပက်လက်ကုလားထိုင်ပေါ်ကနေ ကြည့်တာ၊ သူ့ပက်လက်ကုလားထိုင်နဲ့ တီဗီကြားမှာတော့ ကျွန်တော်တို့ကလေးတွေ ထိုင်ဖို့ ဖျာအစုတ်လေးတစ်ချပ် ခင်းပေးထားတယ်။

စည်းကမ်းချက်ကတော့ တစ်ခုတည်းပဲ။

ဘာပဲပြနေ ပြနေ လုံးဝ မဝေဖန်ရဘူး။ တစ်ခွန်းလောက် ဝေဖန်စကားပြောမိတာနဲ့ ချက်ချင်း သူ့တီဗီကို ထပိတ်တယ်။ ပြန်တော့ . . . ဒါပဲ။ သူ့တီဗီမှာပြတာကို ဝေဖန်တဲ့လူအဖို့ သူ့တီဗီကို ကြည့်ခွင့်မရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ပါ။

တီဗီကို ပိုက်ဆံပေးဝယ်ထားတဲ့ သူ့ရဲ့ အခွင့်အရေးဟာ တီဗီဖွင့်ပိတ်ခလုတ်ပေါ်မှာ လုံးဝအာဏာသက်ရောက်မှု ရှိပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း သုံးဆယ်ကျော်က ကျွန်တော့် ကလေးဘဝနေ့ရက်များမှာပေါ့။

(အဲဒီတုန်းက သမဝါယမဆိုင်မှာ တန်းစီရတယ်၊ အဲဒီတုန်းက ညှော်မထ ဆန် စားရတယ်၊ အဲဒီတုန်းက အခုထက် သစ်ပင်တွေ ပိုပေါတယ်၊ အဲဒီတုန်းက ဆောင်းတွင်းဟာ အေးတယ်၊ အဲဒီတုန်းက တရုတ်ပစ္စည်းတွေ အခုလောက် မများသေးဘူး။ အဲဒီတုန်းက ကျွန်တော့် အိပ်မက်တွေဟာ ရှေးဟောင်းရုပ်ရှင်ကားတွေလိုပါပဲ။ အဖြူအမည်းနဲ့ပေမဲ့ အရသာရှိတယ်)

အဲဒီတုန်းက တနင်္ဂနွေတစ်ရက်မှာ သူ့တီဗီရှေ့ထိုင်မော့ရင်း မြန်မာကားတစ်ကားကို ကြည့်နေရာက ကျွန်တော့်ပါးစပ်က လွှတ်ခနဲ တစ်ခွန်း ပြောလိုက်မိတယ်။





"ရုပ်ရှင်ထဲမှာ ဈေးဝယ်ကြတဲ့လူတွေက ပိုက်ဆံပြန်အမ်းတာကို စောင့်ယူဖို့ မလိုကြဘူးနော် . ."

ကျွန်တော့်စကားဆုံးဆုံးချင်းမှာပဲ တီဗီပိုင်ရှင် ဦးလေးကြီးက ပက်လက်ကုလားထိုင်ပေါ်ကနေ ဆတ်ခနဲ ထလာပြီး တီဗီခလုတ်ကို ဖိတ်ပစ်လိုက်တယ်။ ပြီးတော့ ကျွန်တော့်ကို မျက်နှာထားတည်တည်နဲ့ ကြည့်ပြီး မေးဆတ်ပြတယ်။

အဓိပ္ပာယ်ကတော့ 'ဟေ့ကောင် . . . သွားတော့' ပေါ့။ သူ့တီဗီမှာ ပြနေတဲ့မြန်မာကားကို ဝေဖန်မိလို့ ကျွန်တော့်ကို တီဗီကြည့်ခွင့် ပိတ်ပင်လိုက်တယ်ပြီပေါ့။ ဒီလိုနဲ့ ကျွန်တော်လည်း ကိုယ့်အိမ်ကိုကိုယ် ကုပ်ကုပ်ကလေး ပြန်လာခဲ့ရတယ်။ ကျွန်တော်မျက်နှာမကောင်းတာကို အိမ်က ဘကြီးတွေ့လို့ မေးတော့ အကျိုးအကြောင်း ပြောပြမိရော . .။ ဘကြီးက ရယ်တယ်။ ပြီးတော့ . .

"သား . . . အခုပြောတဲ့စကားတွေက သမားရိုးကျအစွဲဟောင်းတွေကို ဝေဖန်တဲ့စကားတွေကွ။ အဲဒီလိုမျိုး ဝေဖန်ချင်တဲ့လူဟာ အသိဉာဏ်မြင့်မြင့် ရှိရမယ်။ ငါ့သား အသိဉာဏ်မြင့်အောင် စာများများ ဖတ်ပေးကွ"

ကျွန်တော့်ဘကြီးက နိုင်ငံရေးသမားဟောင်းပါ။ သူ့ခုတင်အောက်က သေတ္တာပုံးတွေထဲမှာ စာအုပ်တွေဆိုတာ ပြည့်နေတာပဲ။ ဘကြီး ပြောတဲ့စကားတွေ အကုန်လုံးကို ကျွန်တော်နားမလည်နိုင်ခဲ့ပါဘူး။ အထူးသဖြင့် 'သမားရိုးကျ အစွဲဟောင်း'တို့၊ 'ဝေဖန်တာ'တို့၊ 'အသိဉာဏ်မြင့်တာ'တို့ ဆိုတဲ့ စကားလုံးတွေဟာ ကျွန်တော့်လို ကလေး တစ်ယောက်အတွက် လျှောက်ဖို့ ဝေးလွန်းတဲ့ခရီးပါ။ မော့ကြည့်ဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



ပျင်းရိလောက်တဲ့ အစီပွာယ်တွေပါ။ ဒါပေမဲ့ ကျွန်တော် သေသေချာချာ နားလည်လိုက်တာတစ်ခုတော့ ရှိတယ်။ အဲဒါကတော့ ‘စာများများ ဖတ်ရမယ်’ ဆိုတာပဲ။

အဲဒီအချိန်ကစပြီး ကျွန်တော်ဟာ စာဖတ်လွန်းတဲ့လိပ်တစ်ကောင် ဖြစ်သွားခဲ့ပါတယ်။ ဒါဟာ လိပ်တစ်ကောင်အတွက်တော့ ကျိန်စာပါပဲ။ အထူးသဖြင့် (ပါးစပ်ဟာလိုက်တာနဲ့ သေရတော့မယ့်) ကျွန်တော့်လို လိပ်သတ္တဝါအတွက်တော့ စာဖတ်တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် နည်းနည်းချင်းစီ သတ်သေနေတာပါပဲဗျာ။

■





(၄)

ကျွန်တော်ဟာ အနေအထိုင်မတတ်တဲ့ လိပ်တစ်ကောင်ပါ။ လူတွေကို စကားလုံးတွေ ပြောပြချင်ရတာနဲ့ . . . အတွေးသစ်တွေ ချပ်နှီးချင်ရတာနဲ့ . . .၊ ကိုယ့်ကျောကုန်းပေါ်က အခွံကိုမှ အားမနာ။

စာတွေ များများဖတ်ရင် . . .။

လူတွေကို စကားများများပြောလို့ရမယ် ထင်ခဲ့တာ။

(တချို့အမှားတွေဟာ နှစ်ပေါင်း နှစ်ဆယ်ကျော်ပြီးမှ အဖြေသိရ တတ်တဲ့အကြောင်း ဘယ်သင်္ချာစာအုပ်မှာမှ မရေးသားထားဘူးဗျာ)

■

(၅)

မင်းတုန်းမင်းကြီးဘဝ မရောက်ခင် 'မောင်လွင်' ဆိုတဲ့ ဘုန်းကြီးကျောင်းသားဘဝမှာ ဆရာတော်ရဲ့ အရိုက်ခံခဲ့ရပုံအကြောင်း လူတော်တော်များများက သိကြမှာပါ။ 'မင်းတုန်းမင်းနှင့် ငါးခြောက်ပြား' ဆိုတဲ့ ခေါင်းစဉ်နှင့် ကျောင်းသင်ခန်းစာ ပြဋ္ဌာန်းဖူးတယ်။

နောင်တစ်ချိန်မှာ မင်းတုန်းမင်းဖြစ်လာမယ့် 'မောင်လွင်' ဟာ ဘုန်းကြီးကျောင်းသားဘဝနဲ့ ပညာသင်နေတုန်း တစ်နေ့ကျတော့ ဆရာတော်ဘုန်းကြီးက ဒါယကာတစ်ယောက်လာလှူတဲ့ ငါးခြောက်ပြားကို သိမ်းခိုင်းတယ်။

ဒါနဲ့ ‥ 'မောင်လွင်'လည်း ငါးခြောက်ပြားကို ကျက်သရေခန်းထဲမှာ သိမ်းထားလိုက်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ တစ်ရက်မှာ ဆရာတော်ကြီးက ဘုဉ်းပေးချင်လို့ ငါးခြောက်ပြားကို သွားယူခိုင်းတော့ မရှိတော့ပါဘူး။ ပျောက်နေပါပြီ။





ဒါကြောင့် ဆရာတော်ကြီးက 'နောင်တစ်ချိန်မှာ ဘုရင်လုပ်မယ့်သူဟာ ငါးခြောက်ပြားတစ်ပြားကိုတောင် လုံခြုံအောင်မသိမ်းနိုင်ဘူးလား' ဆိုပြီး ကျောပြင်ကို အရှိုးထင်အောင် ရိုက်သတဲ့လေ။

အဲဒါကလည်း ဘုရင်ဖြစ်သွားပြီးတဲ့နောက်မှ သူ့ရဲ့ သားတော်တွေကို ဆရာအရိုက်ခံရတာ မငြိုငြင်ဖို့ ဆုံးမရင်း ကျောပြင်က အရှိုးရာကို လှန်ပြတယ်လို့ ရေးထားတာ။

(ကျွန်တော်ကတော့ ပိုပိုသာသာတွေ လျှောက်ရေးထည့်ထားတယ်ထင်တာပဲ။ ပြီးတော့ ‥‥ ကလေးကို ရိုက်ပြီး ဆုံးမတာကို အားပေးရာလည်း ရောက်ပါတယ်ဗျာ။ မကိုက်ပါဘူး)

ဒါပေမဲ့ လူတွေဟာ အပိုဆာဒါးတွေထဲမှာ နှစ်မျောတတ်ကြမှန်း ကျွန်တော်မသိခဲ့ဘူး။ မိတ္တမေတ္တာတို့ ဆရာ့ကျေးဇူးတို့ဆိုတဲ့စကားလုံးတွေနဲ့ မှုံဝေယ်ဖမ်းစားလိုက်ရင် လူတွေဟာ မျက်စည်လွယ်တတ်ကြမှန်း ကျွန်တော် မသိခဲ့ဘူး။

ကျွန်တော်က လိပ်ကိုး။ အန္တရာယ်အကြီးဆုံး ခလုတ်ကိုမှ သွားပြီးနင်းလိုက်မိတယ်။ ကျွန်တော်က ‥‥

''ဘုန်းကြီးက ငါးခြောက်ပြားကို ဘာလို့ သိမ်းခိုင်းရတာလဲ။ တကယ်ဆို ဘုန်းကြီးက နေ့ဖို့ညစာ သိမ်းဆည်းထားခိုင်း ကောင်းလို့လား။ ဘုန်းကြီးဆိုတာ လောဘ ‥‥ ဒေါသ ‥‥ မောဟ ‥‥ ကင်းအောင် ‥‥''

ကျွန်တော့်စကား မဆုံးလိုက်ပါဘူး။ တခြားသူတွေက သံသယမျိုးစုံ၊ စွပ်စွဲချက်မျိုးနဲ့ ကျွန်တော့်ကို တိုက်ခိုက်ပါတော့တယ်။

'မင်းက သံဃာကို ဘာဖြစ်လို့ စော်ကားရတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘဂ်ါလီလား"

"သံယာတွေကို ကျေညူးကန်းတဲ့ကောင်. . .၊ ရွှေဝါရောင် တော်လှန်ရေးကို မေ့သွားပြီလား"

အဲဒီလို တိုက်ခိုက်မှုတွေဟာ ဘယ်လိုစဉ်းစားတွေးခေါ်မှုအခြေခံက ထွက်ပေါ်လာသလဲဆိုတာတောင် နားမလည်နိုင်တော့ပါဘူး။ ကျွန်တော် လက်ညှိုးထိုးပြနေတာက Lateral thinking လို့ခေါ်တဲ့ ဖြန့်ထွက်တွေးတောမှု။ သူတို့မြင်တာက ထိုးပြနေတဲ့ ကျွန်တော့်လက်ညှိုး. . .။

တိုးတိုးလေးတောင် စကားပြောခွင့် မရနိုင်တော့ဘူးလား။ အဆိပ်သင့် သံသယတွေ. . .၊ လေထုထဲမှာ မှုန်ရီဝေ့ဝဲနေတဲ့ စွပ်စွဲချက်တွေ. . .၊ ရန်လိုတဲ့ မျက်လုံးတွေဟာ နှစ်ပေါင်းနှစ်ဆယ်ကျော် အပတ်တကုတ် လေ့လာဖတ်ရှုခဲ့ရတဲ့ ကျွန်တော့်ရဲ့ အသိဉာဏ်ကို တုန့်လှုပ်ချောက်ချားသွားစေပါတယ်။

ကျွန်တော်လေ့လာခဲ့တဲ့ ဒဿနတွေဟာ ရန်လိုနေတဲ့သံသယတွေကို မငြိမ်းသတ်နိုင်ဘူးဗျာ။ ကျွန်တော်ဖတ်ခဲ့တဲ့ စာအုပ်ပေါင်းများစွာဟာ အခြေအမြစ်မရှိတဲ့ တစ်ဖက်သတ်အစွဲအလမ်းတွေကို မဆေးကြောနိုင်ဘူး။

"ဒီအတိုင်း. . ." ဆို တစ်သက်လုံး 'ဒီအတိုင်း. . .' ပဲ ကျက်ကြ၊ မှတ်ကြ၊ အဓိပ္ပာယ်ဖွင့်ကြတဲ့ သမားရိုးကျအစဉ်အလာနဲ့ မတူအောင် နောက်ရှုထောင့် တစ်ခုပြောင်းကြည့်မိတာပါ။ မရဘူးလား။ လက်မခံနိုင်ဘူးလား။ ကျွန်တော်တော့ ကြောက်လာပြီဗျာ။

(တန်ပြန်မေးခွန်းထုတ်တာကို လက်မခံနိုင်တဲ့) အာဏာရှင်တွေဟာ နှစ် ၅၀ လုံးလုံး လူတွေရဲ့ ဦးနှောက်ကို အာဏာရှင်အကျင့်ဝင်အောင်





မှုံသွင်းပစ်လိုက်ပြီလားဟင်။

လူတွေဟာ သူတို့ကိုယ်သူတို့ အာဏာရှင်တွေဖြစ်လို့ဖြစ်မှန်း မသိကြတော့ဘူး။ သူတို့နဲ့ ဆန့်ကျင်ဘက်ပြောရင် မကြိုက်ဘူး။ သူတို့ မမြင်တဲ့ ရှုထောင့်က မေးခွန်းထုတ်လိုက်တာနဲ့ အတူတကွဖြေရှင်းဖို့ မကြိုးစားဘဲ 'ရန်သူ' လို့ စွပ်စွဲလိုက်ကြတယ်။ တိုးတိုးလေးတောင် စကားပြောခွင့် မရနိုင်တော့ဘူးလား။

ဟိုးဖက်တစ်နေရာမှာတော့ တစ်စုံတစ်ယောက်ဟာ 'လက်တွေ့ဖြစ်နိုင်တာထက် ပိုတောင်းဆိုကြမယ်ဆိုရင် ရပြီးသားတောင် ပြန်ပြီးဆုံးရှုံးသွားနိုင်တယ်' လို့ လေသံအေးအေးနဲ့ ခြိမ်းခြောက်နေလေရဲ့. .။

ကျွန်တော်ကတော့ ဝေဖန်တာကြားရင် တီဗီကို ထပြီး ပိတ်ပစ်လိုက်မယ်ဆိုတဲ့ လူကြီးတစ်ယောက်ကို ပြန်သတိရနေမိတယ်။ တိုးတိုးလေးတောင် စကားပြောခွင့်မရနိုင်တော့ဘူး။

ဒီမိုကရေစီ သေဆုံးနေတာကို လိပ်တစ်ကောင်ဟာ ငေးကြည့်နေရပေါ့။



www.burmeseclassic.com

www.burmeseclassic.com



## (၆)

ကျွန်တော်က 'အများကြီး နားလည်အောင် . . .' ဆိုပြီး နှစ်ပေါင်းနှစ်ဆယ်ကျော် စာတွေ တရစပ်ဖတ်ခဲ့တယ်။

အခုနေ ပြန်လှည့်ကြည့်လိုက်တော့ ဘယ်သူမှ စာမဖတ်ဘူး၊ ကျွန်တော့်ဘေးမှာ ဘယ်သူမှ ပါမလာဘူးဆိုတာ တွေ့လိုက်ရတယ်။ ဟင် . . . ငါ တစ်ယောက်တည်း ရှာပြင်ရောက်နေပါလား . . . ဆိုတဲ့ အတွေးနဲ့ ကျွန်တော် တုန်လှုပ်သွားတယ်။

ကျန်တဲ့သူတွေက ဟိုးဘက်တစ်လမ်းမှာ . . .။ သူတို့ ဘာမှမဖြစ်ဘူး၊ သူတို့ အဆင်ပြေနေကြတယ်၊ (ရှုထောင့်အသစ်က ဖောက်ထွက်တွေးခေါ်မယ့်သူမရှိတဲ့ ရွာထဲမှာ) သူတို့လို မတွေးသူအချင်းချင်း အခေါ်အပြောလုပ်လို့ ကောင်းနေတာပဲလေ။ ဘာပြဿနာမှ မရှိဘူး။





ပြဿနာရှိနေတာက ကျွန်တော်တစ်ယောက်တည်း . . .။

စာတွေလည်း အများကြီးဖတ်ထားတယ်ဗျာ . .၊ စကားတွေလည်း အများကြီး ပြောချင်နေတယ်။

(ပြောဖို့ ပါးစပ်ဟရင် သေမယ်ဆိုတာ သိသိချည်းနဲ့) ကျွန်တော်ဆိုတဲ့ လိပ်တစ်ကောင်ဟာ ဒီမိုကရေစီနဲ့ တခြားသော ဆန့်ကျင်ဘက် အတွေးတွေအကြောင်း စကားပြောဖို့ ပါးစပ်ကို ဟလိုက်တယ်။ ဒါပေမဲ့ . . .

ဟော . . . လူတွေက သူတို့ရဲ့ နားရွက်တွေကို ပိတ်ပစ်လိုက်ကြပြီ။

■

ဝမ်းနည်းစရာ ကောင်းလိုက်တာ။ ပျက်စီးသွားလို့ မဟုတ်ပါဘူး။ မပြင်ဘဲထားလိုက်လို့ ဝမ်းနည်းစရာကောင်းနေတာပါ။

■

မင်းခိုက်စိုးစန်
ဇန်နဝါရီ၊ ၂၂၊ ၂၀၁၄



www.burmeseclassic.com


www.burmeseclassic.com

ထက်မြတ်နိုင်ဇင်

# စွန့်လွှတ်ကြသူတွေရဲ့ အိပ်မက်ဟာ အရောင်နဲ့လား







(၁)

အသုဘပို့သည့် ဒိုင်နာကားက ရေဝေးသုသာန်ထဲကို ဝင်လိုက်ပြီဆိုသည်နှင့် ဘာမှန်းမသိသည့် သွေးခြောက်မှုတွေက ရင်ထဲသို့ တိုးဝင်လာသည်။ အမျိုးအမည်မသိသော အမွှေးနံ့သာတိုင်များ၏ ချိုအီအီ အနံ့များက လေထဲတွင် ပျံ့လွင့်နေ၏။ မြေပြင်ပေါ်တွင် ပြန့်ကျဲနေသော သစ်ရွက်ခြောက်ကြွေများသည် ကားဖြတ်မောင်းသွားသည့်အရှိန်ကြောင့် ဟိုမှဒီမှ လူးလွန့်ရွေ့လျားသွားကြသည်။ မကြာမီ ပတ်ဝန်းကျင်မှ အသံများက တိတ်ဆိတ်မှုကို ဖြိုခွဲလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



သခင်အုန်းလွင် အသက် (၉၃) နှစ်ဟုသာ ဆေးအဖြူရောင်နှင့် ရိုးရိုးရှင်းရှင်းရေးထားသည့် အသုဘခေါင်းတစ်ခုကို ကျွန်မက မမှိတ်မသုန် စိုက်ကြည့်နေမိသည်။

'ဩော် . . ဘယ်လို ဘွဲ့ထူးဂုဏ်ထူးကိုမှ မမက်မောတတ်တဲ့ အဘဟာ အခု သေသွားတော့လည်း 'သခင်'ဆိုတဲ့ ပညတ်လေးတစ်ခုသာ ရသွားရှာပါလား'

တကယ်ဆိုလျှင် ကျွန်မ၏ အဘိုးနှင့် အဘတို့က ငယ်သူငယ်ချင်းတွေပင်။ ကျွန်မအဘိုးဆုံးသွားသည့်အချိန်တွင် အမေက ကျွန်မကိုပင် မမွေးရသေးချေ။ လူ့လောကထဲကို ကျွန်မရောက်လာသည့်အခါ အဘ၏ အသက်သည် ၆၅ နှစ်ခန့် ရှိနေလေပြီ။

အဘနှင့် ကျွန်မတို့က အိမ်နီးချင်းတွေဆိုတော့ ကျွန်မ၏ ငယ်ဘဝတွင် အဘကိုပင် ကိုယ့်အဘိုးတစ်ယောက်ကဲ့သို့ ချစ်ခင်လေးစားခဲ့သည်။ သားထောက်သမီးခံ မရှိသည့်အဘနှင့် အလုပ်များသော မိဘတွေနှင့် နေရသည့်ကျွန်မက အလိုလိုပင် စကားပြောဖော်၊ ကစားဖော် ဖြစ်ခဲ့ရ၏။ အဘက ကျွန်မ မသိလိုက်သော ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ ဖက်ဆစ်ခေတ် စသဖြင့် ခေတ်အဆက်ဆက်၏ အကြောင်းတွေကို ပြောပြသည်။

ပြီးတော့ အဘ၏ ကျောင်းသားဘဝလှုပ်ရှားမှုများအကြောင်း၊ ဂျပန်တော်လှန်ရေးအကြောင်း၊ လွတ်လပ်ရေးတိုက်ပွဲမှာ ဆင်နွှဲခဲ့တာတွေ၊ ပြည်တွင်းစစ်မီးတွေ ဘယ်လိုလောင်ကျွမ်းခဲ့ရသည်ဆိုတာတွေနှင့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့တွင် အဘပါဝင်လှုပ်ရှားခဲ့သည့် အကြောင်း အားလုံးလိုလိုပင် ကျွန်မကို ပြောပြလေ့ရှိလေသည်။





ကျွန်မက အဘ၏ စွန့်လွှတ်အနစ်နာခံပြီး နိုင်ငံရေးလုပ်ခဲ့သည့်အကြောင်းတွေ ကြားရတော့ ''တခြားလူတွေလို လွတ်လပ်ရေးမော်ကွန်းဝင် ဘွဲ့အဆင့်၊ ညာအဆင့်တွေရော မရခဲ့ဘူးလား'' ဟု မေးသည့်အခါ အဘက ဘာမှမပြောဘဲ အကြာကြီး ပြုံးနေခဲ့၏။ ထို့နောက် အဘက . .

''အဲဒါတွေရဖို့ဆိုတာက တိုင်းပြည်အတွက် ကိုယ်ဘာတွေလုပ်ခဲ့ပါတယ်ဆိုတဲ့အကြောင်းတွေကို လျှောက်လွှာရေးပြီး တင်ရသေးတာ။ အဲဒါကို စိစစ်ရေးစုံစမ်းတဲ့အဖွဲ့က ပေးစေဆိုတဲ့ ဆုံးဖြတ်ချက်ချမှ ရတာပါ ငါ့မြေးရယ် . .။ တကယ်တော့ အဘက နိုင်ငံရေးလုပ်တယ်ဆိုတာ အကျိုးအမြတ်တစ်စုံတစ်ရာရဖို့အတွက် မဟုတ်ဘူး။ ဘွဲ့ရကောင်းစေ၊ ညာရကောင်းစေဆိုတာတွေလည်း အဘစိတ်ထဲမှာ မရှိဘူး။ တိုင်းပြည်ကို အဘချစ်တယ်။ ဒါကြောင့် ဒီတိုင်းပြည်ကြီး နစ်နေတာကို ပြန်ထူထောင်ဖို့ အဘက တတ်နိုင်သလောက် လှုပ်ရှားပါဝင်တယ်။ ဒါပါပဲ။ တခြား ဘာကိုမှ မလိုချင်ဘူး။ ဒါပေမဲ့ စောစောက ငါ့မြေးပြောသလို လွတ်လပ်ရေးမော်ကွန်းဝင် အဆင့်ရတဲ့လူတွေကလည်း တိုင်းပြည်ကို ကောင်းအောင် လုပ်ခဲ့တဲ့လူတွေပါပဲ။ သူတို့တွေအတွက်လည်း အဘက ဂုဏ်ယူပါတယ် ငါ့မြေးရယ်''

ဟု တစ်လုံးချင်း တည်တည်ငြိမ်ငြိမ် ပြောခဲ့သော အဘ၏ အသံကို ကျွန်မ အခုထိ ကြားယောင်နေဆဲပင်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံရေးအကျဉ်းသားအဖြစ် ထောင်အကြိမ်ကြိမ် ကျခဲ့ဖူးတဲ့ အဘ၊ တိုက်ပိတ်ခံရပြီး အစာအငတ်ခံဆန္ဒပြခဲ့တဲ့ အဘ၊ ကြိုးပေးဖို့ နှစ်ကြိမ်အဖမ်းခံရပြီး ကြိုးတိုက်ထဲမှာ နေခဲ့ဖူးတဲ့ အဘ၊ တိုင်းပြည်အတွက် နှစ်ပေါင်းများစွာ ကိုယ်ကျိုးစွန့်ပြီး အလုပ်လုပ်လာခဲ့တဲ့ အဘဟာ အခုသေသွားတော့လည်း ဘာရာထူး၊ ဘာဂုဏ်ဒြပ်မှ မရှိဘဲ လူအယောက် ၃၀ လောက်သာ သူ့ရဲ့ နောက်ဆုံးခရီးကို လိုက်ပို့နိုင်ခဲ့ကြပါလား ..။

အဘ၏ အခေါင်းပေါ်တွင် လွှမ်းသူပန်းခွေတစ်ခုက လွဲ၍ မည်သည့်ပကာသနနှင့်မှ ဆင်ယင်မထားပေ။ အဘ၏ ရုပ်ကလာပ်ထည့်ထားသည့် ခေါင်းကိုလည်း ဘာနှင့်မှ လွှမ်းမထားချေ။ အရာအားလုံးသည် သမာရိုးကျဆန်နေလေသည်။ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံခဲ့သည့် လူတစ်ယောက်၏ ဈာပနတွင် မည်သည့်အခေါင်အယောင်မှ ပါမသွားတာကတော့ ဝမ်းနည်းစရာပင်။

မကြာခင်မှာပဲ အသုဘပို့သည့် လူထဲမှ အမျိုးသား ၃ ယောက်က အဘ၏ ရုပ်ကလာပ်ကို မီးသဂြိုဟ်ဖို့ စက်ထဲထည့်လိုက်ကြလေသည်။

ငိုသံတွေက ခြောက်သွေ့တိတ်ဆိတ်နေ၏။ အသုဘပို့သည့် လူများကလည်း မိမိတို့ လုပ်ရမည့်တာဝန်တစ်ခု ပြီးဆုံးသွားသကဲ့သို့ မျက်နှာလွှဲလိုက်ကြတော့သည်။

"နေရစ်တော့ .. အဘရေ"

ကျွန်မက တိုးတိတ်စွာ ရေရွတ်ရင်း ဝမ်းနည်းနေမိ၏။

အမွေးတိုင်များ၏ စူးစူးရှရှအနံ့များက နှာခေါင်းထဲ တိုးဝင်လာပြန်သည်။ စက္ကန့်အနည်းငယ်မျှ တိတ်ဆိတ်သွားသည့် အခန်းကျဉ်း





လေးသည် ခဏချင်းမှာပင် လူသံများနှင့် လှုပ်ရှားသက်ဝင်လာ၏။ ထိုအချိန်မှာပင် ..

ရင်ဘတ်မှာ ရင်ထိုးတစ်ခုထိုးထားပြီး တိုက်ပုံအင်္ကျီဝတ်ထားသည့် ထိပ်ပြောင်ပြောင်နှင့် လူတစ်ယောက်က အခန်းထဲသို့ အူယားဖားယား ပြေးဝင်လာလေသည်။ သူ့ပါးစပ်တစ်ခုလုံးကလည်း ကွမ်းဝါးထားသဖြင့် နီရဲတွတ်နေ၏။ သူက အလောင်းတင်သည့် စင်နေရာနားကို မျက်လုံးဝေ့ကြည့်ကာ ..

"သခင်အုန်း! ရဲဘော်ကြီး! ..၊ ရဲဘော်ကြီးရဲ့ ရုပ်ကလာပ်ကို မီးသဂြိုဟ်လိုက်ကြပြီလားဟင်"

ဟု ငိုသံပါကြီးဖြင့် မေးလေသည်။

အားလုံးက သူ့ကို ကြောင်ပြီး ငေးကြည့်နေကြ၏။ ခဏကြာမှ လူတစ်ယောက်က ..

"ဟုတ်တယ်ဗျ။ အခုပဲ စက်ထဲထည့်လိုက်ပြီ"

"ဘာ! ဟာ .. သွားပါပြီကွာ"

ထိုတိုက်ပုံနှင့် လူကြီးက သူ့နဖူးကို သူ့လက်နှင့် ရိုက်ရင်း အခန်းကြမ်းပြင်ပေါ်သို့ ဒူးထောက်ထိုင်ချလိုက်သည်။ ထို့နောက် သူက ခေါင်းကို ငုံ့ထားလိုက်ပြီး တော်တော်နှင့် ခေါင်းက ပြန်မတ်မလာတော့ချေ။ သူ့ပါးစပ်ကလည်း သခင်အုန်း၊ ရဲဘော်ကြီး ... ရဲဘော်ကြီးဟု တရစပ် ရွတ်ဆိုနေ၏။ သူ့ပုံစံကို ကြည့်ရသည်က အသက် ၅၀ ပင် ပြည့်ပုံမရသေးချေ။ သို့သော် အသက် ၉၃ နှစ်ရှိပြီဖြစ်သော အဘကို ရဲဘော်ကြီးဟု ခေါ်တာကိုတော့ ကျွန်မက အံ့ဩနေမိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်စုံတစ်ခုအတွက် အကြီးအကျယ်စိတ်ဓာတ်ကျသွားပုံပင်။ လူတွေအားလုံးကလည်း သူ့ကို ငိုင်းကြည့်နေကြ၏။ ထို့နောက် သူက ကွမ်းဝါးထားသည့် ဗလုံးဗထွေးသံကြီးနှင့် ..

"ရဲဘော်ကြီးရာ .. ကျွန်တော် ရဲဘော်ကြီးရဲ့ ရုပ်ကလာပ်ကို တောင် နောက်ဆုံးအနေနဲ့ အလေးပြုခွင့်မရလိုက်ပါလား။ ရင်နာလိုက်တာဗျာ။ တိုင်းပြည်အတွက်ဆို ကိုယ်ကျိုးမငဲ့ ကွက်ဘဲ ဘာမဆိုပေးဆပ်ဖို့ ဝန်မလေးတဲ့ သခင်အုန်း .. ရဲဘော်ကြီး .. အခုတော့ .. ဟာ တောက်၊ ကဲကွာ .. ကဲကွာ"

တိုက်ပုံဝတ်ထားသည့် ထိုလူကြီးက မြေပြင်ကို လက်သီးနှင့်ထုပြီး ငိုနေတော့သည်။ တချို့လူတွေက စိတ်မကောင်းသည့်မျက်နှာလေးနှင့် သူ့ကို ငေးကြည့်နေကြသော်လည်း တချို့ကတော့ အသုဘကိစ္စပြီးကတည်းက ပြန်ချင်နေကြပုံရသည်။ သို့သော် အခုမှ ရောက်လာပြီး ငိုနေသည့်ထိုလူကြောင့် အားလုံးက အားပေးရတော့မလို၊ နှစ်သိမ့်ရတော့မလိုနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။ ထိုစဉ် အမြင်မတော်သူတစ်ယောက်က ထိုတိုက်ပုံနှင့် လူကြီး၏ ပခုံးကို ဆုပ်ကိုင်ကာ ..

"တရားနဲ့ ဖြေပါဗျာ။ သေတဲ့လူလည်း သေသွားပြီးပဲ"

"မဟုတ်ဘူးဗျ။ ကျွန်တော်တို့ဟာ ရည်ရွယ်ချက်ပန်းတိုင်တစ်ခုတည်းကို တူညီစွာ လျှောက်လှမ်းနေတဲ့သူတွေဗျ။ ရဲဘော်ကြီးရဲ့ ရင်ထဲမှာ တိုင်းပြည်ကိုကောင်းစေချင်တဲ့ စိတ်ဝိညာဉ် ပူးကပ်နေသလို ကျွန်တော်ရဲ့ အသွေးအသားထဲမှာလည်း အဲဒီစိတ်က တဆစ်ဆစ်နဲ့ ကိုက်ခဲနေတာဗျ။ အဲဒါ ကြောင့်ပဲ ကျွန်တော်ဟာ ဒီနေ့ ဒီအချိန်ထိ နိုင်ငံရေး





လုပ်နေတဲ့ကောင် ပါဗျာ"

'ဟင် .. ဘယ်လိုပါလိမ့်၊ အဘအကြောင်းပြောပြီး အလွမ်းသယ်ချင်တာလား။ ဒါမှမဟုတ် သူ့အကြောင်းသူပြောပြီး ဂုဏ်လုပ်ချင်နေတာများလား'

ကျွန်မက ထိုအတွေးနှင့်အတူ တိုက်ပုံနှင့် လူကြီးကို မျက်မှောင်ကုတ်ပြီး ကြည့်လိုက်၏။

"ဟုတ်တယ် .. ကျွန်တော်တို့ဟာ သူ့ရဲကောင်းတွေ။ သူ့ရဲကောင်းဆိုတာ ငိုဖို့မလိုဘူး။ ဂုဏ်ယူတတ်ရမယ်။ ရဲဘော်ကြီးအတွက် ဂုဏ်ယူရမယ်"

အံ့မယ် .. လုပ်ပြန်ပြီ၊ သူ့ကိုယ်သူ သူရဲကောင်းတဲ့။ အသက် ၉၃ နှစ်ရှိပြီဖြစ်တဲ့ အဖိုးကြီးကိုတောင် သူနဲ့ ပခုံးဖက်ပြီး အတူတူကြီးသာတဲ့အတိုင်း "ရဲဘော်ကြီး .. ရဲဘော်ကြီး" လို့ မနားတမ်း ခေါ်နေတာ အံ့သြပါရဲ့။

ကျွန်မက စိတ်ထဲမှပြောရင်း နှုတ်ခမ်းကို မသိမသာ မဲ့လိုက်မိသည်။

"ဒီလို တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့တဲ့သူတွေအချင်းချင်း ရဲဘော်ကြီးအတွက် ဂုဏ်ယူတယ်။ ရဲဘော်ကြီး မရှိတော့ပေမဲ့ တိုင်းပြည်တာဝန်ကို ကျွန်တော်ပခုံးထမ်းပြီး ဆက်လက်တိုက်ပွဲဝင်ပါ့မယ်လို့ ကတိပေးတယ်"

ဒီလူ့နှယ်၊ ခက်တော့ ခက်နေပါပြီ။ ဘယ့်နှယ့်ကြောင့်များ ဒီလိုနေရာမျိုးမှာ ကိုယ်ရည်သွေးတဲ့စကားတွေ လာပြောနေပါလိမ့်နော် ... စိတ်ညစ်လိုက်တာ။ ဘာကိုများ ပခုံးနဲ့ထမ်းပြီး ဘယ်တိုက်ပွဲမှာများ



www.burmeseclassic.com

www.burmeseclassic.com



ဝင်တိုက်ဦးမှာပါလိမ့်။ မဖြစ်ဘူး။ အမြန်ပြန်မှနဲ့ တူတယ်။

ကျွန်မက စဉ်းစားရင်းဖြင့် ပြန်ရန်ခြေလှမ်း ပြင်လိုက်၏။ ထိုစဉ် သူက ..

''ခင်ဗျားတို့ အားလုံးကိုလည်း ကျွန်တော်တစ်ခု ပြောချင်တယ်''

သူ့အပြောကြောင့် ကျွန်မလည်း သိချင်တာနဲ့ သွားလက်စ ခြေလှမ်းကို တုံ့ခနဲ ရပ်တန့်လိုက်မိ၏။ တခြားလူတွေကလည်း စိတ်ဝင်တစားနှင့် နားထောင်နေကြသည်။

''ကျွန်တော်တို့နိုင်ငံရဲ့ အခုလက်ရှိအခြေအနေမှာ သခင်အုန်းတို့လို၊ ကျွန်တော်တို့လိုလူမျိုးတွေ အများကြီး လိုအပ်နေသေးတယ်''

ထိုလူကြီးက သူ့ရင်ဘတ်ကို သူ ပုတ်ကာ ပြောနေလေ၏။

ဩော် .. ဘာများလဲလို့ ဒုက္ခပါပဲ .. အဲဒီလိုလူမျိုးတွေ လိုအပ်တာတော့ ဟုတ်ပါပြီ။ သူ့လို လူမျိုးက ဘာလုပ်ဖို့ အများကြီး လိုအပ်ရမှာလဲ ..။

''ကျွန်တော်တို့နိုင်ငံဟာ အခုမှ ဒီမိုကရေစီလမ်းကြောင်းပေါ် ဦးတည်နေတုန်းပဲ ရှိသေးတယ်။ အဲဒီအတွက် ကျွန်တော်တို့ ကြိုးစားရမယ်။ အလုပ် လုပ်ကြရမယ်။ သခင်အုန်းတို့လို တိုင်းပြည်ရဲ့ သားကောင်းတွေ ပေါ်ထွက်ခဲ့သလိုပဲ ဒီနေ့ခေတ်မှာလည်း ကျွန်တော့်လို လူမျိုးတွေ လိုအပ်နေတုန်းပဲဗျ''

ဟော .. ကြည့်ပါလား။ ပြောပြန်ပြီ။ သူ့လိုလူမျိုးတွေ လိုအပ်တဲ့အကြောင်း။ သေချာပါပြီ ဒီလူကြီးဟာ အဲဒါကို ခုတုံးလုပ်ပြီး





သို့ကိုယ်ကိုယ် အမွှမ်းတင်နေတာကိုး။ အဲဒီလို စိတ်မျိုးနဲ့ သူ နိုင်ငံ ဘယ်လိုလုပ်ခဲ့ပါလိမ့်။

ကျွန်မက စဉ်းစားရင်းဖြင့် ထိုတိုက်ပုံနှင့် လူကြီးကို အံ့သြစွာ ကြည့်နေမိသည်။ တခြားလူတွေလည်း သူ့အခြေအနေကို သဘော ပေါက်စပြုလာ၍ ထင်သည်။ ခေါင်းကုတ်သည့်လူက ကုတ်၊ ကျွတ်ခနဲ တ်သပ်သည့်လူက သပ်နှင့် စိတ်ပျက်စပြုလာကြ၏။

"ဟော .. ကျွန်တော့်ကိုပဲ ကြည့်လေ ..၊ ကျွန်တော် ဒီတိုက်ပုံ အင်္ကျီကို ဘယ်တော့မှ မချွတ်ဘူး။ အမြဲဝတ်ထားတာ။ ဒါဟာ ကျွန်တော့် ရဲ့နိုင်ငံကိုချစ်တဲ့ စိတ်အမှတ်အသားတစ်ခုပဲလေ။ အဲဒီလို တိုင်းပြည်ကို ချစ်တဲ့လူတွေ အများကြီးလိုအပ်နေ တယ်။ အခုမှ ဒီမိုကရေစီဆိုတာအုတ်မြစ်ချကာစပဲ ရှိသေး တာ။ အချိန်မရွေး ပြိုကွဲသွားနိုင်တယ်။ အဓိကကတော့ စည်းကမ်းပဲဗျ။ လူတစ်ယောက်ချင်းစီတိုင်းမှာ စည်းကမ်းရှိ ကြဖို့ သိပ်အရေးကြီးတယ်''

တိုက်ပုံနှင့် လူကြီးကပြောရင်း သူ့ပါးစပ်ထဲက ကွမ်းတံတွေး ကို ထွီခနဲ ထွေးထုတ်လိုက်သည်။

အနီရောင်ကွမ်းတံတွေးတွေက သမံတလင်းပေါ်တွင် အကွက် ကြီး စွန်းထင်သွား၏။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

အသုဘပို့ပြီးတာနှင့် ကျွန်မက သူများတွေလို အိမ်မပြန်အားသေးချေ။ ကျွန်မ ကျူရှင်သင်ပြပေးနေရသော ကျောင်းသားတွေရဲ့ စာမေးပွဲကလည်း နီးနေတာကြောင့် စာသင်ရမည့် အိမ်ကိုပဲ တန်းသွားခဲ့ရသည်။

အိမ်ထဲရောက်တော့ ကျွန်မရဲ့ ကျောင်းသားနှစ်ယောက်က စာသင်စားပွဲရှေ့တွင် အဆင်သင့် ထိုင်နေကြလေပြီ။ ကျွန်မလည်း အိတ်ထဲက တစ်ရှူးလေးထုတ်ကာ မျက်နှာက ချွေးတွေကို ကပျာကယာ သုတ်ပြီးနောက်တွင် လက်ဆေးဖို့ သတိရလာသည်။ ထို့ကြောင့် ကျွန်မ၏ ကျောင်းသူ နှင်းနှင်းကိုပြောပြီး နောက်ဘက်မှာ လက်ဆေးဖို့ ထွက်သွားလိုက်၏။ မီးဖိုခန်းထဲရောက်တော့ အိမ်ရှင်အမျိုးသမီးက အိမ်အကူကောင်မလေးကို ဆူနေသံကြားရသည်။





"ဟဲ့ .. နင်ဘာလို့ ခရမ်းချဉ်သီးသုပ်ထဲကို ငံပြာရည်တွေ ထည့်လိုက်ရတာလဲ။ ငါ ကိုးနဝင်းပုတီးစိပ်နေတာလေ။ ဒီနေ့ ငါ သက်သက်လွတ်စားရမယ့်ဟာကို နင်မသိဘူးလား။ တောက် .. တယ်လေ .. ငါလုပ်လိုက်ရ၊ သွား .. အစက ပြန်သုပ်"

အိမ်ရှင်အမျိုးသမီးက ဆူရင်း ညာဘက်လက်ထဲက စိပ်ပုတီးကို ဘယ်ဘက်လက်သလို့ ပြောင်းကိုင်ပြီး ညာဘက်လက်ဖြင့် ရပ်ကာ အိမ်အကူကောင်မလေးကို ခေါင်းခေါက်ဖို့ ရွယ်လိုက် ၏။

ကျွန်မကို မြင်သွားသောအခါမှ ညာလက်ဖြင့် ပုတီး ပြန်ကိုင်ကာ အားနာပါးနာပြုံးပြရင်း ...

"ဪ .. ဆရာမ၊ ဘာလိုချင်လို့လဲ။ ကလေးတွေကို ပြောခိုင်းလိုက်ရောပေါ့"

"ဘာမှ မလိုချင်ပါဘူး အစ်မရဲ့။ လက်ဆေးချင်လို့ပါ"

"ဪ .. လာ .. လာပါ ဆရာမ။ ဒီဘေစင်မှာ ဆေးလို့ရတယ်"

အိမ်ရှင်အမျိုးသမီးက ပြောပြီး ပါးစပ်က ရွတ်လက်စဘုရားစာ တစ်စုံတစ်ရာကို ရေရွတ်ရင်း စောစောက အိမ်အကူကောင်မလေး အနားကို လျှောက်သွားလေသည်။ ကျွန်မ လက်ဆေးနေတုန်းမှာပဲ ထိုအမျိုးသမီးက ..

"ဖယ် .. ဖယ် မိအေး၊ ငါဘာသာပဲ သုပ်လိုက်တော့မယ်၊ သွား .. နင် မနက်က ဝယ်လာတဲ့ ပုစွန်တုပ်ကို ရေခဲသေတ္တာထဲက ထုတ်ပြီး အခွံချွတ် ခေါင်းဖြတ်ထား၊ မ[illegible]ဖြန့်မနက်



www.burmeseclassic.com

www.burmeseclassic.com



စားဖို့။ ဟဲ့ .. ခေါင်းဖြတ်ရင် ဦးနှောက်တွေ ပါမသွားစေနဲ့နော်။ ပုစွန်ဆိုတာ ပုစွန်ဆီပါမှ အရသာရှိတာ''

ကျွန်မလည်း လက်ဆေးပြီးသည်နှင့် စာသင်ဖို့ အိမ်ရှေ့ခန်းဆီသို့ ပြန်လာလိုက်သည်။ ကျွန်မနောက်နားဆီမှာတော့ ..

''အဲဒီပုစွန်ကို မနက်စောစော ကြော်ထားနော်။ မနက်နိုးတာနဲ့ ငါ စားမယ်၊ ကြားလား မိအေး။ သုနက္ခတ္တံ သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။ သုခဏော သုမုဟုတ္တောစ၊ သုယိဋ္ဌံ ဗြဟ္မစာရိသု ..''

ဆိုသည့် အသံတွေကတော့ ဝေ့၍ ဝေ့၍ ကျန်နေခဲ့လေသည်။

''ကဲ .. သမီး နှင်းနှင်း၊ မနေ့က တီချယ် လုပ်ခိုင်းထားတဲ့ သင်္ချာပုစ္ဆာတွေ တွက်ပြီးပြီလား။ ပြပါဦး။ သားကလည်း အင်္ဂလိပ်စာအုပ် ထုတ်ထားနော်''

ကျွန်မက ပြောပြောဆိုဆိုနှင့် နှင်းနှင်း၏ သင်္ချာစာအုပ်ကို ဆွဲယူလိုက်၏။ သင်္ချာပုစ္ဆာ အားလုံးမှန်နေသည်ကို တွေ့ရသည်။ တကယ်ဆိုလျှင် နှင်းနှင်းတို့မောင်နှမနှစ်ယောက်စလုံးသည် ပင်ကိုဉာဏ်ကောင်းပြီး စာတော်ကြ၏။ ပိုက်ဆံရှိသည့် သားသမီးတွေပီပီ မိဘတွေကလည်း ပညာရေးအတွက်ဆိုလျှင် လိုလေသေးမရှိအောင် ပံ့ပိုးပေးထားကြတာကြောင့်လည်း ဖြစ်နိုင်သည်။

''နှင်းနှင်းက တော်လိုက်တာ၊ အားလုံးမှန်တယ်''

ထိုစဉ် အိမ်အကူမိအေးက လက်ဖက်သုပ်ပန်းကန်တစ်ပွဲနှင့် ရောက်လာသည်။ နှင်းနှင်းက ထိုလက်ဖက်သုပ်ပန်းကန်ကို မြင်သည့်အခါ နှာခေါင်းရှုံ့ပြီး ..





''ဟင်း .. မမိအေး လက်ဖက်သုပ်ကလည်း ပုစွန်ခြောက်ကနည်းလိုက်တာ။ များများထည့်ယူခဲ့ပါ မမိအေးရဲ့။ နောက်ဆိုမစားဘဲ အကြာကြီး အောင့်နေရဦးမှာ''

နှင်းနှင်း၏ အပြောကြောင့် ကျွန်မက အံ့ဩသွားရင်း ..

''ဟဲ့ .. ဘာဖြစ်လို့လဲ သမီးရဲ့''

''တီချယ်ကလည်း ရှေ့အပတ်ဆို စာမေးပွဲဖြေရတော့မယ်လေ။ မေမေက ပြောထားတယ်၊ သမီးတို့ စာမေးပွဲဖြေတဲ့ရက်ကျရင် တစ်အိမ်လုံး သက်သတ်လွတ်စားရမယ်တဲ့။ ဒါမှ စာမေးပွဲကို ရှောရှောရှူရှူ ပြေနိုင်မှာတဲ့''

ကျွန်မ မျက်ခုံးနှစ်ဖက် မြင့်တက်သွားမိ၏။

သြော် .. တချို့လူတွေအတွက်ကျတော့ မစားဘဲ စွန့်လွှတ်ဟာ အကျိုးအမြတ်တစ်ခုခုကို မျှော်လင့်ထားလို့ကိုး။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

ထိုနေ့က နှင်းနှင်းတို့ မောင်နှမစာမေးပွဲဖြေနေချိန်မို့ သူတို့ကို စောင့်ရင်း ကျောင်းရှေ့ကဆိုင်မှာ တစ်ခုခုစားဖို့ သွားထိုင်လိုက်၏။ ကျွန်မက ဆီချက်ခေါက်ဆွဲတစ်ပွဲဟု စားပွဲထိုးလေးကို မှာလိုက်သည်။ သို့သော် ဆိုင်ထဲမှာက လူကျနေတာမို့ ကျွန်မမှာထားသည့် ခေါက်ဆွဲက တော်တော်နှင့် ရောက်မလာသေးချေ။ ထိုအချိန်မှာပင် အသံတစ်သံနှင့်အတူ လူတစ်ယောက်က အူယားဖားယား ဆိုင်ထဲသို့ လှမ်းဝင်လာပြီး ကျွန်မဘေးနားမှ လှစ်ခနဲ ဖြတ်သွား၏။

"ဟော့ကောင်လေးတွေ မင်းတို့က တယ်ပြီး ဇိမ်ကျနေကြတယ် ဟုတ်လား။ ငါ့မှာတော့ကွာ ။ ။ ဟူး"

ကျွန်မက ထိုအသံကို ရင်းနှီးသကဲ့သို့ ထင်မိ၍ လှည့်ကြည့်လိုက်မိသည်။





ဪ ။ ။ လက်စသတ်တော့ ဟိုတိုက်ပုံနဲ့ လူကြီးပဲ။ ထိုလူကြီးက လူငယ် ၃ ယောက်ထိုင်နေသည့် စားပွဲဝိုင်းတွင် ဝင်ထိုင်နေသည်ကို တွေ့ရ၏။ လူငယ် ၃ ယောက်က အခုခေတ်ပေါ် ဆံပင်ပုံစံ အနီရောင်ရင်ဘတ်တွင် အရိုးခေါင်းပုံ စတစ်ကာကပ်ထားသည့် တီရှပ်နှင့် နားတွင်လည်း နားကပ်လေးများကို ပန်ထားကြသည်။ ဆံပင်အနီရောင်ကို ဂျယ်များများဖြင့် ထောင်ထားသည့် ကောင်လေးက ။ ။

"ဘယ်လိုဖြစ်လာတာလဲဗျ။ ဦးလေးကို ကြည့်လိုက်ရင် သက်သောင့်သက်သာ ဘယ်တော့မှ မရှိဘူး။ အမြဲတမ်း အလျင်လိုနေသလိုပဲ။ ကြည့်ရတာတော့ ဦးလေးက နိုင်ငံတော်သမ္မတထက်တောင် အလုပ်ရှုပ်နေသလိုပဲနော်"

"ဟ ။ ။ ရှုပ်တာပေါ့ကွ။ တိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ လူပဲ။ ဒီလောက်တော့ ရှိမှာပေါ့။ ငါတို့ပါတီက ဒီနေ့ ရန်ပုံငွေပွဲရှိတယ်။ အဲဒါ သွားလုပ်နေရတာပေါ့ကွ"

ဟော ။ ။ ပြောနေပြန်ပြီ။ တိုင်းပြည်အတွက် အလုပ်လုပ်နေတဲ့ လူတဲ့။ ဒီလူကြီးဟာ ဘယ်နေရာမှာမှ မရှောင်ဘဲ တော်တော်လေလုံးထွားတာပဲ။

ကျွန်မက စိတ်ထဲမှ မကျေမနပ် ပြောလိုက်မိသည်။

သူ့အပြောကြောင့် တီရှပ်အနက်နှင့် ကောင်လေးက 'ကျွတ်' ခနဲ စုတ်သပ်လိုက်ရင်း ။ ။

"ကျွတ် ။ ။ ဒါကတော့ဗျာ။ ဦးလေးဘာသာ ဒီအလုပ်ကို ကြိုက်လို့ လုပ်တာပဲ"

"အဲဒါ ခက်တာပဲ။ မင်းတို့ လူငယ်တွေဟာ တိုင်းပြည်အရေး



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှ စိတ်မဝင်စားကြဘူး။ အနာဂတ်တိုင်းပြည်မှာ လူငယ်တွေရဲ့ အခန်းကဏ္ဍက သိပ်အရေးကြီးတယ်ကွ။ အခု တော့ကွာ။ မင်းတို့လူငယ်တွေက လက်ဖက်ရည်ဆိုင် ထိုင် လိုက်၊ ဘီယာဆိုင် ထိုင်လိုက်နဲ့ အလကား အချိန်ဖြုန်းနေ ကြတာပဲ။ အခု လူတွေ ဘာလုပ်နေကြလဲသိလား။ နေရာ အနှံ့မှာ တိုင်းပြည်ကောင်းဖို့အတွက် ဆန္ဒထုတ်ဖော်ပွဲတွေ လုပ်နေကြတယ်။ မင်းတို့က လက်ဖက်ရည်ဆိုင်မှာ ဘာထိုင် လုပ်နေကြတာလဲ။ မင်းတို့ဘာသာ ပြန်စဉ်းစားကြပါဦး''

'''ဟာ ။ ။ ဦးလေးမြင့်စိန်ကလည်းဗျာ။ ဆန္ဒထုတ်ဖော်တိုင်း တိုင်းပြည်ကောင်းဖို့ မဟုတ်ပါဘူး။ ဟိုတစ်လောကပဲ ကြည့်လေ၊ ဂျာနယ်တစ်စောင်မှာ တစ်ကိုယ်တည်း ဆန္ဒပြ သတဲ့။ မီတာဆောင်တဲ့အခါ နောက်ကျကြေး နှစ်ထောင် (၂၀၀၀) မပေးဖို့ဆိုတာဟာ စဉ်းစားဆင်ခြင်ဉာဏ်မဲ့ရာ မရောက်ဘူးလား။ ဒီလ မီတာခကို နောက်နှစ်မှ ဆောင်တော့ မယ်ဆိုတဲ့လူတွေ ပေါ်လာမှာပေါ့။ ပြီးတော့ ဘယ်နိုင်ငံမှာမှ မရှိဘူးတဲ့နေ့ရက်မျိုးကို အစိုးရ ရုံးပိတ်ရက်လုပ်ပေးပါတဲ့ ဆိုတာကရော တိုင်းပြည်ကောင်းဖို့ပဲလား ။ ။ ကဲ ပြောပါဦး''

''ဟ ။ ။ ဆန္ဒထုတ်ဖော်သင့် အကုန်ထုတ်ဖော်ရမှာပေါ့ကွ။ ဒီခေတ်မှာ ဒါ အခွင့်အရေးပဲလေ''

ထိုစဉ် ဆံပင်အနီရောင်ဆိုးထားသည့် ကောင်လေးက ဝင်ပြီး ။ ။





''တော်စမ်းပါဗျာ။ တိုင်းပြည်ကို ဘယ်လိုကောင်းအောင် လက်တွေ့ကျကျ တည်ဆောက်မလဲဆိုတာကိုပဲ ဦးလေးရဲ့ ကိုယ်ပိုင်ဉာဏ်နဲ့ ကျွန်တော်တို့ လက်ခံလာအောင် စဉ်းစား ပြစမ်းပါဦး''

''ဘာကွ၊ မင်းတို့တွေ တယ်ခက်တာပဲ။ ငါတို့များ ။ ။ ကျွတ်။ ဒီမယ် ။ ။ ငါဆိုတဲ့ကောင်က မင်းတို့ အရွယ်မတိုင်ခင်ကတည်း က နိုင်ငံရေးလုပ်လာခဲ့တာကွ။ ထောင်ဆိုတာ အိမ်ဦးနဲ့ ကြမ်းပြင်ပဲ၊ ငါထောင်ကျတုန်းကဆိုရင် ဘယ်လောက်ဆင်းရဲ ပြီး ဒုက္ခရောက်ခဲ့ရတယ်မှတ်လဲ။ အဲဒီလို အနစ်နာခံခဲ့လို့ နိုင်ငံခြားအဖွဲ့အစည်းတွေက ငါ့ကို ဘယ်လိုဆုတွေ ချီးမြှင့် ထားသလဲဆိုတာ ကြည့်ဦးမလား။ ငါ ထောင်ထဲမှာ နေရတဲ့ အချိန်က ။ ။ ။ ။''

ထိုတိုက်ပုံနှင့် လူကြီး၏ စကားမဆုံးခင်မှာပင် ဆံပင်အနီ ရောင် ဆိုးထားသည့် ကောင်လေးက ။ ။

''တော်ပါပြီ ဦးလေးရာ၊ သိပါပြီ။ ဦးလေးရဲ့ စွန့်လွှတ်မှုတွေ ကို ကျွန်တော်တို့ ဦးညွှတ်ပါတယ်။ ဒါပဲ မဟုတ်လား။ ဟေ့ကောင်တွေ သွားကြမယ်ကွာ''

လူငယ် ၃ ယောက်က ပြောပြီး ကောင်တာမှာ ပိုက်ဆံရှင်းကာ ထထွက်သွားကြ၏။ ကျွန်မကတော့ ထိုတိုက်ပုံနှင့် လူကြီးကို ငေးကြည့် နေမိတော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ဒီနေ့က နှင်းနှင်းတို့စာမေးပွဲ နောက်ဆုံးဘာသာ ဖြေပြီးသည့်နေ့မို့ သူတို့မိသားစုအားလုံးက ညစာကို အပြင်မှာ ထွက်စားရန် စီစဉ်နေကြ၏။ ကျွန်မကိုလည်း လိုက်ခဲ့ဖို့ အတင်းခေါ်နေသည်။

ထိုစဉ် ကျွန်မတပည့်တွေရဲ့ ဖခင်ဖြစ်သူက အလုပ်မှ ပြန်လာ၏။

"ဟေး ..တစ်အိမ်လုံး ပျော်လို့ ရွှင်လို့ပါလား။ စာမေးပွဲပြီးကြပြီပေါ့ဟုတ်လား"

"ဟုတ်တယ် အဖေကြီးရေ ကျွန်မတို့တွေ မင်းလမ်းမုန့်တီဆိုင်မှာ သွားစားကြမလို့။ ဆရာမကိုပါ လိုက်ခဲ့ဖို့ အတင်းခေါ်နေတာ"





"ဟုတ်သားပဲ ဆရာမရယ်။ လိုက်ခဲ့ပါ။ ကျွန်တော်တို့ မိသားစုနဲ့ ပျော်ပျော်ပါးပါး သွားကြတာပေါ့ မဟုတ်ဘူးလား။ တစ်ပတ်လုံးလုံး အလုပ်တွေခြောက်နေတာ၊ ဒီနေ့တော့ စိုရချည်သေးရဲ့ ..ဟား ဟား ဟား"

ထိုသို့ဖြင့် ကျွန်မလည်း နှင်းနှင်းတို့ မိသားစုနှင့်အတူ မင်းလမ်းလက်ညှစ်ရခိုင်မုန့်တီဆိုင်သို့ ရောက်လာခဲ့တော့သည်။

■



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်သို့ရောက်သောအခါ ထိုဆိုင်၏ ထုံးစံအတိုင်း လာစားသောက်ကြသည့်လူတွေက အလျှုကျွေးနေသည့်အလား စည်ကားနေသည်။ ရခိုင်အစစ်တွေရောင်းသည့် ရခိုင်မုန့်တီဆိုင်တွင် မုန့်တီအပြင် ပင်လယ်အစားအစာတွေကိုပါ လတ်လတ်ဆတ်ဆတ်ရသောဆိုင်မျိုးမို့ လူတွေက အလုအယက် တိုးဝှေ့နေကြခြင်းပင်။

ပင်လယ်ရေသတ္တဝါတွေဖြစ်သည့် ပုစွန်တုပ်၊ ဂုံး၊ ကဏန်း၊ ပင်လယ်ငါး စသဖြင့် အကောင်အရှင်များကို ရေကန်ထဲတွင် ထည့်ထားပေး၏။ ထိုအထဲက မိမိကြိုက်ရာကို လက်ညှိုးထိုးပြီး ချက်ပြုတ်နိုင်းရတာပဲ ဖြစ်သည်။ နှင်းနှင်းတို့မိသားစုကလည်း ထိုကန်နားကို တိုးကပ်သွားပြီး တစ်ယောက်တစ်မျိုး ဒီလက်ညှိုးထိုးပြီး မှာကြတော့သည်။

''မေကြီး . . သမီးက ဟိုဘက်ထောင့်က ပုစွန်တုပ်ကြီးကို စားမှာနော်''

''သားက ဟိုလက်မကြီးတွေ ကားနေတဲ့ ကဏန်းကြီးကို မဆလာချက် ချက်ခိုင်းမယ်''





''အေး . . အေး ဟုတ်ပြီ။ မေမေကတော့ ဟိုက ငါးလေးကိုပဲ ဆားငံသီးနဲ့ ပေါင်းခိုင်းတော့မယ်။ သြော် . . ဂုံးကိုလည်း ဒီအတိုင်းပြုတ်ပြီး သံပရာရည်ဖျန်းစားဦးမှပဲ။ လတ်လတ်ဆတ်ဆတ်ဆိုတော့ ချိုနေမှာ။ ကဲ . . အဖေကြီးကရော ဘာစားမလဲ''

''တော်ပါပြီကွာ။ မင်းတို့သားအမိ မှာတာတွေနဲ့ပဲ လုံလောက်ပါပြီ''

ဟိုအကောင်ကို လက်ညှိုးထိုး၊ ဒီအကောင်ကို လက်ညှိုးထိုးပြီး ဝယ်စားနေကြသည့် သူတို့မိသားစုကိုကြည့်ပြီး ကျွန်မ အံ့သြနေမိသည်။

စာမေးပွဲပြီးသွားပြီဆိုတော့ သတ္တဝါတွေရဲ့အသက်ကို ငဲ့ညှာစရာ မလိုတော့ဘူးထင်ပါရဲ့။ သက်သက်လွတ်စားခဲ့ရသမျှကို လက်စားပြန်ချေတဲ့အနေနဲ့ အတိုးချပြီး စိတ်ကြိုက်ကို ဝယ်စားနေတော့တာပဲ။

ကျွန်မလည်း သူတို့မိသားစုကို ကြည့်နေရာကနေ ဆိုင်အပြင်ဘက်ဆီသို့ အမှတ်တမဲ့ ငေးကြည့်လိုက်မိ၏။

ဟို တိုက်ပုံနှင့်လူကြီးက တစ်ဖက်လမ်းစကြိုမှ ခပ်သုတ်သုတ်ဖြတ်ကူးလာသည်ကို တွေ့လိုက်ရသည်။ ထိုလူကြီးကို မြင်ဖော့လည်း ကျွန်မစိတ်ထဲ အတွေးတစ်ခု ဖျတ်ခနဲ ဝင်လာသည်။

သြော် . . တိုင်းပြည်အတွက် အလုပ်လုပ်နေသည့် ထိုလူကြီးကရော။ အစစ်ဆေးခံစာမေးပွဲကာလကို လွန်မြောက်ပြီးသည်နှင့် ဘာတွေကိုများ လက်ညှိုးထိုးပြီး ဝယ်စားမှာပါလိမ့်။

■



www.burmeseclassic.com

(၅)

အဘအုန်းလို ဖြူစင်သည့်လူသားတွေအဖို့တော့ 'စွန့်လွှတ်ခြင်း' သည် ပကတိအဖြူရောင်သက်သက် ဖြစ်သည်။

တချို့သူတွေအတွက်ကတော့ တစ်စုံတစ်ရာ အကျိုးအမြတ်ရချင်သောကြောင့် ကြိတ်မှိတ်ပြီး သတ်သတ်လွှတ်စားသလိုမျိုး အကျိုးမျှော်ပြီး စွန့်လွှတ်မှုဖြစ်သည်။

ကျွန်မ မြင်နေရသလောက်ကတော့ . . .

တချို့က တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်သည်ဟုပြောကာ ကိုယ်ကျိုးကို စွန့်လွှတ်ရင်းက အတ္တတွေ တဖြည်းဖြည်း ကြီးလာနေကြသည်။

■

ထက်မြတ်နိုင်ဇင်
Idea မဂ္ဂဇင်း၊ ၂၀၁၃



မင်းခိုက်စိုးစန်

# ငှက်ပျောသီးပဲ ကျား နေတဲ့ နိုင်ငံတော်



www.burmeseclassic.com



(၁)

ကုန်းအတက်လမ်းကလေးပေါ်မှာ သစ်ပင်ကြီးရဲ့ အခက်အလက်တွေ စိမ်းစိမ်းညို့ညို့ အုပ်မိုးနေတယ်။ ဘယ်ဘက်က လျှိုမြောင်ခပ်နက်နက်ထဲမှာ ကနစိုးပင်တွေ ပေါက်လို့ . . ။ လျှိုမြောင်အောက်ခြေထဲမှာတော့ ရေစပ်စပ်နဲ့ ပဲခူးရိုးမတောင်ပေါ်က စီးကျလာတဲ့ တောင်ကျချောင်းတွေနဲ့ ဆက်နေပုံရတယ်။

ကျွန်တော်တို့ အခုရောက်နေတာက လှော်ကားဥယျာဉ်ထဲမှာ . . . ၊ ပဲခူးရိုးမရဲ့ တောင်ဘက်အစွန်အဖျားလို့ ပြောလို့ရတာပေါ့။ လာတုန်းကတော့ ကျွန်တော်တို့မောင်နှမနှစ်ယောက် မှော်ဘီမှာနေတဲ့ အဒေါ်ဆီကို ခဏသွားလည်မယ်ဆိုပြီး ကားတစ်စင်းနဲ့ ထွက်ခဲ့ကြတာပါ။





အဲဒါ ရန်ကုန်ကနေ မှော်ဘီဘက်ကို အချိုး . . . ၊ လမ်းပေါ်မှာ 'လှော်ကားဥယျာဉ်' ဆိုတဲ့ ဆိုင်းဘုတ်ကိုတွေ့တော့ ကျွန်တော့်ညီမက တစ်ခါမှ မရောက်ဖူးလို့ ဝင်လည်ချင်တယ်ဆိုပြီး ပူဆာပါလေရော။

တကယ်တော့ ကျွန်တော်ကိုယ်တိုင်ကလည်း တက္ကသိုလ်ကျောင်းသားဘဝတုန်းက အတန်းဖော်တွေနဲ့ ပျော်ပွဲစားထွက်ရင်း တစ်ခါပဲ ရောက်ဖူးတာ၊ ၁၅ နှစ်ကျော်လောက် ကြာပြီ။ ဒါနဲ့ ခြေထောက်မှာ ဖွေပါတဲ့ကျွန်တော်တို့ မောင်နှမနှစ်ယောက် ဟိုလူ့မေး ဒီလူ့မေးနဲ့ လှော်ကားဥယျာဉ်ဝင်ပေါက်ကိုတွေ့အောင် ရှာပြီး လက်မှတ်ဖြတ်လိုက်ကြတယ်။

ကားတစ်စီးစာလောက်ပဲ မောင်းလို့ရတဲ့ တောလမ်းလေးအတိုင်း မောင်းဝင်လာပြီး ကုန်းတက်တစ်ခါ၊ ကုန်းဆင်းတစ်လှည့်နဲ့ သုံးလေးမိုင်လောက် ခရီးပေါက်လာတော့ လျှိုမြောင်အတက် တောင်ပုစာလိုနေရာမျိုးလေးမှာ ကားကို ခဏရပ်လိုက်တယ်။ ရုပ်ရှင်တွေထဲမှာ ပါတတ်တဲ့ တောတွင်းခရီးကြမ်းလိုလို၊ ဘာလိုလို မြင်ကွင်းတွေကို တွေ့ရလို့လားမသိဘူး။ ကျွန်တော့်ညီမကတော့ ကလေးလေးတစ်ယောက်လို ခုန်ဆွခုန်ဆွနဲ့ ပျော်နေတယ်။

အဲ . . ဘာမှ မကြာလိုက်ဘူး။ ကျွန်တော်တို့နားကို မျောက်တလေးတွေ ဝိုင်းလာတော့တာပဲ။ အကောင်ပေါက်စနလေးတွေလည်း ပါတယ်။ ခပ်ရွယ်ရွယ်အကောင်ကြီးကြီးတွေလည်း ပါတယ်။ သားငယ်ကို လွယ်ပိုးထားတဲ့ မျောက်မတွေလည်း ပါတယ်။

ကားမောင်းလာတဲ့ လမ်းတစ်လျှောက်လုံးမှာလည်း တွေ့ခဲ့သားပဲ။ ဆတ်တွေ၊ မျောက်တွေ၊ ဝက်တွေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



အင်း . . . မျောက်တွေကတော့ ပိုပေါတာပေါ့လေ။ ဒါပေမဲ့ ဒီလောက်ထိ ယဉ်ပါးပြီး လူအနီးအပါးထိ အစာလာတောင်းရဲလိမ့်မယ်လို့ ထင်မထားခဲ့မိဘူး။ ကျွန်တော့်ညီမက သူ့အနားမှာ ယောင်ပေယောင်ပေ လာကပ်နေတဲ့ မျောက်ကလေးတွေကို ကြည့်ပြီး . .

"အစ်ကိုရေ . . . မျောက်ကလေးတွေကို အစာကျွေးရအောင်"

ပြောမယ့်သာပြောတာ အနီးအနားမှာ ဘာစျေးသည်မှ ရှိမနေဘူး။ ဒီလိုမှန်းသိရင် စောစောကတည်းက ငှက်ပျောသီးတွေ ဝယ်ခဲ့ရအကောင်းသား . . . လို့ ကျွန်တော်က တွေးလိုက်မိတယ်။

ကျွန်တော့်မျက်စိထဲမှာလည်း လက်မှတ်ရောင်းတဲ့နေရာဘေးမှာရော . . . စောစောက ဖြတ်မောင်းလာခဲ့တဲ့ တစ်မိုင်လောက်က စခန်းထောက်နေရာမှာရော . . . ငှက်ပျောသီးနဲ့ ကန်စွန်းရွက်ရောင်းနေတဲ့ စျေးသည်တွေကို ပြန်မြင်ယောင်လာတယ်။

ကျွန်တော့်ညီမကတော့ ကားထဲမှာ စားစရာတစ်မျိုးမျိုး ရှိလို ရှိငြား လိုက်ရှာရင်း ခဏကြာတော့ . . .

"အစ်ကိုရေ . . .။ ဒီမှာ ထန်းလျက်ဘူး ရှိတယ်။ ကျွေးကြည့်ရမလား"

ကားရှေ့ခန်း ဒက်ရှ်ဘုတ်အောက်က ပလတ်စတစ်ဘူးကို ဆွဲထုတ်လိုက်တယ်။ အထဲမှာက ထန်းလျက်ခဲတွေအပြည့်နဲ့။ (ကျွန်တော်နဲ့ ကျွန်တော့်ညီမက သွားရင်းလာရင်း လမ်းမှာ ခွေးပိန်ပိန်ညောင်ညောင်လေးတွေ တွေ့ရင် ကျွေးရအောင် ကားထဲမှာ ထန်းလျက်တစ်ဘူး အမြဲဆောင်ထားလေ့ရှိတာကိုး)

"ကျွေးကြည့်လေ . . . ညီမလေးရဲ့"





ကျွန်တော်က တိုက်တွန်းလိုက်တော့ ညီမလေးက ဘူးထဲက ထန်းလျက်ခဲလေးငါးခဲကို နှိုက်ယူပြီး မျောက်အုပ်ထဲကို လှမ်းပစ်လိုက်တယ်။ မျောက်တွေက သူတို့ကို ခဲနဲ့ပေါက်တယ်ထင်သွားသလား မသိဘူး။ ကမန်းကတန်း ရှောင်လိုက်ကြလေရဲ့။ ထန်းလျက်ခဲလေးတွေဟာ မြေကြီးပေါ် ပြန့်ကျဲသွားတယ်။ ကျွန်တော်တို့ကလည်း မျောက်တွေ ဘာများ လုပ်မလဲလို့ ငြိမ်ငြိမ်လေးရပ်စောင့်ကြည့်နေလိုက်တယ်။ ခဏနေတော့ သူတို့ထဲက မျောက်တစ်ကောင်က စောစောက သူတို့ 'ခဲ' လို့ ထင်လိုက်တဲ့ ထန်းလျက်ကို ကောက်ကိုင်ကြည့်လိုက်တယ်။ ဟိုကြည့် ဒီကြည့်လုပ်ပြီး နှာခေါင်းနားကပ် အနံ့ခံတယ်။ လျှာနဲ့ မရဲတရဲ စိုက်ကြည့်တယ်။

ပြီးတော့ ဖျတ်ခနဲ ပါးစပ်ထဲ ပစ်ထည့်ပြီး စားပစ်လိုက်ပါလေရော။ သူ့ကိုစောင့်ကြည့်အကဲခတ်နေတဲ့ ကျန်တဲ့မျောက်တွေလည်း အလုအယက်ပေါ့။ ဘာပြောကောင်းမလဲ၊ ကျွန်တော်တို့က ထန်းလျက်ခဲတွေ အဆုပ်လိုက် အဆုပ်လိုက် ပစ်ကြလိုက်၊ မျောက်ကလေးတွေက အလုအယက် ကောက်စားလိုက်နဲ့ . . .။ ပျော်စရာကြီး . . .။

(လော်ကားဥယျာဉ်ထဲမှာနေတဲ့ မျောက်တွေကို ထန်းလျက်ခဲ ကြိုက်တတ်အောင် စတင်သင်ကြားပေးတဲ့သူဟာ ကျွန်တော်တို့ မောင်နှမပဲ ဖြစ်မယ်လို့တောင် စဉ်းစားမိပြီး ပြုံးဖြစ်ပါသေးရဲ့)

လော်ကားဥယျာဉ်ထဲက ပြန်ထွက်ပြီး မော်ဘီကို ခရီးဆက်တဲ့ လမ်းကျတော့ ညီမလေးက ကျွန်တော့်ကို မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို … ညီမလေးတို့ ငယ်ငယ်တုန်းက ကြားဖူးခဲ့တဲ့ ပုံပြင်တွေထဲမှာရော … ကာတွန်းစာအုပ်တွေထဲမှာရော မျောက်ဟာ ငှက်ပျောသီးကြိုက်တယ်လို့ချည်းပဲ ပြောကြတယ်နော်"

"အင်း …"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။ စိတ်အာရုံထဲမှာလည်း ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးတဲ့ ဦးစိတ်တိုနဲ့ မျောက်ညိုဆိုတဲ့ ကာတွန်း ဦးအောင်မှိန်ရဲ့လက်ရာကို ပြန်မြင်ယောင်နေမိတယ်။

မျောက်ညိုခမျာ ဦးစိတ်တိုရဲ့ ခြံထဲက ငှက်ပျောသီးတွေကို အလစ်မှာ ဝင်ဝင်စားရတာအမော …။ ဦးစိတ်တိုသိရင် နှစ်လုံးပြူး သေနတ်နဲ့ လိုက်ပစ်လို့ ပြေးရပြန်ရော။

မျောက်နဲ့ ငှက်ပျောသီးဟာ 'ပုံသေတွဲဖက်' တစ်ခုလိုမျိုး လူတွေရဲ့ စိတ်ထဲမှာ နေရာယူထားတာ ကြာလှပေါ့။ 'ရေမြင်း'ဆိုရင် 'ကန်စွန်းရွက်' ပေါ့။ 'ဆင်' ဆိုရင် 'ကြံ'ပေါ့။

ပန်းချီတွေ၊ ကာတွန်းတွေမှာ ပုံဖော်လိုက်ရင်လည်း ဆင်ကြီး 'ကြံ' စားနေတဲ့ပုံတွေချည်းပဲ။ ဆင်ကြီး ငါးပိစားနေတဲ့ပုံရယ်လို့ တစ်ခုမှ မရှိဘူး။ (တကယ်တော့ ဆင်ဟာ ငါးပိတို့ ဘာတို့ တော်တော်ကြိုက်တဲ့ သတ္တဝါပါ)

ကျွန်တော်အဲဒီလို စဉ်းစားနေတဲ့အချိန်မှာပဲ ကျွန်တော့်ညီမက မေးခွန်းတစ်ခု လှမ်းမေးတယ်။

"အစ်ကို … မျောက်က တခြားအသီးတွေဆိုရင် သိပ်မကြိုက်လို့ ငှက်ပျောသီးပဲ ကျွေးတာလား"





သူ့မေးခွန်းက ရယ်စရာကောင်းသလိုလိုနဲ့ ရယ်စရာ မကောင်းဘူး။ ဘယ်မျောက်ကမှလည်း "ကျွန်တော်အကြိုက်ဆုံးကတော့ ငှက်ပျောသီးပါခင်ဗျား" လို့ အင်တာဗျူးမှာ ပြောသွားတာမျိုး မရှိခဲ့ဘူး။

မျောက်ကို ပန်းသီးကျွေးရင်လည်း ကြိုက်မှာ သေချာပါတယ်ဗျာ။ နဂါးမောက်သီးဆိုလည်း စားမှာပါပဲ။ စပျစ်သီး ကျွေးလျှင်ရော …။ မျောက်က ပိုပြီးတောင် မြိန်ရေရှက်ရေစားလိမ့်မယ် ထင်ပါ တယ်။

စားမယ့် 'မျောက်' အတွက် ကောင်းတဲ့အသီးလာလေလေ အဆင်ပြေလေလေပဲ။ ဒါပေမဲ့ ကျွေးမယ့် 'လူ' အဖို့တော့ ဒီလိုမဟုတ်ပြန်ဘူး။ ဆယ်လုံးလောက်ပါတဲ့ ငှက်ပျောသီးတစ်ဖီးကို ပိုက်ဆံငါးရာ လောက်ပေးရုံနဲ့ ဝယ်ကျွေးနိုင်တယ်။ ဒါပေမဲ့ နဂါးမောက်သီးကျတော့ တစ်လုံးတည်းကို နှစ်ထောင်လောက် ပေးရမယ်။ ဒီတော့ မျောက်က 'နဂါးမောက်သီးကို ကြိုက်လှချည်ရဲ့' လို့ ပူဆာလာရင်တောင်မှ ဘယ်လိုမှ မသဒ္ဓါနိုင်တဲ့ကိစ္စ။

စပျစ်သီးကျတော့ တစ်ကီလို ခြောက်ထောင်ဖိုးလောက် ဝယ်ရင်တောင် မျောက်တစ်ကောင်အတွက် အားမရှတ်ဘူးလေ။ ဘယ်လို လုပ်ပြီး ဗိုက်ဝမှာလဲ။ ဒီတော့ မျောက်နဲ့ တန်ဖိုးကြီးစပျစ်သီးကို မတွဲဖက် အပ်ဘူး မဟုတ်လား။

ကျွန်တော်က ညီမလေးကို လှမ်းပြောလိုက်တယ်။

"ညီမလေး အခုထန်းလျက်ကျွေးတော့လည်း မျောက်တွေက ကြိုက်ကြတာပဲ မဟုတ်လား။ ရေခဲမုန့်ကျွေးရင်လည်း ကြိုက်ကြမှာပဲ။ ကိတ်မုန့်ကျွေးရင်လည်း ကြိုက်မှာပါပဲ။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



‘မျောက်နဲ့ ငှက်ပျောသီး’ကိုပဲ အမြဲတမ်း တွဲဖက်ထားတဲ့ လူတွေရဲ့ ‘ပုံစံသေအသိဉာဏ်’ ကိုတော့ ညီမလေးပြောင်းပစ်လို့ မရနိုင်တော့ဘူး”

“ဘာဖြစ်လို့လဲ ‥ အစ်ကို”

“လူအတော်များများအဖို့ကတော့ ပုံစံသေအသိထဲမှာပဲ ရေလိုက်ငါးလိုက်နေရတာ သက်သောင့်သက်သာရှိတယ် ‥ ညီမလေးရဲ့”

■





## (၂)

အဒေါ်အိမ်ရောက်တော့ ကျွန်တော်တို့ ငွေဆောင်သွားတုန်းက ဝယ်လာခဲ့တဲ့ ပုစွန်ခြောက်တွေ လက်ဆောင်ပေးရင်းနဲ့ ထွေရာလေးပါး စကားပြောဖြစ်ကြတယ်။ ပြောရင်းနဲ့ ထုံးစံအတိုင်း အဒေါ်က ကျွန်တော့်ကို အိမ်ထောင်ပြုဖို့ တိုက်တွန်းတဲ့ဆီကိုပဲ စကားတွေက ဦးလှည့်သွားလေရဲ့ …

ကျွန်တော်တို့က …

“အေးအေးနေပါရစေ အဒေါ်ရယ်၊ ကျွန်တော်လည်း အသက်လေးဆယ်ကျော်နေပါပြီ။ ဘာကိစ္စ အိမ်ထောင်ပြုရတော့မှာလဲ”

“မင့်မလည်းကွယ်။ လူဆိုတာ သားနဲ့မယားနဲ့ ရှိမှပေါ့။ မင်း အသက်ကြီးလာတဲ့အခါ ဘယ်သူက လာပြုစုမှာလဲ။ ကိုယ်ပိုက်ဆံမရှာနိုင်တော့တဲ့အရွယ်ကျရင် ကိုယ့်ကို လုပ်ကျွေးဖို့ သားထောက်သမီးခံ ရှိထားမှ ဖြစ်တော့မပေါ့”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြုံးလိုက်မိတယ်။ အသက်ကြီးလာတဲ့အခါ ကိုယ့်ကို လုပ်ကျွေးဖို့ သားသမီး ရှိထားမှ ဖြစ်မယ်ဆိုပဲ။

"အခေါ်ရည်ရွယ်ချက်က သားသမီးမွေးတာဟာ ရာသက်ပန် စာချုပ်နဲ့ အလုပ်သမားငှားတာ ဖြစ်နေပြီ"

လို့ စိတ်ထဲက ပြောလိုက်မိတယ်။

နှုတ်ကတော့ ထုတ်မပြောတော့ပါဘူး။ ပြောမိရင်လည်း စကားဆက်လို့ အပေါက်အလမ်းတည့်တော့မှာမှ မဟုတ်တာ။ ဘာဖြစ်လို့လဲ . . . သိလား။

အဲဒီအခေါ်ပဲ သူ့သားသမီးတွေကို တစ်ချိန်လုံး ပြောပြောနေတာ . . .

"ငါတို့မိဘဆိုတာက သားသမီးတွေဆီက ဘာမှ ရရကောင်းစေဆိုပြီး မမျှော်ကိုးဘူး။ နားလည်လား။ မိဘဆီက သားသမီးဆီကို 'စုန်ရေ' ပဲ ရှိတယ်။ သားသမီးဆီက တုံ့ပြန်လာမယ့် 'ဆန်ရေ' ဆိုတာ မရှိပေါင်တော်"

အဲဒီစကားတွေက ကျွန်တော့်နားထဲမှာ တစ်ချိန်လုံး လျှံကျနေတာ။ တစ်ဖက်မှာ 'သားသမီးဆီက ဘာမှ မမျှော်ကိုးဘူး၊ စုန်ရေပဲရှိတယ်' လို့လည်း ကြွေးကြော်သေးတယ်။ တစ်ဖက်မှာကျပြန်တော့လည်း 'အသက်ကြီးလာရင် လုပ်ကျွေးမယ့်သားထောက်သမီးခံရှိမှ . . တဲ့။

ကဲ . . ဘာတွေလဲဗျာ။

ကိုယ့်သားသမီးဆီက မျှော်လင့်ရင် မျှော်လင့်တယ်ပေါ့။ ဘာဖြစ်လဲ . . ပြောင်ပေါ့။ ရှက်စရာမလိုပါဘူး။





(စိတ်ထဲက မျှော်လင့်နေပြီး) ပါးစပ်ကတော့ 'သားသမီးဆီက မမျှော်လင့်ပါဘူး။ မိဘမေတ္တာဆိုတာ စုန်ရေပါ' တို့ . . ဘာတို့ဆိုတဲ့ ဝတ္တုလိုလို၊ ပြဇာတ်လိုလို စကားလုံးတွေနဲ့ ညည်းတွားနေတာဟာ အညံ့စားဇာတ်ဝင်ခန်းတစ်ခုနဲ့ တူမနေဘူးလား။

(တစ်သက်လုံး သားသမီးလုပ်စာကို စားရတယ်မရှိဘဲ ဈေးတောင်းခေါင်းရွက် ရှာကျွေးရတဲ့အပြင် ရုံးရောက်၊ ဂါတ်ရောက်နဲ့ ဒုက္ခခံရတဲ့ သားဆိုးအမေ တပေပေတွေကိုလည်း တွေ့ဖူးပါတယ်။ သူတို့ကတော့ ပြဇာတ်ဆန်ဆန်စကားလုံးတွေတောင် ရွတ်နေဖို့အချိန်မရှိပါဘူး။ ထောင်ဝင်စာတွေ့ဖို့ ပိုက်ဆံရှာရတာနဲ့တင် ဖတ်သီလိုက်နေတာပဲ။ အင်း . . အဲဒီလို သားဆိုး၊ သမီးဆိုးတွေအတွက်တော့ စုန်ရေတို့ ဘာတို့ဆိုတဲ့စကားလုံးတွေဟာ အစပ်တည့်ပါပေတယ်ဗျာ)

သားဆိုး သမီးဆိုးအကြောင်း ကျွန်တော် စဉ်းစားနေတဲ့ အချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို အခေါ့်သားအကြီးကောင်က သူ့ဆိုက်ကားကို နင်းပြီး ရောက်ချလာတယ်။

"ကိုကြီး ကားဖြတ်သွားတာတွေ့လိုက်တယ်လို့ ဈေးထိပ်ဂိတ်က ကောင်တွေ ပြောတာနဲ့ အမေ့အိမ်ရောက်နေမှာပဲလို့ တွက်ပြီး လိုက်ချလာတာ"

အကြီးကောင်က ဆိုက်ကားကို သရက်ပင်အောက်မှာထိုးပြီး အိမ်ထဲဝင်လာရာက ပခုံးပေါ်က တဘက်နဲ့ မျက်နှာပေါ်က ချွေးတွေကို သုတ်ရင်း ပြောလိုက်တယ်။ ပြီးတော့ သေးမှာ ဖွေ့ခနဲဝင်လိုက်ပြီး ဆိုင်းမဆင့် ဗုံမဆင့်နဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကို ပိုက်ဆံငါးထောင်လောက်တော့ ပေးခဲ့ဦး ကိုကြီးရာ။ အိမ်မှာ အငယ်မ နေမကောင်းလို့ ဆေးခန်းပြ ရဦးမှာ . ."

ဘေးမှာ ထိုင်နေတဲ့အခေါ်က သူ့သားကို မျက်စောင်းတစ်ချက် ထိုးပြီး လက်ထဲက ဆေးပေါ့လိပ်ကို ဆောင့်ကြီးအောင့်ကြီး ဖွာလိုက် ရာက . . .

"မင်းတို့ ခုတော့ မိဘမေတ္တာအကြောင်း သိကြပြီမဟုတ်လား ဟင်"

လို့ ရှေးခေတ် ဓာတ်ရှင်မင်းသမီးကြီးလေသံမျိုးနဲ့ မေးလိုက်တယ်။ အကြီးကောင်ကလည်း မျက်နှာကို တဘက်အစုတ်နဲ့ တွင်တွင်ကြီး ပွတ်နေရင်းက . . .

"သိပါပြီ အမေရယ်"

လို့ ခေါင်းငုံ့ပြီး ခပ်တိုးတိုး ရေရွတ်တယ်။

■





(၃)

ကျွန်တော်ကတော့ မယုံဘူးဗျ။ ဒီကောင့်မှာ သားသမီးတွေ ဘယ်လောက်ရှိရှိ 'မိဘမေတ္တာ' ကတော့ တစ်စက်မှ ရှိတယ်လို့ကို မထင်ဘူး။

ဒီကောင် ရည်းစားထားတော့ ဆယ်တန်းကို တစ်နှစ်ကျထားတဲ့အချိန်။ ကောင်မလေးကလည်း ရှစ်တန်းနဲ့ ကျောင်းထွက်ပြီး အရက်ချက်စက်ရုံမှာ အလုပ်လုပ်နေတာ။ သူတို့ ရည်းစားဖြစ်ပြီး တစ်နှစ်တောင်မပြည့်သေးခင် ကျွန်တော့်ဆီရောက်လာပြီး ပိုက်ဆံတောင်းတော့တာပဲ။

"ကိုကြီး . . . ကျွန်တော် မိန်းမခိုးပြေးတော့မယ်"

"မင်းကတော့ လုပ်ပြီကွာ။ မင်းက ဆယ်တန်းလည်း အောင်သေးတာမဟုတ်၊ အလုပ်အကိုင်လည်း မရှိနဲ့။ မိန်းမယူပြီး ဘာလုပ်စားမလဲ"



www.burmeseclassic.com

"ဟာ . . ကိုကြီးရာ။ အဲဒါတွေ ပြောမနေနဲ့တော့။ ခုဟာက ကောင်မလေးမှာ ကိုယ်ဝန်ရှိနေပြီဗျ။ ယူမှ ဖြစ်တော့မှာ . ."

ဩော် . . . ကိုယ်ဝန်ရှိနေသတဲ့။ စိတ်အလိုလိုက်ရာက . . . အဲဒီကိုယ်ဝန်ကြောင့် ဖြစ်ကတတ်ဆန်းဘဝတစ်ခုကို တည်ဆောက်ကြဦးတော့မယ်။

"ဗိုက်ထဲက အပြစ်မဲ့တဲ့ကလေးကိုတော့ ကျွန်တော်ဖျက်မချရက်ဘူးဗျာ၊ ကျွန်တော့်ရင်သွေးကို ကျွန်တော်ချစ်တယ်"

မေတ္တာတရားကြီးမားတာ ကောင်းပါတယ်။ ဒါပေမဲ့ မေတ္တာတရားထက် အရင်ဦးအောင် အမြော်အမြင်နဲ့ ဉာဏ်ပညာကြီးမားဖို့ ကောင်းတယ်ဆိုတာ ကျွန်တော်ပြောပြချင်မိပါရဲ့။

ဒါပေမဲ့ မရပါဘူးဗျာ။

သူတို့ အိမ်ထောင်ကျပြီး ခြောက်နှစ်အတွင်းမှာ ကလေးသုံးယောက်မွေးတယ်။ ကျွန်တော်က . .

"မင်းတို့လင်မယားကွာ . . .၊ လောက်လောက်ငငရှာကျွေးနိုင်တာလည်းမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ကလေးတွေတစ်ယောက်ပြီး တစ်ယောက်ယူနေရတာလဲ။ တားဆေးလေး ဘာလေးသုံးပါလား"

သားဆက်ခြားဖို့ ပညာပေးလည်း မရဘူး။ ဒီကောင်က . .

"မွေးတာက သမီးမိန်းကလေးတွေချည်းပဲ ဖြစ်နေလို့ ကိုကြီးရ။ သားယောက်ျားလေးလိုချင်တာနဲ့ ထပ်ထပ်ပြီး ကလေးယူဖြစ်သွားတာ။ ကျွန်တော်တို့လင်မယားနှစ်ယောက်စလုံးက သားရူးရူးနေကြတာလေ . . ဟဲ . . ဟဲ။ ယောက်ျားလေး





မွေးပြီးရင်တော့ သားကြောဖြတ်လိုက်တော့မယ်"

မနှစ်က စတုတ္ထမြောက်ကလေးကို မွေးတယ်။ ဒါလည်း မိန်းကလေးပဲ။ သူတို့လင်မယားကို ကြည့်ရတာတော့ နောက်ထပ်တလေးယူကြဦးမယ့်ပုံပဲ။ ကျွန်တော်ကတော့ ဘာမှ မပြောတော့ဖို့ ဆုံးဖြတ်လိုက်တယ်။

သူတို့နှစ်ယောက်ကို ဖူးစာဆုံစေခဲ့တဲ့ သမီးဦးကလေးတောင်လေးတန်းဆက်မတက်နိုင်တော့လို့ ကျောင်းထုတ်လိုက်ရပြီဆိုလားပဲ။

ခုထိတော့ သမီးအငယ်မလေး ဆေးခန်းပြဖို့ ပိုက်ဆံလာတောင်းတဲ့ အကြီးကောင်ဟာ သူ့သားသမီးတွေအပေါ် သူချစ်တဲ့ 'မိဘမေတ္တာ' ဆိုတဲ့ စကားလုံးကို ပါးစပ်ဖျားက မချသေးဘူး။

ကျွန်တော်တို့မောင်နှမ ပြန်ခါနီးတော့ အကြီးကောင်ကို ပိုက်ဆံတစ်သောင်းပေးပစ်ခဲ့တယ်။

■

www.burmeseclassic.com



ရန်ကုန်ကို အပြန်လမ်းမှာ ကျွန်တော့်ညီမက ကားကို ခပ်ကြမ်းကြမ်းမောင်းရင်း ...

''သူတို့လို လင်မယားတွေကို 'မိဘ'လို့တောင် မခေါ်သင့်ဘူး။ 'ကလေးမွေးတဲ့သူ'လို့ပဲ ခေါ်သင့်တယ်။ သက်သက်မဲ့ ကလေးတွေကို လူ့ဘဝထဲခေါ်ပြီး ဒုက္ခပေးနေတဲ့သူတွေ''

ဘယ်လိုစိတ်ပေါက်ကွဲမှုမျိုးနဲ့ ပြောလိုက်သလဲဆိုတာ ကျွန်တော် သိပ်မိတယ်။ ခေါင်းတစ်ချက်နှစ်ချက်ညိတ်ရင်း ကျွန်တော်ခပ်တိုးတိုး ရယ်လိုက်တယ်။ ညီမဖြစ်တဲ့သူက ...

''အစ်ကိုက ဘာလို့ ရယ်တာလဲ''

''ညီမလေးပြောသလို ခေါ်မယ်ဆိုရင် တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုသလို ဖြစ်နေမှာပေါ့ကွ။ အစ်ကိုနဲ့ ညီမလေး





နှစ်ယောက်တည်း ရွာပြင်ထွက်နေရလိမ့်မယ်။ ဘာဖြစ်လို့လဲ သိလား။ မြန်မာလူ့အဖွဲ့အစည်းထဲမှာ အဲဒီလို သိမ်မွေ့တဲ့ ပြဿနာတွေကို ရှင်းရခက်တယ်၊ သူတို့က ယေဘုယျသဘောကိုပဲ ဆုပ်ကိုင်ထားချင်တာ။ ကလေးကို မွေးလိုက်တာနဲ့ 'မိဘ' အရာ သွင်းတယ်။ ပြီးတာနဲ့ 'ဘုရား'နဲ့ တစ်ဂိုဏ်းတည်း ထားလိုက်ကြရော။ အဲဒီတော့ ဝေဖန်ဖို့ အရမ်းအန္တရာယ်များတယ်ကွ''

ကျွန်တော့်ညီမက ကားရှေ့လေကာမှန်ကို စူးစူးစိုက်စိုက် ကြည့်ရင်း ခေါင်းကို ခါယမ်းနေလေရဲ့။

ကျွန်တော်က ကိုးကွယ်ယုံကြည်မှုနဲ့ ပတ်သက်တဲ့ကိစ္စတွေမှာ မြန်မာလူ့အဖွဲ့အစည်းတချို့တလေရဲ့ အမြင်ကျဉ်းပုံကို ဆက်ပြီး ပြောပြနေမိသေးတယ်။ သက်နိုးခြုံထားတဲ့ ပုဂ္ဂိုလ်ရဲ့အမှားကို ထောက်ပြ ဝေဖန်မိတာနဲ့ပဲ ဗုဒ္ဓဘာသာပျက်စီးအောင် အပုပ်ချနေသလိုလို၊ ကိုယ့်ဘာသာ တခြားဘာသာဝင်ဘက်က အားပေးကူညီနေသလိုလို တုံ့ပြန် တိုက်ခိုက်ခံရတဲ့အကြောင်းတွေပေါ့။ ကျွန်တော်က ...

''ညီမလေးကတော့ မိဘဆိုတဲ့ အခန်းကဏ္ဍကို ခံယူမယ့် လူတစ်ယောက်ချင်းစီရဲ့ အမြော်အမြင်ရှိမှုနဲ့ တာဝန်ယူမှုကို ပြောချင်တာ .. အစ်ကို သိတယ်။ ဒါပေမဲ့ တချို့လူတွေက တော့ 'မိဘမေတ္တာ' တို့၊ 'မိဘကျေးဇူး' တို့၊ 'မိဘဆိုတာ ဘုရားနဲ့ တစ်ဂိုဏ်းတည်း' တို့ ဆိုတဲ့ ငြင်းရခက်တဲ့ စကားလုံး လုလုတွေ သုံးပြီး အစ်ကိုတို့ကို တိုက်ခိုက်လာလိမ့်မယ်။ အဲဒီအခါ .. ခက်ကုန်ကြလိမ့်မယ်ညီမလေး''



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို ... ညီမလေးတို့က တခြားလူတွေနဲ့ လိုက်လျော ညီထွေဖြစ်အောင် အမြဲတမ်း ဝေလေလေပဲ လုပ်နေကြရမှာလား''

အဲဒီမေးခွန်းကြောင့် ကျွန်တော် ရင်မောသွားတယ်။

လူ့အဖွဲ့အစည်းထဲမှာ အတွေးအခေါ်သူပုန်ထမယ့်သူတွေ ပေါ်မလာမချင်းတော့ အပေါင်းတွေ ပြောင်းလဲဖို့ဆိုတာ ခက်ပါတယ်။ ညီမလေးရဲ့ မေးခွန်းကို ကျွန်တော်တော်တော်နဲ့ ပြန်မဖြေနိုင်ဘူး။

မီးပွိုင့်မှာ မီးနီသွားတာကိုမြင်တော့ ညီမလေးက ကားကို ဖြည်းဖြည်းချင်း ရပ်လိုက်တယ်။ ပြီးတော့ အဖြေကို သိချင်ဇောနဲ့ ကျွန်တော့်ဘက် လှည့်ကြည့်တယ်။

ကျွန်တော်ကတော့ 'အဲဒီလို အတွေးအခေါ်တော်လှန်ရေးတွေ လုပ်ချင်နေတဲ့ ငါတို့ကပဲ မှားနေတာလား'' လို့တောင် သံသယဖြစ်မိတယ်။

လော်ကားဒယျာဉ်ထဲမှာပဲ ကြည့်လေ၊

မျောက်စာရောင်းတဲ့သူက ဘာရောင်းသလဲ၊ ငှက်ပျောသီးပဲ ရောင်းတယ်။ သူ့ပုံသေအတိုင်းပဲ တွေးတာကို။ မျောက်စာ ဝယ်ကျွေးမယ့်သူတွေကလည်း ဘာဝယ်ကျွေးသလဲ၊ ငှက်ပျောသီးပဲ ဝယ်ကျွေးတယ်။ သူကလည်း ရှေးရိုးအစဉ်အဆက်တိုင်းပဲ ယုံကြည်တယ်လေ။ ကြည့်စမ်း ..၊ သူတို့ချင်း အံဝင်ခွင်ကျဖြစ်နေလိုက်ကြတာ။

လွန်ခဲ့တဲ့ နှစ်ပေါင်းခြောက်ဆယ်လောက်တုန်းကလည်း ဒီအတိုင်းပဲ။ ကိုးကွယ်ယုံကြည်မှုကနေ ဖောက်ထွက်တွေးခေါ်ရင် အန္တရာယ်ကောင်လို့ နာမည်တပ်တယ်။ ပုဂ္ဂိုလ်ရေး ဆည်းကပ်မှုကို ဝေဖန်ရင် ရန်သူလို့ ထင်တယ်။ အတွေးတွေ ဘာမှ မပြောင်းလဲကြဘူး။





မျောက်နဲ့ ငှက်ပျောသီးရဲ့ တက္ကဗေဒဟာ ရေသေအိုင်တစ်ခုလို မစီးဆင်းဘဲ ငြိမ်သက်ရပ်တန့်နေတယ်။

■

ကျွန်တော် မီးပွိုင့်ကို လှမ်းကြည့်လိုက်တော့ မီးက နီနေတုန်းပဲ။

■

မင်းခိုက်စိုးစန်
ဖေဖော်ဝါရီ၊ ၁၂၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com





# အရိုး မောင်းတဲ့ ရထား

ထက်မြတ်နိုင်ဇင်

(၁)

ကျွန်တော်က နဖူးကနေစီးကျလာတဲ့ ချွေးတွေကို အင်္ကျီလက်နဲ့ ပင့်သုတ်လိုက်တယ်။ အပြင်မှာ ရာသီဥတုက ဘယ်လောက်ပူနေတယ် မသိဘူး။ စက်ရုံထဲမှာတော့ ချွေးကို ပြိုက်ပြိုက်ကျရောပဲ။

ဟော ... ကျွန်တော့်ရှေ့မှာ ရွှံ့စေးနဲ့လုပ်ထားတဲ့ ပုံစံခွက် 'မို' ထဲကို ပန်းရောင်ဖျော့ဖျော့သန်းနေတဲ့ ကော်ရည်တွေ စီးကျလာပြီ။

ပုံစံခွက်လည်း ပြည့်ရော ကျွန်တော်က Press ဆွဲရတဲ့ မောင်းတံကို ဖိချလိုက်တယ်။





www.burmeseclassic.com

www.burmeseclassic.com



ကဲ့ . . လာထား . ။

မောင်းတံပြန်ကြွပြီး ပုံစံခွက်ကို ဖွင့်လိုက်တော့ အထဲမှာ ပုံသွင်းပြီးသားဖြစ်နေတဲ့ ကော်ပတ်ရုပ်ကလေး . . ။

ကျွန်တော့်အလုပ်က ဒါပဲလေ။

တစ်ဖက်ကကော်ရည်တွေ စီးဝင်၊ ကျွန်တော်က မောင်းတံကိုဆွဲ ဒါဆို ပုံလောင်းထားတဲ့ ကလေးကစားစရာ ကော်ပတ်ရုပ်တစ်ခြမ်း ထွက်လာရော . ။

ဒီပုံစံအတိုင်း ပုံတူကော်ပတ်ရုပ်ကလေးတွေ ရာနဲ့ထောင်နဲ့ချီပြီး ထွက်လာအောင် မိုးလင်းကမိုးချုပ် မတ်တပ်ရပ်ပြီး မောင်းတံကိုချည်းပဲ ဖိဖိဆွဲနေလိုက်ရတာဗျာ။ ခြေသလုံး ကြွက်သားတွေလည်း တောင့်၊ လက်မောင်းလည်း လက်အံကို သေကရောပဲ။

ဒါပေမဲ့ . တစ်ချက်မှ မငြီးငွေ့ရဲပါဘူး။ ဒီခေတ်မှာ ကော်ပတ်ရုပ်တွေကလည်း သိပ်အဝယ်လိုက်တော့တာ မဟုတ်ဘူးလေ။ အော်ဒါရတုန်းလေး များများဆွဲထားနိုင်မှ ဖိုးဖိုးဖိုးဖိုးရတာ မဟုတ်လား။ ကျွန်တော်က ခဏနားရင်း ကျွန်တော့်လက်ရာကြောင့် ထွက်လာတဲ့ ပုံစံတူကော်ပတ်ရုပ် မျက်နှာလေးတွေကို ငေးကြည့်နေမိတယ်။

အဲဒီအချိန်မှာပဲ မန်နေဂျာရောက်လာပြီး . .

"အုန်းဝင်းရေ . . တစ်နေ့က အခြောက်ခံထားတဲ့ 'မို'တွေ မင်းဆီ ရောက်ပြီလားကွ"

"ဟုတ်ကဲ့ . . ရောက်နေပါပြီ ဆရာ။ ကျွန်တော် အခုပဲ Press စဆွဲ နေပါပြီ"





"အေး အေး . . အဲဒီအတိုင်း တစ်ပုံစံတည်း အရုပ်နှစ်ထောင် လောက် ပုံသွင်းရမှာနော်။ သုံးရက်အတွင်း မန္တလေးက ဝယ်လက် တွေဆီကို အရောက်ပို့ပေးရမှာ"

"ဟုတ်ကဲ့ပါ ဆရာ"

ကျွန်တော်က မန်နေဂျာ ဘာဆက်ပြောမလဲလို့ စောင့်နေလိုက်တယ်။ မန်နေဂျာက ကျွန်တော် ပုံသွင်းလောင်းလိုက်လို့ ထွက်လာတဲ့ အရုပ်လေးတွေကို ကိုင်ကြည့်ရင်း . . .

"သြော် . ဆေးခြယ်တဲ့ကောင်တွေကိုလည်း မှာထားဦး၊ နှုတ်ခမ်းနီ အရောင်၊ မျက်လုံးကာလာအရောင်ကအစ မလွဲဖို့ သေချာပြော ကြားလား"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော် သေသေချာချာကြီးကြပ်ပြီး လုပ်ပါ့ မယ်"

"အေး . ပြီးရော . ပြီးရော၊ ငါကတော့ ပြန်တော့မယ်။ ငါ့သားကို ကျောင်းကြိုစရာရှိလို့"

မန်နေဂျာက ပြောပြောဆိုဆို ထွက်သွားတယ်။ အချိန်ကို ကြည့် လိုက်တော့ နေ့လယ် ၂ နာရီ။ အင်း . ဒီတစ်ညနေနဲ့ နောက်နှစ်ရက် လုံးလုံး ဖိဖိစီးစီးလုပ်လိုက်မယ်ဆိုရင် အချိန်မီ ပြီးတန်ကောင်းပါရဲ့ . . ။

အဲဒါနဲ့ ကျွန်တော်လည်း ညနေ ၅ နာရီထိုး အလုပ်သိမ်းကြတော့ အိုဟာတိုင်မဆင်းဘဲ အိမ်ပြန်လာလိုက်တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်တော့ ထုံးစံအတိုင်း ညနေစာထမင်းက မချက်ရသေးဘူး။ မိန်းမဖြစ်သူလည်း ဈေးထဲက ပြန်မရောက်သေးဘူးတူပါရဲ့။ ကျွန်တော့်မိန်းမ မာမာလွင်က ရွှေပြည်သာ (၆) ရပ်ကွက်၊ နဝရတ်ဈေးထဲမှာ တောက်တိုမယ်ရ လျှောက်လုပ်တဲ့ အလုပ်သမပေါ့။

ဈေးသည်တွေရဲ့ ဈေးဗန်းတွေကို ကူသယ်ပေး၊ ငါးသည်တွေဆီမှာ ကူပြီး ငါးအကြေးထိုးပေး၊ ဟင်းရွက်ဗန်း ကူရွက်ပေး စသဖြင့် အဲဒီလို အလုပ်တွေ လုပ်ရတာပေါ့။

စာလည်းမတတ်ရှာတော့ အလုပ်ကြမ်းပဲ လုပ်ရတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် ကူဖော်လောင်ဖက်တော့ ဖြစ်တာပေါ့လေ။

ကျွန်တော်လည်း ဗိုက်ထဲဆာနေတာနဲ့ ရေတစ်ခွက်အပြည့်ခပ်ပြီး မော့သောက်ချလိုက်တယ်။ နေသာထိုင်သာ တော်တော်လေးရှိသွားတယ်။ ဒါနဲ့ ကျွန်တော်က အင်္ကျီအိတ်ကပ်ထဲမှာ ထည့်ထားတဲ့ 'ရွှေပတ်' တံဆိပ် ဆေးလိပ်ကို ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်တယ်။ ပြီးတော့ ဘာရယ်မဟုတ် ကျွန်တော် အိမ်ရှေ့ကို ငေးကြည့်နေလိုက်တယ်။

အဲဒီအချိန်မှာပဲ မိုးဖွားလေးတွေ ကျလာတယ်။ ဒါနဲ့ ကျွန်တော်က အိမ်ရှေ့ကြိုးတန်းမှာလှမ်းထားတဲ့ ကျွန်တော့်သားရဲ့ ကျောင်းစိမ်းအင်္ကျီနဲ့ ဘောင်းဘီလေးကို ကပျာကယာ ပြေးရုတ်လိုက်တယ်။





ကျွန်တော့်သားဆိုလို့ သားအကြောင်း ပြောပြရဦးမယ်။ ကျွန်တော့်သား ဖိုးထူးက ဒီနှစ် စတုတ္ထတန်းပေါ့ဗျာ။ ဒီကောင်က အတန်းထဲမှာ စာအတော်ကြီး မဟုတ်ပေမဲ့ သူများတွေလို ကျူရှင်တွေဘာတွေတောင် မယူဘဲ လပတ်စာမေးပွဲတိုင်း ဘာသာစုံအောင်တယ်ဗျ။ ဘာရယ်တော့ မဟုတ်ဘူးပေါ့ဗျာ။ ကျွန်တော်တို့လို လက်လုပ်လက်စား ဆင်းရဲသားရပ်ကွက်လေးမှာတော့ သားကြောင့် မျက်နှာပွင့်တယ်ပေါ့။ သားနဲ့ ရွယ်တူ တခြားကလေးတွေဆို ကျောင်းတောင် မှန်အောင်တက်ကြတာမှ မဟုတ်တာ။

"အင်း . . ခါတိုင်းဒီအချိန်ဆို သား ကျောင်းက ပြန်ရောက်နေကျပါ။ ဘာလို့ ဒီနေ့မှ နောက်ကျနေလဲ မသိဘူး"

ကျွန်တော်လည်း ဘာမှ ရှည်ရှည်ဝေးဝေး ဆက်မတွေးဖြစ်တော့ဘဲ သောက်လက်စဆေးလိပ်ကိုပဲ ပြန်ဖွာနေလိုက်တယ်။ အဲဒီအချိန်မှာပဲ ကျွန်တော့်သား ဖိုးထူးနဲ့ မာမာတို့ ပြန်ရောက်လာကြတယ်။ မာမာက လက်ထဲမှာ ဆန်ထည့်ထားတဲ့ ကြွပ်ကြွပ်အိတ်လေး ဆွဲလို့ . . ။

"တော် . . ပြန်ရောက်တာ ကြာပြီလား။ ကျွန်မ မြန်မြန်လေး ထမင်းချက်လိုက်မယ်"

ကျွန်တော့်မိန်းမက ပြောပြောဆိုဆိုနဲ့ ထမင်းချက်ဖို့ စပြီးပြင်ဆင်တယ်။ လက်ထဲကဆန်ထုပ်ကို ဒန်အိုးထဲ တစ်ခါတည်း လောင်းထည့်လိုက်တယ်။ ပြီးတာနဲ့ သူလုပ်စရာရှိတာ ဆက်လုပ်နေတယ်။ ကျွန်တော်က . .

"သားက ဘာလို့နောက်ကျနေတာလဲ။ ကျောင်းမှာ အချိန်ပိုရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သားက ဘာမှပြန်မပြောဘူး။ မာမာကပဲ . .

"တော့်သားက ဈေးထဲလိုက်လာတာ။ မနက်ဖြန် သူ့ကျောင်းက သူ့ကို မိဘအုပ်ထိန်းသူ ခေါ်ခဲ့ရမယ်လို့ ပြောတယ်တဲ့။ အဲဒါ ကျွန်မကို လိုက်ခဲ့ဖို့ ခေါ်နေတယ်"

"ဟင် . . ဟုတ်လား။ ဘာကိစ္စရှိလို့လဲ သား"

"သား . . သားလည်း မသိဘူး ဖေဖေ"

"ဟုတ်လား . . အေးလေ၊ ခေါ်တော့လည်း သွားရမှာပေါ့။ မာမာ နှင်လိုက် သွားရင်ရော မဖြစ်ဘူးလား။ ငါက မအားဘူးဟ၊ စက်ရုံမှာ အော်ဒါတွေကျနေတယ်"

"ဘယ်ဖြစ်မလဲ . . ကိုအုန်းဝင်းရဲ့။ ကျွန်မက စာဖြင့်တစ်လုံးမှ မတတ်တဲ့ဟာ။ ဘာဖြစ်လို့ ခေါ်လို့ခေါ်မှန်း မသိဘဲနဲ့၊ တော်ကြာ လက်မှတ်ထိုးရတာတို့၊ ဘာတို့ဆို ခက်မယ်"

ဟုတ်တော့လည်း ဟုတ်တယ်။ ကျွန်တော့်မိန်းမက စာတစ်လုံးမှ မတတ် ဘူး။ သူ့နာမည်တောင် သူမရေးတတ်ဘူး။ ကျွန်တော်လည်း တော်တော် စိတ်ညစ်သွားတယ်။ သုံးရက်အတွင်း ပြီးအောင်လုပ်ရမယ့် အရုပ်တွေလည်း ရှိသေးတယ်။

ကျောင်းကိုသွားရမယ်ဆိုရင်တော့ မနက်ဖြန် နေ့တစ်ဝက်ခွင့် ယူရမလား မသိဘူး။

ဟူး . . ဒုက္ခပါပဲ။ အလုပ်တွေတော့ ပုံသွားတော့မှာပဲ။

ကျွန်တော်က စိတ်ပျက်လက်ပျက် သက်ပြင်းတစ်ချက် မှုတ်ထုတ် လိုက်မိတယ်။





"မနက်ဖြန် ဘယ်နှနာရီ လာခဲ့ရမှာတဲ့လဲ သား"

"နေ့ခင်း ၁၁ နာရီလို့ပြောတယ် ဖေဖေ"

ဟင်း . . ထင်ထားတာထက်တောင် ပိုဆိုးသွားပြီ၊ သွားရမယ့်အချိန် ကလည်း စကောစကကြီး။ ဒီအတိုင်းဆို မနက်ဖြန် တစ်ရက်လုံးလုံး အလုပ်ဆင်းနိုင်တော့မှာ မဟုတ်ဘူးထင်ပါရဲ့။

အေးလေ . . ဘယ်တတ်နိုင်မှာလဲ။

■



www.burmeseclassic.com

www.burmeseclassic.com



(၂)

၁၁ နာရီဆိုပေမဲ့လည်း ဆရာမက အတန်းဝင်နေလို့ နေ့လယ်ထမင်းစားချိန်ရောက်မှ တွေ့ရတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ဆရာ၊ ဆရာမ နားနေခန်းမှာ သားရဲ့အတန်းပိုင်ဆရာမကို သွားတွေ့ရတယ်။

''ရှင်က ဖိုးထူးအဖေလား''

''ဟုတ်ပါတယ် ခင်ဗျာ''

''ခဏလေး ‥ ကျွန်မ ဖိုးထူးကို သွားခေါ်နိုင်းလိုက်ဦးမယ်''

ဆရာမက ပြောပြောဆိုဆိုနဲ့ ရုံးခန်းထဲရောက်နေတဲ့ တပည့်တစ်ယောက်ကို သွားခေါ်နိုင်းလိုက်တယ်။ မကြာခင်မှာပဲ ကျွန်တော့်သား ဖိုးထူး ရောက်လာတယ်။ သားက ခေါင်းကို အောက်ငုံ့ထားတယ်။

''ကဲ ‥ ဖိုးထူး၊ မင်းဘာလို့ ခဏခဏ ကျောင်းပြေးတာလဲ၊ အခု မင်းအဖေရှေ့မှာပြော''





''ဗျာ ‥ ဆရာမ ‥ ကျွန်တော့်သား ကျောင်းပြေးလို့ ဟုတ်လား။ ဟာ ‥‥ မဖြစ်နိုင်တာဗျာ။ ကျွန်တော့်သား ဒါမျိုး မလုပ်တတ်ပါဘူး''

ကျွန်တော်က ဆရာမစကား ကြားကြားချင်း မခံချင်စိတ်နဲ့ ပြန်ပြောလိုက်တယ်။ သားကတော့ ဘာမှမပြောဘဲ ခေါင်းကို အောက်ငုံ့ထားလျက်သားပဲ။

ဆရာမက ‥

''အမယ်လေး ‥ ကျွန်မကပဲ မဟုတ်တာပြောရဦးမလား။ ကိုယ့်သား ကိုယ်လည်း မေးကြည့်ပါဦး။ ဟောဒီမှာ သူ့ရဲ့ Attendance''

ဆရာမက ပြောပြောဆိုဆိုနဲ့ ကျောင်းခေါ်ချိန်စာရင်းကို ထုတ်ပြတယ်။ ကျွန်တော်လည်း ကပျာကယာ ယူကြည့်လိုက်တယ်။

ဟာ ‥ ဟုတ်သားပဲ၊ ဖိုးထူးကျောင်းပြေးထားတာ နည်းမှ မနည်းဘူး။

''ကဲ ‥ တွေ့ပြီမဟုတ်လား။ ပြီးတော့ သင်္ချာချိန်တွေတိုင်း သူတစ်ခါမှ အတန်းထဲမှာ မရှိဘူး''

''ကျွန်တော့်သား ကျောင်းပြေးတယ်ဆိုပေမဲ့ အိမ်ကတော့ မနက်တိုင်း ထွက်သွားတာပဲ ဆရာမရဲ့။ ဒါဆို ဒီကောင် ဘယ်တွေ လျှောက်သွား နေတာလဲ''

''အဲဒါတော့ ကျွန်မလည်း မသိဘူး။ ရှင်တို့သားအဖချင်းပဲ မေးကြလေ။ ကျွန်မတို့တာဝန်ကတော့ မိဘကို အသိပေးအကြောင်းကြားရုံသက်သက်ပဲ။ ရှင် စောစောကပြောသလို အိမ်ကတော့ ကျောင်းဆိုပြီး မနက်တိုင်း ထွက်တယ်။ ပြီးတော့ ကျောင်းရောက်မလာဘူး။



www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲ ဖြေလို့ ရှုံးရင် ကျွန်မတို့ တာဝန်ဖြစ်ဦးမယ်။ အဲဒါကြောင့် မိဘ အုပ်ထိန်းသူကို ခေါ်လိုက်ရတာပါပဲ''

ရုံးခန်းထဲမှာဆိုတော့ တခြားဆရာ၊ ဆရာမတွေလည်း ရှိနေတယ်။ အဲဒါကြောင့် ကျွန်တော်လည်း နည်းနည်းရှက်သွားတယ်။ ဒါနဲ့ ..

''ဖိုးထူး .. မင်းကျောင်းပြေးတယ်ဆို ဟုတ်လား''

ကျွန်တော့်သားက ဘာမှမပြောဘဲ ခေါင်းကို ငုံ့ထားတယ်။

''ဟေ့ကောင် ပြောလေ .. မင်းဘာလို့ ကျောင်းပြေးတာလဲလို့ ငါမေးနေတယ်လေ''

သားက ဘာမှပြန်မပြောဘဲ ထုံပေပေနဲ့ ကျွန်တော့်ကို မော့ကြည့်နေတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်တိုလာပြီးတော့ .

''ဟာ .. ဒီကောင် .. ငါ့ကို ဒေါသထွက်အောင် လုပ်ပြန်ပြီ။ ပြော စမ်း .. မင်း ကျောင်းမတက်ဘဲ ဘယ်တွေ လျှောက်သွားနေတာလဲ''

ကျွန်တော်က ပြောပြောဆိုဆိုနဲ့ သားရဲ့အင်္ကျီရင်ဘတ်ကို ဆွဲကိုင်ဆောင့်ပြီး မေးလိုက်တယ်။ ရိရော်ရော်ဖြစ်နေတဲ့ သားအင်္ကျီရင်ဘတ် အိတ်ကပ်က ပြုပြီး ဖတ်လတ်ကျသွားတယ်။ ဒါပေမဲ့ သားက ဘာမှ ပြန်မပြောဘူး။ အဲဒါကြောင့် ကျွန်တော်က စိတ်တိုလာပြီး .

''ကဲကွာ .. ကဲကွာ .. မေးနေတာကို မပြောဦးကွာ။ ကဲကွာ .. ကျောင်းပြေးဦးကွာ ..''

ကျွန်တော်က သားရဲ့တင်ပါးကို လက်နဲ့ လေးငါးချက် ဆင့်ရိုက်လိုက်တယ်။

''အား .. နာတယ်အဖေ၊ နာတယ် .. အီး . ဟီး . ဟီး''

သားက နာလွန်းလို့ထင်တယ်။ အော်ငိုသံကို ကျွန်တော် ကြားလိုက်





ရတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ ဒေါသက မပြေဘူး။ စဉ်းစားကြည့်ပါဦးဗျာ၊ ကျွန်တော်က မရှိတဲ့ကြားထဲ ခြစ်ကုတ်ပြီး ကျောင်းထားပေးတာ။ ဒီကြားထဲ သားက မလိမ္မာဘဲ ကျောင်းပြေးလို့ မိဘအခေါ်ခံရတယ်ဆိုတော့ ကျွန်တော် တော်တော်စိတ်ဆိုးသွားမိတယ်။

ဒီနေ့ဆို အလုပ်ကလည်း တစ်ရက်ပျက်တော့ လုပ်ခမရတဲ့အပြင် အလုပ်ပါ အကြွေးတင်သွားပြီ။

စိတ်ဆိုးဆိုးနဲ့ ရိုက်လိုက်တာ ဘယ်နှချက်မှန်း မသိဘူး။ ဆရာမ အသံကြားတော့မှ ကျွန်တော် ရိုက်နေတာကို ရပ်လိုက်မိတယ်။

''ကဲ .. တော်ပါတော့ရှင်။ ကလေးကိုချည်းပဲ ရှင်တို့က စွတ်ရိုက်မနေပါနဲ့ဦး။ ရှင်တို့မိဘတွေကလည်း ကိုယ့်ကလေးကိုကိုယ် နည်းနည်း ဂရုစိုက်ဦးမှပေါ့။ ပိုက်ဆံရှာပေးရုံနဲ့ မပြီးဘူး။ ကလေးမွေးထားရင် တာဝန်တွေက အများကြီး''

နောက်ဆုံး ကျွန်တော်က ဖိုးထူး နောက်တစ်ခါ ဘယ်တော့မှ ကျောင်းမပြေးဖို့ တာဝန်ယူပါတယ်ဆိုပြီး ဝန်ခံကတိ လက်မှတ်ထိုးပေးလိုက်ရတယ်။

ကျွန်တော်လည်း စိတ်ညစ်ညစ်နဲ့ အိမ်ပြန်လာခဲ့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## (၃)

ညမိုးချုပ်တော့ ကျွန်တော့်မိန်းမက ထုံးစံအတိုင်း ၈ နာရီ မထိုးခင်ကတည်းက တခေါခေါတခွီးခွီးနဲ့ အိပ်မောကျနေပြီ။ မီးကလည်း ပျက်နေသေးတာကိုး။ ကျွန်တော့်သား ဖိုးထူးကတော့ ဖယောင်းတိုင် မှိန်မှိန်လေးအောက်မှာ ထိုင်ပြီး စာကျက်နေတယ်။

ကျွန်တော်က မနက်စောစော အလုပ်သွားရမှာဆိုပေမဲ့ ဆရာမပြောတဲ့ ''ကိုယ့်ကလေးကိုယ် ဂရုစိုက်ဦးမှပေါ့'' ဆိုတဲ့စကားကို ပြန်ကြားယောင်ပြီးသား စာကျက်နေတာကို စောင့်ကြည့်ပေးနေမိတယ်။

ဒါပေမဲ့ ဘယ်လိုပဲ တောင့်ထား တောင့်ထား အကျင့်ပါနေတဲ့မျက်လုံးက ၉ နာရီလောက်ဆို အလိုလိုပိတ်ကျသွားတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်သားဆီက သချာၤအလီကျက်သံကို ကြားလိုက်ရတယ်။





၁၃ × ၁၂ လီ ... ၁၅၆

၁၃ × ၁၁ လီ... ၁၄၃

၁၃ × ၁၀ လီ... ၁၃၀

၁၃ × ၉ လီ ... ၁၁၇

သားက ဆယ့်သုံးအလီကို ရိုးရိုး အတည့်အတိုင်းမကျက်ဘဲ ပြောင်းပြန်ကျက်နေတယ်။ ကျွန်တော်လည်း အံ့သြပြီး မျက်လုံးတောင် ကျယ်သွားတယ်။ ဒါနဲ့ ကျွန်တော်က..

''သား..ဖိုးထူး၊ မင်းဘာလို့ အလီကို ပြောင်းပြန်ကျက်နေရတာလဲကွ''

''ဆရာမ ကျက်ခိုင်းလို့ပါ ဖေဖေ''

''ဟာ..မင်းကလည်း ဟုတ်လို့လား။ ဘယ်သူက အလီကို ပြောင်းပြန် ကျက်ခိုင်းမှာလဲကွ''

''ဟုတ်တယ် ဖေဖေရဲ့။ ပြောင်းပြန်ဆိုခိုင်းမှာ။ မရရင် ဆရာမက ဖင်လှန် ရိုက်မယ်လို့ မှာလိုက်တယ်။ ဟိုအရင်တုန်းက သား.. သား ကျောင်းပြေးတယ်ဆိုတာလည်းလေ.. သားက အဲဒီအလီတွေကို ပြောင်းပြန်မဆိုတတ်လို့ ဖေဖေရဲ့''

ကျွန်တော် တော်တော်အံ့သြသွားတယ်။ ကျွန်တော်လည်း ၁၀ တန်းအထိ ပညာသင်ခဲ့ဖူးတာပါပဲ။ တစ်ခါမှ အလီကို ပြောင်းပြန်ဆိုရတယ်လို့ မကြားဖူးပါဘူး။ အလီပဲဟာ၊ တကယ်ဆို ကျက်စရာတောင် မလိုဘူး။ ဆယ်သုံးသုံးလီဆို ဆယ့်သုံးကိုတည်ပြီး သုံးနဲ့မြှောက်ကြည့်ရင် အဖြေရတာပဲ။ အဲဒီလို မသင်ပေးဘူးလား။ မြန်မြန် ဒက်ခနဲ အဖြေပေးချင်လို့ဆိုရင်လည်း အလီကို အတည့်အတိုင်း ဆယ့်သုံးအလီကနေ

www.burmeseclassic.com



ဆယ့်သုံးဆယ့်နှစ်လီအထိ ကျက်နိုင်းရင်ပဲ လုံလောက်နေပြီ မဟုတ်ဘူးလား။

ဘယ့်နှယ့်ကြောင့် ပြောင်းပြန် ပြန်ကျက်နိုင်းနေရတာလဲ။ မရရင်လည်း အရက်ကွဲအောင် ဖင်လှန်ရိုက်သေးတယ်တဲ့။

ကျွန်တော်ကြုံရင် အဲဒီဆရာမကို ပြန်မေးကြည့်ချင်ပါတယ်။ ခင်ဗျားရော ဆယ့်သုံးအလီ ပြောင်းပြန်ရသလားလို့။ ဒီနေ့ခေတ်ပညာရေးစနစ်ရဲ့ သင်ကြားမှုတွေကို ကျွန်တော် တော်တော်လန့်သွားမိတယ်။

ကျွန်တော်လည်း ခပ်ချဉ်ချဉ် အတွေးများနဲ့ သားစာကျက်တာကို စောင့်ရင်း အိပ်ငိုက်လာတယ်။ ဖိုးထူးရဲ့ အလီကျက်သံက ကျွန်တော့်နားထဲ တိုးသွားလိုက်၊ ကျယ်သွားလိုက်နဲ့ နောက်ဆုံး ကျွန်တော် လုံးဝအိပ်ပျော်သွားတယ်။

■





ကျွန်တော် ပြန်နိုးလာတဲ့အချိန်မှာ ကျွန်တော့်ခေါင်းတစ်ခုလုံး ကိုက်ခဲနေတယ်။ ပြီးတော့ ကျွန်တော်သတိထားလိုက်မိတာက ကျွန်တော်အိပ်နေတဲ့နေရာဟာ ကျွန်တော့်အိမ် မဟုတ်ဘူးဆိုတာပဲ။

တဂျုန်းဂျုန်း တဂျက်ဂျက်နဲ့ ဥသြသံ တဘော်ဘော်ကို ကြားနေရတယ်။ ပြီးတော့ ကျွန်တော့်ခန္ဓာကိုယ်ကလည်း ဟိုဒီ ယိမ်းထိုးနေတယ်။

ကျွန်တော် အလန့်တကြား မျက်လုံး ဖွင့်ကြည့်လိုက်တော့ ကျွန်တော်ဟာ မီးရထားတစ်စီးထဲရောက်နေပြီဆိုတာ သိလိုက်တယ်။ ဒါနဲ့ ကျွန်တော်က ပြတင်းပေါက်ကတစ်ဆင့် အပြင်ဘက်ကို ကြည့်လိုက်တယ်။ ဒါပေမဲ့ ဘာမှမမြင်ရဘူး။ မှောင်မည်းနေတာပဲ။

ကျွန်တော် အံ့သြသွားတယ်။ တစ်ပြိုင်နက်တည်းပဲ ကျွန်တော့်အတွေးထဲ ကြောက်စိတ်တွေ ဝင်လာတယ်။ ကျွန်တော့်ရဲ့ ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက်တော့လည်း ဘယ်သူ့ကိုမှ မတွေ့ရဘူး။ ရထားတွဲထဲမှာ ကျွန်တော်တစ်ယောက်တည်း။ ဒါနဲ့ ကျွန်တော်လည်း စိတ်တင်းပြီး ဘူရှိလိုရှိငြား ရထားတွဲတစ်တွဲကနေ တစ်တွဲကို ကူးသွား ကြည့်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကျွန်တော့်မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားတယ်။ ရထားတွဲတစ်တွဲရဲ့ သံဇကာ ကာထားတဲ့နောက်မှာ ကျွန်တော် ပုံသွင်းနေကျ ကော်ပတ်ရုပ်မျက်နှာဆင်တူနဲ့ လူတွေအများကြီးကို တွေ့လိုက်ရတယ်။

''ဟား''

ကျွန်တော် အံ့သြသွားတယ်။ ပြီးတော့ သူတို့ခန္ဓာကိုယ်ပေါ်မှာလည်း အဝတ်တွေကို လည်ပင်းကနေ ခြေထောက်ထိ တင်းကျပ်နေအောင် ဝတ်ထားကြတယ်။ ကျွန်တော် မှင်သက်သွားပြီး နေရာမှာတင် ကြက်သေသေနေမိတယ်။ သတိဝင်လာတာနဲ့ ချက်ချင်းပဲ ကျွန်တော် ထိုတွဲနားကို တိုးကပ်သွားကြည့်လိုက်တယ်။ အဲဒီတော့မှ ..

''ဟင်.. ဒါ.. ဒါ ကလေးတွေပဲ''

ကျွန်တော် လန့်သွားတယ်။ ပြီးတော့ ကြောင်ပြီး ငေးကြည့်နေမိတယ်။ ကလေးတွေရဲ့ ခြေထောက်တွေကို သံကြိုးတွေနဲ့ အတူတူပူးပြီး ချည်ထားတယ်။ ပြီးတော့ အဲဒီ သံဇကာအလုံပိတ် ရထားတွဲမှာ တွဲစောင့်နှစ်ယောက်က ကလေးတွေကို လက်ပိုက်၊ လက်မြှောက် အကြိမ်ကြိမ် လုပ်ခိုင်းနေတယ်။ ပြီးတော့ သူတို့က ရထားတွဲနံရံကို ကြိမ်လုံးနဲ့ တဖြန်းဖြန်းရိုက်ပြီး ကလေးတွေကို အမိန့်ပေးတယ်။

''အားလုံး လက်တစ်ဖက်တည်း မြှောက်ထားကြ''

အဲဒီလိုအမိန့်ပေးလိုက်တာနဲ့ ကလေးတွေအားလုံးက တစ်ညီတစ်ညာပဲ လက်တစ်ဖက်တည်း မြှောက်ထားလိုက်ကြတယ်။ နောက်ပြီး သူတို့က..

''ခြေထောက်တစ်ဖက်မြှောက်ပြီး မတ်တပ်ရပ်နေကြ''





ဒါနဲ့ ကလေးတွေက ခြေထောက် တစ်ဖက်မြှောက်ပြီး မတ်တပ်ရပ်လိုက်ကြပြန်တယ်။

''အချင်းချင်း တစ်ယောက်ပါးကို တစ်ယောက် အပြန်အလှန်ရိုက်ကြ။ ရပ်တော့လို့ မပြောမချင်း လုံးဝ မရပ်ရဘူး''

ကလေးတွေက အချင်းချင်း ရိုက်ကြတယ်။ ရပ်တော့လို့ မပြောချင်း ပါးတွေ နီရဲတွတ်လာတဲ့အထိ မနားတမ်း အားရပါးရ လွှဲရိုက်နေကြတယ်။

သူတို့က ရပ်တော့လို့ပြောလိုက်တာနဲ့ မီးခလုတ်ပိတ်လိုက်သလို အားလုံး ငြိမ်သွားတယ်။

ပြီးတာနဲ့ တူတွေကို ယူခိုင်းပြီး နီးရာလူရဲ့ ခေါင်းကို တူနဲ့ထုဖို့ အမိန့်ပေးပြန်တယ်။

''ကဲ.. တစ်ယောက်နဲ့ တစ်ယောက် ပြိုင်ပြီး ခေါင်းတွေကို တူနဲ့ထုကြ။ အဆင့်တစ်ရတဲ့သူကို ဆုပေးမယ်''

ကလေးတွေက အချင်းချင်း ကိုယ်မခံရဖို့ မရှုံးဖို့နဲ့ အဆင့်တစ်ရဖို့အတွက် ကိုယ့်ပြိုင်ဘက်ရဲ့ခေါင်းကို မညှာမတာပဲ တူနဲ့ထုကြတယ်။

အထုခံရတဲ့ ကလေးတွေရဲ့ခေါင်းကနေ သွေးတွေဟာ ဖြာခနဲ ဖြာခနဲ ထွက်လာတယ်။ ကျွန်တော် အဲဒီမြင်ကွင်းကို ကြည့်ပြီး အသက်ရှူ ခဏရပ်သွားတယ်။

''ဟာ.. ဟာ.. နေကြပါဦးဗျာ။ ခင်ဗျားတို့က ဘာလို့ ကလေးတွေကို ဒီလောက်နှိပ်စက်နေကြတာလဲ။ ခင်ဗျားတို့ လူတွေ ဟုတ်သေးရဲ့လား။ တော်ပါတော့.. တောင်းပန်ပါတယ်''

ကျွန်တော်က ဘယ်လောက်ပဲ အသံကုန်ဟစ်ပြီး အော်နေအော်နေ



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေက အာဏာပါးကွပ်သားတွေလို သူတို့လုပ်စရာရှိတာကို ဆက်လုပ်နေကြတယ်။

ကျွန်တော်အော်လွန်းမက အော်တော့မှ သူတို့နှစ်ယောက်ထဲက တစ်ယောက်က..

''ဟာ .. ခင်ဗျားက ဘာသိလို့ စွတ်အော်နေတာလဲ။ ဒါ ကျောင်းသားတွေဗျ။ ကျောင်းသားတွေကို စည်းကမ်းရှိအောင် လေ့ကျင့်ပေးနေတာလေ။ ခင်ဗျား မမြင်ဘူးလား''

''ဘာဗျ၊ စည်းကမ်းရှိအောင် လေ့ကျင့်ပေးနေတာ ဟုတ်လား။ ဒါဆို ကလေးတွေအချင်းချင်း ဘာလို့ သွေးထွက်သံယိုဖြစ်အောင် တုတ်တွေနဲ့ ထုနိုင်းနေကြတာလဲ''

''ခင်ဗျားက ဘာမှမသိဘဲနဲ့ ဝင်ပြောနေတာကိုး။ ဘယ်နေရာမှာမဆို ပြိုင်ဆိုင်မှုရှိမှ တိုးတက်မှာ။ ဒါက ပြိုင်ဆိုင်ချင် စိတ်ရှိအောင် မျိုးထောင် ပေးနေတာ''

''သွားပြီ . သွားပြီ၊ ခင်ဗျားတို့က လူသတ်သမားတွေ၊ အာဏာပါးကွပ်သားတွေ ခင်ဗျားတို့ကို သက်ဆိုင်ရာနဲ့ တိုင်မယ်''

''တိုင်ချင်လည်း တိုင်ဗျာ။ ကျုပ်တို့လည်း အထက်က အမိန့်ပေးလို့ လုပ်ရတာ။ ခင်ဗျားသိပ်ပြီးပြောချင်ရင် ရထားခေါင်းတွဲထဲမှာ ကျောင်းအုပ်ဆရာကြီး ရှိတယ်။ သူ့ကို သွားပြော''

ကျွန်တော်လည်း သူ့စကား ကြားကြားချင်း ရထားခေါင်းတွဲဆီကို ကပျာကယာ ပြေးသွားလိုက်တယ်။ ခေါင်းတွဲထဲရောက်တော့ ဥပဓိရုပ် သန့်သန့်နဲ့ လူကြီးတစ်ယောက် ထိုင်နေတာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျွန်တော်က .



''ဒီမှာ . ကျောင်းအုပ်ဆရာကြီးဆိုတာ ခင်ဗျားလား''

''ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့လဲ''

''ခင်ဗျားတို့ ကလေးတွေကို ဘာတွေလုပ်နေကြတာလဲ၊ ဟိုမှာ ကလေးတွေ သေကုန်ကြတော့မယ်ဗျ''

''သြော် .. ခင်ဗျားက ကျောင်းသားတွေကို လေ့ကျင့်ပေးနေတာကို တွေ့လာခဲ့တာကိုး။ ဟုတ်တယ်ဗျ၊ ကျုပ်လည်း သူတို့လုပ်နေတာ တွေကို နည်းနည်းမှ ဘဝင်မကျပါဘူးဗျာ။ ကျုပ်တို့ခေတ်ရဲ့ ပညာရေးစနစ်ကြီးက ပျက်စီးလုနီးနီး ဖြစ်နေပြီ။ တကယ်ဆို ပညာရေးဆိုတာ အနာဂတ်ကို ရှေးရှုတဲ့ ပညာရေးပဲ ဖြစ်သင့်တယ်။ ဘာအကြောင်းနဲ့မှ နုနယ်တဲ့ ကလေးတွေရဲ့ နှလုံးသားထဲကို လူကြီး တွေရဲ့ အတိတ်က အမုန်းတရားတွေ မသွတ်သွင်းသင့်ဘူးဗျ''

'ဟင် .. ငါပြောတာနဲ့လည်း ဘာမှ မဆိုင်ပါလား'။ ကျွန်တော်က အဲဒီလို တွေးမိလိုက်ပေမဲ့ သူ့စကားတွေဟာ အဓိပ္ပာယ်ရှိလွန်းတော့ 'ဒီလူဟာ အသိဉာဏ်ရှိတဲ့လူပဲ'လို့ ထင်ပြီး ရင်ထဲက စိုးရိမ်သောက အကြောက်တရားတွေ နည်းနည်းပေါ့ပါးသွားတယ်။

''ဟုတ်တယ် .. ဟုတ်တယ်၊ ဆရာကြီးပြောတာတွေက နည်းလမ်း ကျပါတယ်။ ဒါပေမဲ့ အခုတော့ ကလေးတွေ အချင်းချင်းတုတ်နဲ့ ထုနိုင်းနေတာကို ဆရာကြီး သွားတားပေးပါဦးဗျာ''

''ဟင်း .. ခက်တယ် .. သိပ်ခက်တယ်ဗျာ။ ကျုပ်တို့ လက်ရှိပညာ ရေးကိုက အကြောက်တရားကို သင်ပေးတယ်။ အသိဉာဏ်ပညာ သာရှိရင် လူဟာ သူ့ဘာသာသူ စည်းကမ်းရှိလာလိမ့်မယ်။ ဒါကြောင့် စည်းကမ်းရှိဖို့ကို တမင်သက်သက် သင်ပေးနေစရာ မလိုပါဘူးဗျာ''

www.burmeseclassic.com



''ဆရာကြီးပြောတာ သိပ်မှန်တာပဲဗျာ။ အဲဒါ ဟိုလူတွေ မသိကြဘူး ဆရာကြီးရဲ့။ သူတို့တွေက ကလေးတွေကို စည်းကမ်းရှိအောင်၊ တော်အောင် လေ့ကျင့်ပျိုးထောင်ပေးနေတာ မဟုတ်ဘူး။ တမင်သက်သက် ညှဉ်းပန်းနှိပ်စက်နေကြတာ။ ကလေးတွေ အချင်းချင်း ပြိုင်ဆိုင်နိုင်းပြီး ရန်တိုက်ပေးနေကြတာ ဆရာကြီးရဲ့''

''ဟုတ်တာပေါ့ဗျာ။ ငယ်ငယ်ကတည်းက ပြိုင်ဆိုင်မှုတွေနဲ့ပဲ အမြဲကျင့်သားရလာခဲ့တဲ့ ကလေးတစ်ယောက်ဟာ နောင်တစ်ချိန် ဘာဖြစ်သွားမယ် ထင်လဲ''

ကျွန်တော်လည်း ကျောင်းအုပ်ဆရာကြီးရဲ့ စကားတွေဟာ ကျိုးကြောင်း ဆီလျော်လွန်းတာကြောင့် ငြိမ်သက်ပြီး နားထောင်နေမိတယ်။ ဒီလိုလူမျိုးရဲ့ အုပ်ချုပ်မှုအောက်မှာရှိနေတဲ့ ကလေးတွေရဲ့ အနာဂတ်ကိုလည်း ကျွန်တော် နည်းနည်းစိတ်ချသွားတယ်။

ဆရာကြီးဟာ သူ့စကားစကိုဖြတ်ပြီး မျက်မှောင်ကုတ်လို့ အလေးအနက် တွေးတောနေတယ်။ ပြီးတော့မှ တစ်လုံးချင်း လေးလေးနက်နက် ပြောတယ်။

''ပြိုင်ဆိုင်မှုတွေနဲ့ပဲ အမြဲကျင့်သားရနေတဲ့ ကလေးမျိုးဟာ နောင်တစ်ချိန် အသက်ကြီးလို့ တိုင်းပြည်ခေါင်းဆောင် ဖြစ်ခဲ့မယ်ဆိုရင်တောင် အဲဒီကလေးဟာ ကိုယ်အသာစီးရဖို့နဲ့ ကိုယ်အနိုင်ရဖို့ဆိုရင် ဘယ်သူ့ကိုမဆို ချနင်းဖို့ ဝန်မလေးတဲ့ တစ်ကိုယ်ကောင်းသမားတွေပဲ ဖြစ်လာတော့မှာပေါ့။ အဲ . . ကျုပ်ကတော့ အဲဒီလို မြင်တာပဲလေ''





''ဟုတ်လိုက်တာဗျာ။ ဆရာကြီးဟာ တကယ့်ကို အသိဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ ဆရာသမားကောင်းတစ်ယောက်ပါပဲ။ ဆရာကြီးရယ် . . ဟို အာဏာပါးကွပ်သားတွေ လုပ်နေကြတာကို ဆရာကြီးမြင်ရင် ဒေါသထွက်မှာ ကျိန်းသေတယ်။ သွားကြည့်ပြီး တားပေးပါဗျာ။ အမြန်သွားတားပေးပါ။ ဟိုမှာ ကလေးတွေ သေကုန်ကြလိမ့်မယ်''

ကျောင်းအုပ်ဆရာကြီးက ခေါင်းကို တဆတ်ဆတ်ညိမ့်ပြတယ်။ အဲဒီအချိန်မှာပဲ သူ့အိတ်ထဲက လက်ကိုင်ဖုန်း မြည်လာတယ်။

''တီ. . တီ. . တီ. .''

''ဟယ်လို . . ဩော် . . အေး ပြော ပြော။ ငါပြောပြီးသားပဲလေကွာ။ ငါအဲဒီ ဓာတ်ကား မရိုက်နိုင်ပါဘူးလို့။ တခြား မင်းသားပဲ ငှားလိုက်ပါကွာ။ ငါ ကျန်းမာရေး မကောင်းလို့ပါ။ ဩော် . . ဘာလဲ . . အေး . . ငါအခု ရထားစီးပြီး အမေရိကားကို သွားနေတာကွ။ Sorry ပါကွာ။ ဩော် . . ဖြစ်ပါတယ်၊ ငါ့နေရာ 'နေတိုး' ဆိုရင်လည်း မဆိုးပါဘူး။ အဆင်ပြေမှာပါ။ အေးပေါ့ကွာ . . ငါ့လောက်တော့ လူကြိုက်ဘယ်များမလဲ။ အေး . . အေး ဒါပဲနော်''

ကျွန်တော် ကြောင်သွားတယ်။ အဲဒီအချိန်မှာပဲ သူက နောက်ထပ်ဖုန်းထပ် ပြောပြန်တယ်။

''ဟယ်လို . . ဟုတ်ကဲ့၊ မင်းသား စကားပြောနေပါတယ်။ ဟုတ်ကဲ့ . . ဟုတ်ကဲ့၊ ကျွန်တော့်ကို အခုလိုအားပေးလို့ ကျေးဇူးပဲဗျာ။ ကျွန်တော် ပရိသတ်ကြီးအတွက် အမြဲပေးဆပ်သွားပါ့မယ်''

''ဟာ''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့ဩပြီး နောက်ကို ခြေလှမ်းတစ်လှမ်း ဆုတ်လိုက်မိတယ်။

လတ်စသတ်တော့ ဒီလူက အရူးကြီးပဲ။

ကျွန်တော် ကြောက်အားလန့်အားနဲ့ . .

''ကယ်ကြပါဦး . . ဒုက္ခပါပဲ၊ အရူးတွေ၊ အရူးတွေ။ ဒင်းတို့က ကလေးတွေကို သတ်ပစ်ကြတော့မယ်''

ကျွန်တော်က အသံကုန်အော်ဟစ်ပြီး ကလေးတွေရှိရာကို ပြန်ပြေးလာတယ်။

ကျွန်တော်ရောက်သွားတော့ ကလေးတွေဟာ သွေးချင်းချင်းရဲနေတဲ့ မျက်နှာသေတွေနဲ့ စက်ရုပ်တွေလို ငြိမ်သက်နေကြတယ်။

ကျွန်တော်လည်း ကလေးတွေကို သနားလွန်းလို့ ကာထားတဲ့ သံဇကာတွေကို သွေးရူးသွေးတန်းနဲ့ ဆွဲဖြုတ်ပစ်နေမိတယ်။

''ကဲဟာ . . ကဲဟာ . . သွားကြ၊ ထွက်ပြေးကြ။ ဒီအရူးတွေလက်က လွတ်အောင် ထွက်ပြေးကြ''

ကျွန်တော့်လက်တွေ ပေါက်ပြဲပြီး သွေးတွေစိုရွှဲလာတဲ့အထိ ဆွဲဖြုတ်နေမိတယ်။ အဲဒီအချိန်မှာပဲ ကျွန်တော်နဲ့ မျက်နှာချင်း ဒုတိယအတန်း အလယ်မှာ အင်္ကျီအိတ်ကပ်လေး ဖတ်လတ်ကျနေတဲ့ ကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။

''ဟင် . . ဒါ . . ဒါ ငါ့သား ဖိုးထူးပဲ''

ကျွန်တော်အသံကုန်ဟစ်ပြီး အော်ခေါ်ဖို့ ပြင်လိုက်တယ်။ ဒါပေမဲ့ ကျွန်တော့်အသံဟာ လည်ချောင်းထဲမှာ တစ်ဆို့ပြီး အပြင်ထွက်မလာဘူး။ ကျွန်တော် သတိလစ် လဲကျမလို ဖြစ်သွားတယ်။





အဲဒီအချိန်မှာ ကျွန်တော်နောက်ဆုံး ကြားလိုက်ရတာက ကလေးတွေ အားလုံးဟာ သချ်ာအလီတွေကို ပြောင်းပြန်ဆိုနေ ကြတယ်။

၁၃ × ၁၂ လီ . . . ၁၅၆

၁၃ × ၁၁ လီ . . . ၁၄၃

၁၃ × ၁၀ လီ . . . ၁၃၀

၁၃ × ၉ လီ . . . ၁၁၇

အဲဒီအသံတွေဟာ ကျွန်တော့်နားထဲမှာ တဝုန်းဝုန်းမြည်ဟီးနေတယ်။ အဲဒီနောက်တော့ ကျွန်တော့်ခေါင်းတွေ ချာချာလည်လာပြီး မိုက်ခနဲ ဖြစ်သွားတော့တာပဲ။

ကျွန်တော် ဘာကိုမှ မသိတော့ဘူး။

■



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အသိစိတ်ဝင်လာလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မိုး စင်စင် လင်းနေပြီ။ အိမ်ရှေ့မှာ လှဲနေရာက ကျွန်တော်ထထိုင်လိုက်တယ်။

ဩော်… မနွေညက ဖိုးထူးစာကျက်တာကို စောင့်ပေးရင်း အိပ်ပျော် သွားတာပါလား။

''ဟူး''

ကျွန်တော်သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်မိတယ်။ ကျွန်တော့် သား ဖိုးထူးကတော့ ကျောင်းသွားပြီနဲ့ တူပါရဲ့၊ အိမ်ပေါ်မှာ မတွေ့ တော့ဘူး။ ကျွန်တော်ကတော့ မနွေညက မက်တဲ့အိပ်မက်ကိုပဲ ပြန်မြင် ယောင်နေမိတယ်။ ကလေးတွေအားလုံး ပုံစံခွက်ထဲ လောင်းထားတဲ့ မျက်နှာသေတစ်မျိုးတည်းနဲ့ စည်းကမ်းလို့ နာမည်တပ်ထားတဲ့ သံကြိုး တွေ ချည်နှောင်ပြီး ရထားကြီးတစ်စီးနဲ့ သွားနေလိုက်တာ။ ဘယ်အရပ်၊ ဘယ်ဒေသကို ဦးတည်နေတာပါလိမ့်။

ကဲ… ခင်ဗျားတို့လည်း သိရင် ပြောကြစမ်းပါ။

ကျွန်တော်တို့ရဲ့ ကလေးတွေ ဘယ်ကို သွားနေကြတာလဲ။

■

ထက်မြတ်နိုင်ဇင်
ဇီဝကမဂ္ဂဇင်း၊ ၂၀၁၃





# သရုပ်တွေ စာမေးပွဲကျတဲ့အခါ…

မင်းဒိုက်စိုးစန်

(၁)

သရုပ်ဆောင်နေတဲ့ မင်းသားက သိပ်တော့ အိုက်တင် မကောင်းလှဘူး။ ပိုဆိုးတာက ကျောင်းဆရာအိုကြီးနေရာက သရုပ် ဆောင်တဲ့ အသက် ၅၀ ကျော် ဖာတ်ပို့ပုဂ္ဂိုလ်ပဲ။ ဒါရိုက်တာကလည်း အတင်းပဲ မျက်ရည်မထွက်၊ ထွက်အောင် ငိုခိုင်းနေတယ်။

www.burmeseclassic.com



ဒါရိုက်တာက ကျွန်တော့်သူငယ်ချင်း။ ဇာတ်ညွှန်းရေးတဲ့ သူကလည်း ကျွန်တော့်သူငယ်ချင်းပဲ။ သူငယ်ချင်းဆိုပေမဲ့ အသက် အားဖြင့်တော့ ကျွန်တော့်ထက် ကြီးတာပေါ့လေ။ အနုပညာနယ်ထဲ ရောက်တာလည်း သူက ပိုစောတယ်။

သူရေးထားတဲ့ဇာတ်လမ်းက လူမိုက်တစ်ယောက်ရဲ့ ဘဝ အချိုးအကွေ့ကို ဇာတ်လမ်းဆင်ထားတာ။ ဟိုလူ့ကို စော်ကား၊ ဒီလူ့ကို စော်ကား၊ ပြီးတော့မှ နောင်တရ ‥ စသဖြင့်ပေါ့။ ကျွန်တော်တို့ ကြည့်ဖူးနေကျ မြန်မာဗီဒီယိုကားတွေအတိုင်းပါပဲ။ ဘာမှ သိပ်မပိုလှဘူး။

အခု သရုပ်ဆောင်နေတဲ့ ဇာတ်ကွက်က မင်းသားနောင်တရ တဲ့ နေရာတောင် ရောက်နေပြီ။ သူအရင်တုန်းက စော်ကားမော်ကား မောက်မောက်မာမာဆက်ဆံခဲ့ဖူးတဲ့ သူ့ရဲ့ အထက်တန်းပြကျောင်းဆရာ ကို ပြန်တောင်းပန်တဲ့အခန်း ရိုက်နေတာ။

ဆရာ့ရဲ့ စေတနာမေတ္တာကို နားမလည်ခဲ့တာတွေ၊ ဒုက္ခ ရောက်တော့မှ ဆရာ့ဂုဏ်ကျေးဇူးကို သတိရတာတွေ၊ ခွင့်လွှတ်ပေးပါ ဘာညာပြောပြီး ဆရာ့ကို ကန်တော့ ‥‥။

ဆရာကလည်း

''ခွင့်လွှတ်ပါတယ် တပည့်ရယ်။ ဆရာဆိုတာ တပည့်တွေ ပေါ်မှာ အမြဲတမ်း ‥''

ဘလား ‥ ဘလား ‥ ဘလားပေါ့ဗျာ။ ပြောနေကျစကား တွေကိုပဲ အသံတုန်တုန်ယင်ယင်တွေလုပ်ပြီးပြော။ ဆရာနဲ့တပည့် မျက်ရည်အပြိုင်ကျ ‥ ဒါတွေပါပဲ။





ကျွန်တော်ကတော့ အဲဒီရုပ်ရှင်ရိုက်ကွင်းကို ကြည့်ရင်းနဲ့ ပြုံးလာတယ်။ ဒါမျိုးတွေက ကျွန်တော်တို့ငယ်ငယ်တုန်းက ရုပ်ရှင်ရုံမှာ သုံးမတ်တန်းက ခဏခဏကြည့်ဖူးနေကျပဲ ဥစ္စာ။

မိဘဆရာကို ဗိုက်မှားစော်ကား၊ ပြီးမှ နောင်တရတောင်းပန်၊ ဆိုသတ်မျက်ရည်ကျ။ သူတို့ရုပ်ရှင်သမားတွေ ပိုက်ဆံအများကြီးရ၊ ကျွန်တော့်လို ကလေးတွေ ပိုက်ဆံ ခုနှစ်ဆယ့်ငါးပြား ဆုံး။ ပလုံ၊ အဲဒီ အဆင့်ပါပဲ။

ဒါနဲ့ ရိုက်ကွင်းခဏနားတော့ ကျွန်တော်က ဒါရိုက်တာကို

''မင်းသားရော၊ ကျောင်းဆရာရော တရှုပ်ရှုပ်ငိုနေကြတော့ မင်းဟာက အိုဗာအိုက်တင်တွေ ဖြစ်မကုန်ဘူးလားကွ။ ဒီ အတိုင်း ရိုးရိုးတောင်းပန်ရင်လည်း ရပါတယ်။ ဆရာကလည်း 'အေးပါကွာ'လို့ ပြောလိုက်ရုံနဲ့ ပြီးပါတယ်ဟ''

''ဟာ ‥ ဒါဆို ဇာတ်က ပေါ့ရွှတ်ရွှတ်ကြီး ဖြစ်သွားမှာပေါ့။ အဲ့လေး ဘာလေးနဲ့ မြူးဇစ်က ကြေကြေကွဲကွဲလေး တယော နဲ့ခွဲ၊ ဒါမှ ကြည့်တဲ့လူ မျက်ရည်ကျမှာ။ မင်းမသိလို့ပါ၊ မြန်မာပရိသတ်က ဒါမျိုးကြိုက်တယ်ကွ''

သူ့စကားကြောင့် ကျွန်တော် ပြုံးမိတယ်။ ဘယ်မသိဘဲ နေပါ့ မလဲ၊ သိတာပေါ့။ ဒါပေမဲ့ Paradigm ဆိုတာ ပြောင်းသင့်ပြောင်းထိုက် တဲ့အချိန် ရှိတယ်မဟုတ်လား။ ဒါကြောင့် ကျွန်တော်က

''အဲဒါမျိုး ကြိုက်မှန်းသိပါတယ်။ ဒါပေမဲ့ ဒီအကွက်တွေနဲ့ ချည်းပဲ လုပ်စားလာတာ ကြာလှပြီမဟုတ်လား။ ခေါင်းရှုပ်နဲ့ ကျိုးသလို ဖြစ်နေမှာစိုးလို့ ပြောတာ''



www.burmeseclassic.com

www.burmeseclassic.com



''ခေါက်ရိုးကျိုးတာ မဟုတ်ဘူးကွ။ ဒါ စံသတ်မှတ်ချက်ပဲ။ မိဘတွေ ဆရာတွေကို အဲဒီလို သဘောထားတာ Value ပဲ။ အာရှတန်ဖိုးဆိုတာ အဲဒါတွေပေါ့''

ကျွန်တော့်သူငယ်ချင်း ဒါရိုက်တာကလည်း ခေတော့ မခေဘူး။ စာဖတ်အားကောင်းတဲ့သူဆိုတော့ ဟန်ကျပန်ကျ ပြန်ပြောနိုင်တယ်။ ကျွန်တော် ခေါင်းညိတ်နေလိုက်ရတော့တာပေါ့။

မှန်တယ်။ လူမှာ 'စံ' ဆိုတာ ရှိတယ်။ ခပ်ရှင်းရှင်းပြောရရင် 'စံ' ဆိုတာ လူနဲ့ တိရစ္ဆာန်အကြားမှာ စည်းခြားပေးထားတဲ့အရာပဲ။ တိရစ္ဆာန်တွေမှာ မိဘတို့ ဆရာတို့ဆိုပြီး ရှိသေလေးစားတာ မရှိဘူး။ သူတစ်ပါးအိမ်ရာကို မကျူးလွန် မစော်ကားဖို့ မခိုးဝှက်ဖို့ဆိုတဲ့ သီလတွေ မရှိဘူး။ သစ္စာဖောက်တာတွေ၊ ဂုဏ်သိက္ခာတွေ စတဲ့ အဓိပ္ပာယ်တွေ မရှိဘူး။ ဒါက ‥ တိရစ္ဆာန်လောကကိုး။

လူ့လောကမှာတော့ အဲဒါတွေ အကုန်ရှိတယ်။ အဲဒါတွေဟာ 'စံ' တွေပဲ။ အဲဒီသတ်မှတ်ချက်တွေအတိုင်း နေထိုင်နိုင်မှ လူ့အဖွဲ့အစည်းက 'လူ' လို့ သတ်မှတ်တာ။ မဟုတ်လို့ကတော့ လူစင်စစ်ကနေ တိရစ္ဆာန်ဖြစ်အောင်ကို ပြောဆိုကဲ့ရဲ့ ရှုတ်ချကြတော့တာပဲ။

ကောင်းပါတယ်။

လူ့အဖွဲ့အစည်းမှာ အဲဒီလို စံသတ်မှတ်ချက်မျိုး ရှိပါဦးမှ။ ဒီလိုမှ မရှိရင်လည်း လူတွေဟာ ကိုယ်ထင်ရာစိုင်းနေတာနဲ့၊ ကိုယ့်လွတ်လပ်ခွင့်ဟာ သူများကို အနှောင့်အယှက်ပေးတာနဲ့၊ ပတ်ဝန်းကျင်က လူတွေကို ထိခိုက်စေတာနဲ့ ဘာနဲ့ညာနဲ့ ‥ လူ့အဖွဲ့အစည်းတစ်ခုလုံး ဖရိုဖရဲ ဖြစ်ကုန်မှာပေါ့။





ဒါပေမဲ့ ‥

အဲဒီ 'ဒါပေမဲ့' ဟာ တော်တော်အရေးကြီးတဲ့ 'ဒါပေမဲ့' ပါ။ ကျွန်တော့်သူငယ်ချင်း ဒါရိုက်တာကို မပြောဖြစ်ခဲ့တဲ့ 'ဒါပေမဲ့' လည်း ဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ 'လူ့အဖွဲ့အစည်းက သတ်မှတ်တဲ့ စံ' တင်မကဘူး။ နောက်ထပ်အရေးကြီးတဲ့ 'စံ' တစ်ခု သတ်သတ် ရှိသေးတယ်ဆိုတာပါပဲ။

အဲဒါကိုတော့ သူ့ကို ရှင်းပြမနေတော့ပါဘူး။ ရုပ်ရှင်ရိုက်ကွင်းဆိုတာ အတွေးအခေါ်လေးလေးနက်နက်ကြီးတွေကို အကျယ်တဝင့် ဆွေးနွေးဖို့ကောင်းတဲ့ နေရာမဟုတ်ဘူးလေ။

■

www.burmeseclassic.com



(၂)

ရုပ်ရှင်ရိုက်ကွင်းကနေ တည်းတဲ့ဟိုတယ်ကို ပြန်လာတဲ့လမ်းတစ်လျှောက်မှာလည်း အဲဒီအကြောင်းကိုပဲ ကျွန်တော် ဆက်တွေးနေမိတယ်။ အထူးသဖြင့် ကျွန်တော်တို့ရဲ့ မြန်မာလူ့အဖွဲ့အစည်းပေါ့။

မြန်မာ့စံသတ်မှတ်ချက်ထဲမှာ သွားပြီး တို့လို့ထိလို့ မရနိုင်ကောင်းတဲ့ ကန့်သတ်ချက်တွေ အတော်တင်းတင်းကျပ်ကျပ်ရှိတယ်။ ဥပမာပြောရရင် အနန္တောအနန္တငါးပါးပေါ့။

ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ . . . ဒါတွေကို သွားပြီး 'တို့ထိ'လို့ မရဘူး၊ ဝေဖန်လို့မရဘူး။ ပြဿနာ အကြီးကြီး တက်သွားမယ်။ ရယ်စရာမောစရာ ပေါ့ပေါ့ပါးပါးပြောမိရင်တောင်





''မင်းနဲ့ ဝေးဝေးနေမှ မိုးကြိုးပစ်ရင် စက်ကွင်းလွတ်မှာ မဟုတ်ဘူး''တို့၊

''ငရဲကြီးလိမ့်မယ်''တို့နဲ့ သူတို့ရဲ့ အသိစိတ်ထဲမှာ (ဘယ်သူကမှ ရိုက်မနိုင်းဘဲ) အလိုလို ဆင်ဆာဖြတ်ပြီးသား ဖြစ်နေတယ်။ စိတ်မကောင်းစရာပဲ၊ ကျွန်တော်တွေးရင်းနဲ့တောင် သက်ပြင်းချမိတယ်။

လူ့အဖွဲ့အစည်းလှပအောင် ထိန်းကျောင်းထားတဲ့ စံဟာ ဘယ်လိုကြောင့် လူတွေအတွက် 'အကြောက်တရား'အဖြစ် ပုံပြောင်းသွားပါလိမ့်။ တကယ်တော့ လူတွေကိုယ်တိုင်ကိုက **သူတို့ ကိုးကွယ်ဖို့ အကြောက်တရား**ကို လိုလိုချင်ချင် ရှာရှာဖွေဖွေ ဖန်တီးနေကြတာပါ။

**လူအများစုက ကြောက်နေရမှ နေပျော်တာ မဟုတ်လား။**

ဟိုတယ်ကိုပြန်ရောက်တော့ လော်ဘီခန်းမထဲမှာ ကျွန်တော်နဲ့တွေ့ဖို့ လာစောင့်နေတဲ့ညီသည် ရှိနေပါတယ်။ ကျွန်တော့်အဖေရဲ့ ထစ်ဝမ်းကွဲအစ်မကြီးပါ။ သူက

''မင်းနှယ်ကွယ်၊ ဒီအထိတောင် ရောက်နေမှပဲ၊ ငါတို့ မြို့ကို လှည့်ဝင်ခဲ့ရောပေါ့။ မသကာ တစ်နာရီ တစ်နာရီခွဲလောက်ပဲ မောင်းရမယ့်ဥစ္စာ''

ကျွန်တော်တို့ အခု ရုပ်ရှင်လာရိုက်နေတဲ့ မြစ်ကျွန်းပေါ်မြို့လေးနဲ့ ကြီးဒေါ်ရဲ့ ဇာတိမြို့ဟာ မိုင် ၂၀ ကျော်ပဲ ဝေးပါတယ်။ ကျွန်တော်က

''ကိစ္စတွေပြီးရင် လာမလို့ပါပဲ ကြီးကြီးရဲ့။ အလာတုန်းက အဖွဲ့လိုက်ကြီးမို့လို့ လှည့်မဝင်ခဲ့တာ''



www.burmeseclassic.com

www.burmeseclassic.com



''ဝင်ခဲ့ရောပေါ့ဗျာ။ ငါ့မှာ တမျှော်မျှော်နဲ့။ မင်းဆီဖုန်းဆက်တော့လည်း ဆက်လို့မရ။ အဲဒါနဲ့ ဆိုင်ကယ်တက္ကစီငှားပြီး လိုက်ချလာရတာ''

ကျွန်တော်က ဖုန်းကို ကိုယ်ဆက်ချင်တဲ့အချိန်လေးပဲ ဖွင့်ဆက်ပြီးတော့ ကျန်တဲ့အချိန်တွေမှာ တောက်လျှောက်ဖုန်းပိတ်ထားတတ်တယ်ဆိုတာ အားလုံးသိကြပေမဲ့ ကျွန်တော့်ကြီးဒေါ် သိပုံမပေါ်ပါဘူး။

ကြီးဒေါ်ကြီးကိုကြည့်ရင်း နည်းနည်း စိတ်မကောင်းဖြစ်သလို ခံစားရတယ်။

ကျွန်တော့်အဖေနဲ့အမေ ကွာရှင်းပြတ်စဲကြပြီးတော့ ကျွန်တော်က အဖေနဲ့ကျန်နေရစ်ခဲ့ရော။ နောက် . . အဖေဆုံးတော့ ကြီးဒေါ်ကြီး လက်ထဲမှာပဲ ကျွန်တော် ကြီးပြင်းခဲ့ရတာ ဆယ်တန်းအောင်တဲ့ အထိပါပဲ။

တက္ကသိုလ် ဆက်တက်ဖို့အထိတော့ ကြီးဒေါ်က မတတ်နိုင်တော့ဘူးလေ။ ဆင်းရဲတာကိုး။ ဒီကြားထဲ ကျွန်တော် ကိုးတန်းနှစ်မှာ ကြီးဒေါ်က စပါးနဝလီလိုက်တဲ့ လှေသမားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ 'အသက်ကြီးမှ အိမ်ထောင်ပြုတာ အားကိုးရာရှာမလို့ ထင်ပါရဲ့'လို့တော့ မအောက်မေ့နဲ့။ သူ့ယောက်ျားက ဘာမှ အားမကိုးရတဲ့အပြင် ဆီးချိုရောဂါဖြစ်လို့ ဆေးဖိုးတွေ ကုန်လိုက်တာ မီးခိုးမဆုံးမိုးမဆုံးဘဲ။ သွေးထဲမှာသာ အချိုဓာတ်များတာ . . ဘဝကတော့ အချိုဓာတ် နည်းလွန်းပါတယ်လေ။

ကျွန်တော့်ကို အမေက တက္ကသိုလ်ဆက်ထားပေးမယ်ဆိုပြီး လှမ်းခေါ်တာနဲ့ ရန်ကုန်ကိုသွားဖို့ အဲဒီမြစ်ဝကျွန်းပေါ်မြို့ကလေးကို





...ာခိုင်းခဲ့ချိန်မှာ ကြီးဒေါ်ကြီးက ပထမဦးဆုံး သားဦးကိုယ်ဝန်ကို ...ယ်လို့။ လူမမာခင်ပွန်းကို ပြုစုရင်း မီးခိုးရောင်မျက်လုံးအိုတွေနဲ့ ...မောကျန်ရစ်ခဲ့တာပေါ့။

အခုတော့ ကျွန်တော်က ပြန်ပြီး ငေးမောကြည့်ရတဲ့ အလှည့် ... ကြီးဒေါ်ကြီးရဲ့ ရုပ်ရည်သွင်ပြင်ဟာ တကယ့်အသက်အရွယ်ထက် ...တော့ အိုစာနေတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ကထက် ...ည်း ပိုပြီးတော့ နွမ်းဖတ်၊ ပိုပြီးတော့ ယိုင်နဲ့နေတယ်။

မတ်လဆန်းရဲ့ ညနေစောင်း နေပူကျဲကျဲကြီးထဲမှာ မိုင်(၂၀) ...ော်ခရီးကို ဆိုင်ကယ်တက္ကစီငှားပြီး ရောက်ချလာတာဟာ ကျွန်တော့် ... တွေ့ချင်ရုံသက်သက်ထက်တော့ ပိုလိမ့်မယ်ဆိုတာ ရိပ်မိနေသလိုပဲ။ ... ကျွန်တော်က

''ကြီးကြီး . . ငွေရေးကြေးရေးရော အဆင်ပြေရဲ့လား။ ကြီးကြီး သား အလတ်ကောင်ရော အလုပ်ရသွားပြီလား''

''မရသေးပါဘူးဟယ်။ ဆန်စက်မှာ စာရေးလုပ်ဖို့တော့ ပြောထားတာပဲ၊ နေရာမလွတ်သေးလို့တဲ့။ အကြီးကောင်ကတော့ မလေးကနေ နှစ်လတစ်ခါ၊ သုံးလတစ်ခါ ပို့ပို့ပေးရှာပါတယ်။ ဒါပေမဲ့ ဘယ်လောက်မှာလဲ''

ကြီးတော်က သူ့ပခုံးပေါ်တင်ထားတဲ့ တဘက်အစွန်းကို ကိုင် ... တဖျတ်ဖျတ်ခပ်ရင်း ညည်းတယ်။ တစ်ခုခုကို ပြောသင့်၊ မပြောသင့် ...ချိန်နေပုံလည်း ရတယ်။ ကျွန်တော်က ဆက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"အငယ်မ မိတ္ထူတစ်ယောက်ရော . . ကြီးကြီး"

"အေး . . အခုလာတာ အဲဒီ မိတ္ထူကိစ္စပေါ့။ မိတ္ထူက အခု ဆယ်တန်းဖြေနေတယ်လေ"

ကျွန်တော် ခေါင်းညိတ်လိုက်တယ်။ ဒီအချိန်က ဆယ်တန်း စာမေးပွဲတွေ စစ်လေ့ရှိတဲ့ ရာသီပဲ။ ကြီးဒေါ်က

"အဲဒါ မိတ္ထူ ကျူရှင်တက်တုန်းက သုံးလစာလောက် ကျူရှင် လခ အကြွေးကျန်နေတယ်ဟယ်။ အခု နှစ်ကုန်ပြီဆိုတော့ ပေးမှကောင်းတော့မယ်။ ငါလည်း သူ့အတန်းပိုင်ဆရာမကို မျက်နှာပူလှပြီ"

"ဪ . သူ့ကျောင်းကဆရာမဆီမှာ ကျူရှင်ယူရတာလား"

"အေးပေါ့ဟဲ့။ ငါတို့နေတဲ့ မြို့ဖနေပုဒ်လေးမှာ ဘယ်ကလာ ကျူရှင်ကြီးကြီးမားမား ရှိမှာလဲ။ နင်လည်း ဒီကနေ ဆယ်တန်း အောင်သွားတာပဲဥစ္စာ၊ သိရဲ့သားနဲ့"

ကျွန်တော်က ပိုက်ဆံအိတ်ကို ထုတ်ပြီး

"မိတ္ထူ ကျူရှင်လခကို ကျွန်တော်ပေးလိုက်မယ်လေ . . ကြီးကြီး။ ဘယ်လောက်တုန်း . ."

"ဘာသာစုံနှစ်သောင်းခွဲနဲ့ သုံးလစာကျန်တာဆိုတော့ ခုနစ် သောင်းခွဲ . ."

ကျွန်တော် နည်းနည်းတော့ တွန့်သွားတယ်။ အဲဒီလောက် များလိမ့်မယ်လို့တော့ ထင်မထားတာ အမှန်ပဲ။ ဒါကြောင့် ကြီးဒေါ်ကြီး က ကျွန်တော့်ကိုပြောဖို့ အတော်လေး အားတင်းနေရတာကိုး။





ဘာပဲဖြစ်ဖြစ် ပေးကိုပေးရမှာက ကျွန်တော့်တာဝန်ပဲလေ။ အသွားအပြန် ဆိုင်ကယ်တက္ကစီခပါ ထည့်တွက်ပြီး တစ်သောင်းတန် ရှစ်ရွက်ကို ကြီးဒေါ်ကြီးလက်ထဲ ထည့်လိုက်တယ်။

"သာဓုပါတော် . . သာဓုပါ . . ငါ့တူကြီး ကျန်းမာချမ်းသာလို့ သွားလမ်းလာလမ်းများလည်း . ."

ရှေးနည်းနည်းဆန်တဲ့ အဖွားကြီးဗီဗီ သာဓု အထပ်ထပ် ခေါ်ရင်း ဆုတွေတသီတတန်းကြီး ပေးနေပါလေရော။ ဒါ သူ့ဘက်က သူတတ်နိုင်တာကို ပြန်ပေးတဲ့သဘောပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာထဲမှာ ဆုတောင်းတယ်၊ ဆုပေးတယ်ဆိုတာကြီးက မသေးငယ်လှတဲ့ အခန်းကဏ္ဍတစ်ခု အနေနဲ့ ပါပါနေတယ်ဗျ။

ဘုရားမှာ ပန်းဆီမီးကပ်လှူတဲ့သူတွေကလည်း ကိုယ်သဒ္ဓါရှိတဲ့အတိုင်း လုပ်လို့ပြီးရင် ဒီအတိုင်း လှည့်ပြန်ကြတာ မဟုတ်ဘူး။ ဆုတောင်းတာတို့ ဘာတို့ လုပ်ကြသေးတာ။ ပရိနိဗ္ဗာန်ပြုသွားတဲ့ မြတ်စွာဘုရားကတော့ သူတို့ဆုတောင်းတဲ့ စကားတွေကို မကြားတော့မှာ သေချာပါတယ်။

ဟော . . အနန္တောအနန္တငါးပါးနဲ့ ပတ်သက်ရင် မတွေ့ထိတာ ကောင်းတယ်လို့ ဆိုထားလျက်နဲ့ ကျွန်တော် ပြောမိသွားပြန်ပြီ။





ဒါဖြင့် ဆုတောင်းတယ်ဆိုတာ ဘယ်သူ့ဆီမှာ တောင်းယူနေတာလဲ။ ဟိုးရှေးရှေးကတည်းကတော့ ဆုတောင်းတာကို အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုလို လုပ်ကိုင်စားသောက်တဲ့သူတွေ ရှိခဲ့ဖူးပါတယ်။ လူတွေဆီမှာ စားသောက်ဖွယ်ရာပဲဖြစ်ဖြစ်၊ ငွေကြေးအသပြာပဲဖြစ်ဖြစ် လိုက်အလှူခံတယ်။ သူတို့တောင်းဆိုတာကို လှူလိုက်ရင် သူတို့က အလှူရှင်ကို ‘ကျန်းမာပါစေ . . ချမ်းသာပါစေ . . ကောင်းချီးမင်္ဂလာ ကျရောက်ပါစေ’ စသဖြင့် ဆုတောင်းပေးကြတယ်။

အဲဒီလိုဆုတောင်းတဲ့အလုပ်ကို လုပ်စားကြတာမို့ သူတို့ကို ‘ဆုတောင်းစား’ လို့ ခေါ်တယ်။ နောက်တော့လည်း ‘သူတောင်းစား’ လို့ ခေါ်ကြတာပေါ့လေ။

ဘာရယ်မဟုတ်ဘူး။

ရုပ်ရှင်ရိုက်ကူးရေးကိစ္စတွေ ပြီးစီးလို့ ရှုတင်အဖွဲ့ ရန်ကုန်ပြန်ချိန်မှာ ကျွန်တော်တစ်ယောက်တည်း လမ်းခွဲပြီး မိုင်(၂၀)သာသာလောက်ပဲ ဝေးတဲ့ ကျွန်တော့်ငယ်စဉ်ကလေးဘဝရဲ့ မြို့လေးဆီကို အသွား . . လမ်းတစ်လျှောက်လုံးမှာ ‘ဆုတောင်းစား’ တဲ့သူတွေ အများကြီးကို တွေ့လိုက်ရလို့ အတွေးတွေ ဟိုဟိုဒီဒီ ပျံ့လွင့်သွားမိတာပါ။

ဟိုးရှေ့မှာတော့ လွမ်းစရာကောင်းတဲ့ မြို့သေးသေးလေးဟာ ကျွန်တော့်ကို စောင့်နေလေရဲ့။

■



www.burmeseclassic.com

www.burmeseclassic.com



## (၄)

သုံးပင်နှစ်ခန်း ခနော်နီခနော်နဲ့အိမ်ကလေးပေါ်ကို ကျွန်တော်တက်လိုက်တော့ ကြီးဒေါ်က ဝမ်းသာအားရနဲ့ ..

"ဟဲ့ .. ဖိုးကျော်၊ နင်က လာမယ့်လာတော့လည်း မြန်မြန်ဒိုင်းဒိုင်း။ ကြိုသိရင် ငါ ဟင်းကောင်းကောင်းချက်ထားမှာပေါ့။ နေဦး .. နေဦး။ ငါ ဖျာယူပေးမယ် .. ဖျာပေါ်မှာထိုင်"

ဖျာယာခင်ပြီး လောကွတ်လုပ်နေတာနဲ့ ကျွန်တော်ကပဲ

"နေပါစေ .. ကြီးကြီးရဲ့၊ ကျွန်တော်က ဧည့်သည်မှမဟုတ်တာ"

ဘာညာနဲ့ပြောပြီး တားယူရတယ်။





ကွပ်ပျစ်ပေါ်မှာ လှဲနေတဲ့ ကြီးဒေါ်ရဲ့ခင်ပွန်း လူမမာကလည်း ထလာပြီး နှုတ်ဆက်တော့ ကျွန်တော်က သူ့ဆီးချိုရောဂါအခြေအနေကို မေးကြည့်လိုက်သေးတယ်။

"ဘယ်လိုနေသေးတုန်း .. ဦးလေးရဲ့ ကျန်းမာရေးက။ အင်ဆူလင်တွေ ဘာတွေ ထိုးရသေးလား"

"မထိုးဖြစ်ဘူးကွာ။ ခုတော့ သဘော်ရွက်တွေ ထောင်းပြီး သောက်တယ်။ ဆီးချိုပျောက်တယ်လို့ ပြောကြတယ်ကွ"

ခက်ပါလား ဦးလေးရယ်။ ဆီးချိုဆိုတာ အဲဒီလို ကုလို့ရတဲ့ ရောဂါမျိုးမှ မဟုတ်တာလို့ ကျွန်တော့်စိတ်ထဲက ညည်းမိတယ်။ တောနယ်ဘက်က လူတွေရဲ့ဘဝကတော့ ဒီလိုပါပဲလေ။

သူတို့လက်လှမ်းမီတဲ့နေရာမှာ အားကိုးလောက်တဲ့ ဆေးရုံဆေးခန်း မရှိ၊ ခေတ်မီဆေးဝါး မရှိနဲ့ .. ဆိုတော့ ကျန်းမာရေးပညာသွားပေးလည်း စိတ်မဝင်စားကြဘူး။ ဆေးမြီးတို .. ပဲ။ ဟိုအရွက်ထောင်းသောက်၊ ဒီအရွက်ပြုတ်သောက် .. လုပ်တာပဲ။

ကျွန်တော်က ဆေးမြီးတိုဆိုတာ အမြဲတမ်းအတွက် ရာနှုန်းပြည့် ယုံကြည်အားကိုးရမယ့်ဟာ မဟုတ်ဘူးဆိုတာ ပြောပြကြည့်တယ်။ **အမှန်က** .. သွေးမှန်မှန်ဖောက်စစ်၊ ဆရာဝန်နဲ့ မှန်မှန်ပြ၊ ဆေးသောက်၊ လေ့ကျင့်ခန်းလုပ် .. အဲဒီလိုကုရမှာ မဟုတ်လားလို့ ပြောတော့ သူက ..

"**အမှန်က** ဘာဖြစ်သင့်သလဲဆိုတာ သိတော့ သိသပေါ့ကွာ။ ဒါပေမဲ့ အဲဒီအတွက် ပိုက်ဆံမှ မတတ်နိုင်တာကိုး။ ဖြေကြောင်းက နက်တယ် .. ငါ့တူရ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဘာဆက်ပြောရမယ်မှန်းကို မသိတော့ဘူး။ ဒါ သူ့ဆင်ခြေပါ။ သူတို့ရဲ့ စဉ်းစားတွေးခေါ်ယူဆပုံတွေက အနောက်တိုင်းဆေးပညာနဲ့ သူစိမ်းဆန်လွန်းပါတယ်။ ကျွန်တော်ကတော့ သူ့ဘဝ နေထိုင်မှုကို ကိုယ့်ပေတံနဲ့ ဖွတ်တိုင်းသင့် မတိုင်းသင့် စဉ်းစားနေလိုက်တယ်။

အဲဒီအချိန်မှာပဲ ကြီးဒေါ်ရဲ့ အငယ်ဆုံးသမီး မိတူးက အဖြူအစိမ်းဝတ်စုံလေးနဲ့ အိမ်ပေါ်တက်လာရင်း ကျွန်တော့်ကိုမြင်တော့ . .

"ဟင် . . လေးလေးရောက်နေတာကိုး"

တကယ်ဆို မောင်နှမဝမ်းကွဲတော်ပေမဲ့ အသက်ချင်းက ကွာတော့ မိတူးစိတ်ထဲမှာ ကျွန်တော့်ကို ဦးလေးလို့ပဲ စွဲနေတယ်။ ကျွန်တော်က . .

"အေး . . နင် စာမေးပွဲဖြေတုန်းလား"

"ပြီးပြီ . . လေးလေးရဲ့။ ဒီနေ့ နောက်ဆုံးနေ့ . ."

"ဟြော . . ဘယ်လိုလဲ . . ဖြေနိုင်ရဲ့လား"

အဲဒီလိုမေးလိုက်တော့ မိတူး မျက်နှာပျက်သွားတယ်။ မနေ့ကတော့ သိပ်မဖြေနိုင်ဘူးလို့လည်း ခပ်တိုးတိုးပြောတယ်။ ကျွန်တော်က

"သေသေချာချာ ပြောစမ်းပါဟ။ နင် ဘယ်နှမှတ်ဖိုးလောက် ဖြေခဲ့လဲ။ သွား . . မေးခွန်းစာရွက် သွားယူခဲ့၊ တွက်ကြည့်ရအောင်"

မိတူးက ပေစောင်းစောင်းနဲ့ မေးခွန်းစာရွက်ကို မယူချင် ယူချင် ယူလာပြတယ်။ ဟိုခြစ်ဒီခြစ်နဲ့ တွက်ကြည့်လိုက်တော့ သူရနိုင်တဲ့ အမှတ်က (၃၀) လောက်ပဲ ရှိလို့ . .





"ဟဲ့ . . ဒါဆို နင် စာမေးပွဲကျပြီပေါ့"

"ဟာ . . ဘာလို့ကျရမှာလဲ။ လေးလေးကလည်း ပါးစပ်ပုပ်ကြီးနဲ့။ မကျဘူး . . မကျဘူး"

မိတူးက ခေါင်းခါခါလည်ခါခါနဲ့ အကြောက်အကန်ငြင်းတယ်။ ကျွန်တော်ကပဲ မဟုတ်မတရား စွပ်စွဲနေတဲ့အတိုင်းပဲ။ ကျွန်တော်က မေးခွန်းစာရွက်ကိုပြပြီး

"ဒီမှာလေ . . နင်ဖြေထားတဲ့ အမှတ်ကို နင်ကိုယ်တိုင်တွက်တာပဲ။ အောင်မှတ်မှ မရတဲ့ဟာ . . အမှတ် (၃၀) ဖိုးလောက်ပဲ ရှိတယ်"

"ဟင့်အင်း . . ဟင့်အင်း . . မကျဘူး . . မကျဘူး"

အဖြစ်မှန်ကို ရင်ဆိုင်လက်ခံဖို့ သတ္တိမရှိတဲ့ မိတူးကတော့ ခေါင်းကိုပဲ တွင်တွင်ခါပြီး ဖွတ်ငြင်းနေတယ်။

စိတ်ချမ်းသာစရာ ဖြစ်ချင်ဖြစ်မယ် . . စိတ်မချမ်းသာစရာ ဖြစ်ချင်ဖြစ်မယ် . . အမှန်ကိုတော့ အမှန်အတိုင်း လက်ခံနိုင်ရမှာပေါ့။ 'ဟင့်အင်း . . ဟင့်အင်း' လို့ မျက်စိစုံမှိတ်ငြင်းရုံနဲ့တော့ ပကတိတရားကို ပြောင်းလဲပစ်လို့မှ မရတာ။

ထားလိုက်ပါလေ . . မိတူးက ကလေးစိတ်ဆိုတော့။

ကျွန်တော်က စာမေးပွဲတစ်နှစ်ကျလို့ ပြုန်းတီးသွားတဲ့အချိန်တွေရယ်၊ လုပ်အားတွေရယ်၊ ငွေကြေးတွေရယ်ကို နှမြောနေမိတယ်။ အဲဒီလို ကျွန်တော်လျှောက်တွေးပြီး ငေးမောနေမိတဲ့အချိန်မှာ မိတူးတော့ သူ့အမေနဲ့ တစ်စုံတစ်ရာကို တိုးတိုးကြိတ်ကြိတ် တိုင်ပင်နေသလဲ။

နောက်တော့ . . ကြီးဒေါ်က

www.burmeseclassic.com



"ဖိုးကျော်ရေ .. နှင့်ဟန်းဖုန်း ခဏပေးစမ်းပါဦးဟယ်။ မိတူး
က သူ့ ဦးပဥ္စင်းဆီ ဖုန်းဆက်ချင်လို့ .. တဲ့"

"ဟာ .. ဒီကောင်မလေး။ ဘုန်းကြီးဆီကို ဘာကိစ္စ ဖုန်းဆက်
ဦးမှာလဲ"

ကျွန်တော်က ငေါက်မယ့်သာငေါက်တာ၊ အိတ်ထဲက ဖုန်းကို ထုတ်၊ ပါဝါဖွင့်ပြီး လှမ်းပေးမိလျက်သား ဖြစ်သွားပြီ။ မိတူးက မျက်နှာရှုံ့မဲ့မဲ့နဲ့ ..

"ဘုန်းဘုန်းက စာမေးပွဲမဖြေနိုင်ရင် သူ့ကိုပြောလို့ မှာထားလို့"

"နင်စာမေးပွဲအောင်ဖို့ လိုနေတဲ့ (၁၀) မှတ်ကို ဘုန်းကြီးက ဖြည့်ပေးမှာတဲ့လား"

ဆင်ခြင်နေတဲ့ကြားက ကျွန်တော့်ပါးစပ်ကလည်း အငြိအစွန်း ပါတဲ့စကားကိုမှ လွှတ်ခနဲ ထွက်သွားရတယ်လို့။ နှုတ်ကို စောင့်စည်းမှု၊ နှုတ်ကို စောင့်စည်းမှု၊ အနန္တောအနန္တငါးပါးကို သွားမတို့ထိမိလေနဲ့။

မိတူးဖုန်းဆက်နေတာကို ကျွန်တော် အတောင်နိုင်ခုံး မျက်နှာလွှဲထားတယ်။ ဟိုးအဝေးက ချောင်းစပ်မှာ ဆယ်ယူမယ့်သူမရှိတဲ့ မျောချင်သလို မျောနေတဲ့ လှေအပျက်တစ်စင်းကို လှမ်းမြင်နေရလေရဲ့။

■





(၅)

ဇွန်လဆန်းကျတော့ တာမွေမှာရှိတဲ့ ကျွန်တော့်ရုံးခန်းကို ဖိတ်စာတစ်စောင် ရောက်လာတယ်။ အာစရိယပူဇော်ပွဲ ဖိတ်စာလေးပါ။

ကျွန်တော် ဆယ်တန်းအောင်ခဲ့တဲ့ အ . ထ . က ကျောင်းက ဆရာ၊ ဆရာမတွေကို ကျောင်းသားဟောင်းတွေက ကန်တော့ကြမယ့် ပွဲပေါ့။ တာဝန်ယူပြီး လုပ်ကြတဲ့သူတွေကတော့ ကျွန်တော့်ထက် ၁ နှစ်၊ ၂ နှစ်လောက် ငယ်ပြီး စီနီယာကျတဲ့ ကျောင်းသားဟောင်းတွေပါ။

အလှူငွေကောက်ထားတာကတော့ မနှစ်ကတည်းကပဲ၊ ဒါပေမဲ့ သူတို့က စာပေဟောပြောပွဲနဲ့ပါ တွဲလုပ်ချင်တာဆိုတော့ ဟောပြောပွဲ ပါခွင့်မရလို့ ဒီနှစ်မှ လုပ်ဖြစ်တာတဲ့။

www.burmeseclassic.com



အာစရိယပူဇော်ပွဲကို စာပေဟောပြောပွဲနဲ့ တွဲလုပ်တာ မြစ်ဝကျွန်းပေါ်မြို့တွေရဲ့ ထုံးစံလားတော့ မသိဘူး။ ခနောင်မှာလည်း လုပ်တာတွေ့ဖူးတယ်၊ မော်ကျွန်းမှာလည်း လုပ်တာ တွေ့ဖူးတယ်။ ခနောင်မှာတော့ လုပ်ကြကိုင်ကြတာ အကြီးအကျယ်ပေါ့။ ကျွန်တော့်မြို့လေးမှာတော့ ဘယ်လိုနေမလဲ မသိသေးဘူး။

အဲဒီမြို့လေးကို ပြန်ရမယ်ဆိုတော့ အရင်ဆုံး ကြီးဒေါ်ကြီးကို သတိရတယ်။ ကြုံပြီး အကြောင်းကြားထားလိုက်ရင် ကောင်းမလားလို့တောင် စဉ်းစားသေးတယ်။ မကောင်းပါဘူးလေ၊ တော်ကြာ . . ကိုယ့်ကိုကျွေးချင်မွေးချင်လို့ဆိုပြီး တကူးတက ဟင်းတွေချက်၊ ဘာတွေချက်လုပ်နေရင် သူတို့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါ့မယ်လို့ တွေးလိုက်တယ်။

ဒါနဲ့ အကြောင်းကြားမနေတော့ဘဲ စနေနေ့မနက် အစောပိုင်းမှာ ရန်ကုန်ကနေ ထွက်ဖြစ်တယ်။ ဟောပြောပွဲက စနေနေ့ညလုပ်ပြီး တနင်္ဂနွေနေ့ မနက်ပိုင်းမှာ ဆရာတွေကို ကန်တော့မှာကိုး။ တစ်ညတော့ အိပ်ရမှာ။

အဲဒါကြောင့် New World တည်းခိုခန်းကိုပဲ အရင်ဆုံး တန်းသွားလိုက်တယ်။ ရေတွေ ဘာတွေချိုး အနားယူပြီးမှ ညနေစောင်းမှတော့ ကြီးဒေါ်အိမ်ဘက်ဆီ ထွက်လာခဲ့တယ်။

ကွပ်ပျစ်ပေါ် လှဲနေတဲ့ ကြီးဒေါ်ရဲ့ ခင်ပွန်းကတော့ ယဲ့ယဲ့။

လွန်ခဲ့တဲ့ သုံးလလောက်က ကျွန်တော်တွေ့ခဲ့ရတာနဲ့စာရင် သိသိသာသာကို ကျသွားပြီ။ သဘော်ရွက်တွေ ထောင်းပြီး သောက်နေတုန်းပဲလားလို့ ကျွန်တော်မေးချင်ပေမဲ့ မမေးလိုက်တော့ဘူး။





ကြီးဒေါ်ကတော့ အပူရှပ်ကို ဟန်လုပ်ပြီး ဖုံးနေတာလား မသိဘူး။ ဟိုအကြောင်းဒီအကြောင်း သိပ်အရေးမကြီးလှတာတွေကို စီကာပတ်ကုံး လျှောက်ပြောနေတယ်။ အဆက်အစပ်လည်း ရှိလှတာ မဟုတ်ပါဘူး။ တောင်ရောက်မြောက်ရောက်နဲ့။

ခဏအကြာမှာ . . နောက်ဖေးမီးဖိုချောင်ကနေ အိမ်ဘေးကို ပတ်ပြီး ထွက်လာတဲ့ မိတူးကို မြင်လိုက်တော့မှ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ဆယ်တန်းအောင်စာရင်းတွေ ထွက်ထားတာ သတိရသွားပြီး

"ဟဲ့ . . မိတူး။ နင်စာမေးပွဲအောင်လား"

လို့ လှမ်းမေးလိုက်တယ်။ ထုံးစံအရ 'နင် စာမေးပွဲကျလား' လို့ မေးရိုးမေးစဉ်မရှိလို့သာ . . တကယ်က အဲဒီလို မေးရမှာ။ ထင်တဲ့အတိုင်းပဲ မိတူးက မျက်နှာတစ်ချက်ပျက်သွားပြီး ခေါင်းခါပြတယ်။ ပြီးတော့ ခပ်အုပ်အုပ်လေသံနဲ့

"အမေ . . သွားမယ်လေ"

ဘယ်ကိုသွားဖို့ ပြောနေတာလဲတော့ မသိဘူး။ ကြီးဒေါ်ကတော့ အင်း . . အဲ . . နဲ့ ကျွန်တော့်ကို ထားပစ်ခဲ့ပြီး ထသွားရမှာ အားနာနေသလိုလို ဘာလိုလို . .။

ဒီလိုနဲ့ နောက်ထပ် ဆယ်မိနစ်လောက် ထပ်ကြာသွားတော့ မိတူးကပဲ

"အမေ . . သွားမယ်လို့ဆိုနေ"

စိတ်မရှည်တဲ့အသံ ပါလာတယ်။ ကြီးဒေါ်ကတော့

"အေးပါမိတူးရယ် . . ဒီမှာ ညည်းအစ်ကိုကြီးရောက်နေလို့ . ."



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . မသိဘူး။ အမေ့ဘာသာ နေချင်နေခဲ့၊ သမီးကတော့ အပြောအဆိုခံရတာ ရှက်တယ်။ အရီးလေးတင်တို့အိမ်မှာပဲ သွားနေမယ်"

မျက်နှာစူပုပ်ပုပ်နဲ့ ခြေထောက်နှစ်ဖက်ကို ဆောင့်ဆောင့်ပြီး ထွက်သွားတယ်၊ ဘာဖြစ်သွားတာလဲလို့ နားမလည်နိုင်တာနဲ့ ကျွန်တော်က မေးကြည့်လိုက်တော့

"မိတူးရဲ့ ကျူရှင်လခအကြွေး မဆပ်နိုင်သေးလို့ပါ . . ဖိုးကျော်ရယ်"

"ဟင် . . ဟိုတစ်လောက ကျွန်တော်ပေးလိုက်သေးတယ် မဟုတ်လား"

"ဟုတ်တယ် ငါ့တူရေ၊ ဖြစ်ချင်တော့ အလတ်ကောင်က ဆိုင်ကယ်တက္ကစီဆွဲဖို့ ကျင့်တယ်ဆိုလား၊ ဘာဆိုလား။ သူများ ဆိုင်ကယ်ယူမောင်းတာ တိုက်မိလို့ လျော်လိုက်ရတယ်လေ။ တစ်သိန်းတောင်းတာ မနည်းတောင်းတောင်းပန်ပန်လုပ်ပြီး ခုနစ်သောင်းနဲ့ ကိစ္စအေးလိုက်ရပါရောလား။ အဲဒါကြောင့် ကျူရှင်ကြွေးမဆပ်မိတာ ဖိုးကျော်ရဲ့"

ဖြစ်မှဖြစ်ရလေဆိုတဲ့စကားကို ပြောရမှာ သိပ်ဟောင်းနွမ်းလွန်းတယ်လို့ ခံစားရတယ်၊ တခြား ဘာစကားပြောရမလဲဆိုတာလည်း ကျွန်တော် မသိဘူး။

သက်ပြင်းချပြီး ငူငူကြီးထိုင်နေတဲ့ ကြီးဒေါ်ကို ကြည့်ရင်း ကျွန်တော်က





"ဆရာမကို အကျိုးအကြောင်း ပြောကြည့်ပေါ့ . . ကြီးကြီးရယ်၊ ကလေးကလည်း စာမေးပွဲကျထားတယ်ဆိုတော့"

"ပြောကြည့်ပြီးပါပြီကွယ် . . မရပါဘူး။ စာမေးပွဲကျတာ သူနဲ့ မဆိုင်ဘူး . . တဲ့။ သူ့ကျူရှင်လခကိုတော့ ပေးရမှာပဲ . . တဲ့"

အဲဒီသဘောတရားက မှန်သလား၊ မမှန်သလားတော့ ကျွန်တော်မပြောတတ်ပါ။ ကိုယ် ဝင်ရောက်စွက်ဖက်ဆုံးဖြတ်လို့ရတဲ့ကိစ္စ ဟုတ်သလား၊ မဟုတ်သလားဆိုတာတောင် မသေချာပါ။

ဒီဆရာနဲ့ ဒီကျောင်းသား၊ သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးကို ဘယ်လိုတည်ဆောက်ထားသလဲဆိုတဲ့ အချက်အပေါ်မှာသာ မူတည်မယ်လို့ ထင်တာပါပဲ။

ရောင်းသူနဲ့ဝယ်သူပုံစံလား၊ ကန်ထရိုက်စာချုပ်တွေ ကတိကဝတ်တွေနဲ့လား၊ စေတနာတွေ၊ ဝါသနာတွေ၊ အနစ်နာတွေနဲ့လား။

ကျွန်တော့်ဦးခေါင်းထဲမှာ '. . . လား' နဲ့ဆုံးတဲ့ မေးခွန်းတွေဟာ မှင်ခါးရိုက်တဲ့ပန်းပွင့်တွေလို မြင်မကောင်းအောင် ကြွေကျနေကြတယ်။

ကြီးဒေါ်ကြီးက

"အဲဒါ . . အခုလို ညနေညနေဆို အဲဒီဆရာမက တို့အိမ်ရှေ့လာလာရပ်ပြီး ကျူရှင်လခ ကြွေးကျန်တောင်းတော့တာပဲ။ မပေးနိုင်လို့ ပြောလိုက်ဆိုလိုက်တာကလည်း တို့သားအမိမှာ ခေါင်းတောင် မဖော်ဝံ့ဘူးဟယ်။ မိတူးက သူ့ဆရာမကို ပြန်လည်း မပြောရဲ၊ ရှက်လည်းရှက်တာနဲ့ တို့သားအမိ ဟိုတက်ရပ်ကွက်က အမျိုးအိမ်မှာ သွားသွားရှောင်နေရတယ်"

"ဪ . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခွန်းကလွဲပြီး ကျွန်တော့်နှုတ်ခမ်းဖျားမှာ ရေရွတ်စရာ စကားလုံး မရှိတော့ပါဘူး။ ကျွန်တော့်လျှာဟာ ဂွမ်းစလို ခြောက်သွေ့ လွန်းနေတယ်။

စာသင်ကြားပေးရတဲ့ အခကြေးငွေကို ချေးထားတဲ့ပိုက်ဆံလို အကြွေးတောင်းတဲ့ ကျောင်းဆရာမတစ်ယောက် . . . တဲ့။

တွေ့ဖူးချင်လိုက်တာ။

ဘာပဲဖြစ်ဖြစ် အဲဒီဆရာမကို ကျွန်တော် ဦးညွှတ်မှာပါ။ အာစရိယဂုဏော . . မဟုတ်လား။ ဟော . . အနန္တောအနန္တငါးပါးကို မရည်ရွယ်ဘဲ တို့ထိမိပြန်ပြီ။

'ဆရာ ဆရာမ'ကို 'ဘုရား'နဲ့ တစ်ဂိုဏ်းတည်း ထားတာ နည်းနည်းများ အလေ့ာတကြီးနိုင်သွားသလား မသိဘူးလို့ ကျွန်တော် အမှတ်တမဲ့ စဉ်းစားနေမိတယ်။

လက်တွေ့ဘဝမှာ . . .

ဆရာမဟာ ကြွေးရှင်နဲ့ တစ်ဂိုဏ်းတည်းဖြစ်နေတယ် မဟုတ် လား။

■





(၆)

လောကမှာ 'စံ'နှစ်မျိုးနှစ်စားရှိတယ်။ ပထမတစ်မျိုးက (ကျွန်တော့်သူငယ်ချင်း ဒါရိုက်တာပြောသလို) လူနဲ့ တိရစ္ဆာန်ကြား တူညီအောင် စည်းခြားထားပေးတဲ့ မိဘ၊ ဆရာသမား၊ ဂါရဝတရား ကိုယ်ကျင့်သိက္ခာ . . စတဲ့ စံတွေ။

အဲဒီ ပထမတစ်မျိုးက ရိုးရိုးစင်းစင်းပါပဲ။ လူတွေသတိမှတ် ထားသလိုသာ လိုက်နာနေထိုင်လိုက်။ ဘာမှ ပြဿနာမဖြစ်ဘဲ အိုကေ သွားလိမ့်မယ်။

ဒုတိယ 'စံ'ကတော့ ကြောက်စရာကောင်းတယ်၊ အန္တရာယ် ရှိတယ်။ အဲဒါက ဘာလဲဆိုတော့ 'ပကတိတရားကို အရှိအတိုင်း လက်ခံ ကြည့်မြင်ခြင်း'ဆိုတဲ့ စံပါ။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ရံမှာ လူဦးရေသန်းနဲ့ချီတဲ့ လူ့အဖွဲ့အစည်းဟာ အရုပ်ဆိုးတဲ့ အမှန်တရားတွေကို မမြင်ချင်ယောင်ဆောင်ပြီး မျက်နှာလွှဲထားကြတယ်။ တကယ် မဖြစ်သလိုလို၊ မရှိသလိုလို ဟန်ဆောင်လိမ်ညာနေကြတယ်။

အောင်မှတ်ရအောင် မဖြေနိုင်ပါဘဲနဲ့ 'စာမေးပွဲကျမယ်'ဆိုတဲ့ အမှန်တရားကို ခါးခါးသီးသီး ငြင်းဆန်ပြီး ခေါင်းအထပ်ထပ် ခါနေသလိုမျိုးပေါ့။ လူ့အဖွဲ့အစည်းဟာ တစ်ခါတစ်ရံ မြီးကောင်ပေါက်ကလေးတစ်ယောက်လိုပဲ။ မရင့်ကျက်ဘူးလေ။

အဲဒီအချိန်မှာ သူတို့ မျက်နှာလွှဲထားတဲ့ အမှန်တရားကို ပကတိအတိုင်း လက်ညှိုးထိုးပြမယ့်သူ ပေါ်လာရင် မကြိုက်ချင်ဘူး။ အဲဒီလူကို ဝိုင်းပြီး ရန်လုပ်တော့တာပဲ။ သူတို့ရဲ့ သာယာနေတဲ့ စိတ်ကူးယဉ်အိပ်မက်လေးကို လှုပ်နှိုးတဲ့ 'ရာဇဝတ်ကောင်' ‥ ပေါ့။

အခုလည်း . . .

ဆရာမဟာ ကြွေးရှင်နဲ့ တစ်ဂိုဏ်းတည်း ဖြစ်နေတယ်လို့ ကျွန်တော်ပြောတာကို ကြိုက်ကြလိမ့်မယ် မဟုတ်ဘူး။ မကြိုက်ပေမဲ့လည်း ကျွန်တော်ကတော့ ပြောရမှာပဲ။

■





(၇)

ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ ဆရာ ဆရာမတွေထဲမှာ ဒါမျိုး မတွေ့ဖူးဘူး။ အဲဒီတုန်းကတော့ ပိုက်ဆံနဲ့ပတ်သက်လာရင် ဘူခြွေရတယ်ပေါ့။ အရမ်းကြီး မလိုအပ်လောက်တဲ့ ပမာဏအထိ ပြည့်စုံတာလား။ ဒါမှမဟုတ် နည်းနည်းပါးပါး လိုအပ်ပေမဲ့လို့ ဆရာဆိုတဲ့ ဂုဏ်သိက္ခာ မဆုံးရှုံးအောင် တောင့်ခံဟန်ဆောင်နိုင်တာပဲလား။ တစ်ခုခုပေါ့လေ။

သေချာတာကတော့ ကျွန်တော် စာသင်သားဘဝတုန်းက ဆရာမတွေဟာ ဈေးသည်နဲ့ မတူခဲ့ဘူး။ ကြွေးရှင်နဲ့ မတူခဲ့ဘူး။ ဆရာဟာ အမှန်တကယ်ကို ဆရာနဲ့ တူခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အမှန်တကယ် ‥'ဆိုတဲ့ စကားလုံးကို သုံးစွဲမိတော့ ကြီးဒေါ်ရဲ့ ယောက်ျား လူမမာပြောတဲ့စကားကို ပြန်သတိရမိတယ်။

''**အမှန်က** ဘာဖြစ်သင့်သလဲဆိုတာ သိတော့ သိသပေါ့ကွာ။ ဒါပေမဲ့ အဲဒီအတွက် ပိုက်ဆံမှ မတတ်နိုင်တာကိုး။ ငွေတွင်းက နက်တယ် ‥ ငါ့တူရ''... တဲ့။

ကျူရှင်လခကို နေ့တိုင်း အကြွေးလာလာတောင်းနေတဲ့ ဆရာမအတွက်ရော ငွေတွင်းက အတော်နက်နေသလား မသိပါ။ ဒါမှမဟုတ် ပိုက်ဆံရဖို့ကလွဲရင် ဆရာဂုဏ်သိက္ခာတွေ ဘာတွေကို ဂရုကိုမစိုက်တော့တာလည်း ဖြစ်နိုင်ပါတယ်။

ချောင်းစပ်နားကို ကျွန်တော်လမ်းလျှောက်သွားတော့ မျောချင်ရာ မျောနေတဲ့ လေ့ပျက်တစ်စင်းက ရှိနေတုန်းပဲ။ ရွှံ့ညွန်အထပ်ထပ်နဲ့ လတာပြင်ဟာလည်း အရင်အတိုင်း ပြာညစ်ညစ်ဖြစ်နေတုန်းပဲ။

အဝေးတစ်နေရာမှာရှိတဲ့ မူလတန်းကျောင်းဆီက ကလေးငယ်လေးတွေ ပြိုင်တူသံညီ နှုတ်ဆက်လိုက်ကြတဲ့ ...

''မင်္ဂလာပါ ‥ ဆရာမ''

ဆိုတဲ့ အသံရှုးရှုးလေးတွေဟာ လေထဲမှာ လွင့်ပျံ့လာတယ်။

ဘာပဲဖြစ်ဖြစ် (လူ့အဖွဲ့အစည်းကို တိရစ္ဆာန်ဘဝ လျှော့ကျမသွားအောင်တော့) စာသင်ပေးတဲ့ ဆရာ ဆရာမတွေကို လေးစားရမယ်ဆိုတဲ့ စည်းကို ထားရမှာပဲ။

ဒါပေမဲ့ ...





အဲဒီ စည်းဟာ ပိုက်ဆံရှာတဲ့နေရာ၊ ကြွေးတောင်းတဲ့နေရာမှာ သုံးဖို့တော့ မဟုတ်ဘူးလေ။ ဆရာဆိုတာကို ဈေးသည်တွေ ကြွေးရှင်တွေနဲ့ တစ်ဂိုဏ်းတည်း မမြင်ချင်ဘူးဗျာ။

ဘာပဲဖြစ်ဖြစ် ...

မနက်ဖြန် ဆရာကန်တော့ပွဲကိုတော့ ရောက်အောင်သွားဦးမှပဲလေလို့ ကျွန်တော့်စိတ်ထဲက တွေးနေမိတယ်။

■

မင်းခိုက်စိုးစန်
ရှန်း ၁၄ · ၂၀၁၄

www.burmeseclassic.com



# ကြိုးတိုက်ထဲက မိန်းမများ

ထက်မြတ်နိုင်ဇင်

(၁)

ကျွန်မက ကိုကို လက်ဆောင်ပေးသည့် လက်စွပ်လေးကို ကြည်နူးစွာ ငေးစိုက်ကြည့်နေမိ၏။ ပလက်တီနမ်ကို စိန်ပွင့် ငါးလုံး မြှုပ်ထားသည့် အသည်းပုံဒီဇိုင်းလေးမို့ ချစ်စရာကောင်းနေလေသည်။ တကယ်ဆို ကိုကိုက မနေ့ကမှ ဂျပန်က ပြန်ရောက်ခဲ့တာပင်။ ဂျပန်ကို ရောက်သည့်နေ့ကသာ ဖုန်းဆက်ပြီး ၁၀ ရက်ကြာသည်အထိ ဖုန်းမဆက်ဘဲ အခုမှ ကောက်ခါငင်ခါကြီး ပြန်ရောက်လာ၏။ ကိုကိုက "Star Auto Mobile Service" ၏ C.E.O ဆိုတော့ အလုပ်ရှုပ်တာကို

www.burmeseclassic.com

နားလည်ပေးနိုင်ပါသည်။ သို့သော် တစ်ခါတလေ ကိုယ့်ချစ်သူ၏ အချိန်တွေကို အပြည့်အဝမရဘဲ တခြားတစ်ယောက်နှင့် ခွဲယူနေရသလို ဖြစ်နေသည့် ထို 'အလုပ်' ကို မနာလိုတောင် ဖြစ်မိ၏။ ထို 'အလုပ်' က သက်ရှိတစ်ယောက်သာ ဖြစ်မည်ဆိုလျှင် ကျွန်မ သူ့ကို ကုပ်က ကိုင်ပြီး ဆွဲဆောင့်ပစ်ချင်သည်။

အခု ကိုကိုက ပြန်ရောက်လာတော့ ကျွန်မကို ချော့နေကျ ထုံးစံအတိုင်း လက်ဆောင်တစ်ခုပေးကာ ချော့ဖို့ ပြင်နေလေပြီ။ ဒါပေမဲ့ အခု တစ်ခါလက်ဆောင်ကတော့ ထူးခြားနေ၏။ ပုံမှန် ချော့ရိုးချော့စဉ် အတိုင်း ကျွန်မစိတ်ကောက်ပြေဖို့သက်သက်မဟုတ်ဘဲ ကျွန်မကို လက်ထပ်ခွင့်တောင်းသည့် လက်စွပ်လေးဖြစ်နေလေသည်။ ကိုကိုက လက်စွပ်လေးပေးကာ ကျွန်မကို 'လက်ထပ်ပါရစေ' ဟု ပြောရင်း ကျွန်မ ရှေ့သို့ ဒူးထောက်ထိုင်ချလိုက်သည်။ ကျွန်မ ရင်ခုန်သွားမိ၏။

ကိုကိုက ကျွန်မနှင့် ချစ်သူဖြစ်ကြသည့် နှစ်နှစ်အတွင်း ကျွန်မကို အမြဲအလိုလိုက်သည်။ ကျွန်မမျက်နှာ တစ်ချက်အညှိုးမခံဘဲ အရိပ်တကြည့်ကြည့် ချစ်ခဲ့သည်။ ပြီးတော့ သူ ကျွန်မကို သိပ်ချစ်မှန်း ပါးစပ်က ဖွင့်မပြောလျှင်တောင် သူ့မျက်လုံးကြည့်တာနှင့် သိပ်သိသာသည်။ ကျွန်မလည်း ထိုအတိုင်းပင်၊ တစ်သက်မှာ တစ်ယောက်ဆိုသလို ကိုကို့ကို သိပ်ချစ်သည်။

''ကိုကို ညနေကျရင် မေတို့ မြို့ပြင်ကို ထွက်ပြီး ကားလျှောက်မောင်းရအောင်လေ''

''ညနေကျရင် ကိုကို မအားဘူးမေရဲ့၊ ညနေ ငါးနာရီမှာ အစည်းအဝေးရှိတယ်''





''ဟော ကြည့်၊ ကိုကိုက လုပ်ပြီ''

ကျွန်မက ကိုကို့ရင်ခွင်ထဲမှ ရုန်းထွက်ကာပြောလိုက်ပြီး နှုတ်ခမ်းကို စူထားလိုက်သည်။

''ကိုကိုကလေ တကယ်ပဲ၊ ပြောတော့ဖြင့် ချစ်တယ် ချစ်တယ်နဲ့ သူ့အလုပ်ကိုပဲ ဦးစားပေးချင်နေတယ်၊ တော်ပြီ ... ပြန်တော့မယ်''

''မဟုတ်တာ၊ ကိုယ် လိုက်ပို့ပေးမှာပေါ့ မေရဲ့။ အခုမှ အစောကြီး ရှိသေးတယ်၊ မပြန်ရသေးပါဘူး။ အခုမှ ကိုယ့်ချစ်သူနဲ့ ကြည်နူးလို့ကောင်းတုန်းပဲ ရှိသေးတာ၊ ကိုယ်က မေ့ကို အရမ်းလွမ်းနေတာကွ ... သိလား''

ကိုကိုက ပြောပြီး ကျွန်မ လက်ဖမိုးလေးကို သူ့နှုတ်ခမ်းနှင့် ထိကာ နမ်းမွှေးလိုက်၏။ ကျွန်မက ပြုံးတုံ့တုံ့ဖြင့် မျက်စောင်းထိုးရင်း ...

''တော်ပါ ကိုကိုရာ၊ သူ ခရီးသွားနေတုန်းကဖြင့် ဖုန်းမဆက်ဘဲနဲ့၊ ဘာလွမ်းတာလဲ .. လာချွဲမနေနဲ့''

''မဟုတ်ပါဘူးကွာ၊ ကိုယ် တကယ်အလုပ်ရှုပ်နေလို့ပါ၊ စိတ်ထဲမှာတော့ မေ အမြဲရှိတယ်''

''ဟင်း ... ထားလိုက်ပါတော့၊ ကိုကိုလည်း ဝန်ရှလည်ဦးမှာပါနော်၊ နောက်လထဲကျရင် မေလည်း ရုံးက ရာထူးတိုးစာမေးပွဲ ရှိတယ်။ အဲဒါ နေပြည်တော်မှာ သွားဖြေရမှာ၊ နှစ်ရက် သုံးရက်ကြာမှာ သိလား .. အဲဒီတော့မှ ကိုကို့ကို ဖုန်းမဆက်ဘဲ နေပစ်လိုက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လို ‥ မေက နေပြည်တော်သွားရမယ် ဟုတ်လား''

''ဟုတ်တယ် ကိုကိုရဲ့၊ အခု မေက ဌာနမှာ အကြီးတန်းစာရေးဆိုတော့ ဦးစီးအရာရှိဖြစ်ဖို့ စာမေးပွဲဖြေရမှာလေ။ လူတွေ အများကြီး ရွေးတာမဟုတ်ဘူး ကိုကိုရဲ့၊ စာမေးပွဲဖြေဖို့တောင် ဆယ်ယောက်ပဲ ရွေးတာ''

''ဟင် ‥ မေကလည်း မေ့အတွက်က ရာထူးတိုးဖို့ လိုလို့လား။ ကိုယ်နဲ့ လက်ထပ်ပြီးရင် မေက အလုပ်ကတောင် အပြီးထွက်ရဦးမယ့်ဟာကိုပဲ ‥ မဟုတ်ဘူးလား''

''ဟင် ‥ အလုပ်ထွက်ရမယ်၊ ဘာလို့လဲ ကိုကိုရဲ့''

''ဪ ‥‥ မေရယ်၊ ကိုယ်က ကိုယ့်ချစ်သူကို ပင်ပင်ပန်းပန်း မလုပ်စေချင်လို့ပေါ့၊ ကိုယ်က မေ့ အချိန်တွေကို တခြားလူတွေအတွက် မသုံးစေချင်ဘူး။ ကိုယ့်အတွက်ပဲ ဖြစ်ရမယ်။ နောက်ဆိုရင် မေက ကိုယ့်အိမ်ရှင်မဖြစ်တော့မှာလေ ‥ ပြီးတော့ ကိုယ့်ရင်သွေးလေးတွေရဲ့ အမေ ဖြစ်လာမှာ မဟုတ်လား''

ကိုကိုက ကျွန်မ ဆံပင်လေးများကို တယုတယ ကိုင်ကာ ပြောနေလေ၏။

''အို ‥ ကိုကိုကလည်း မဆိုင်လိုက်တာ၊ ပြီးတော့ မေလည်း ရုံးအလုပ်လုပ်ရတာ မပင်ပန်းပါဘူး''

''မဟုတ်ဘူးလေကွာ၊ ကိုကိုက မေ့ကို တင့်တောင့်တင့်တယ် ထားနိုင်တယ်လေ။ မေ အလုပ်လုပ်ဖို့မှ မလိုတာ၊ နေစရာ အိမ် အဆင်သင့် ရှိတယ်။ မေ ကြိုက်တာသုံးဖို့ ကိုယ်က





ပိုက်ဆံတွေ ပေးထားနိုင်တယ်လေ။ ကဲ ‥ မေ့အတွက် ဘာလိုသေးလို့လဲ''

ကိုကို့စကားအဆုံးတွင် ဘာပြောရမည်မသိဘဲ နှုတ်ဆွံ့အသွားမိသည်။

ကိုကို အခုလိုပြောတော့လည်း ဟုတ်သလိုလိုတော့ ရှိသား။

''ကဲပါ ကိုကိုရယ်၊ လက်ထပ်ဖို့ဖြင့် အဝေးကြီး လိုပါသေးတယ်၊ အဲဒီအကြောင်း အခု မဆွေးနွေးသေးဘူးနော်၊ ဘာပဲဖြစ်ဖြစ် ကိုကို့ကို မေချစ်တယ်''

ကျွန်မက ပြောရင်း ကိုကို့ရင်ခွင်ထဲသို့ တိုးဝင်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်မက ကိုကိုတို့တိုက်ခန်းလှေကားမှ ဆင်းလာသည့်အချိန်ထိတိုင် ရင်ခုန်မှုက မပြေပျောက်သေး။ ကိုကို့ မေမေရဲ့ စူးစူးရှရှ မျက်ဝန်းတွေကိုပဲ မြင်ယောင်နေမိသည်။ ကိုကိုက ကျွန်မကို သူ့မေမေနှင့်တွေ့ဖို့ သွားရအောင်ဟု ပြောခဲ့တုန်းက ကျွန်မစိတ်ထဲ ဘယ်လိုမှ မခံစားရဘဲ အသာတကြည် လက်ခံခဲ့သည်။ အိမ်ကိုရောက်တော့မှ ကျွန်မစိတ်ထဲတွင် ဘာမှန်းမသိသည့် တင်းကျပ်မှုများက ခန္ဓာကိုယ်တစ်ခုလုံး တုပ်နှောင်လိုက်သလို ခံစားခဲ့ရ၏။

စိတ်ကျဉ်းကျပ်မိသည်မှလွဲ၍ အရာအားလုံး အဆင်ပြေပါသည်။ ကိုကို့အမေက စိတ်သဘောထားကောင်းသည့် အမျိုးသမီးကြီးပင်။ သို့သော် သူ့ညြဇာက အားလုံးကို လွှမ်းမိုးထားနိုင်သည်ဆိုတာကတော့ သိသာစေသည်။





"မေ . . . ဘယ်လိုဖြစ်နေတာလဲ၊ မေ့ပုံစံက တစ်ခုခု ဖြစ်နေသလိုပဲ"

"ဘာမှ မဖြစ်ပါဘူး ကိုကိုရဲ့၊ ယောက္ခမလောင်းကြီးနဲ့တွေ့ပြီး ပြန်လာတော့လည်း ရင်တုန်နေတာပေါ့"

"ဟား . . ဟား . . ဟား . . မေကတော့လေ"

ကိုကိုက ကျွန်မခေါင်းလေးကို ပုတ်ကာ အားရပါးရ ရယ်လိုက်၏။

ထိုစဉ် ကိုကို့ ဟန်းဖုန်းမှ ဖုန်းမြည်လာသည်။ ကိုကိုက ဖုန်းထူးလိုက်ပြီး 'ဟုတ်ကဲ့ . . ဟုတ်ကဲ့' ဟုပြောကာ ဖုန်းချလိုက်၏။ ပြီးနောက် ကိုကိုက . . .

"မေရေ . . ကိုယ် အရေးကြီးတဲ့ဧည့်သည်တစ်ယောက်နဲ့ New Ayeyar ဟိုတယ်မှာ ခဏသွားတွေ့ရမယ်၊ သိပ်မဝေးဘူး။ ဗိုလ်အောင်ကျော်လမ်းမှာတင် . ."

"ဟင် . . ဒါဆို မေက ဘယ်လိုလုပ်ရမလဲ။ မေ့ဘာသာ ပြန်ရမလား"

"ကိုယ်က သိပ်မကြာဘူး မေရဲ့၊ နာရီဝက်လောက်ပဲ။ ဒီလိုလုပ် . . ကိုယ့်မရီးအိမ်မှာ ခဏနေခဲ့ဦး"

"ဟင် . . ဘယ်မှာလဲ၊ အဝေးကြီးလား"

"မဟုတ်ဘူးလေ၊ ဒီမြေညီထပ်က ကိုယ့်မရီးနေတာလေ၊ ပထမထပ်မှာက ကိုယ်တို့နေတယ်"

ထို့သို့ဖြင့် ကျွန်မကို ကိုကို သူ့မရီး မမခွေနှင့် မိတ်ဆက်ပေးပြီး ဧည့်သည်ဆီတွေ့ဖို့ ထွက်သွား၏။ မမခွေက ကျွန်မကိုတော့



www.burmeseclassic.com

www.burmeseclassic.com



တော်တော်အသက်ကြီးမည့်ပုံပင်။ ချည်ရင်ဖုံးအင်္ကျီပွပွကို ပါတိတ်ထဘီ တစ်ပတ်နွမ်းနှင့် တွဲဝတ်ထားပြီး ဆံပင်ကိုတော့ ဘီးကြော့ပတ်ထားသည်။

''ခဏ ထိုင်ဦးနော် ညီမ၊ မခွေ နောက်ထဲမှာ ကလေးရေချိုးပေးလက်စကြီးနဲ့မို့နော်''

''ဟုတ်ကဲ့ . . ရပါတယ်၊ မမခွေ သွားပါ''

''အလတ်ကောင်ရေ ရေတွေကို ဘာလို့ သွန်ချပစ်နေတာလဲ၊ ငါ လာပြီ . . နင်တော့ အရိုက်ခံဖို့သာပြင်''

ဟု ပြောရင်း နောက်ထဲသို့ အပြေးတစ်ပိုင်း ဝင်သွား၏။ ကျွန်မလည်း ဘာရယ်မဟုတ် စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကောက်ဖတ်နေလိုက်သည်။ ဂျာနယ်က အလယ်ခေါင်စာရွက်တွေ ပြုတ်ထားပြီး မင်တွေနှင့်လည်း လျှောက်ခြစ်ထား၏။

''ဩော် . . ကလေးတွေ ကစားထားတာ ထင်တယ်'' ဟု တွေးပြီး မဖတ်တော့ဘဲ ပြန်ချထားလိုက်၏။ ထိုစဉ်အခန်းထဲမှ ကလေးငိုသံ စူးစူးဝါးဝါး ထွက်ပေါ်လာသည်။ တစ်ဆက်တည်း . .

''ဟဲ့ . . ဟဲ့ . . ရှော့ . . ရှော့၊ ကိုယ့်ဘာသာ ရေလောင်းစမ်း၊ ဟိုမှာ အငယ်လေး နိုးလာပြီထင်တယ်''

မမခွေက ပြောလည်းပြောရင်း သွက်လက်စွာဖြင့် အခန်းထဲသို့ ပြေးဝင်သွားပြန်၏။ ကလေးချော့မြူသံနှင့်အတူ တစ်နှစ်အရွယ်ကလေးလေးတစ်ယောက်ကို ရင်ခွင်ပိုက်ချီပွေ့ပြီး အခန်းထဲမှ ထွက်လာသည်။ ထို့နောက် ကျွန်မရှေ့ခုံတွင် ဝင်ထိုင်လိုက်ရင်း ကလေးကို နို့လှန်တိုက်လိုက်၏။





''ပျင်းနေပြီလား ညီမလေး၊ အားနာလိုက်တာ''

''ရပါတယ် မမခွေရယ်၊ ညီမ နေတတ်ပါတယ်၊ ဒါနဲ့ မမခွေက ကလေးဘယ်နှယောက်ရှိတာလဲ''

''ကလေးက သုံးယောက်ရှိတယ် ညီမရဲ့၊ အကြီးကောင်က ငါးတန်း၊ အခု ကျူရှင်သွားတယ်၊ အလတ်ကောင်က နှစ်တန်း၊ အခုနောက်ဖေးမှာ ရေချိုးနေတဲ့ကောင်ပေါ့။ အငယ်လေးက ဒီမှာလေ၊ တစ်နှစ်ပဲ ရှိသေးတယ်၊ အားလုံး သားတွေချည်းပဲ၊ ကဲတာလည်း လက်လက်ကို စင်နေတာပဲ။ ဟင်း . . ဟင်း . . ဟင်း''

ထိုစဉ် နောက်ဘက်မှ ရေဇလုံကို ဖလားခွက်နှင့် ရိုက်နေသည့်အသံ ကြားလိုက်ရသည်။

''ဟဲ့ . . ဩော် . . အလတ်ကောင်၊ နင် မတော်သေးဘူးလား၊ အခု ရေဖလားခွက်ကို ချထားလိုက်စမ်း၊ သွား အခန်းထဲဝင်ပြီး အဝတ် အစားလဲတော့၊ ငါ ဒီမှာ ဧည့်သည်နဲ့ စကားပြောနေတယ်နော်''

မမခွေက နောက်ဘက်က သားဆီကို အော်ပြောလိုက်သည်။ ကလေးလေးက ရေခွက်ကို ဇလုံထဲသို့ ဝုန်းခနဲ ပစ်ချပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားလေ၏။ မမခွေက . . .

''အဲဒါသာ ကြည့်တော့ ညီမရေ၊ တစ်နေ့နေ့ ပင်ပန်းလိုက်တာဆိုတာလည်း မပြောပါနဲ့တော့၊ ပြောရတာ အာကို ပေါက်ရောပဲ။ အိမ်က ခေါ်ထားတဲ့ကောင်မလေးကလည်း ကလေးတွေနဲ့အပြိုင် TV ကို လုကြည့်ချင်နေတဲ့လူမျိုး . . အဖော်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်၊ အားမကိုးရဘူး''

''ဪ . . ဒါနဲ့ မမဆွေ အမျိုးသားကရော၊ အလုပ်သွားတာလား''

''သူက ဒီမှာ မဟုတ်ဘူးလေ ညီမရဲ့၊ နိုင်ငံခြားသင်္ဘောလိုက်တယ်၊ တစ်နှစ်ကြာမှ တစ်ခေါက် ပြန်လာတာ''

''ဒါဆို မမဆွေ တစ်ယောက်တည်းပေါ့၊ ယောက်ျားက စိတ်ချလား''

''အပေါ်ထပ်က ယောက္ခမတွေနေတာဆိုတော့ ယောက်ျားက စိတ်ချတယ်နဲ့ တူပါတယ်ညီမရယ်၊ နောက်မို့ဆို သူလား စိတ်ချမှာ၊ ပြီးတော့ မမဆွေကလည်း အခုလို အဘွားကြီးဆိုပေါက်စပုံစံ ပေါက်သွားလို့လည်း ပါမှာပေါ့၊ နောက်ပြီး ကလေးကလည်း သုံးယောက်တောင် ထွက်ထားပြီးပြီလေ''

''မဟုတ်ပါဘူး၊ မမဆွေက ပြင်ပြင်ဆင်ဆင် နေလိုက်ရင် အရမ်းလှသွားမှာပါနော်''

''အံမယ်လေး . . . တော်ပါပြီ ညီမရယ်၊ ပြင်ပြင်ဆင်ဆင် နေဖို့အသာထား၊ ပူတာတောင် ဆံပင်ကို မဖြတ်ရဲဘူး၊ ယောက်ျားက မကြိုက်ဘူး ညီမရဲ့''

မမဆွေ၏ အပြောကြောင့် ကျွန်မအံ့သြသွားမိသည်။

''ဟင် . . . သူက ဘာလို့ မကြိုက်တာလဲ''

''သူပြောတာကတော့ ဆွေ့ကို ချစ်လို့လို့ ပြောတာပဲ''

ဟင် . . . ဘယ်လိုကြီးလဲ။ သူ ချစ်တာကလည်း အဆန်းပါလား။ ကိုယ့်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေတဲ့ ဆံပင်ကြီးကို သက်သောင့်သက်သာဖြစ်ချင်လို့ ဖြတ်ချင်တာတောင် သူက မကြိုက်ဘူးတဲ့လား။ အတ္တကြီးလိုက်တာ။

''မမဆွေဆို အိမ်ထောင်စကျကတည်းက နှုတ်ခမ်းနီလုံးဝ မဆိုးရတော့ဘူး၊ သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ အပြင် မထွက်ရဘူး။ အလှ လုံးဝ မပြင်ရဘူး၊ ဘယ်သွားသွားသူနဲ့ အတူသွားရတာ ညီမရဲ့''

ဟယ် . . အံ့သြစရာကောင်းလိုက်တာ။ မမဆွေယောက်ျားဆိုသည်မှာ ဘယ်လိုလူမျိုးပါလိမ့်။ သူ့မိန်းမဖြစ်သွားတာ တစ်ခုတည်းနှင့် မိန်းမတစ်ယောက်၏ အလွတ်လပ်ဆုံးဖြစ်သော အလှပြင်ဆင်ခွင့်ကိုတောင် ဆုံးရှုံးလိုက်ရပါလား။ အဲဒီဘဝမှာ မမဆွေတစ်ယောက် ဘယ်လိုများ နေသားကျသွားပါလိမ့်။ ကျွန်မက တွေးရင်း မမဆွေကို စာနာသက်စွာ ကြည့်မိလိုက်၏။

''အဲဒီလောက်တောင်ပဲလား မမဆွေရယ်''

''ဟုတ်တယ် ညီမရေ . .၊ တစ်ခါတလေ မဆွေရဲ့ ကျောင်းတုန်းက သူငယ်ချင်းတွေ လာလည်ရင်တောင် သူက မကြိုက်ချင်ဘူး။ အဲဒါနဲ့ နောက်တော့ သူငယ်ချင်းတွေက သိသွားပြီး မလာရဲကြတော့ဘူးလေ''

ဘုရား . . . ဘုရား။ နားရှိလို့သာ ကြားရသည်။ အဲဒီလောက် အတ္တကြီးသော သတ္တဝါသည် ဘယ်လို သတ္တဝါပါလိမ့်။ လူဆိုသည်မှာ အပေါင်းအသင်း ပတ်ဝန်းကျင်နှင့် ရှင်သန်နေထိုင်ရသည်ဆိုသည်ကို သူ မသိဘူးလား။ ကျွန်မက တွေးရင်း မမဆွေအစား ဒေါသထွက်သွားသည်။

www.burmeseclassic.com



"မမဆွေက ဘာနဲ့ ကျောင်းပြီးတာလဲဟင်"

"မဆွေက ပညာရေးကောလိပ်က ကျောင်းပြီးတာ ညီမရဲ့၊ ကျောင်းပြီးကာစကတော့ အလုပ်တစ်နှစ်လောက် ဝင်လုပ်သေးတယ်၊ သူနဲ့ လက်ထပ်ပြီးတော့မှ အလုပ်က ထွက်လိုက်ရတာ"

ဟင် . . ပညာတွေ တတ်ရဲ့သားနှင့် တိုင်းပြည်အတွက်လည်း အကျိုးမပြုရာတဲ့ အရည်အချင်းတွေကို ချိုးနှိမ်ခံထားရသည်။ သေချာပါပြီ ဒီလူသည် မမဆွေကို ငွေဝယ်ကျွန်တစ်ယောက်လို အပိုင်သိမ်းသွားခဲ့သည်။ ရင်နာစရာ ကောင်းလိုက်တာ။

ကျွန်မက စဉ်းစားရင်း မမဆွေ၏ ဘဝကို အလွန်ပဲ စိတ်ပျက်သွားမိ၏။

"ကြာပြီလေ၊ အကြီးကောင်ရဲ့ တစ်သက်ပေါ့။ မဆွေက အိမ်ထောင်ကျပြီးပြီးချင်းမှာပဲ ကလေးတန်းယူရတာ၊ မဆွေ အသက် ၁၉ နှစ်မှာ အိမ်ထောင်ကျတာလေ"

"ဟင် . . ဒါဆို မမဆွေက အသက်ဘယ်လောက်ရှိပြီလဲ"

"၂၉ ထဲမှာပေါ့ ညီမရယ်"

"ဟင်"

ကျွန်မသည် မမဆွေ၏ စကားအဆုံးတွင် မှင်တက်သွားမိ၏။ ကျွန်မက မမဆွေကို ၃၅ နှစ်လောက်ရှိပြီလို့ ထင်ထားတာ။ ဘုရားရေ . . ဒါဆို မမဆွေက ကျွန်မထက် ၄ နှစ်ပဲ ကြီးသည်ပဲ။ တစ်ဆက်တည်းမှာပင် မမဆွေ၏ ယောကျ်ားဆိုသည့် လူသည် မမဆွေ၏ ရှင်သန်ခွင့်နှင့် ဖြစ်တည်မှုအဓိပ္ပာယ်တွေကို ဝါးမျိုစားသောက်ပစ်





လိုက်သော လူ့ဘီလူးတစ်ကောင်ဖြစ်သည်ဆိုတာ သေချာသွားတော့သည်။

'ဩော် . . လောကကြီးမှာ ဒီလို ယောကျ်ားမျိုးတွေလည်း ရှိပါသေးလား"

အပြန်လမ်းမှာတော့ ကျွန်မက လေးလံတင်းကျပ်သော အတွေးများနှင့် လွင့်မျောနေမိ၏။ ကားထဲက Air Con ကို တောင် ကျွန်မစိတ်ထဲ သိပ်မအေးသယောင် ခံစားနေရသည်။ တရိပ်ရိပ်ဖြတ်သွားသည့် ကားများကို ငေးကြည့်ရင်း ဘာမှန်းမသိသော စိုးရိမ်ပူပန်မှုတွေက ရင်ထဲသို့ အစုလိုက် အပြုံလိုက် တိုးဝင်လာ၏။ ကိုကိုက . . .

"မေ ဘာဖြစ်နေတာလဲဟင်၊ နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကို"

"မေ့မျက်နှာလေးက မလန်းသလိုပဲ၊ မဆွေရဲ့ကလေးတွေကဲလို့ စိတ်ရှုပ်သွားတာလား၊ ဒါမှမဟုတ် ကိုကိုသွားတာကြာလို့ စိတ်ဆိုးနေတာလားဟင်"

ကျွန်မက ဘေးတစ်စောင်းမြင်နေရသည့် ကိုကို့မျက်နှာကို ငေးကြည့်လိုက်မိသည်။ ပြီးတော့ . . .

"ကိုကို၊ မဆွေရဲ့ အမျိုးသားက ကိုကို့ရဲ့ အစ်ကိုရင်းလားဟင်"

"ဟုတ်တယ်လေ မေရဲ့၊ ဘာဖြစ်လို့လဲ . . ကိုကြီးက အခုသဘော်လိုက်နေတယ်လေ"

"ဩော် . . သူတို့ အိမ်ထောင်ကျတာက ကြာပြီလား"

"ကြာပြီပေါ့ မေရဲ့ . . ကိုယ် ထင်တယ်၊ ၁၀ နှစ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေလောက်ပြီ။ ကိုကြီးက သူ့မိန်းမကို သိပ်ချစ်တာကွ။ သူတို့တွေ ရည်းစားဖြစ်ပြီး မကြာဘူး။ လပိုင်းပဲ ရှိဦးမယ်။ ကိုကြီးက အတင်းယူပါမယ်လုပ်လို့ ဖေဖေတို့က လိုက်တောင်းပေးထားတာလေ။ ပြီးတော့လည်း မကြာပါဘူး။ မိန်းမ စိတ်မချလို့ဆိုပြီး ကလေးယူခိုင်းလိုက်တာပဲ"

"ဟင် .. မဆွေကဖြင့် ငယ်ငယ်လေး၊ လှတုန်း ပတုန်း အရွယ်ပဲ ရှိသေးတယ်။ သူများတွေဆို အိမ်ထောင်ကျပြီး နှစ်နှစ်၊ သုံးနှစ်ကြာမှ ကလေးယူကြတယ်လို့ မေတော့ ကြားဖူးတာပဲ"

"ဒါတော့ ဒါပေါ့ မေရဲ့၊ ကိုကြီးက ဒီမှာ အမြဲရှိနေနိုင်တာမှ မဟုတ်တာ။ သူ့မိန်းမကို တစ်ယောက်တည်းထားခဲ့ဖို့ ဘယ်စိတ်ချမလဲ။ အိမ်ထောင်ကျပြီးပြီပဲ၊ မိန်းမက ဘာလုပ်စရာလို့ တော့လို့လဲ၊ ကလေးလေးတွေ မွေး၊ လင်သားကို ပြုစု ဒီလောက်နှင့်ပဲ မိန်းမသားဘဝက ပြည့်စုံပြီမဟုတ်လား။ ပြီးတော့ ကိုကြီးက သူ့မိန်းမကို ပြည့်ပြည့်စုံစုံ ထားပေးတာ ပဲလေ"

ကျွန်မက ကိုကို့အပြောကြောင့် တွေခနဲ စဉ်းစားငေးငိုင်သွားမိသည်။

ကိုကိုပြောသလို မိန်းမသားဖြစ်ရတဲ့ဘဝဆိုတာ ဒါပဲလား။

"ကိုကို ချစ်တယ်ဆိုတာ ဘာကိုပြောတာလဲ"

"ချစ်တယ်ဆိုတာ ပိုင်ဆိုင်ဖို့ပေါ့ မေရဲ့၊ ကိုယ်ချစ်တဲ့ ကိုယ့်ချစ်သူကို ပိုင်ဆိုင်ထားချင်တာ၊ တခြားယောက်ျားတွေက ကိုယ့်ချစ်သူလှလို့ ငေးတာကို မခံချင်တာ၊ ကိုယ့်ချစ်သူရဲ့ အချိန်တွေတိုင်းကို ကိုယ်တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တာ၊ အဲဒီလိုမျိုးပေါ့"

"ဒါဆို ကိုကိုက မေ့ကိုချစ်တယ်ဆိုတာလည်း အဲဒီလိုမျိုး လား"

"ဟင့်အင်း .. အဲဒါထက်ကို ပိုတယ်၊ ကိုယ်ကလေ မေ့ကို သိပ်ချစ်တယ်။ အဲဒါကြောင့်လည်း မေ့ဆီက လက်ထပ်ခွင့် ကို တောင်းခဲ့တာပေါ့"

ပုံမှန်အချိန်ဆိုရင်တော့ ကိုကို့စကားတွေအပေါ် ကျွန်မ ကြည်နူးမိမှာ သေချာသည်။ 'ငါ့အပေါ် သိပ်ချစ်တဲ့ ကိုကိုရယ်' လို့ ထွေးယူကျေနပ်မိမှာ မလွဲချေ။ အခုတော့ ကျွန်မရင်ထဲတွင် ကြည်နူးမှုတွေအစား ဘာမှန်းမသိသည့် ဖိစီးတင်းကျပ်မှုတွေပဲ ရောက်လာခဲ့သည်။

ထိုနေ့က အိမ်ပြန်လမ်းတစ်လျှောက်လုံးကို ပင်ပန်းကြီးစွာ မြှတ်သန်းခဲ့ရတော့သည်။

■







www.burmeseclassic.com

www.burmeseclassic.com



(၃)

လေးလံတင်းကျပ်နေသည့် အတွေးများက ညအထိတိုင် ကျွန်မကို တွန်းထိုးနှိပ်စက်နေပြန်သည်။ အရင်ကဆိုလျှင် ခေါင်းအုံးပေါ် ခေါင်းချလိုက်ကတည်းက အလိုလို ပိတ်သွားတတ်သည့် မျက်လုံးတွေက အခုတော့ ပြူးတူးကြောင်တောင် ဖြစ်နေချေပြီ။ ပြီးတော့ မျက်လုံးထဲတွင်လည်း မမဆွေ၏ ပုံရိပ်တွေကို တဖျပ်ဖျပ် ပြေးပြီး မြင်ယောင်နေမိသည်။

အသက် ၂၉ နှစ်အရွယ် မိန်းမသားတစ်ယောက်၏ နေ့စဉ်ဖြတ်သန်းနေရသည့်ဘဝက ကလေးသုံးယောက်ကို ထိန်းဖို့ အိမ်မှုကိစ္စတွေကို လုပ်ဖို့ အဝေးမှာ စီးပွားသွားရှာနေသည့် လင်ယောက်ျားပြန်အလာကို မျှော်ဖို့ ဒါတွေပဲလား။ ဒါသည် လက်ထပ်ပြီးသား မိန်းမတစ်ယောက်၏ လူ့လောကကြီးမှာ သူရှင်သန်နေထိုင်ဖို့ ဘဝအဓိပ္ပာယ်လား။ ပြီးတော့ တစ်ယောက်နှင့်တစ်ယောက် ချစ်သည်ဆိုသည်ကရော ဘာလဲ။





ချစ်တယ်ဆိုတာ လူတစ်ယောက်က အခြားလူတစ်ယောက်၏ ဘဝတစ်ခုလုံးကို စိတ်ကြိုက်ခြယ်လှယ်ခွင့်ပေးလိုက်သည့် ပါမစ်တစ်ခုလား။ အထူးသဖြင့် ယောက်ျားတစ်ယောက်သည် မိန်းမတစ်ယောက်ကို လက်ထပ်လိုက်ပြီဆိုသည်နှင့် သူပိုင်ပစ္စည်းတစ်ခုကဲ့သို့ ထိုမိန်းမ၏ ဖြစ်တည်ခွင့်၊ ဘဝ၊ စိတ်ဝိညာဉ်၊ နှလုံးသား၊ လွတ်လပ်ခွင့်အားလုံးကို ထိန်းချုပ်ကန့်သတ်ခွင့် ရှိသွားပြီလား။ ကျွန်မ တွေးနေမိ၏။

ဟင့်အင်း။ ကျွန်မကတော့ ဒါကို လက်ခံပါဘူး။

ဒါဟာ အချစ်ဆိုသော လက်နက်တစ်ခုကို အသုံးချပြီး လူတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်နှင့် ရှင်သန်မှုအဓိပ္ပာယ်တွေကို သတ်ပစ်လိုက်တာနှင့် အတူတူပါပဲ။

ကျွန်မသိထားသည့်အချစ်ဆိုသည်က တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အလေးထားဖို့ တစ်ယောက်၏ ပျော်ရွှင်မှုကို တစ်ယောက်က လိုလားဖို့၊ ပြီးတော့ တစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်ကို တစ်ယောက်က အထူးတန်ဖိုးထားလေးစားဖို့နှင့် အဓိကက တစ်ယောက်၏ဘဝကို တစ်ယောက်က အကျဉ်းချမထားမိဖို့ပါ။

ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို လက်ထပ်ပြီး လိုလေသေးမရှိ၊ ပြည့်ပြည့်စုံစုံ ထားပေးတာနှင့် ထိုလူကို လင်ယောက်ျားကောင်းတစ်ယောက်ဟု မပြောနိုင်ဘူးဆိုသည်ကို မမဆွေ၏ဘဝကို မြင်လိုက်သည်နှင့် ကျွန်မ သဘောပေါက်သွားသည်။

ကိုကိုကရော ဘာထူးလဲ။

သူနှင့် လက်ထပ်ပြီးရင် ကျွန်မကို ပြည့်ပြည့်စုံစုံ ထားပေးမယ်။ မေ အလုပ်က အပြီးထွက်ပါတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကို စကြားကာစကတော့ ဟုတ်သလိုလို ထင်မိသေး
သည်။

အခုတော့ ဟင့်အင်း ..၊ ပြည့်စုံသည်ဆို ရုပ်ဝတ္ထုပစ္စည်းတွေ
အနေနှင့်သာ အားလုံးပြည့်စုံသွားမှာပါ။ အဲဒီ ရုပ်ဝတ္ထုပစ္စည်းတွေနှင့်
တော့ ကျွန်မရဲ့ အဓိပ္ပာယ်ရှိလှသော ရှင်သန်နေသည့်ဘဝလေးကို
သတ်မပယ်နိုင်ပါဘူး။

'အချစ်' ဆိုသည့် စိတ္တဇနောမ်အတွက် ကျွန်မရဲ့လူဆိုသော
ဖြစ်တည်ရှင်သန်ခွင့်တွေ ပျောက်ဆုံးသွားမှာ စိုးလှပါသည် ကိုကိုရယ်
....။

ပြီးတော့ လက်ထပ်သည်ဆိုတာကရော ဘာလဲ။

လက်ထပ်တယ်ဆိုတာ ယောကျ်ားတစ်ယောက်၏ ပိုင်ဆိုင်ခွင့်
ထဲကို ကိုယ့်ဘဝတစ်ခုလုံး ပေးဆပ်လိုက်ရတာလား။

'လက်ထပ်ခြင်း' ကို မိန်းမတွေဟာ ကိုယ်ချစ်သော ယောကျ်ား
တစ်ယောက်က ဂုဏ်ပကာသနတွေနှင့် ထည်ဝါစွာ တည်ဆောက်ပေး
ထားတဲ့ ရဲတိုက်ကြီးတစ်ခုလို့ ထင်ကောင်းထင်နေကြပါလိမ့်မည်။

ဒါပေမဲ့ ကျွန်မလို ဘဝကို လွတ်လပ်စွာ ရှင်သန်ဖူးပွင့်ချင်
သော လူအတွက်တော့ အဲဒါကို ရဲတိုက်လို့မမြင်ဘဲ ကြိုးတိုက်လို့ပဲ
မြင်ပါသည်။

သေမည့်နေ့အထိ အကျဉ်းကျချထားမည့် ကြိုးတိုက်တစ်ခု
ပေါ့။

■





(နိဂုံး)

နောက်တစ်နေ့ကျလျှင် ကိုကို ပေးထားသည့် လက်စွပ်လေး
ကို ကျွန်မ ပြန်ပေးလိုက်တော့မည်။

အချစ်ပဲရှိရှိ၊ ပြည့်စုံခြင်းပဲရှိရှိ ရှင်သန်ခြင်းမရှိရင်တော့ ဘဝ
ဟာ အလကားပဲဆိုသည့်အကြောင်းကို ကိုကိုရှင်းပြလို့လည်း သူ
နားလည်နိုင်တယ် မထင်ပါဘူးလေ ...။

■

ထက်မြတ်နိုင်ဇင်
အမျိုးဝင်မဂ္ဂဇင်း၊ ၂၀၁၃



www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော့်ကို အမေ သတ်ခဲ့တယ်

မင်းခိုက်စိုးစန်



အပြင်မှာ မိုးတွေရွာနေတယ်။

ပြတင်းပေါက်ကနေ လှမ်းကြည့်လိုက်တော့ ဗြိတိသျှကိုလိုနီခေတ်လက်ရာ ခေါင်မိုးနီနီနဲ့ စာသင်ကျောင်းကြီးတစ်ကျောင်းကို လှမ်းမြင်ရတယ်။ အုတ်ကွက်တွေ ဖော်ထားပြီး အမိုးချွန်ချွန်နဲ့စိုစွတ် အပြိုင်ထိုးထောင်တက်နေတဲ့ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကိုလည်း မြင်နေရတယ်။

အရာရာတိုင်းဟာ မိုးရေစက်တွေကြားမှာ မှုန်ဝါးဝါးပဲ။

မိုးရေစက်မှုန်မှုန်လေးတွေက ပြတင်းပေါက်မှာ တပ်ထားတဲ့ အရှုတ်ကပ်မှန်ချပ်လေးတွေကြားထဲက လွင့်ဝဲပြီး ကျွန်တော့်စာရေးစားပွဲပေါ်က ရေးလက်စစာရွက်တွေပေါ် လာကျတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နေရာမရွေ့မိဘူး။ ဒီအတိုင်း ထိုင်နေဖြစ်တုန်းပဲ။ ပုံသဏ္ဌာန်မပျက် သေနေတဲ့ ကြောင်တစ်ကောင်လို့ ကိုယ့်ကိုယ်ကိုယ် ခံစားနေရတယ်။ တစ်ယောက်ယောက်ကတော့ ကျွန်တော့်ကို မြေကျင်းထဲ မြှုပ်ပစ်လိုက်သင့်နေပြီ။

မိုးကတော့ ရွာနေတုန်းပဲ။

ကျွန်တော့်ရှေ့တည့်တည့်မှာ ထိုင်နေတဲ့ ကျွန်တော့်ချစ်သူ ချာတိတ်မလေးကလည်း မလှုပ်မယှက်ထိုင်နေတုန်းပဲ။ စကားလည်း တစ်ခွန်းမှ မပြောဘူး။ ပြောနေစရာလည်း လိုမှ မလိုတော့ပဲလေ။ အားလုံး ပြီးဆုံးသွားပြီပဲ။

သူမ ဆက်ပြီးထိုင်နေတာကလည်း ဘာလုပ်ရမယ်မှန်း မသိလို့ ထိုင်လက်စနဲ့ နေနေတာလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် ကျွန်တော့်လိုပဲ သူမကိုယ်သူမ ကြောင်အသေကောင်လို ခံစားနေရတာလည်း ဖြစ်ချင်ဖြစ်မယ်။

ကျွန်တော် ဘယ်သိနိုင်ပါ့မလဲ။

ချစ်သူအချင်းချင်း တစ်ယောက်ရင်ထဲမှာ ဘာရှိသလဲ တစ်ယောက်က သိတယ်ဆိုတာ အလကား။ မသိဘူး။

တကယ်ဆိုရင် အခု ကျွန်တော့်စားပွဲပေါ်ကို တဖွဲဖွဲကျနေတဲ့ မိုးစက်ပွင့်တွေဟာ 'မသိဘူး မိုးစက်'တွေပဲ။ မှတ်သုံလေထဲမှာ ယိမ်းနွဲ့နေတဲ့ သစ်ရွက်စိမ်းစိမ်းတွေဟာလည်း 'မသိဘူး သစ်ရွက်'တွေပဲ။ အခန်းနံရံအောက်ခြေအစပ်မှာ ပုရွက်ဆိတ်ကလေးတွေ ချီသွားကြတဲ့ ထမင်းလုံးလေးတွေဟာလည်း 'မသိဘူး ထမင်းလုံး'တွေပဲ။ တိတ်တဆိတ် ငိုရှိုက်နေတဲ့ ကျွန်တော့်ချစ်သူရဲ့ ပါးပြင်ပေါ်က မျက်ရည်စ





မခြောက်တခြောက်တွေဟာလည်း 'မသိဘူး မျက်ရည်စက်'တွေပါပဲ။

ဘာဖြစ်လို့ မသိခြင်းတွေဟာ မြောင်းရေလို လျှံနေရတာလဲ။ တကယ်ဆို အားလုံးသိပြီးသားတွေပဲ မဟုတ်လား။ တစ်ချိန်ချိန်မှာ ဒီလိုနေ့ရက်မျိုး ရောက်လာမယ်ဆိုတာ ကျွန်တော်တို့နှစ်ယောက်စလုံး အသေအချာသိထားခဲ့ပါတယ်။

သူမက

"ဦး ‥ သမီးနဲ့ဦး လက်ထပ်ကြရအောင်နော်"

လို့ပြောတော့ ကျွန်တော် ခေါင်းခါပြလိုက်တယ်။ ကျွန်တော် သူ့ကို လက်ထပ်မှာမဟုတ်ဘူးဆိုတာ ဟိုးအစကတည်းက သူမ သိထားခဲ့ပြီးသားပဲ။

ဒါ စိတ်မချမ်းသာစရာ ကိစ္စတစ်ခုပါ (လက်ထပ်ဖို့ ငြင်းဆိုရတာကို ပြောပါတယ်)

ဒီလို နာကျင်စရာတွေ ဖြစ်လာမှာစိုးလို့ကို ကျွန်တော် သူမကို ဝေးဝေးမှာ ရှောင်ထားကြည့်ဖို့ ကြိုးစားခဲ့သေးတယ်။ သူမက လက်မခံဘူး။ အသက်ချင်း (၁၅) နှစ်တောင် ကွာတာကို အကြောင်းပြပြီး တူမလေး တစ်ယောက်လို ကလေးငယ်လေးတစ်ယောက်လို သဘောထားဖို့လည်း စိတ်ကို ဖြားယောင်းကြည့်သေးတယ်။ ဒါလည်း အချိန်ကာလတစ်ခု အထိပဲ ခံတယ်။

နောက်ဆုံး ကျွန်တော်ဟာ ဘယ်မိန်းကလေး တစ်ဦး တစ်ယောက်ကိုမှ လက်ထပ်မှာမဟုတ်တဲ့အကြောင်း၊ အများသူငါလို မှန်ဖြစ်မှာမဟုတ်တဲ့ ဘဝတစ်မျိုးနဲ့ နေထိုင်သွားမယ့်လူဆိုတာ နားသည်အောင် ရှင်းပြယူရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုလုပ်တော့လည်း နားလည်သွားသလိုလို၊ စည်းခြား သွားသလိုလိုနဲ့ နောက်ဆုံး ဒုံရင်းဒုံရင်းပါပဲ။

တစ်ရက် လသာလမ်းမှာ နံရိုးပေါင်းဆီချက်နဲ့ ကော်ရည် ခေါက်ဆွဲသွားစားကြပြီးတော့ ပလက်ဖောင်းအတိုင်း လမ်းလျှောက်ပြန် လာနေတုန်း သူမက ဘာစိတ်ကူးပေါက်သွားသလဲ မသိဘူး။

ဖြုန်းဆို . . ကျွန်တော့်လက်မောင်းကို ဆွဲဖက်ချိတ်လိုက်ပြီး လမ်းလျှောက်ရင်း ဟီးလေးခိုလိုက်လာတယ်။ တခစ်ခစ်ရယ်လို့ . .

ဒီလိုနဲ့ သူမနဲ့ကျွန်တော် ချစ်သူတွေ ဖြစ်သွားကြတယ်။





ချစ်သူဖြစ်လို့ သုံးလေးနှစ်လောက်ကြာတော့ သူ့မိဘတွေက မေးရော။ မလိမ်မညာတတ်တဲ့ သူမကလည်း အမှန်အတိုင်း ပြောပြ လိုက်တယ်ပေါ့လေ။ ဒါနဲ့ ကျွန်တော့်ကို ခေါ်တွေ့တယ်။

သူ့မိဘတွေက ရိုးရိုးအေးအေး လူကြီးလူကောင်းတွေပါ။ ရုပ်ဆံချမ်းသာပေမဲ့ ခပ်အေးအေးပဲ။ သူတို့ရဲ့သမီးနဲ့ ကျွန်တော် အသက် (၁၅) နှစ်တောင် ကွာဟနေတဲ့ကိစ္စကိုလည်း ဘာမှ မဝေဖန်ဘူး။

“ဘယ်တော့လောက် လက်ထပ်ကြမယ်လို့ မှန်းထားကြလဲ”

တဲ့။ အဲဒီတစ်ခွန်းပဲ မေးတယ်။ အဲဒီတစ်ခွန်းဟာ ပြဿနာ ပဲ။ ထင်တဲ့အတိုင်းပဲ နောက် ခြောက်လလောက်ကြာတော့ သူမဆီက

“လက်ထပ်ကြရအောင်”

ဆိုတဲ့ စကားသံ ထွက်လာတယ်။ ကျွန်တော် ခေါင်းခါရတာ ပေါ့။ (သူမက ကျွန်တော်တို့ ချစ်သူဖြစ်သွားကြပြီးရင် လက်ထပ်ချင်တဲ့ ဆန္ဒဘက်ဆီကို ကျွန်တော့်စိတ်တွေ ပြောင်းလဲတိမ်းညွတ်သွားလိမ့်မယ် လို့ တွက်ထားပုံပေါ်ပါတယ်)



www.burmeseclassic.com

www.burmeseclassic.com



သူမက

''ကျွန်မမှာ ဘာအပြစ်၊ ဘာချို့ယွင်းချက် ရှိလို့လဲ''

လို့ မေးတယ်။ ဘာအပြစ်မှ မရှိဘူး။ ဘာချို့ယွင်းချက်မှလည်း မရှိဘူး။ ခက်နေတာက ကျွန်တော့်မှာ စိတ္တဇရောဂါ ရှိနေတယ်။

မိသားစု မလိုချင်တဲ့ ရောဂါ၊

သားသမီး မရှိချင်တဲ့ ရောဂါ၊

အဖေတစ်ယောက် မဖြစ်ချင်တဲ့ရောဂါ ။ ပါ။

ကျွန်တော် ဘယ်လိုရှင်းပြရမလဲ။ ကျွန်တော့်ဦးနှောက်တွေ ဒိန်ချဉ်လို စေးကပ်ကပ်ဖြစ်နေကြတယ်။ အသိစိတ်ကို သကြားရည် ကျဲကျဲနဲ့ ဖျော်သောက်လိုက်ရင် ကောင်းမလားပဲ။

စိတ္တဇရောဂါဆိုတာ 'မှန်တယ်၊ မှားတယ်'တွေ၊ 'ဖြစ်သင့်တယ်၊ မဖြစ်သင့်ဘူး'တွေနဲ့ ချင့်ချိန်အကဲဖြတ်လို့မရတဲ့ သူ့ဘာသာသူ အရှိ တရားတစ်ခုပဲ။

ကျွန်တော့်ဘဝထဲမှာ အဲဒါဟာ အမှန်တကယ်ရှိခဲ့တယ်။

■





(၂)

ကျွန်တော့်အဖေက တရားရေး ဝန်ထမ်းတစ်ယောက်ပါ။ ကျွန်တော့်အသက် ခုနစ်နှစ်သားအရွယ်မှာ အဖေက ဒုတိယမြို့နယ် တရားသူကြီးရာထူးနဲ့ မော်လူးကို ပြောင်းရတယ်။

လစာနည်းဝန်ထမ်းဖြစ်တဲ့အပြင် ပြောင်းရရွှေ့ရတဲ့ စရိတ်က အမေပိုက်ဆံစုတဲ့ သံဖြူစုဘူးလေးကို ပွဲရွဲ့တွန့်လိမ်သွားစေတာပေါ့။ ကျွန်တော်က ဒုတိယတန်း နှစ်ဝက်ဖြစ်နေလို့ ကျောင်းနုတ်ရ၊ ကျောင်းအပ်ရ ကသိလင်တဖြစ်မှာစိုးတာနဲ့ အမေနဲ့ ကျွန်တော် နှစ်ယောက်သား နေ့ာက်မှာ ကျန်ခဲ့တယ်။

ကျွန်တော် ဒုတိယတန်းနှစ်ကုန်လို့ သားအမိနှစ်ယောက် လိုက်သွားမယ် ပြင်နေတုန်းမှာပဲ ဟိုမှာ အဖေဆုံးတယ်၊ ငှက်ဖျားနဲ့ပေါ့။

အမေဟာ သူ့အသက် ၂၅ နှစ်အရွယ်မှာတင် အကြီးမားဆုံး အထီးရာတစ်ခု ရလိုက်တာပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



ခနော်နီခနော်နဲ့ဖြစ်သွားတဲ့ သားအမိနှစ်ယောက်ရဲ့ စားဝတ်နေရေးဟာ တော်တော်နဲ့ ပြန်ပြီး တည့်မတ်မလာခဲ့ပါဘူး။ ဆင်ခြေဖုံး ရပ်ကွက်က အိမ်ဆိုင်လေးမှာ အမေက မီးသွေးရောင်းပါတယ်။

ညနေကျောင်းဆင်းလို့ ကျွန်တော်အိမ်ပြန်လာတဲ့အချိန်ဆို အမေ့ကို မီးသွေးမှုန်တွေနဲ့ ပေလူးမည်းသည်းနေတာ မြင်ရတာ ရင်ထဲမှာ ခါးသီးဆို့နင့်စရာပေါ့။ ကျွန်တော် ခဏခဏ ကျိတ်ပြီး ငိုရတယ်။

''သား ‥ စာကို ကြိုးစားနော်။ အဆော့မမက်နဲ့။ သား ပညာတတ်ကြီးဖြစ်အောင် အမေက ပင်ပင်ပန်းပန်း ဈေးရောင်းပြီး ကျောင်းထားရတာကွဲ့''

ကျွန်တော့်ကို တွန်းအားပေးတဲ့ အမေ့ရဲ့ စကားတွေပါ။ ကျွန်တော်လည်း သိပါတယ်။ အမေ ပင်ပန်းတယ်ဆိုတာ။ ကျွန်တော် အမြဲတမ်း စာကျက်ပါတယ်။ ဆော့လည်း မဆော့ပါဘူး။ ကျောင်းမှာ မုန့်စားဆင်းချိန်ရောက်လို့ အတန်းဖော်တွေ 'ဝေး'ခနဲ အော်ပြီး ပြေးထွက်သွားတဲ့အခါ အတန်းရဲ့ ထောင့်ဆုံးခုံမှာ ငြိမ်ငြိမ်လေး မလှုပ်မယှက် ထိုင်ပြီး ကျန်နေရစ်ခဲ့တဲ့သူဟာ ကျွန်တော်ပါပဲ။





မဆော့ဘဲ ငြိမ်ငြိမ်သက်သက်နေလွန်းလို့ ဆရာမတွေက ''ဇော်ဇော်က လိမ္မာလိုက်တာ၊ တော်တော်အေးတဲ့ ကလေးပဲ'' လို့ ကျွန်တော့်ကို ချီးကျူးကြတယ်။ တကယ်တော့ 'အေး'တာ မဟုတ်ပါဘူး။ ကျွန်တော် စိတ်ရောဂါရနေတာပဲဆိုတာ ခုလိုအချိန်ကျမှ သဘောပေါက်တော့တယ်။ ပြေးလွှားဆော့ကစားနေရမယ့်အရွယ်မှာ ကလေးတစ်ယောက်ဟာ အမှားနည်းတူ ကစားကွင်းထဲမှာ ပျော်ရွှင်နေရမှာပါ။

ဒါပေမဲ့ ‥ ကျွန်တော် မပျော်ရွှင်ရဲခဲ့ဘူး။

''ငါပျော်ရွှင်နေရင် အမေ့အပေါ် မတရားရာ ကျတော့မယ်''

ဆိုတဲ့ အတွေးဆိုးဆိုးကြီးက ကျွန်တော့်ဦးခေါင်းထဲမှာ တစ်ချိန်လုံး ရှိနေတယ်။ အမြဲတမ်းလိုလို ကျွန်တော့်ကို အမေပြောနေတတ်တာတွေက

''တွေ့လား ‥ အမေ ခုလို ပင်ပင်ပန်းပန်းလုပ်နေရတာဟာ သားအတွက် ‥''

''ပိုက်ဆံရှာရတာ ခဲယဉ်းတယ်ကွဲ့။ သားကို ကျောင်းထားလို့ရအောင် အမေ့မှာ မနည်းဖွစ်ညှစ်ရုန်းကန်နေရတာ''

''အမေ့မှာ အဝတ်အစားကောင်းကောင်းလည်း ဝယ်မဝတ်နိုင်၊ အစားကောင်းကောင်းလည်း လျှာပေါ်မတင်ရ။ ရှာလို့ရသမျှ သားကျောင်းစရိတ်ချည်းပဲ''

''အမေက ဖြစ်သလိုစားရရင် တော်ပါပြီသားရယ်။ သားပဲ အရေးကြီးပါတယ်။ စာကို ကြိုးစားနော် ‥ သား''

အဲဒီ အမေ့စကားတွေက ကျွန်တော့်ကို ခြိမ်းခြောက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေက စာကြိုးစားဖို့ 'တွန်းအား'ပေးတာ ဖြစ်ပေမဲ့ ကျွန်တော့်အတွက်တော့ 'ဖိအား'တွေပဲ။

ကျွန်တော် ကျောင်းတက်နေတာကြောင့် အမေဟာ ဒုက္ခတွင်းထဲက မတက်နိုင်တာလား။

ကျွန်တော့်ကြောင့် ကုန်ကျနေရတဲ့ စရိတ်ငွေကြေးတွေဟာ အမေ့ဘဝတစ်ခုလုံးကို ဝါးမျိုစုပ်ယူပစ်လိုက်ပြီလား။

အိမ်နီးနားချင်းတွေရယ်၊ ကျွန်တော်တို့သားအမိအကြောင်း သိနေတဲ့ ကျောင်းက ဆရာမတချို့ရယ်ကလည်း မကြာခဏ ပြောကြတယ်။

''ဖော်ဖော့်အမေကတော့ တကယ့်ကို စံပါပဲ။ သားကို ပထွေးနဲ့ နေရမှာစိုးလို့ နောက်အိမ်ထောင်တောင် ထပ်မပြုတော့ဘူး။ သူ့ဘဝတစ်ခုလုံးကို သားအတွက် ပေးဆပ်ထားရှာတာ .. ကျွတ် .. ကျွတ် ..''

''အေး .. မိဘမေတ္တာဆိုတာ အဲဒါပဲ။ နားလည်လား .. ဖိုးဖော်''

''ဩော် .. အမေကတော့ ချစ်လိုက်ရတာ။ ဖော်ဖော်တို့ အသက်ကြီးရင်တော့ ဘယ်လိုလာဦးမလဲ မသိဘူး။ အမေ့ကို ပြန်ပြီး မသိတတ်လို့ကတော့ အိုကြီးအိုမကျမှ ရင်ကျိုးရမှာ မြင်ယောင်သေးတယ်''

ချစ်ခြင်းမေတ္တာတရားဆိုတဲ့ ဓားထက်ထက်နဲ့ ကျွန်တော့်လည်ပင်းကို တတိတိ လှီးကြတယ်။ မိဘကျေးဇူးဆိုတဲ့ ကြိုးကွင်းကိုလည်း ကျွန်တော့်လည်ပင်းမှာ စွပ်ထားသေးတယ်။





အမေ နောက်အိမ်ထောင်မပြုရတာ ကျွန်တော့်ကြောင့်ပေါ့နော်။ အမေ့ဘဝရဲ့ ပျော်ရွှင်မှုတွေအားလုံး ခြောက်သွေ့သွားအောင် ကျွန်တော်လုပ်မိပြီပေါ့နော်။ ကျွန်တော်ဟာ အမေ့ကို တော်တော်ဒုက္ခပေးခဲ့တဲ့ ကိုယ်တွင်းနာတစ်ခုပါလား။

အမေသာ ပျော်ရွှင်အဆင်ပြေမယ်ဆိုရင် နောက်အိမ်ထောင်ပြုလိုက်ရောပေါ့ အမေရယ်။ အဲဒါဆို အမေ့အတွက် ကိုယ်ပိုင်ဘဝမပျောက်ဆုံးတော့သလို ကျွန်တော်လည်း တရားခံတစ်ယောက်လို အမြဲတမ်း စိတ်မလုံမခြုံနေနေရမှာ မဟုတ်တော့ဘူးပေါ့။

ကျွန်တော့်လို ၁၂ နှစ်သားကောင်လေးတစ်ယောက်အဖို့ ကိုယ့်ဟာကိုယ် လူဖြစ်နေရတဲ့ အပြစ်ဒဏ်ကို ဘယ်လိုဆေးကြောရမှန်းမသိဘူး ဖြစ်နေခဲ့ပါတယ်။ အဲဒီ ၁၉၈၀ ပြည့်လွန် နှစ်ကာလတွေဟာ စိုထိုင်းထိုင်းမှောင်ပိန်းပိန်းနဲ့။

■



www.burmeseclassic.com

www.burmeseclassic.com



အမေ ဘာလို့ နောက်အိမ်ထောင်မပြုခဲ့တာလဲ။ ပထွေးနဲ့ ကျွန်တော် မတည့်မှာစိုးလို့လား၊ ဒါမှမဟုတ် ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ကျွန်တော်က အိမ်ကထွက်ပြေးပြီး အဝေးရောက် လေလွင့်သွားမှာ စိုးလို့လား။

(ကျွန်တော်တို့ ငယ်ငယ်တုန်းက ခပ်ကြောင်ကြောင်ရုပ်ရှင် ဝတ္ထုတွေထဲမှာ အဲဒီလိုဇာတ်ကွက်မျိုးတွေ ခဏခဏပါတတ်တယ်။ အဖေ ဒါမှမဟုတ် အမေက နောက်အိမ်ထောင်ပြုပြီဆိုတာနဲ့ သားသမီး လုပ်တဲ့ ဇာတ်လိုက်က အိမ်က ထွက်ပြေးတော့တာပဲ။ ပရိသတ်တွေ သနားအောင် မျက်ရည်ချူတာပေါ့လေ။ ကျွန်တော်ကတော့ လေးတန်း ငါးတန်းအရွယ် ရုပ်ရှင်စကြည့်တတ်ကတည်းက ကိုယ်ဘာသာ ပိုက်ဆံ မရှာနိုင်သေးဘဲ အိမ်ကထွက်ပြေးတာဟာ ဉာဏ်မရှိတဲ့ ငတုံးတွေ လောက်ပဲ လုပ်တဲ့ ကိစ္စလို့ နားလည်နေတယ်)





အမေနောက်အိမ်ထောင်မပြုတာဟာ ကျွန်တော့်အတွက် ပေးဆပ်တာဆိုပေမဲ့လို့ အဲဒီပေးဆပ်မှုဆီကနေ ကျွန်တော် ဘာမှမရ လိုက်ပါဘူး အမေ။

အမေ မပျော်ရွှင်ရသလို ကျွန်တော်လည်း စိတ်ညစ်ရတာပါပဲ။ အမေ့ရဲ့ စွန့်လွှတ်ပေးဆပ်မှုက ကျွန်တော့်အပေါ်မှာ အကြွေးလို တင်နေ ခဲ့ပြီလေ။

လောကကြီးကို စတင်စူးစမ်းရင်း ပျော်ရွှင်စွာ ရယ်မောခုန် ပေါက်နေရမယ့်အရွယ်မှာ ကျွန်တော် မရယ်မောတတ်ခဲ့ဘူး။ အများသူငါ နဲ့အတူ ရောနှော မကစားတတ်ခဲ့ဘူး၊ ဘောလုံး မကန်တတ်ခဲ့ဘူး၊ ဂျင်မပေါက်တတ်ခဲ့ဘူး၊ စွန်မလွှတ်တတ်ခဲ့ဘူး၊ ကျောင်းပြေးပြီး ရေသွား ကူးတတ်ခဲ့ဖူးဘူး။

ကုန်ကုန်ပြောမယ် . . ကျွန်တော် 'ကလေး'မဖြစ်ခဲ့ဖူးဘူး။

ခြေတွေ၊ လက်တွေ အကောင်းပကတိနဲ့ စိတ်ဒုက္ခိတဖြစ်နေ တဲ့ ခုနစ်တန်းကျောင်းသားလေးတစ်ယောက်ဟာ ကျွန်တော်ဖြစ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



(၃)

တစ်ချိန်လုံး စာကျက်နေလို့လား မသိဘူး။

အတန်းထဲမှာ လပတ်စာမေးပွဲတွေ ဖြေတဲ့အခါ အဆင့် (၁)၊ (၂)၊ (၃) တွေထဲက တစ်ခုမဟုတ် တစ်ခုတော့ ရလေ့ရှိပါတယ်။

အဆင့် (၁) ရတဲ့လတွေမှာ ဘာမှ ပြဿနာမရှိပေမဲ့ အဆင့် (၂)တို့၊ (၃)တို့ ဖြစ်သွားပြီဆိုရင်တော့ ဒါဟာ ကျွန်တော့်အနေနဲ့ အပြစ်အကြီးကြီးတစ်ခုကို ကျူးလွန်လိုက်ပြီဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

"အမေကတော့ စားရမယ့်ထမင်းလုတ်တောင် မျိုမကျဘဲ ခြိုးခြံချွေတာပြီး ကျောင်းထားပေးနေရတာ၊ နင်ကကျတော့ စာကို စိတ်မဝင်စားချင်ဘူးပေါ့လေ . . ဟုတ်လား။ တစ်နေ့တစ်နေ့ 'ကျွန်'လို အလုပ်လုပ်ပြီး နင့်ကို ရှာကျွေးနေရတဲ့ အမေကို နင် နည်းနည်းမှ မသနားတော့ဘူးလား . . ဟဲ့"





ဖြစ်နိုင်ရင် ကျွန်တော့်ကို ကြိမ်လုံးနဲ့ ရိုက်လိုက်တာကိုမှ ခံပစ်လိုက်ချင်သေးတယ်။ အဲဒီလို စကားလုံးတွေနဲ့ ခုတ်ထစ်ခံရရင်ကျွန်တော် ဘယ်လို ငုံ့လျှိုးရှောင်တိမ်းရမှန်းကို မသိတော့ဘူး။

ကျွန်တော်ဟာ အပြစ်တွေကျူးလွန်နေတဲ့ကောင်ပါ။ ကျွန်တော်တာ အမေ့အပေါ် အသနားအကြင်နာမရှိတဲ့ ငမိုက်သားပါ။ ကျွန်တော်တာ မိဘမေတ္တာနဲ့ မထိုက်တန်တဲ့ ကောင်ပါ။ ကျွန်တော်ဟာ တာဝန်မကျေတဲ့ကောင်ပါ။ အမေ့မျှော်လင့်ချက်တွေကို နေ့တိုင်း နင်းခြေနေတဲ့ကောင်ပါ။

အဲဒီတော့ ကျွန်တော် ဘာလုပ်သလဲ . . သိလား။

ညသန်းခေါင်ကျော် လူခြေတိတ်ချိန်မှာ မီးသွေးခြင်းတွေထားတဲ့ ဆိုင်ခန်းထဲကို တစ်ယောက်တည်း ဆင်းလာတယ်။ ပြီးတော့ ကျိုးကြေနေတဲ့ မီးသွေးမှုန့်တွေနဲ့ ကျွန်တော့်မျက်နှာတစ်ခုလုံးကို ပွတ်ပစ်လိုက်တယ်။ လက်တွေခြေထောက်တွေကိုလည်း ပွတ်ပစ်တယ်။ တစ်ကိုယ်လုံးကိုလည်း လျှောက်ပွတ်ပစ်လိုက်တယ်။

မည်းတူးပေပွသွားတဲ့ အထိပဲ။

ဒါ . . ကျွန်တော့်ကိုယ်ကျွန်တော် ဒဏ်ခတ်တာလေ။ ကျွန်တော် ဒါလောက်ပဲ တတ်နိုင်တယ်ဗျာ။

အမေ့ရဲ့ မျှော်လင့်ချက်တွေအားလုံးကို ပြီးပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်စွမ်းမရှိတဲ့ ကလေးလေးတစ်ယောက်ကို ခင်ဗျားတို့ ခွင့်လွှတ်ကြပါ။

■



www.burmeseclassic.com

www.burmeseclassic.com



အမေကပြောတယ် ‥ သူဟာ 'ကျွန်လို အလုပ်လုပ်နေရတယ်'တဲ့။ (နာကျင်စရာ စကားလုံးပါ)

အဲဒီ 'ကျွန်'ဆိုတဲ့ စကားလုံးကို အမေ့ရဲ့မိခင်(အဘွား)က ခဏခဏပြောလွန်းတာ ကျွန်တော် ကြားဖူးပါတယ်။

ကျွန်တော့်အဘွားကို Joy Killer လို့ခေါ်ရမယ် ထင်ပါရဲ့။ 'ပျော်ရွှင်မှုကို ဆိတ်သုဉ်းခန်းခြောက်အောင်လုပ်ချင်တဲ့ စိတ်ရောဂါရှိသူ' တစ်ယောက်ပေါ့။ သူကိုယ်တိုင်လည်း အသက် (၈၀) ကျော်တဲ့အထိ ပျော်ပျော်ရွှင်ရွှင် မနေတတ်ခဲ့ဘူး။ သူတစ်ပါးပျော်ရွှင်နေတာ မြင်ရတွေ့ရရင်လည်း မကြည်ဖြူဘူး။ တစ်နည်းမဟုတ် တစ်နည်း စိတ်အနှောင့်အယှက်ပေးတယ်။

တနင်္ဂနွေလို နေ့ရက်မျိုးမှာမှ အားလပ်တဲ့ရုံးဝန်ထမ်း ဦးလေးတွေ၊ ကြီးဒေါ်တွေ အိမ်လာလည်ရင်လည်း တီဗီကလာတဲ့ မြန်မာကား အစီအစဉ်ကို ကြည့်မိကြတဲ့အခါမျိုး၊ ရယ်ရယ်မောမော ပြောဆိုနေကြတဲ့





အခါမျိုးဆို အဘွားက ကြမ်းပြင်ကို ဒုန်းဒုန်းမြည်အောင် ခြေဆောင့်နင်းပြီး လျှောက်ရတာနဲ့၊ မီးဖိုချောင်ထဲက အိုးတွေခွက်တွေကို ခြောင်းခနဲ၊ ဖြန်းခနဲ မြည်သွားအောင် နေရာရွှေ့ရတာနဲ့။

အဲဒါဆို အိမ်ရှေ့ခန်းမှာ တီဗီကြည့်နေတဲ့ သူ့သားသမီးတွေ အကုန်လုံး အသံတိတ်ရော ‥ ပဲ။ သူများကြည့်နေတာ မကြိုက်သလို သူကိုယ်တိုင်လည်း မကြည့်ဘူး။ ဘာဖြစ်လို့ဆိုတဲ့ အကြောင်းပြချက်လည်း မည်မည်ရရမရှိဘူး။ အဓိကက သူများတွေ ပျော်နေတာကို သူ မလိုလားတာ။

ကျွန်တော့်အဘွားဟာ သူကွယ်လွန်တဲ့အထိ ရုပ်ရှင်တွေ၊ တီဗီတွေ မကြည့်ဘူး။ ရေဒီယိုမဖွင့်ဘူး။ စာတစ်လုံးမှ မဖတ်ဘူး။ သီချင်းနားမထောင်ဘူး။ (၈၅) နှစ်တာသက်တမ်းမှာ သူ ဘယ်လိုရှင်သန်နေထိုင် ဖြတ်သန်းခဲ့တယ်ဆိုတာ အံ့ဩစရာပဲ။

တကယ့်ကို စိတ္တဇပါ။

ကျွန်တော်မှတ်မိနေသေးတယ်။ ကျွန်တော် ကိုးတန်းတက်တဲ့နှစ်မှာ အဘွားက အသက် (၈၀) ပြည့်တာ။ ကြီးဒေါ်ကြီး (ကျွန်တော့်အမေရဲ့အစ်မ)က သူ့အမေကို အရမ်းချစ်တာဆိုတော့ ဒီလိုပြောတယ်။

"အမေ ‥ သမီးတို့နဲ့ တစ်သက်လုံး အတူတူနေရရင် ကောင်းမှာပဲ။ အမေအသက်ရှည်ရှည် နေရပါစေလို့ ဘုရားမှာ ဆုတောင်းပါတယ် ‥ အမေရယ်"

ကြီးဒေါ်ကြီးရဲ့ စကားက ရိုးစင်းလှတဲ့ သံယောဇဉ်စကားပါ။ အနေမြဲတယ်။ မွှေးပျံ့တယ်။ အဲဒါကို သူ့အမေ (ကျွန်တော့်အဘွား)က ဘယ်လိုပြန်ပြောသလဲဆိုတော့ ‥

www.burmeseclassic.com



"ဩ ‥ နင်က ငါ့ကို တစ်သက်လုံး ခိုင်းစားချင်တယ်ပေါ့လေ။
နင်တို့ မသေမချင်း ငါက 'ကျွန်မ'ကြီးတစ်ယောက်လို လုပ်
ကျွေးရမယ်ပေါ့။ ဟုတ်လား"

ပုံမှန်တုံ့ပြန်မှုမျိုး မဟုတ်ဘဲ တစ်ဖက်လူရဲ့စိတ်ကို နာကျင်ထိရှအောင် လုပ်ရတဲ့အရသာကို ကျွန်တော့်အဘွားက နှစ်ခြိုက်ပုံ ပေါ်ပါတယ်။

အဘွားရဲ့ အဲဒီ စိတ္တဇအစွဲဟာ ကျွန်တော့်အမေဆီမှာ ပါမလာပါစေနဲ့လို့ ကျွန်တော် အသံမထွက်ဘဲ ဆုတောင်းခဲ့ရတဲ့ ညတွေ အများကြီးပါပဲ။

အဲဒီကြားထဲက အမေ့ပါးစပ်က သူ့ကိုယ်သူ 'ကျွန်'လို့ ပြောတဲ့ စကားသံ ကြားရတဲ့အခါ အိပ်မက်ထဲမှာတောင် ကျွန်တော် ကယောင်ကတမ်း လန့်နိုးတတ်ပါတယ်။

ကျွန်တော်ဟာ ကလေးတစ်ယောက်ပါ ‥ အမေ။

ကျွန်တော့်စိတ်ကို ဘာလို့ ဖယောင်းရုပ်ပူ အစက်တွေ ချရတာလဲ။ အမေက ကျွန်တော့်ကို ချစ်လွန်းလို့ဆိုပြီး အမေ့ကိုယ်အမေ နှိပ်စက်ပြတယ်။

အဲဒါ ကျွန်တော့်ကို နှိပ်စက်တာနဲ့ အတူတူပါပဲ။

■





(၄)

ဆယ်တန်းအောင်စာရင်းထွက်တဲ့နေ့ကတော့ ကျွန်တော့်အမေရဲ့ မျှော်လင့်ချက်တွေ အားလုံး တစ်စစီ ကွဲကြေပြန့်ကဲသွားတဲ့ နေ့ပါပဲ။

ကျွန်တော် ဆေးတက္ကသိုလ်တက်ဖို့ အမှတ်မမီခဲ့ဘူး။ (ဂုဏ်ထူးလေးခုပဲပါတာဆိုတော့ အမှတ်ကို ခန့်မှန်းတွက်ဆလို့ ရသွားပြီ)

အမေ ငိုပါတယ်။ တော်တော် နာနာကျင်ကျင် ငိုပါတယ်။ အကြာကြီးပဲ။ ပြီးတော့

"ငါက နင့်ကို ဆရာဝန်ဖြစ်စေချင်လွန်းလို့ တစ်သက်လုံး ကုန်းရုန်းပြီး ပိုက်ဆံရှာခဲ့တာ။ ငါ မစားရက်မသုံးရက် စုဆောင်းပြီး နင့်ကို ကျောင်းထားပေးခဲ့တာ၊ အခုတော့ နင်က ငါ့ကို ကောင်းကောင်းကြီး ကျေးဖူးဆပ်လိုက်ပြီပေါ့ ‥ ဟုတ်လား"

ကျွန်တော်သိလိုက်ပြီ။ အမေ့ရဲ့သားအစစ်က ကျွန်တော်မဟုတ်ဘဲ။ အမေ့အာရုံထဲမှာ စိတ်ကူးနဲ့ဖန်တီးထားတဲ့ ဒေါက်တာဇော်ဇော် (ဒါမှမဟုတ်) ဆေးကျောင်းသား ဇော်ဇော်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



အမေရယ်။ ကျွန်တော်အစစ်ကြီးက ဒီမှာပါဗျာ။ ကျွန်တော့်မှာ မရှိတဲ့ အရည်အချင်းတွေ၊ ကျွန်တော်ဖန်တီးယူလို့မရတဲ့ ဂုဏ်ထူး အဆင့်တွေအတွက် ကျွန်တော့်ကို အပြစ်မတင်ပါနဲ့လားဗျာ။

အဲဒီအစား . . ကျွန်တော့်မှာ တကယ်ရှိနေတဲ့ အရည်အချင်း ကောင်းလေးတွေကို မေမေ နည်းနည်းလောက် အသိအမှတ်ပြုပေးပါ လားဟင်။ ကျွန်တော် ဆေးလိပ်လည်း မသောက်တတ်ဘူး။ အရက်လည်း မသောက်ဘူး။ ကျောင်းလည်း မပြေးဘူး။ ရည်းစားလည်း မထားဘူး။ ရန်လည်း မဖြစ်ဘူး၊ ညဉ့်နက်သန်းခေါင်လည်း လျှောက်မလည်ဘူး။

အဲဒါတွေကို မေမေအသိအမှတ်မပြုဘူးလားဟင်။ ကျွန်တော် ဟာ မွေးရကျိုးမနပ်တဲ့ သားမိုက်တစ်ယောက်ပဲလား။

ကျွန်တော့်ကို ဆရာဝန်ဖြစ်စေချင်တာ ကျွန်တော့်ဘဝ ရှေ့ရေး ဖြောင့်ဖြူးဖို့အတွက်ပါလို့ မေမေ ပြောကောင်းပြောချင်ပါလိမ့်မယ်။ ကျွန်တော် သိပါတယ်။

ဒါပေမဲ့ မေမေရယ် . .

လူတစ်ယောက်ဘဝမှာ အောင်အောင်မြင်မြင်ရပ်တည်ဖို့ဆိုရင် တကယ်လိုအပ်တာက စိတ်ဓာတ်ခိုင်မာအောင် လေ့ကျင့်ပေးရမှာလေ၊ လောကဓံကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်နေပျော်အောင် သင်ပေးရမှာလေ။

'ဆရာဝန်ဖြစ်ရေး' ဆုဖလားပွဲမှာ ပြိုင်မြင်းတစ်ကောင်လို ကြိမ်နဲ့ရိုက်ပြီး ဝင်ပြေးခိုင်းရတာမျိုး မဟုတ်ဘူး။

အမေက ကျွန်တော့်ကို ကြိုးစားအောင် တွန်းအားတွေ နေ့ တိုင်းပေးတယ်။ ကျွန်တော် နေ့တိုင်းမပျော်ဘူး။ ခြေလက်အင်္ဂါ ဆုံးရှုံး ခဲ့ရသူတွေ လောကကြီးကို ပျော်ပျော်ရွှင်ရွှင် ရင်ဆိုင်ရှင်သန်နေချိန်မှာ





ကျွန်တော်ကတော့ လပတ်စာမေးပွဲမှာ အဆင့် (၂) ဖြစ်ရတာကို ကမ္ဘာ ပျက်သလောက် ဖြစ်နေတယ်။

မိဘကျေးဇူးကြီးမားပုံတွေ ပြောတာ ကြားရလွန်းအားကြီး တော့ ကျွန်တော့်ကိုယ်ကျွန်တော် တာဝန်မကျေတဲ့ သားဆိုးသားမိုက် တစ်ယောက်လို ခံစားလာရတယ်။

အမေ့ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို ထပ်တလဲလဲ ညည်းတွား သံ ကြားရဖန်များလာတော့ ကျွန်တော့်ကိုယ်ကျွန်တော် မုန်းတီးစက်ဆုပ် လာတယ်။ ကျွန်တော့်ရဲ့ အသက်ရှင်နေမှုကို ရွံရှာလာတယ်။ ငါ ဘာလို့ ရှင်သန်နေရတာလဲ။

ကျွန်တော်က ဖွတ်အတင်း အခွင့်အရေးယူပြီး "အမေ့ဆီမှာ ကျွန်တော် လူလာဖြစ်ပါရစေ၊ ကျွန်တော့်ကို မွေးပေးပါ" လို့ တောင်းဆို ခဲ့တာမှ မဟုတ်ဘဲ။ အဖေ သေသွားလို့ အမေတစ်ယောက်တည်း ရုန်းကန်ရတာဟာလည်း ကျွန်တော့်ပယောဂကြောင့်မှ မဟုတ်ဘဲ။

မေမေရယ် . . ။

ကျွန်တော်တို့ဟာ မတော်တဆ ဆုံဆည်းကြရတဲ့ သူတွေ ပါလေ။ မေမေ့မေတ္တာတရားဟာ နက်ရှိုင်းလှပလွန်းပါတယ်။

ဒါပေမဲ့ အဲဒါကို အကြောင်းပြုပြီး စကားလုံးတွေနဲ့ ကျွန်တော့် စိတ်ကို နာကျင်ထိရှအောင်လုပ်တာ များလွန်းသွားပြီထင်တယ် မေမေ ရယ်။

■



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းအောင်စာရင်းတွေ ထွက်တဲ့ အဲဒီနေ့က . .

ကျွန်တော့်ကိုယ်ကျွန်တော် သေကြောင်းကြံစည်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ . . ကံကောင်းစွာ၊ ဒါမှမဟုတ် ကံဆိုးစွာနဲ့ပဲ မအောင်မြင်ခဲ့ပါဘူး။

■





(၅)

ကျွန်တော့်ဘဝရဲ့ ပထမဦးဆုံးချစ်သူကို စက်မှုတက္ကသိုလ် စတုတ္ထနှစ်မှာ ဆုံဆည်းခဲ့ရတာ ဖြစ်ပါတယ်။

တက္ကသိုလ်ကျောင်းသားတစ်ယောက် ရည်းစားထားတာဟာ တကယ့်ကို သမားရိုးကျကိစ္စတစ်ခုပါ။ ဒါပေမဲ့ ကျွန်တော့်အတွက်ကျတော့ အဲဒီလို မဟုတ်ခဲ့ဘူး။ နေ့စဉ်နဲ့အမျှ မတော်တဆ ပေါက်ကွဲမသွားအောင် ဗုံးတစ်လုံးကို လျှို့ဝှက်ထိန်းသိမ်းနေရသလို ခံစားရတယ်။

ကျွန်တော့်မှာ ချစ်သူရှိနေပြီဆိုတဲ့အကြောင်း ဖုံးဖိထားချင်တယ်။ ဘယ်သူမှ မသိအောင် သတင်းအမှောင်ချထားချင်တယ်။ အမေ သိသွားရင် ပြဿနာတက်လိမ့်မယ်ဆိုတာ ကျွန်တော် အလိုလိုသိပြီး စိုးရိမ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်စိတ်ဆိုတာ ကျွန်တော်နဲ့ နေသားတကျ ဖြစ်နေပါပြီ။ ဘာကိုမဆို အကြောင်းမရှိဘဲ ကျွန်တော် စိုးရိမ်နေလေ့ရှိတာ ကြာပါပြီ။

အဲဒါ ‥ ထင်ထင်ရှားရှား တောက်ပလင်းလက်လာတဲ့ ကျွန်တော့်ကိုယ်ခန္ဓာထဲက စိတ္တဇပါပဲ။

နောက်ဆုံး ‥ ကျွန်တော့်ချစ်သူကတောင် ကျွန်တော်မှုပျက်နေတာကို ကြည့်ပြီး ရိပ်မိလာလို့

"မောင် ‥ ဘာဖြစ်နေတာလဲ၊ ဘာလို့ ဒီလောက်တောင် ပုန်းလျှိုးကွယ်လျှိုး လုပ်နေရတာလဲ"

လို့ ပြောင်ဖွင့်မေးယူရတဲ့အထိပါ။

နောက်တော့ ကျွန်တော်စိုးရိမ်တဲ့အတိုင်းပါပဲ။ အဲဒီစာသင်နှစ်မကုန်ခင်မှာ ကျွန်တော့်အိမ်က လူတွေက ကျွန်တော့်မှာ ချစ်သူရှိနေမှန်း သိသွားကြပါတယ်။

အဲဒီတရားစီရင်ခန်းမြင်ကွင်းကို ခုထိ ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေတုန်းပဲ ရှိပါသေးတယ်။ အမေက ဘာ စကားမှ မပြောဘဲ တရှုံ့ရှုံ့နဲ့ အကြာကြီးငိုနေတယ်။ ဦးလေးတွေ၊ ကြီးဒေါ်တွေကတော့ ‥

"မင်းအမေက နောက်အိမ်ထောင်မပြုဘဲ မင်းကို ပြုစုကျွေးမွေး ကျောင်းထားပေးခဲ့တာ။ မင်းက ခုတော့ ပညာတောင် မစုံခင် ရည်းစားထားရတာနဲ့ ‥ ဘာနဲ့ ‥"

ဟော ‥ လာပြန်ပြီ။ ကျွန်တော့်အမေ နောက်အိမ်ထောင် မပြုတဲ့ကိစ္စ။ ဒါဟာ သူတို့အတွက် သေချာပေါက် 'နိုင်ဖဲ'တစ်ချပ်





ဖြစ်ခဲ့တယ်။ ကျွန်တော့်အတွက် သေချာပေါက် 'ကျေးဇူးအကြွေး'တစ်ခု ဖြစ်ခဲ့တယ်။

ဖြစ်ခဲ့တယ်။

ကျွန်တော့်အမေ ဖြစ်ခဲ့တာတွေဟာ ‥ 'ကျွန်တော့်အတွက်' ဖြစ်ခဲ့တယ်။ နောက်တစ်နေ့မှာပဲ ချစ်သူကို ကျွန်တော် လမ်းခွဲခဲ့ပါတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ဘာချို့ယွင်းချက်ရှိလို့လဲ"တဲ့။

တစ်ဖက်သတ် လမ်းခွဲထားရစ်ခြင်းခံရတဲ့ ချစ်သူက မကျေ မနပ်နဲ့ ကျွန်တော့်ကို မေးတယ်။

မင်းမှာ ဘာချို့ယွင်းချက်မှ မရှိပါဘူး။ ငါ့မှာတော့ စိတ်ရောဂါ ရှိတယ်။ ငါ ဘယ်တော့မှ အိမ်ထောင်မပြုတော့ဘူး။ ငါ ဘယ်တော့မှ သားသမီးတစ်ယောက်ယောက်ရဲ့ အဖေ မလုပ်တော့ဘူး။

တစ်စုံတစ်ယောက်ကို သူ့အလိုဆန္ဒမပါဘဲ လူ့လောကထဲ ခေါ်ဆောင်လာပြီးတော့မှ "မင်းကို ငါချစ်တယ်၊ ဒါကြောင့် မင်းငါ့အလို ဆန္ဒအတိုင်း နေပေးရမယ်"လို့ အကျုပ်မကိုင်ချင်ဘူး။ "ငါက မင်းအဖေ မင်းကို ပြုစုပျိုးထောင်ခဲ့ရတယ်။ ဒါကြောင့် မင်းအပေါ်မှာ ငါ့ကျေးဇူး ရှိတယ်"လို့လည်း အကြွမ်းမဖက်ချင်ဘူး။

ကျွန်တော့်ဘဝမှာ ရင်ဆိုင်ဖြတ်သန်းရမယ့် ခါးသီးမှုတွေဟာ ကျွန်တော့်ဝေစုပါ။ ဒါကို ကလေးအပေါ် ပုံချပြီး "သားကြောင့် ဖေဖေ





ဒါတွေ နာကျင်ခဲ့ရတယ်၊ သားကြောင့် ဖေဖေ ဒါတွေ စွန့်လွှတ်ခဲ့ရတယ်" လို့ သားသမီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ချင်ဘူး။ အားလုံးဟာ တစ်ယောက်ကိုတစ်ယောက် ဒဏ်ရာတွေပေးနေကြတာ။

အား . . ရှုပ်တယ်။

ဥမကွဲ သိုက်မပျက်ဖြစ်အောင် တစ်ယောက်လက်ကို တစ်ယောက် အပြန်အလှန်ကြိုးတုပ်ချည်နှောင်ထားတဲ့ မိသားစုဆိုတာ ကြီးကို မလိုချင်တော့ဘူး။

ကျွန်တော့်ဦးနှောက်တွေဟာ အဲဒီကတည်းကစပြီး ဒိန်ချဉ်လို ပုံပျက်ပန်းပျက် ဖြစ်သွားခဲ့တာပါ။ တချို့လူတွေကတော့ ဝေဖန်ကောင်း ဝေဖန်ကြမယ်။

"မင်းလိုမျိုး စဉ်းစားလို့ကတော့ ကမ္ဘာမှာ လူတွေ ဘယ်မွေး ဖွားလာတော့မှာလဲ။ လောကကြီး ပျက်စီးသွားမှာပေါ့"လို့။

ဟုတ်ပါတယ်။ ခင်ဗျားတို့ မှန်ပါတယ်။ ပုံပျက်ပန်းပျက်ဖြစ် နေတာက ကျွန်တော်တစ်ယောက်တည်းပါ။

ဒါပေမဲ့ ဘာတတ်နိုင်မှာလဲဗျာ။ စိတ္တဇဆိုတာက (မှန်တာတွေ မှားတာတွေနဲ့ မဆိုင်ဘဲ) သူ့ဘာသာသူ ရှိနေတဲ့ အရိုးတရားပဲလေ။

ကျောခိုင်းလှည့်ထွက်ခါနီးမှာ ချစ်သူက တစ်ခွန်းပဲ ပြောသွား တယ်။

"ရှင်က အရူးပဲ"

■



www.burmeseclassic.com

www.burmeseclassic.com



## (၆)

"လတ်စသတ်တော့ ..ဦးက ယဉ်ယဉ်လေးနဲ့ ဂေါက်နေတာကိုး"

ကျွန်တော့်ရဲ့ ချစ်လှစွာသော ချာတိတ်မလေးက နာနာကျင်ကျင် ညည်းတွားတယ်၊ အရူးတစ်ယောက်နဲ့ ချစ်သူဖြစ်ရတာ ဇာတ်သိမ်းမကောင်းဘူး။ ဒါကြောင့် ဇာတ်သိမ်းခန်းမှာ ကျွန်တော် စကားမပြောတဲ့နေလိုက်တယ်။

ဘယ်သူကမှ တယော မထိုးပေးဘူး၊ နောက်ခံတေးဂီတအဖြစ် ဘယ်နာမည်ကြီးသီချင်းကိုမှ ယူသုံးမထားဘူး။ မိုးရွာနေသံတော့ ရှိတယ်။

တကယ့်လက်တွေ့ဘဝရဲ့ အချစ်ဇာတ်သိမ်းခန်းဟာ ခြောက်ကပ်တယ်၊ တိတ်ဆိတ်တယ်။ ကျွန်တော်ကတော့ ငြိမ်ငြိမ်လေးပဲ ထိုင်မြဲ





ထိုင်နေတုန်းပဲ။ သူမ အခန်းထဲက ပြန်ထွက်သွားလို့ တံခါးလက်ကိုင်ဖုသော့ကျတဲ့ 'ကလစ်'ခနဲ မြည်သံကို ကြားရတော့မှ ကိုယ့်ကိုယ်ကိုယ် တစ်ယောက်တည်းပါလားဆိုတာကို သိတာ။ တစ်ယောက်တည်းဖြစ်တော့လည်း ဒီအတိုင်းပဲ။

အတော်လေးကြာတော့ မိုးတိတ်သွားတယ်။ ကျွန်တော် တိုက်ခန်းထဲက ထွက်ပြီး အောက်ကိုဆင်းခဲ့တယ်။ ရေအိုင်ကွက်ငယ်လေးတွေ တင်ကျန်နေတဲ့ လမ်းပေါ်မှာ ကျွန်တော်ဟာ ငေးမောလို့နေ့။

ညနေက ကျွန်တော့်ကို ပြန်ငုံ့ကြည့်နေတယ်။

လမ်းထိပ်ဆီကို ကျွန်တော် လျှောက်လာတော့ ကျောင်းဆင်းချိန်နဲ့ တိုးနေလို့ ကလေးတွေ လမ်းဖြတ်ကူးတာကို စောင့်နေရသေးတယ်။ အဖြူအစိမ်းဝတ်စုံနဲ့ ကလေးလေးတွေဟာ ကျောင်းကြိုကားတွေရှိရာဆီကို သွားနေကြတယ်။ မုန့်သည်တွေဆီကို သွားနေကြတယ်၊ လာစောင့်နေတဲ့ သူတို့ရဲ့ မိဘတွေဆီကို သွားနေကြတယ်။

ကျွန်တော်ရပ်နေတဲ့ ဗာဒံပင်နားမှာ အဖေဖြစ်တဲ့သူက သူ့သားချာတိတ်လေးကို ပြောနေတယ်။

"မင်းဘေးခုံက ဖြိုးဝေက သင်္ချာမှာ ၁၀၀ ရတယ်ဆို၊ မင်းက ၈၉ တဲ့။ မင်းကို ဖြိုးဝေ ချေး (ချီး) ကျွေးဖို့ကောင်းတယ်"

အဆူခံနေရတဲ့ ချာတိတ်လေးက မျက်လုံးလေး ကလယ်ကလယ်နဲ့ သူ့အဖေကို ပြန်မော့ကြည့်နေတယ်။

'ဪ .. ကလေးရဲ့စိတ်ကို အနာတရဖြစ်အောင် ပြောနေပြန်ပေါ့ ..'လို့ ကျွန်တော် တွေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလူဟာ ကိုယ့်လက်ထဲမှာ ပွင့်နေတဲ့ ပန်းကို ဘာပန်းမှန်း သိအောင် မကြိုးစားချင်ဘူး။ အလကားလူ။ ကိုယ့်လက်ထဲမှာ စံပယ်ပွင့်လေး မွှေးမြဖြူစင်နေပါလျက်နဲ့ ..

"မင်းက ဘာလို့ အရောင် မနီရတာလဲ၊ မင်းမှာ ဘာလို့ ဆူးတွေ မပါရတာလဲ၊ မင်းကို နှင်းဆီပန်းရဲ့ ချေး(ချိုး) ကျွေးဖို့ ကောင်းတယ်"

လို့ ဆူပူမာန်မဲနေတယ်။

ကလေးအတွက်ရော၊ အဖေလုပ်တဲ့လူအတွက်ပါ ကျွန်တော် ရှိုးရှိုးသားသား ဝမ်းနည်းနေမိတယ်။

■





လမ်းမပေါ်ကို အဖြူအစိမ်းဝတ်စုံနဲ့ ကလေးလေးတွေ ထွက်လာကြပြီ။ သူတို့ ပျော်ရွှင်ခုန်ပေါက်မနေကြဘူး။ သူတို့ရယ်ညံမြူးထူး မနေကြဘူး။

သူတို့ သေဆုံးနေကြပါတယ်။

ကလေးလေးတွေဟာ အသက်မဲ့လျက်သား လမ်းလျှောက် နေကြတာပါ။

သူတို့ရဲ့ နှလုံးသားတည့်တည့်မှာ 'မိဘတွေရဲ့ တောင်းဆိုမှု' ကျည်ဆန်ရာနဲ့ ...။

■

မင်းခိုက်စိုးစန်
၉ နိ၊ ၂၁၊ ၂၀၁၄



www.burmeseclassic.com

www.burmeseclassic.com



ထက်မြတ်နိုင်ဇင်

# ကျွန်တော့်ကို အမေသတ်ခဲ့တယ်

(၁)

တနင်္ဂနွေနေ့ဆိုတော့ Shopping Mall ထဲမှာ လူတွေစည်ကားနေတယ်။ လူတွေဟာ အဝတ်လျှော်တဲ့အခါ ဆေးချလိုက်တဲ့ ဆပ်ပြာမြှုပ်တွေလိုပဲ၊ အချင်းချင်း တွန်းတိုက်ရွေ့လျားနေကြတယ်။

လူတွေကို ငေးကြည့်ရင်းနဲ့ ကျွန်တော့်စိတ်ထဲ အထီးကျန်သလို ခံစားရတယ်။ ကြာကြာလည်း ငေးကြည့်မနေသာပါဘူး





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အရောင်းတာဝန်ကျတဲ့ ကလေးကစားစရာပစ္စည်းတွေ ထားရာ စင်တွေဘက်ကို လျှောက်လာခဲ့တယ်။

ကျွန်တော့်ခြေလှမ်းတွေဟာ နှင်းထုထုထဲထဲကြားမှာ လမ်းလျှောက်နေရသလိုပါပဲ။ ထုံထိုင်းအေးစက်မှုတွေဆီကနေ ခြေတစ်လှမ်းချင်းစီကို မနည်းဆွဲဆွဲနှုတ်နေရတယ်။

'မတတ်နိုင်ဘူး'လေလို့ စိတ်ထဲက ညည်းတွားမိတယ်။ ကျွန်တော့်အတွက်တော့ ဘဝဟာ 'မတတ်နိုင်ဘူး'ဆိုတဲ့ ဘာသာစကားနဲ့ စာလုံးပေါင်းတယ်။ 'မတတ်နိုင်ဘူး'ဟာ 'ဘိုတိုကျော်'ဆိုတဲ့ ၁၇ နှစ်အရွယ် လူငယ်လေးတစ်ယောက်ရဲ့ ရှင်သန်မှုပဲ။ ဒါကြောင့် 'မတတ်နိုင်ဘူး' ဟာ ကျွန်တော့်ကို ဆက်သွားဖို့ မောင်းနှင်နေတယ်။

သွားရမှာပဲ ...။

Supervisor လာစစ်လို့ ကိုယ့်အရောင်းတာဝန်ကျတဲ့နေရာမှာ ရှိမနေရင် လခထဲက ပိုက်ဆံဖြတ်ဦးမှာ။ ကျွန်တော် ဒီလတော့ လစာထဲက တစ်ပြားမှအဖြတ်မခံနိုင်ဘူးဗျာ။

ဖိနပ်က ဝယ်မှဖြစ်တော့မှာ။ မိုးတွင်းဆိုတော့ ကျွန်တော့်ဖိနပ်ခေါင်က ဟနေတဲ့နေရာထဲ ရေဝင်ရင် စီးရတာ အရမ်းဒုက္ခရောက်တယ်။ သွားတိုက်ဆေးကလည်း ကုန်နေပြီ။ ဆပ်ပြာခဲလေး တစ်ခဲလောက်လည်း ဝယ်ဦးမှပါ။ သူများတွေလို မျက်နှာသစ်ဆပ်ပြာတို့၊ ဘာတို့ သတ်သတ်ခွဲပြီး သုံးနိုင်တာလည်း မဟုတ်ဘူးလေ။

အင်း .. အားလုံးပေါင်းရင် လစာထဲက ပိုက်ဆံတယ်လောက် ကုန်သွားမှာပါလိမ့်။





''ဟောဒီ .. လေယာဉ်ပျံလေးက ဘယ်လောက်လဲ''

ကျွန်တော့်ကို လှမ်းမေးနေတဲ့ အမျိုးသမီးကြီးက ရုပ်ရှင်တွေထဲက သူဌေးအိတ်ဝင်ခန်းတွေမှာ တွေ့ရတတ်တဲ့ သရုပ်ဆောင်တစ်ယောက်လို ဝတ်စားထားတယ်။ သူ့ဘေးမှာ ခင်ပွန်းဖြစ်ဟန်တူသူက ကလေးတစ်ယောက်ကို လက်ဆွဲလို့။

ကျွန်တော်က ..

''ရှစ်သောင်းခုနစ်ထောင်ပါ အန်တီ။ ဒီဟာက ဓာတ်ခဲထည့်ပြီး အဝေးထိန်းခလုတ်နဲ့ မောင်းလို့ရပါတယ်''

''ပြပါဦး။ ကြည့်ရအောင်''

ကျွန်တော်က စင်ပေါ်မှာပြထားတဲ့ လေယာဉ်ရုပ်ကို ယူပြီး အသင့်ဆောင်ထားတဲ့ ဓာတ်ခဲသေးသေးလေးနှစ်လုံး ထည့်လိုက်တယ်။ ခလုတ်ကိုဖွင့်လိုက်တော့ မီးအနီရောင်လေး လင်းလာရော။ ဒါနဲ့ Remote Control ကနေတစ်ဆင့် ပန်ကာစက်ကို ဖွင့်လိုက်တော့ လေယာဉ်ရုပ်လေးဟာ ကြမ်းပြင်ပေါ်ပြေးရင်း လေပေါ်ပျံတက်သွားတယ်။

ကျွန်တော်က ကလေးငယ်ဘက်ကို ငဲ့စောင်းကြည့်လိုက်တော့ ချာတိတ်က မျက်လုံးတွေတောက်ပပြီး လေယာဉ်ပျံသန်းရာဆီကို တမေ့တမောကြည့်လို့။ ခြေဖျားလေး ထောက်ခါထောက်ခါနဲ့ ခုန်ပေါက်တော့မတတ် ဖြစ်နေတယ်။ ကလေးတစ်ယောက်အတွက်တော့ ဒီလိုကစားစရာမျိုးဟာ မက်မောစရာအတိပေါ့။

အဲဒီကလေးခမျာ လိုချင်ရှာမှာပဲ။ ကျွန်တော်လည်း လိုချင်တယ် သိလား။ ကျွန်တော် ကလေးဘဝတုန်းက ဒီလို ကစားစရာမျိုး တစ်ခုတလေနဲ့မှ မကစားခဲ့ရဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကံကြမ္မာဆိုတာ သိပ်ကို သရော်တတ်တဲ့ လူရွှင်တော်ကြီး တစ်ယောက်ပဲ။ ကျွန်တော် အခုရောင်းနေရတဲ့ ကလေးကစားစရာ ပစ္စည်းတွေ အားလုံးဟာ ကျွန်တော် ငယ်ငယ်တုန်းက ငေးမောကြည့်ရုံ သာ ကြည့်ခဲ့ရပြီး ပိုင်ဆိုင်ခွင့်မရခဲ့တဲ့အရာတွေပဲလေ။

ကျွန်တော်က လေယာဉ်ပျံကို ပြန်ဆင်းအောင် အဝေးထိန်း ခလုတ်ကို ဖိဆွဲလိုက်တော့ ငြိမ့်ငြိမ့်ကလေး ကြမ်းပြင်ပေါ် ပြန်ဆင်း လာတယ်။ ချာတိတ်လေးက အပြေးလေး သွားကောက်ရင်း ..

"သားကို ဝယ်ပေး .. သားကိုဝယ်ပေး"

လို့ အော်နေလေရဲ့။ အမေဖြစ်တဲ့သူက ...

"ဘယ်လောက်ထိ မြင့်မြင့်ပျံလို့ ရသလဲ"

"ပေ ၂၀၀ လောက်အထိ ရပါတယ် အန်တီ"

ခင်ပွန်းဖြစ်တဲ့သူက "ယူလိုက်လေ .. ညမ္ဘာရဲ့"လို့ လှမ်းပြော တယ်။

ကျွန်တော်လည်း ပါကင်မဖောက်ရသေးတဲ့ လေယာဉ်အရုပ် ဘူး အသစ်စက်စက်တစ်ခုကို ဖွင့်ပြစစ်ဆေးပြီး ပေးလိုက်တယ်။

"ကောင်တာမှာပဲ ရှင်းလိုက်ပါခင်ဗျာ"

လို့ ကျွန်တော်ပြောတော့ အမျိုးသမီးကြီးက ပေါ့ပေါ့ပါးပါးပဲ ခေါင်းညိတ်ပြတယ်။ သူတို့အဖို့တော့ သိန်းဂဏန်းနားနီးနီး တန်ဖိုးရှိတဲ့ ကလေးကစားစရာကို ဝယ်ရတာ လွယ်လိုက်တာ။ အဲဒီအချိန်မှာပဲ ချာတိတ်လေးက စင်ရဲ့ ညာဘက်ထောင့်စွန်းမှာ တင်ထားတဲ့ ရောင်စုံ ပလတ်စတစ်ကီးဘုတ်လေးကို လက်ညှိုးထိုးပြပြီး

"မေမေ သား .. ဟိုဟာလေး တီးချင်တယ်"





"ဘာလဲ .. သားရဲ့"

"ဟိုမှာလေ .. သံစုံကီးဘုတ်လေ"

ကလေးကတော့ သံစုံကီးဘုတ်လို့ပဲ ထင်မှာပေါ့။ တကယ် တော့ ခလုတ်က ၂၄ ခုပဲပါတယ်။ အသံကလည်း ကွီ .. ကွီ .. ကွမ် .. ကွမ် နဲ့ ကလေးစိတ်ကျေနပ်ရုံလောက်ပဲ။

အမျိုးသမီးကြီးက

"သားကို အခုဝယ်ပေးရင် ခလုတ်တွေလျှောက်နှိပ်ပြီး ခဏ ကြာရင် ပျင်းသွားလိမ့်မယ်။ အလကားပဲ။ သား တကယ်တီး ချင်ရင် Sunday တိုင်း အန်တီထရေစီဆီမှာ music သွားသင် ရမယ်။ ကြားလား။ ပြီးရင် ဒီထက်အများကြီး ပိုကောင်းတဲ့ တကယ့်ကီးဘုတ်အစစ် မေမေ ဝယ်ပေးမယ်"

သူ့အမေစကားဆုံးတော့ ကလေးလေးက ဘာမှ အထွန့် မတက်တော့ဘဲ ငြိမ်နေတယ်။

ကျွန်တော်ကတော့ အဲဒီ ရုပ်ရှင်သရုပ်ဆောင်လိုဝတ်စားထား တဲ့ အမျိုးသမီးကြီးကို ပြုံးစားခံရသလိုမျိုး ကြည့်နေမိတယ်။ သူ့ကလေး ဆော့ကစားမယ့် ကိစ္စမှာတောင် အတတ်ပညာသင်ကြားမှုနဲ့ စနစ်တကျ ပေါင်းစပ်ပေးဖို့ စီစဉ်ထားတဲ့ အမေတစ်ယောက်ပဲကို။

အမြော်အမြင်ရှိရှိနဲ့ ကလေးတစ်ယောက်ကို ကြီးပြင်းအောင် ဘယ်လိုပျိုးထောင်ရမလဲဆိုတာ တချို့မိဘတွေက ကောင်းကောင်းသိကြ တယ် ထင်ပါရဲ့။

၁ ■



www.burmeseclassic.com

www.burmeseclassic.com



# (၂)

အဲဒီညနေ ၃ နာရီ ဂျူတီထွက်ရမှာဖြစ်ပေမဲ့ အုပ်ချုပ်ရေးမန်နေဂျာက ညွှန်ကြားချက်ပေးနေလို့ ၄ နာရီထိုးခါနီးမှ ပြန်လာရတယ်။ ဘတ်(စ်)ကားမှတ်တိုင်မှာ ဆင်းပြီး လူနေထူထပ်ကျပ်သိပ်နေတဲ့ ရပ်ကွက်ထဲက ခနော်နီခနော်နဲ့ အိမ်လေးဆီကို ရောက်ဖို့ ၁၀ မိနစ်လောက် လမ်းလျှောက်ရသေးတယ်။

ရေဝပ်နေတဲ့လမ်းတွေ၊ ရွှံ့ဗွက်အိုင်တွေနဲ့ အမှိုက်ပုံထဲက ချဉ်စုတ်စုတ်အနံ့တွေကို ဖြတ်လျှောက်လာနေတုန်း လမ်းထိပ် ဆိုက်ကားဂိတ်မှာ ကျားထိုးနေတဲ့ အဖေ့ကို တွေ့လိုက်ရတယ်။

အဖေက ပုဆိုးကို ဒူးခေါင်းပေါ်အောင် ဆွဲမပြီး ကျားတစ်ကောင်ကို 'ဂွပ်'ခနဲမြည်အောင် ရွှေ့လိုက်တယ်။ ပါးစပ်ထဲက ကွမ်းတွေကို 'ထွီ'ခနဲလှည့်ထွေးရင်း ကျွန်တော့်ကို မြင်သွားတော့





''သား ပြန်လာပြီလား''

လို့ လှမ်းမေးတယ်။ ကျွန်တော်လည်း ရှည်ရှည်ဝေးဝေးမပြောချင်တာနဲ့ ခေါင်းညိတ်ပြပြီး ဆက်လျှောက်လာခဲ့တယ်။

ကျွန်တော်သိတယ်။ အဖေ အဲဒီမှာ ကျားထိုးရင်း . . .၊ ဆိုက်ကားသမားတွေနဲ့ အရည်မရ အဖတ်မရ ငြင်းခုန်ရင်း . . .၊ တောအကြောင်း တောင်အကြောင်းတွေပြောရင်း . . .။ အကြာကြီး အချိန်ဖြုန်းဦးမှာ။ မိုးစုန်းစုန်းချုပ်မှ အိမ်ပြန်လာလိမ့်မယ်။

ကျွန်တော် လူမှန်းသိတတ်ကာစကတည်းက အဖေ အဲဒီလိုပဲ နေလာတာ။ ဘာအလုပ်အကိုင်မှလည်း ဟုတ်တိပတ်တိလုပ်တာ တစ်ခါမှ မတွေ့ဖူးဘူး။ ကျွန်တော့်အဖွား မကြာခဏပြောတာ ကြားဖူးတယ်။

"မင်းအဖေ ကျော်ဌေးက အခုထိ ကာလသားစိတ် မကုန်သေးဘူး။ မိန်းမမရခင်ကတည်းကလည်း ဒီအချိုးပဲ။ လတ်လျားလတ်လျားနဲ့။ လူ့ဘော်ကြော့ဟဲ့ . . . တဲ့"

အဖွားက အဖေအိမ်ထောင်ကျသွားတာကို သိပ်မကျေနပ်ဘူး။ ဘက္ကသိုလ်ပညာ တစ်ပိုင်းတစ်စနဲ့ မိန်းမယူသွားလို့တဲ့။ အဲဒါကို ပြောမဆုံးဖြစ်နေတာ။ အဖွားက ပညာရေးနဲ့ပတ်သက်ရင် တမက်တမောရှိတယ်။ သူ့သားတွေ၊ သမီးတွေဆိုရင် အဖေတစ်ယောက်ကလွဲပြီး ကျန်တာ ဘွဲ့ရပညာတတ်တွေချည်းပဲ။

www.burmeseclassic.com



သားလတ်ဆိုရင် အခု နိုင်ငံခြားမှာ။ အခု အဖွားနဲ့ အတူနေနေတဲ့ ဒေါ်လေးမေမီကျော်ဆိုရင် အင်ဂျင်နီယာ။ သူ့အမျိုးသားကလည်း အင်ဂျင်နီယာပဲ။ သူတို့သားလေးတောင် အခုဆို YIEC မှာ Grade 6 လား၊ 7 လားမသိဘူး ရောက်နေပြီ။ စာလည်းတော်တယ် ပြောတယ်။

ဒါပေမဲ့ အဖွားက ကျွန်တော့်ကို မြေးအကြီးဆုံးမို့လို့ နည်းနည်းပိုချစ်တယ် ထင်တာပဲ။ ၁၀ တန်းအထိ ကျွန်တော့်ကို အဒေါ်ကပဲ ကျောင်းထားပေးတာပါ။ သူတို့သားလို အင်္ဂလိပ်ကျောင်းမှာတော့ ဘယ်ဟုတ်ပါ့မလဲ။ ရိုးရိုးကျောင်းမှာပဲပေါ့။

ဒါကလည်း အဖွားက ..

''၁၀ တန်းလေးတော့ ပြီးအောင်ထားပေးပါ ငါ့သမီးရယ်။ ကုသိုလ်ရပါတယ်''

လို့ တောင်းတောင်းပန်ပန်နဲ့ ပြောပေးလို့ပါပဲ။

ဒါတောင် အဖွားက ကျွန်တော် ၁၀ တန်းအောင်တော့ တက္ကသိုလ်ဆက်တက်မလားလို့ မေးသေးတယ်။ ကျွန်တော် ခေါင်းခါလိုက်ရတော့တာပေါ့။ ကိုယ့်အကြောင်းကိုယ် သိတယ်လေ။ ၁၀ တန်းအောင်တော့ ဘာသာစုံအမှတ် ၄၀ ကျော်စီပဲ ရတာ။ ပညာရေးနဲ့ပတ်သက်ရင် ကျွန်တော်က ဘာမှအဖြစ်ရှိလာမယ့်ကောင် မဟုတ်ဘူး။

အိမ်ရဲ့ စားဝတ်နေရေးအတွက်လည်း အလုပ်လုပ်ရဦးမှာ။ ကျွန်တော့်အောက် အငယ်မနှစ်ယောက်က အတန်း နည်းနည်းကြီးလာပြီ။ ဒါကြောင့် ကျွန်တော်က အဖွားကို





''တော်ပါပြီအဖွားရယ်။ ပညာရေးနဲ့တော့ ရေစက်ကုန်ပါပြီ။ အလုပ်ပဲ လုပ်ပါတော့မယ်။ အိမ်ရဲ့အခြေအနေကလည်း အဖွားသိတဲ့ အတိုင်းပဲလေ''

လို့ ပြန်ပြောလိုက်ရတယ်။

''အေး .. လုပ်ပေါ့လုပ်။ မဝရေစာအလုပ်ကလေးတွေပဲ ရှာပြီး ဝတ်တစ်လှည့် ပြတ်တစ်လှည့် အသက်ဆက်ကြပေါ့ဟယ်။ ပညာမတတ်တော့ ဆင်းရဲ ဆင်းရဲတော့ ပညာရေးကို စိတ်မဝင်စား။ အဲဒီအတိုင်းပဲ လုံးချာလိုက်နေပေဦးပေါ့''

အဖွားက ကရုဏာဒေါသောနဲ့ ဆိုပါတယ်။

အဲဒီနေ့က အဖွား အိမ်ကနေ ပြန်လာတော့ ကျွန်တော်နဲ့ ရွယ်တူကောင်လေးတစ်ယောက်က မှန်တံခါးချထားတဲ့ သူ့ကိုယ်ပိုင်ကားထဲမှာ အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ဖွင့်ရင်း ခပ်တိုးတိုးလိုက်ညည်းနေတယ်။ ကျွန်တော့်အတွက်တော့ သီချင်းတိုင်းဟာ ကိုယ်ဆိုလို့ရတဲ့သီချင်း မဟုတ်ခဲ့ဘူး။

လူငယ်တဝဆိုတာ သူများတွေအတွက် ပျော်ပျော်ရွှင်ရွှင်ဆိုလို့ရတဲ့ သီချင်းတစ်ပုဒ်ဖြစ်ပေမဲ့ ကျွန်တော့်အတွက်တော့ ဆွဲ့အသွားစေတဲ့ သီချင်းတစ်ပုဒ်ပါပဲ။

www.burmeseclassic.com



(၃)

ကျွန်တော် ပြန်မလာချင်တဲ့အိမ်ကို ပြန်ရောက်တော့ ထုံးစံအတိုင်း အိမ်ထဲမှာ ညှီစို့စို့ ညှည်းသိုးသိုး လေအဟောင်းအဆွေးတွေနဲ့ ပိတ်ကျပ်နေတယ်။ အမေကတော့ အခုတစ်လော ခေတ်စားနေတဲ့ ကိုရီးယားဇာတ်လမ်းတွဲတစ်ပုဒ်ကို ၁၄ လက်မ တီဗီလေးမှာ အခွေထိုးပြီး ကြည့်နေတယ်။ တိုင်ကို မှီထိုင်လို့။ နေကြာစေ့ကိုလည်း တဖြောက်ဖြောက်ဝါးလို့။

နေရောင်ကောင်းကောင်းမဝင်လို့လား မသိဘူး။ အဆီပြန်နေတဲ့ အမေ့မျက်နှာဟာ အရောင်ရင့်သင့်တာထက် ပိုမှိုင်းနေတယ်။





ကျွန်တော် လှမ်းတက်လိုက်တော့ အမေက မျက်လုံးတစ်ချက်ဝေ့ကြည့်ရုံပဲ ကြည့်တယ်။ ကိုရီးယားကားလောက် စိတ်မဝင်စားဘူး။ ပျင်းရိပျင်းတွဲနဲ့ ကိုယ်နေဟန်ကို ပြင်ပြီး တိုင်ကို ခပ်လျှောလျှောမှီလိုက်တယ်။ ကျွန်တော်က

''ဘာချက်ထားလဲ အမေ။ သား ဗိုက်ဆာလို့''

အမေက တီဗီကနေ မျက်လုံးကို မခွာဘဲ

''နင့်အဖေ ... ဒီနေ့ ပိုက်ဆံတစ်ပြားမှ မပေးဘူးဟဲ့။ ငါက ဘယ်ကအဆံရလို့ ဝယ်ချက်ရမှာတုန်း''

''ပြီးခဲ့တဲ့တစ်ပတ်လောက်ကပဲ ကျွန်တော့်လစာ အမေ့ကို အပ်သေးတယ်လေဗျာ''

''ဟဲ့ .. အဲဒီပိုက်ဆံကို လက်ထဲနွေးအောင်တောင် မကိုင်လိုက်ရဘူး။ မတင်ဝင်းတို့သားအမိ အော်ကြီးဟစ်ကျယ်နဲ့ အကြွေးလာတောင်းလို့ ပေးလိုက်ရပါရောလား''

အမေက သုံစားထားတဲ့ နေကြာစေ့ခွံတွေကို ထိုင်ရာကမထကြမ်းကြားထဲကနေ သွန်ချလိုက်တယ်။ ဖွက်ပေါက်နေတဲ့ အိမ်အောက်က ရေဆိုးတွေနဲ့ ရွှံ့တွေပေါ်မှာ နေကြာစေ့ခွံတွေ မျောသွားတယ်။

အမေဟာ ဆင်းရဲလွန်းလို့ပဲ စိတ်ခံစားချက်တွေ အေးခဲသွားတာလား၊ နဂို သူ့ဗီဇအရကို အေးတိအေးစက် နေထိုင်တတ်တာလား မသိဘူး။ သားသမီးတွေအပေါ်မှာ အနွေးဓာတ် ကင်းမဲ့လွန်းတယ်။

မိဘမေတ္တာအကြောင်းကို ဖွဲ့နွဲ့တဲ့ ဝတ္ထုတွေ၊ ကဗျာတွေ တော်တော်များများကို ကျွန်တော် ဖတ်ဖူးပါတယ်။ ရုပ်ရှင်ထဲဆိုရင်လည်း ခံစားဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့တွေက အမေ့မေတ္တာတရားရဲ့ အေးမြပုံကို အရမ်းဖွဲ့နွဲ့ကြတယ်၊ အမေ့ကျေးဇူးတရား ကြီးမားပုံကိုလည်း စကားလုံးလှလှတွေနဲ့ တင်စားကြတယ်။ ဖတ်ရတာ ရင်ထဲမှာ နှင့်နေတာပဲ၊ ကျွန်တော်လည်း ကျွန်တော့်အမေအကြောင်းကို သူတို့အမေတွေလို စကားလုံးလှလှတွေနဲ့ နိုင်းနှိုင်းတင်စားပြီး ဖွဲ့နွဲ့စရာ ရှိချင်လိုက်တာဗျာ။

ကျွန်တော် တွေးရင်းတွေးရင်းနဲ့ ဘာကို ဝမ်းနည်းမှန်းမသိ ဝမ်းနည်းလာတယ်၊

အဖေ အလုပ်မလုပ်လို့ အမေ စိတ်ဆင်းရဲနေတာလား၊ ပိုက်ဆံ မရှိလို့ အမေ့နှလုံးသားတွေ ကြမ်းတမ်း ကြွပ်ဆတ်နေတာလား၊ အားလုံး အဆင်ပြေအောင် သားအလုပ်လုပ်မှာပေါ့ အမေရယ်။ အခု လည်း သားရှာလို့ရသမျှ အမေ့ကို အပ်နေတာပဲလေ။ ကျွန်တော် အများကြီးမတတ်နိုင်ရင်တောင် အမေကြိုက်တဲ့ ကိုရီးယားကားတွေ ကြည့်ဖို့ တီဗီခပ်ကြီးကြီးတစ်လုံး ဝယ်ပေးချင်ပါတယ်။

ကျွန်တော် လခအပ်တဲ့ရက်တွေဆို အမေတစ်ယောက်တည်း သွားသွားစားတတ်တဲ့ ဒင်းဆမ်းတွေလည်း နှစ်ရက်တစ်ခါ၊ သုံးရက် တစ်ခါလောက် ဝယ်ကျွေးချင်ပါတယ် အမေရယ်။

ကျွန်တော့်မှာ ခပ်ကြာကြာတောင် အတွေးပွားတွေနဲ့ ကြေကွဲခွင့် မရလိုက်ပါဘူး။ ခဏနေရင် ကျွန်တော့် ညီမနှစ်ယောက် ကျောင်းက ပြန်လာကြတော့မှာကို သတိရသွားတယ်။ သူတို့လည်း ဆာလောင်လာကြမှာပဲလေ။ အဲဒီလို တွေးလိုက်မိတာနဲ့

"အမေ ‥ ငြိမ်းငြိမ်းနဲ့ ထွေးထွေးတို့ ပြန်လာရင်ရော ဘာနဲ့ ကျွေးမှာလဲဟင်"





ကျွန်တော့်စကားကြောင့် အမေက သူ့နားရွက်နောက်က ဆံပင်တွေကို အသာအယာကုတ်လိုက်ရင်း

"နင့်အမေကြီးအိမ်သွားပြီး ဆန်တစ်ပြည်လောက် ချေးပါလားဟယ်။ တစ်လက်စတည်း မုန့်ဖိုးလေးဘာလေး တောင်းပြီး လမ်းထိပ်ဆိုင်က ဘဲဥ ၃ လုံးရယ်၊ ဆီရယ် ဝယ်ခဲ့။ နင့်အမေကြီးဆီမှာပဲ တောင်းနော် ‥ ကြားလား"

အမေကြီးဆိုတာက အဖေ့ရဲ့အမေ ကျွန်တော့်အဖွားကို ပြောတာပါ။ အမေကြီးအိမ်ဆိုတာလည်း တကယ်တော့ ဒေါ်လေးမေမီကျော်ရဲ့ အိမ်ကို ဆိုလိုတာပါ။ အမေကြီးဆီမှာပဲ တောင်းလို့ သေသေချာချာ ထပ်မှာနေရတာလည်း အကြောင်းရှိပါတယ်။ ထစ်ခနဲ အကြောင်းတစ်ခုခု ရှိတိုင်း သွားသွားတောင်းရလွန်းလို့ ဒေါ်လေးက အမေ့ကို သိပ်စေတနာ မရှိတော့ဘူး။

ကံကောင်းတာတစ်ခုက ကျွန်တော့်ကိုတော့ ဒေါ်လေးက သံယောဇဉ်ရှိရင်းစွဲမို့ သိပ် ပစ်ပစ်ခါခါမပြောဘူး။ မျက်နှာထားဆိုးပေမဲ့ တောင်းသမျှတော့ ပေးတာချည်းပဲ။

ဘာပဲဖြစ်ဖြစ်လေ …

ပေးကမ်းခြင်းဆိုတာ တောင်းယူသူအတွက်တော့ 'သိမ်ငယ်မှု' တံဆိပ် ချိတ်ဆွဲစီးမြင့်တဲ့ အခမ်းအနားပါပဲ၊ ဒေါ်လေးရဲ့ မျက်လုံးအောက်မှာ ကျွန်တော် ကြိမ်ဖန်များစွာ သေးငယ်သွားဖူးတယ်။

ဒေါ်လေးယောက်ျားရဲ့ ချောင်းဟန့်သံတစ်ချက်အောက်မှာ ကျွန်တော် ကယောင်ချောက်ချား ဖြစ်ခဲ့ဖူးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးယောက်ျားရဲ့ ဆွေမျိုးတွေရှေ့မှာ အသက်ထွက်ခါနီး ဆဲဆဲအထိ ရှက်ဖူးတယ်။ ကုန်ကုန်ပြောရရင် ဒေါ်လေးရဲ့သား ဝေယံ သေးမှာလာရပ်ရင်တောင်မှ ကျွန်တော့်တစ်ကိုယ်လုံး ကျုံ့ဝင်သွားခဲ့ဖူး ပါတယ်။

အခုလည်း ကျွန်တော့်ခြေလှမ်းတွေဟာ သိမ်ငယ်ခြင်းထဲကနေ မနည်း ဆွဲနှုတ်ယူနေရပြီ။ သူသတ်ကုန်းမသွားချင်တဲ့ အပြစ်သား တစ်ယောက်ရဲ့ ခံစားချက်ထက်တော့ လျော့မယ်မထင်ပါဘူး။

ဒါပေမဲ့ ရွေးချယ်စရာ မရှိဘူးလေ။

ဆာလောင်ခြင်းဟာ ဘယ်လောက်ကြောက်စရာကောင်းလဲ သိလား။ ဗိုက်ဆာတဲ့အခါ ငြိမ်ငြိမ်ထိုင်နေရရင် တော်သေးတယ်။ လမ်းလျှောက်ရတော့ ပိုဆိုးတယ်။ မျက်လုံးတွေနဲ့ ခြေထောက်တွေက ကြွက်သားတွေဟာ သွေးမထွက်တဲ့ ဒဏ်ရာဗရပွနဲ့၊ တို့ထိလိုက်ရုံနဲ့ ကြွေကျသွားနိုင်တဲ့ ပန်းပွင့်တွေလို နွမ်းရိညှိုးရော်နေကြတယ်။

အဖွားအိမ်ကိုရောက်တော့ ...

''ဟဲ့ ဘိုဘို ဘာတုန်း''

ညှော်ခန်းမှာ ပုတီးတစ်ကုံးကို လက်ကကိုင်ရင်း ထိုင်နေတဲ့ အဖွားက လှမ်းပြောတယ်။ ကျွန်တော်က

''အမေက ဟို .. ဆန်ချေးခိုင်းလိုက်လို့ပါ။ အိမ်မှာ ဒီနေ့ ညနေ ချက်စရာမရှိဘူးဖြစ်နေတယ်။ ပြီးတော့ ဘဲဥကြော်စားဖို့ အတွက်ပါ ပိုက်ဆံနည်းနည်းပေးပါဦး အဖွားရယ်''

''အင်း .. ဒုက္ခ .. ဒုက္ခ''လို့ ရေရွတ်တဲ့ အဖွားရဲ့ စကားသံ ဟာ ကျွန်တော့်နားနဲ့ စိမ်းမနေလှဘူး။ ကျွန်တော်လာတောင်းတိုင်း





အဖွားက အဲဒီလိုပဲ ညည်းတတ်တယ်။ ခဏနေတော့ အဖွားက သူ့ ရွှေးခံအင်္ကျီအိတ်ထဲ လိပ်ထားတဲ့ ငါးရာတန်လေး နှစ်ရွက်ကို ကျွန်တော့် လက်ထဲ လာထည့်လေရဲ့။ ပြီးတော့

''မင်းဒေါ်လေးတော့ အိမ်မှာမရှိဘူး။ သူ့ယောင်းမကို ခေါ်ပြီး ဈေးသွားကြတယ်။ သူပြန်လာမှ ဘယ်ဒင်းက ဘယ်ဆန် ဆိုတာ သိမှာ။ ငါက မျက်စိမှုန်နေလို့ မခွဲတတ်ဘူး''

ကျွန်တော့်အဖွားပြောတဲ့ ဘယ်ဒင်းက ဘယ်ဆန်ဆိုတာ အဓိပ္ပာယ်ရှိပါတယ်။

ဒေါ်လေးအိမ်မှာက ဆန်ကို အကောင်းစားနဲ့ အကြမ်းစားဆို ပြီး နှစ်မျိုးခွဲထားတာ။ ဆန်အကောင်းက သူတို့စားဖို့၊ ဆန်အညံ့က အိမ်မှာခိုင်းတဲ့ အလုပ်သမားတွေကို ကျွေးဖို့၊ ကျွန်တော်တို့ကိုပေးမယ့် ဆန်က ဒုတိယအမျိုးအစားထဲကပါ။

ဟိုးတစ်ခါတုန်းက အဖွားက မျက်စိမှုန်မှုန်နဲ့ ဆန်ချင်းမှားပြီး ကျွန်တော်တို့ကို ဆန်အကောင်းစားတွေ ပေးမိလို့ ဒေါ်လေးနဲ့ အဖွား ကြားမှာ အဖုအထစ် ဖြစ်ရသေးတယ်။ အဲဒီကတည်းက အဖွားလည်း ဆန်ကို သူ့သဘောနဲ့သူ မပေးဝံ့တော့ဘူး။

အိမ်ရှေ့လှေကားထစ်မှာ ထိုင်ရင်း ကျွန်တော်စဉ်းစားနေတုန်း ဒေါ်လေးတို့ ဈေးက ပြန်လာတာ လှမ်းမြင်လိုက်ရတယ်။ ဒေါ်လေးက ကြော့ကြော့မော့မော့နဲ့၊ သူ့ယောင်းမက နောက်ကနေ ဈေးခြင်းတောင်း ကို ဆွဲလို့၊ ဒေါ်လေးပြောသမျှကို 'ဟုတ်ကဲ့ .. ဟုတ်ကဲ့'နဲ့ ခေါင်းညိတ် နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲဝင်လာတော့ ကျွန်တော့်ကိုမြင်တာနဲ့ လှမ်းပြီး

''ဟဲ့ ဘိုဘို •• အိမ်ပေါ်မတက်ဘဲ လှေကားမှာ ဘာထိုင်လုပ်နေတာလဲ။ နင်တို့ နေပုံထိုင်ပုံတွေကတော့လေ ••• ငါ ပြောလိုက်ရရင် မကောင်းဘူး''

ဒေါ်လေးက ကျွန်တော့်ကို ဆူရင်း အိမ်ပေါ်တက်သွားတယ်။ ကျွန်တော်လည်း သူ့ဘက်က စမေးသေးတာမို့ ဘာမှ မပြောဝံ့ဘဲ နောက်ကနေ ယို့ယို့လေး လိုက်သွားရတာပေါ့။

ဒေါ်လေးက ကျွန်တော့်ကို ဂရုမစိုက်ဘဲ သူ့ယောင်းမကိုချည်း ဖိပြောနေတယ်။

''ငါပြောတဲ့စကားကို ညည်း ကြပ်ကြပ်မှတ်ထားစမ်း နွယ်နီ။ ကလေးတစ်ယောက်မွေးတယ်ဆိုတာ ဗိုက်ထဲက ညှစ်ထုတ်လိုက်ရုံနဲ့ ကိစ္စပြီးသွားတာ မဟုတ်ဘူး။ ကလေးလေးကျ ချစ်စရာကောင်းလိုက်တာဆိုပြီး ကိုယ့်ရင်ခွင်ထဲ ချိုးပျော်ရွှင်ခွင့်ရတာက ကာလတိုတိုလေးရယ်။ အများဆုံး ၃ နှစ်ထက် မပိုဘူး။ တကယ့်ပြဿနာက ကိုယ်မွေးထုတ်လိုက်တဲ့ ကလေး နောင်နှစ်ပေါင်းအစိတ်ကြာလို့ လူကြီးဖြစ်သွားတဲ့အခါ ဘဝကို ဟန်ကျပန်ကျ ရပ်တည်နိုင်အောင် ဘာတွေပြင်ဆင်ပေးလိုက်မလဲဆိုတဲ့ ကြိုတင်ပြင်ဆင်မှုက အရေးကြီးတယ် နွယ်နီရဲ့။ အနည်းဆုံး ကိုယ့်ကလေးနေမကောင်းဖြစ်တဲ့အခါ ဘယ်လို ဆေးခန်းမျိုးမှာ ပြမလဲ။ ကိုယ့်ကလေး အခြေခံကောင်းအောင် ဘယ်ကျောင်းမှာထားမလဲဆိုတာလောက်တော့ သေချာပြင်ဆင်ပြီးမှ ကလေးယူတာကောင်းတယ်။ ကြားလား နွယ်နီ''





''ဟုတ် •• ဟုတ်ကဲ့ •• မမ။ ညီမလည်း အဲဒီလိုတော့ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ ယောက္ခမကြီးက 'အချိန်တန်ရင် သူ့ဟာနဲ့သူ ဖြစ်သွားလိမ့်မယ်။ ကလေးရဲ့ကံလည်း ရှိသေးတာပဲ'လို့ ပြောပြောနေတာနဲ့ ••''

''ကျွတ် • ငါတို့ မြန်မာတွေ အဲဒါ ခက်တာပဲ။ ကံကိုပဲ ရိုးမယ်ဖွဲ့ချင်ကြတယ်။ သူ့ဟာနဲ့သူ ဖြစ်သွားရအောင် ခွေးလေး ကြောင်လေး မွေးတာမှ မဟုတ်တာ။ ဘာမှ ကျကျနန ပြင်ဆင်မှုမရှိဘဲ ကလေးတစ်ယောက်ကို လူ့ဘဝထဲ ခေါ်ပြီး ဒုက္ခတွေနဲ့ ရင်ဆိုင်နိုင်းဦးမလို့လား။ ညည်းယောက္ခမတွေကို ပြောလိုက်စမ်းပါအေ။ သူတို့ ခဏတစ်ဖြုတ် စိတ်အပန်းဖြေ ကလေးချီချင်ရုံအတွက်သက်သက်နဲ့တော့ တိုင်းပြည်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်မယ့်လူတစ်ယောက်ကို မဖန်တီးပါရစေနဲ့လို့''

အဲဒါတွေကို ကြားနေရတဲ့ အဖွားက သူ့သမီးကို ဇွဲတော့တော့ စကားလုံးတွေနဲ့ လှမ်းအော်တယ်။

''အံမယ်လေးတော် •• ညည်းစကားတွေကလည်း ကြီးကျယ်လိုက်တာ။ တိုင်းပြည်နဲ့ကို ချိန်နေတာပဲ။ ကဲ •• ကဲ •• အဲဒါတွေ ခဏထားပြီး ညည်းတူကိစ္စ လုပ်ပေးလိုက်ပါဦးအေ''

ဒေါ်လေးက ကျွန်တော့်ဘက်လှည့်ကြည့်ပြီး

''ဘာဖြစ်ပြန်ပြီလဲ ဘိုဘို''

ကျွန်တော်က

''ဆန်တစ်ပြည်လောက် ချေး •• ချေးချင်လို့ပါ ဒေါ်လေး။ ဒီညနေ အိမ်မှာ ထမင်းချက်စရာ မရှိတော့လို့''



www.burmeseclassic.com

www.burmeseclassic.com



"အောင်မလေး ‥ ချေးတယ်တွေ ဘာတွေ ပြောမနေစမ်းပါနဲ့ ဟယ်။ ဘယ်တုန်းက ပြန်ပေးဖူးတာမှတ်လို့၊ ကဲ ‥ ခဏစောင့်၊ ပြီးမှ ငါ ထည့်ပေးမယ်။ နွယ်နီ ‥ မမကို ဈေးခြင်းပေး"

"ရတယ် မမ။ မီးဖိုခန်းထဲထိ နွယ်နီ သယ်လာခဲ့မယ်"

ဒေါ်လေးတို့နှစ်ယောက်သား မီးဖိုခန်းထဲကို ဝင်သွားကြတော့တယ်။ ကျွန်တော်နဲ့ အဖွားပဲ ဧည့်ခန်းစင်းစင်း ကျန်ခဲ့တယ်။ အဖွားက ကျွန်တော့်ကို

"ငါ့မြေးရော ဘာစားခဲ့ပြီးပြီလဲ"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။ အစားအသောက်အကြောင်း အမေးခံရမှ ပိုပြီး ဆာလောင်လာသလိုပဲ။ အဖွားက ကျွန်တော့်အဖြစ်ကို ရိပ်မိသွားတယ်ထင်တယ်။

"မနက်က ထမင်းကြမ်းတော့ ကျန်ဦးမယ်ထင်တယ်။ ကန်စွန်းရွက်ချဉ်ရည်နဲ့ ငါးရံ့ ချက်ထားတာ အကပ်အသတ်တော့ ကျန်ဦးမယ်ထင်တယ်။ မီးဖိုထဲမှာ သွားတောင်းပြီး စားလိုက်ပါလား ငါ့မြေးရဲ့"

ကျွန်တော် ခေါင်းညိတ်ပြပြီး ထထွက်လာခဲ့တယ်။

မီးဖိုခန်းထဲမဝင်ခင် အထဲမှာပြောနေတဲ့ စကားတွေကြောင့် ကျွန်တော့်ခြေလှမ်း တုံ့ခနဲ ရပ်သွားတယ်။ ဒေါ်လေးက သူ့ယောင်းမကို ပြောပြနေတာပါ။

"ငါပြောတာ မှန်၊ မမှန် ဝေးဝေးမကြည့်နဲ့ နွယ်နီရေ၊ ငါ့အစ်ကို ရဲ့သား စောစောက နင်တွေ့တဲ့ ဘိုတိုကိုပဲကြည့်။ သူ့အမေ မိစိန်နဲ့ ငါ့အစ်ကို ကြိုက်ကြတော့ ငါ့အစ်ကိုက တက္ကသိုလ်မှာ





ဒုတိယနှစ်တက်တုန်းပဲ ရှိသေးတယ်။ ကိုယ်ပေါင်ကိုယ်လှန် ထောင်းရရင် ငါ့အစ်ကိုကလည်း ရည်းစားဆို မှိုလိုပေါက်အောင် ထားချင်တာ၊ အဲဒီတော့ မိစိန်က ငါ့အစ်ကိုကို အမိဖမ်းဖို့ ကြံရော"

"ဟင် ‥ ဘယ်လိုကြံတာလဲဟင်"

"ရုပ်ရှင်တွေထဲမှာပါတဲ့ အတိုင်းပဲပေါ့။ သူတို့နှစ်ယောက် တည်းခိုခန်းမှာ ချိန်းတွေ့ကြသတဲ့၊ ဘယ်နှစ်ခါ ချိန်းတွေ့လိုက်လဲ မသိဘူး။ နောက် လေးငါးလကြာတော့ မိစိန်က ကျွန်မမှာ ကိုယ်ဝန် ၃ လရှိနေပြီလို့ မျက်ရည်စက်လက်နဲ့ ပြောပါရောလား"

"ဟင် ‥ အဲဒီမိန်းမကလည်း 'အ'ပါပေ့။ ကိုယ်ဝန်မရအောင် ကာကွယ်လို့ရတဲ့နည်းလမ်းတွေ ဒီလောက်အများကြီးရှိနေတာပဲဟာ၊ ပြီးတော့လည်း ကိုယ်ဗိုက်ကြီးနေတာ ၃ လကြာမှ သိသတဲ့လား"

"ဟဲ့ နင်ကလည်း။ သူက 'အ'တာ မဟုတ်ဘူးပေါ့။ အစကတည်းက လိုချင်လို့ကို မကာကွယ်တဲ ထားတဲ့ဟာပဲ။ ဗိုက်ကြီးမှ အဲဒီဗိုက်ထဲက ကလေးကို ဖန်ပြပြီး သူ့ကို မယူယူအောင် အကျပ်ကိုင်တာလေဟယ်။ အဲဒီတုန်းက ငါ့အစ်ကိုကလည်း ပညာရေးတစ်ပိုင်းတစ်စ။ မိစိန်ကိုယ်တိုင်ကလည်း သူများ ထမင်းဆိုင်မှာ လက်တိုလက်တောင်း။ ဘဝအတွက် ဘာမှ ပြင်ဆင်ထားတာမရှိဘဲနဲ့များ ယောကျ်ားတစ်ယောက်ကို ချုပ်ချယ်ဖို့ ဖော်သက်သက်နဲ့ ကလေးကို ဓားစာခံလုပ်ရဲတဲ့ သူ့စိတ်

www.burmeseclassic.com



ကြီးကို ငါဖြင့် ရွံလိုက်တာ''

ကျွန်တော့်အမေအကြောင်းကို နောက်ကြောင်းပြန်ပြောပြနေတဲ့ ဒေါ်လေးရဲ့ စကားတွေဟာ သစ်သီးဖျော်စက်တစ်လုံးကို ဖွင့်လိုက်သလိုပါပဲ။ အဆက်မပြတ်ထွက်ပေါ်လာတဲ့ မြည်သံတွေက ကျွန်တော့်ရင်ထဲက သစ်သီးတွေအကုန်လုံးကို ခြေမွပစ်လိုက်တယ်။

လတ်ဆတ်တဲ့ သစ်သီးဖျော်ရည်တွေတော့ ထွက်မလာခဲ့ဘူး။ ကျွန်တော့်မျက်ရည်တွေသာ တစ်ပေါက်ပေါက် လိမ့်ဆင်းလာခဲ့တော့တယ်။

■





(၄)

ညနေဟာ ထင်ထားတာထက် ပိုမှောင်နေသလိုပဲ။ မပြန်ချင်တဲ့ အိမ်ကို ဒီတစ်ခါလည်း ပြန်ရဦးမယ်။ ဒါဟာ မရှင်သန်ချင်တဲ့ ဘဝကို ရှင်သန်ရဦးမယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့လည်း အတူတူပါပဲ။

ဒီတစ်ခါတော့ ခြေလှမ်းတွေကို နာကျင်ခြင်းတွေက ဆွဲထားတယ်၊ မျက်ရည်တွေက ဆွဲထားတယ်။ ပြီးတော့ အတိတ်ရဲ့အရိပ်ဆိုးတွေက ဆွဲထားတယ်။ လူ့ဘဝဟာ လမ်းတစ်လမ်းဆိုရင် ကျွန်တော့်ခြေထောက်တွေက လမ်းကို မသိခဲ့ဘူး။

ကျွန်တော့်ခြေထောက်တွေက သူမသိတဲ့ လမ်းတွေကို လျှောက်ရင်း ရထားသံလမ်းရှိရာဆီကို ရောက်လာတယ်။ ကျွန်တော်ဟာ လေလေ လွင့်လွင့်နဲ့ပဲ ရထားသံလမ်းရဲ့ ခေါ်ဆောင်ရာနေရာကို အလျားလိုက် လျှောက်နေမိပြန်ရော။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတစ်ခဏမှာ ကျွန်တော်ဟာ ရထားတစ်စင်း တကယ်ကို ဖြစ်ချင်စိတ်ပေါ်သွားတယ်။

ကြည့်စမ်း။

ရထားသံလမ်းဘေးမှာ တဲအိမ်ကလေးတွေ။

တစ်လုံးနဲ့တစ်လုံး ကျပ်ညပ်လို့။

ဝါးကြမ်းခင်းတွေကလည်း ကျိုးတိုးကျဲတဲ၊ ဝါးလုံးနဲ့ ထောက်ကန်ထားတဲ့ တိုင်တွေကလည်း ခနော်နီခနော်နဲ့။

ဘေးမှာကာထားတဲ့ မိုးရေကာဖျင်စ အစုတ်ကလည်း တွဲလောင်းကျလို့၊ တချို့တဲအိမ်တွေမှာတော့ သံချေးကိုက်နေတဲ့ သွပ်ပြား အစုတ်တွေကို နံရံအဖြစ်နဲ့ ကာထားလို့၊ ယင်ကောင်တလောင်းလောင်းနဲ့ ညစ်ပတ်နံစော်နေတဲ့ အိမ်သာတွေကိုလည်း ရထားသံလမ်းပေါ်က လှမ်းကြည့်ရင် အတိုင်းသား မြင်နေရတယ်။

အိုး . . ကလေးတွေကလည်း အများကြီးပါလား။

တဲ တစ်တဲချင်းစီမှာ အရွယ်မရောက်သေးတဲ့ ကလေးပေါက်စ နှစ်ယောက်သုံးယောက်တော့ ရှိနေတတ်တယ်။ အချင်းချင်း လုံးထွေး ဆော့ကစားလို့၊ အကျႌမပါတဲ့သူက မပါ၊ ဘောင်းဘီမရှိတဲ့သူက မရှိနဲ့ ညစ်ပတ်ပေတူးနေကြတယ်။ အူထဲမှာ သန်ကောင်တွေကို လွယ်ပိုးထား ရသလို ကလေးအားလုံးဟာ ဗိုက်ပူနံကားတွေချည်းပဲ။

သူတို့လေးတွေအဖို့ လူဖြစ်နေရတာဟာ 'ဆုလာဘ်'လား 'အပြစ်ဒဏ်'လား။

ဇလီဖားတုံးနဲ့ ကျောက်ခဲတွေဟာ ကျွန်တော့်ကို ဒယီးဒယိုင် ဖြစ်စေတယ်၊ ခြေလှမ်းလှမ်းလိုက်တိုင်း ကျွန်တော့်ပါးပြင်ပေါ်ကို မျက်ရည်





တွေက လိမ့်လိမ့်ပြီး ဆင်းလာနေတုန်းပဲ။

ကျွန်တော့်အတွက်ကတော့ လူလာဖြစ်ရတာ အပြစ်ဒဏ် တစ်ခု ခံယူဖို့သက်သက်လိုပါပဲ။ ကျွန်တော့်ကို လူလိုသူလိုနေရဖို့ ဘာ အစီအစဉ်မှ မရှိဘဲနဲ့ အမေ့ဗိုက်ထဲကနေ ထွက်ခဲ့ရတယ်။

အမေဟာ ကျွန်တော့်အနာဂတ်ကို မစဉ်းစားထားဘူး။ အမေ ဟာ ကျွန်တော့်ကို ပညာသင်ပေးဖို့ မစဉ်းစားထားဘူး။ အမေဟာ ကျွန်တော့်ကို လူတစ်ယောက်အဖြစ် ကြီးပြင်းလာဖို့ လိုအပ်တာ ဘာ တစ်ခုမှ မစီစဉ်ထားဘူး။

အမေဟာ အဖေ့ကိုရဖို့ လက်နက်တစ်ခုအဖြစ်လောက်ပဲ သဘောထားပြီး ကျွန်တော့်ကို မွေးခဲ့တယ်။

ကျွန်တော်ဟာ အစကတည်းက လူမဟုတ်ခဲ့ပါဘူး။ ယောကျ်ား တစ်ယောက်နဲ့ မိန်းမတစ်ယောက်ကြားက ဘေးထွက်ပစ္စည်းတစ်ခုပါ။ အမေဟာ သူလိုချင်တဲ့ အဖေ့ကို ရပြီးသွားတာနဲ့ တစ်ပြိုင်နက် ကျွန်တော့်ရဲ့ အသုံးဝင်မှုအခန်းကဏ္ဍကလည်း ပြီးဆုံးသွားတာပဲ မဟုတ် လား။

အဲဒီကတည်းက ကျွန်တော်ဟာ အသတ်ခံလိုက်ရတာပါ။

ဖြစ်သလိုနေထိုင်၊ ဖြစ်သလိုရှင်သန်၊ ဖြစ်သလိုကြီးပြင်းဖို့အတွက် (ဘာမှ ရေရာတဲ့အစီအစဉ်မရှိဘဲ) ဖြစ်သလို မွေးထုတ်ခံလိုက်ရတဲ့ ကလေးတွေ ဟောဒီကမ္ဘာပေါ်မှာ ဘယ်နှယောက်တောင် ရှိနေပြီလဲ။

လူတွေကတော့ သူတို့ကို ကလေးကချေလေးတွေ၊ ပညာမဲ့ ကလေးတွေလို့ ခေါ်ကြလိမ့်မယ်။ ကျွန်တော်ပြောပြချင်တာကတော့ သူတို့ ဟာ မမွေးခင်ကတည်းက အသတ်ခံထားရတဲ့ ကလေးတွေပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘယ်ဘက်ရင်အုံပေါ်ကို လက်ဖဝါးနဲ့ အသာလေး တင်ကြည့်လိုက်တယ်။ နှလုံးခုန်သံကို မကြားရဘူး။ ကျွန်တော့်အနာဂတ်ဟာလည်း နှလုံးခုန်သံနဲ့အတူ ရပ်တန့်နေခဲ့ပြီလေ။

ကလေးတစ်ယောက်အတွက် အနာဂတ်ဆိုတာ မိဘတွေက ပေးမှရမှာပါ။ မစဉ်းစားဘဲ မွေးလိုက်တဲ့ ကလေးတစ်ယောက်ဟာ သေတပန်သက်တစ်ဆုံး နေ့တိုင်း နှိပ်စက်ညှဉ်းပန်းခံနေရသလို ဖြစ်နေမှာကိုရော မိဘတွေ မစဉ်းစားမိကြဘူးလား။


ဒါဟာ လူသတ်မှုထက် ပိုပြီးကြီးတဲ့ ရာဇဝတ်မှုပေါ့။

အခု ‥ ကျွန်တော်ကတော့ လေလွင့်တဲ့ ရထားတစ်စင်းလို သံလမ်းပေါ်မှာ ရွေ့နေတယ်။ မျက်စိတစ်ဆုံး လှမ်းကြည့်လိုက်တော့ သံလမ်းဟာ ဟိုးအဝေး မိုးကုပ်စက်ဝိုင်းတစ်နေရာဆီကို ဦးတည်နေလေရဲ့။

■

ထက်မြတ်နိုင်ဇင်






www.burmeseclassic.com

www.burmeseclassic.com



(၁)

အိမ်အပြောင်းအရွှေ့ ပစ္စည်းတင်တဲ့ကားပေါ်ကနေ ကျွန်တော့်ရဲ့ ဓာတ်ပုံ စတူဒီယိုသုံး မီးလုံးတွေ၊ ကင်မရာထည့်တဲ့ သေတ္တာနဲ့ သုံးချောင်းထောက်တွေ သယ်ချနေတာမို့ အထိအခိုက်မရှိအောင် ကျွန်တော် ဂရုတစိုက် စောင့်ကြည့်နေရတယ်။

ကျွန်တော့်ညီမလေးကတော့ အဝတ်ဗီရိုတို့ ရေခဲသေတ္တာတို့ တီဗီတို့ကို 'ဟိုနားချ ဒီနားချ'နဲ့ အလုပ်သမားတွေကို ခိုင်းနေတယ်။ ပင်ပန်းစိတ်မောနေတဲ့ ကြားက ကျွန်တော့်ကို လှမ်းအော်ပြီး ပေါက်ကရတွေ မေးနေသေးတယ်။

"အစ်ကိုရေ . . အခုအချိန်သာ မြတ်စွာဘုရား သက်ရှိထင်ရှား ရှိနေသေးရင် ပရိနိဗ္ဗာန်ဝင်စံ ... ပရိုးမိုးယားလိုက်မှာ ဘယ်အသင်းကို အားပေးမယ်ထင်လဲ"





ပြောပုံက ရိုက်ပေါက်။ ဘုရားကို မခန့်လေးစားနဲ့။ အဲဒါကြောင့် အမေရှိတုန်းကဆို ညီမလေး ဗလွတ်ရွတ်တပြောတိုင်း အမေကမျက်လုံး ပြူးမျက်ဆန်ပြူးနဲ့ ငေါက်တာတ်တယ်။ 'ဟဲ့ . . နင် ဂိုဏ်းသင့်မယ်နော်'တဲ့။ ငေါက်လည်း ညီမလေးကတော့ ပြောတာပဲ။

ခုလည်းကျွန်တော်က

"လီဗာပူးကို အားပေးမယ်ထင်တယ်ဟ။ တို့ဘုရားက ကြိုးကြာဘဝ (၁၆) ခါတောင် ဖြစ်ခဲ့ဖူးတာကိုး"

လီဗာပူးရဲ့ တံဆိပ်က ကြိုးကြာလေ။ သူ့ထက်သာအောင် ပေါက်ပေါက်ရှာရှာ ပြောလိုက်တော့မှ အေးရော။ "ဟီးဟီး"လို့ ရယ်ရင်း ကျွန်တော့်အဝတ်ဗီရိုထဲကို အဝတ်တွေ စီထည့်နေတယ်။ ကျွန်တော်က

"ညီမလေး . . အဲဒီအဝတ်တွေ ထားလိုက်ဦး။ ဟိုမှာ . . အစ်ကို့ ဓာတ်ပုံဆိုင်ဆိုင်းဘုတ်ကြီး လှေကားရင်းမှာ ကျနေတယ်။ သွားကောက်ပြီး ဟိုစင်ပေါ် တင်ထားလိုက်။ မနက်ဖြန်ကျမှ ဆိုင်ကို ဆိုင်းဘုတ်တင်တာ လုပ်ရဦးမယ်"

ညီမလေးက ကျွန်တော်ပြောတဲ့အတိုင်း ဆိုင်းဘုတ်ကို သွားကောက်ရင်း

"အစ်ကို့ဓာတ်ပုံဆိုင် ဆိုင်းဘုတ်ကို သပြေခက်တွေ၊ ဘာတွေနဲ့ ရိုက်တာတို့၊ နံ့သာဖြူသွေးထားတဲ့ အရည်တွေ ပက်တာတို့၊ ပန်းပွင့်တွေ၊ အရွက်ညွန့်တွေနဲ့ ချည်တာတို့ လုပ်ဦးမှာလား"

သူ့အမေးကြောင့် ကျွန်တော် ပြုံးဖြစ်သွားတယ်။ အမေသာရှိရင်တော့ အဲဒါတွေ လုပ်နိုင်ဦးမှာ သေချာတယ်။ အမေက မေအင်တွေ



www.burmeseclassic.com

www.burmeseclassic.com



ယတြာတွေကို အယုံကြည်ကြီးမားတယ်။ ခဏခဏ ဗေဒင်သွားသွား မေးတတ်သလို ဗေဒင်စာအုပ်တွေဝယ်ထားပြီး သူ့ဘာသာသူလည်း တွက်တွက်ကြည့်နေတတ်တယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းက စာမေးပွဲဖြေပြီဆိုရင် အမေ ထည့်ခိုင်းတဲ့ သစ်ရွက်တွေကို ကွန်ပါဘူးထဲ ထည့်ထည့်ယူသွားရတယ်။ တချို့ကို အင်္ကျီအိတ်ကပ်ထဲထည့်ရတယ်၊ တချို့သစ်ခက်တွေကိုကျတော့ ဖိနပ်နဲ့ ခြေဖဝါးကြားမှာ ညှပ်ပြီး နင်းထားရတယ်။

အရွက်တွေ၊ အညွန့်တွေ မကလို့ သစ်ပင်တစ်ပင်လုံး ခုတ်သယ်သွားလည်း ထူးမယ်မထင်ပါဘူး။ စာမှ မကျက်ထားတဲ့ဟာ ‥ ယတြာ ဘယ်လောက်လုပ်လုပ် ကျတာပဲ။

ကျွန်တော် ဆယ်တန်းကို ၂ နှစ်ကျပြီး ကျောင်းထွက်ရတော့တောင် ပြောမိသေးတယ်။

''အမေ့ ယတြာတွေက စွမ်းလည်း မစွမ်းပါလား''

''ဟဲ့ ‥ ငါ့ယတြာက မစွမ်းတာ မဟုတ်ဘူး။ နင်ကမှ စာမကြိုးစားတာ။ ဟိုစကား မကြားဖူးဘူးလား။ ဝမ်းခွဲသည်ချည်း အားကိုးနေလို့ မရဘူး။ ကိုယ်ကိုယ်တိုင်ကလည်း ညှစ်ဦးမှ ဆိုတာလေ။ နင်စာရမှ စာမေးပွဲအောင်မှာပေါ့ ‥ ဟဲ့။ ယတြာဆိုတာက နင့်ရဲ့ကံကို မြှင့်ပေးဖို့ပဲ တတ်နိုင်တာ''

'ကံ'ကို မြှင့်ပေးဖို့ ‥ တဲ့။ အမေ့စိတ်ထဲမှာ ကံဆိုတာကို မမြင်ရတဲ့ တန်ခိုးစွမ်းပကားတစ်ခုခုလိုမျိုး ထင်နေသလား မသိဘူး။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာတော့ 'ကံ'ဆိုတာ အဲဒီလို အဓိပ္ပာယ်မျိုး မဟုတ်ပါဘူး ‥ အမေရယ်။





အဲဒီတုန်းက ကျွန်တော့်ဘာသာတစ်ယောက်တည်း ကျိတ်တွေးပြီးတောင် ပြုံးဖြစ်သေးတယ်။ အမေပြောပုံက ကွန်ပျူတာဂိမ်း ဆော့တဲ့အခါ ကိုယ်က ဘောနပ်(စ်)စားနိုင်ရင် ကိုယ့်မှာ ပါဝါတက်လာတဲ့ပုံမျိုးနဲ့ တူနေလို့။

အဲဒါဆို ကျွန်တော်တို့က ဂိမ်းထဲက ဇာတ်ကောင်တွေနဲ့ တူနေပြီ။ 'ယတြာ'ဆိုတဲ့ ဘောနပ်(စ်) (Bonus) တွေကို စားစားပြီး ခုန်နိုင်စွမ်းအားတွေ၊ ပြေးနိုင်စွမ်းအားတွေဆိုတဲ့ Power တွေ မြင့်မြင့်လာတာပေါ့။

ကျွန်တော့်အတွေးကို အမေ့ကိုတော့ ထုတ်မပြောဖြစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ထေရဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ရဲ့သားနဲ့ ဘာလို့ ယတြာတွေ အားကိုးနေမှာလဲ အမေရယ် ‥ လို့လည်း အပြင်းအခုံတွေ လုပ်မနေချင်တော့ပါဘူး။ အဲဒါက အမေ့ရဲ့ရင်ထဲမှာ သိမ်သိမ်မွေ့မွေ့လေး ကိန်းအောင်းနေတဲ့ 'ယုံကြည်မှု' မဟုတ်လား။

'ယုံကြည်မှု' ဆိုတာ ကာယကံရှင်ကိုယ်တိုင်က ပြောင်းလဲချင်တဲ့စိတ် လိုလိုလားလားရှိမှ ပြောင်းလဲလို့ရတာ၊ အမြင်မတူသူနှစ်ယောက် ငြင်းခုံခြင်းအားဖြင့်တော့ ဘယ်လိုမှ ပြောင်းပစ်လို့ရတဲ့ကိစ္စ မဟုတ်ဘူး။ ငြင်းခုံရာကနေ တိုက်ခိုက်တာတွေ ဖြစ်လာမယ်၊ ပြီးရင် အမုန်းတရားတွေ ကြီးထွားလာမယ်။ အဲဒါ အန္တရာယ်ပဲ။

ညီမလေး ဆယ်တန်းကို နှစ်ချင်းပေါက်အောင်သွားတော့ အမေက တမော့မော့၊ တပြုံးပြုံး။ ကျွန်တော်နဲ့များ မျက်လုံးချင်း ဆုံလိုက်ရင်





"တွေ့လား ‥ သားရဲ့။ လူကလည်း ကြိုးစား၊ ယတြာကလည်း အထောက်အပံ့ကောင်းရတော့ မင်းညီမ အောင်သွားတာ ရှောရှောရှူရှူပဲလေ"

ကျွန်တော့်မှာ ပြုံးနေလိုက်ရတာ ပါးတွေတောင် ညောင်းလာတယ်။ ဖေဖေတွေ၊ ယတြာတွေကို လုံးဝ အယုံအကြည်မရှိတဲ့ ညီမလေးက စာမေးပွဲဖြေဖို့သွားတိုင်း အမေထည့်ထည့်ပေးလိုက်တဲ့ သစ်ရွက်တွေ၊ သစ်ခက်တွေကို အမေ့ကွယ်ရာရောက်တာနဲ့ လမ်းမှာ လွှင့်ပစ်ခဲ့တတ်မှန်း အမေ ဘယ်သိပါ့မလဲ။

အဲဒီအကြောင်း အမေ့ကို သွားမပြောဖြစ်ဖို့ ညီမလေးကိုလည်း သေသေချာချာ မှာရသေးတယ်။ အမေ့ယုံကြည်မှုကို မနာကျင်စေချင်ဘူး။ ယုံကြည်မှုဆိုတာက နှလုံးသားထဲမှာ ကိန်းအောင်းတာလေ။

ဦးနှောက်ထဲကဟာကို ပြောင်းလဲပစ်လို့ရတယ်၊ နှလုံးသားထဲကဟာကို ပြောင်းလဲပစ်လို့ မရဘူး။ အဲဒါက အရမ်းကို နာကျင်စေတယ်။

(ဒါပေမဲ့ လောကကြီးမှာ တချို့လူတွေဟာ သူများရဲ့နာကျင်မှုကို စားသုံးပြီး အာသာဖြေဖျော်တတ်ကြတယ်ဆိုတဲ့အကြောင်း ကျွန်တော် သတိထားမိခဲ့ဖို့ ကောင်းတယ်၊ သွေးစုပ်ဖုတ်ကောင်တွေဟာ သူများရဲ့သွေးကို အရသာခံကြသလိုမျိုးပေါ့။

ဟောဒီကမ္ဘာကြီးဟာ သွေးစုပ်ဖုတ်ကောင်တွေရဲ့ ကမ္ဘာကြီးလားဗျာ)

ညီမလေး တက္ကသိုလ်ဆက်တက်တော့ သူ့ကျောင်းစရိတ်အရာ အိမ်ရဲ့ စားဝတ်နေရေးအတွက်ပါ ကျွန်တော် ဓာတ်ပုံဆိုင်လေးတစ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်တယ်။ ထုံးစံအတိုင်း ဆိုင်နာမည်ပေးတာက အစ၊ ဆိုင်းဘုတ်အရောင် အသွေးက အလယ်၊ ဖွင့်မယ့်နေ့ရက်နဲ့ အချိန် အဆုံး အမေရွေးချယ်တာချည်းပဲ။

ဘယ်လိုနည်းနဲ့ ရွေးချယ်တာလဲဆိုတော့ ဗေဒင်နည်းနဲ့ပဲပေါ့။ ဆိုင်နာမည်က 'မောင်လှဦး ဓာတ်ပုံဆိုင်'တဲ့။ ကျွန်တော့်ကို ဘုန်းကြီး မှည့်ပေးထားတဲ့ ငယ်နာမည်ပါဗျာ။

နွဲ့နှောင်းလှပမှု၊ ကဗျာဆန်မှု၊ ခေတ်မီမှုတွေနဲ့ ဖမ်းစားရမယ့် ဓာတ်ပုံအနုပညာလုပ်ငန်းမှာ ဆိုင်နာမည်ကိုက 'မောင်လှဦး ဓာတ်ပုံဆိုင်' ဆိုတော့ တော်တော် ထုံထိုင်းလေးလံသွားတယ်။ (နောက်တော့ အသိ မိတ်ဆွေတွေက 'မှန်လာဥ ဓာတ်ပုံဆိုင်'လို့ ပြောင်းခေါ်ကြရော)

ဆိုင်းဘုတ်ကိုလည်း အစိမ်းရောင်အောက်ခံပေါ်မှာ အနီရောင်နဲ့ ရေးမှ လာဘ်ရွှင်မယ် ဘာညာနဲ့ လုပ်ချလိုက်တော့ လုံးဝကို မှုန်မှုန် မှိုင်းမှိုင်းဖြစ်သွားတော့တာပဲ။ အဆင်မပြေဘူး။

နောက်တော့ . . 'အဆင်မပြေဘူး'ဟာ 'အဆင်မပြေဘူး'နဲ့ပဲ အခေါ်အပြောလုပ်တော့တယ်။ ကံကြမ္မာဟာ မိတ်ကောင်းဆွေကောင်း တိုးပွားမလာခဲ့ဘူး။ နေဝင်မိုးချုပ်တီးလုံးနဲ့ပဲ ကခဲ့တယ်။

နာမည်ကြီးမော်ဒယ်လ်တွေကိုလည်း ရိုက်ပြခွင့်မရ၊ မဂ္ဂဇင်းစာ မျက်နှာ၊ ဂျာနယ်စာမျက်နှာတွေနဲ့လည်း ကိုယ့်လက်ရာက အကျွမ်းတဝင် မရှိ။ ကိုယ်ပိုင်ဆိုင်တာက နီကွန်ကင်မရာအဟောင်းလေးတစ်လုံးရယ်၊ ခေတ်မမီတော့တဲ့ တူးကောမီးသီးကြီးနှစ်လုံးရယ်၊ ဖိုးဆစ်မီးလုံးလေး သုံးလုံးရယ်၊ အရောင်ကွက်တိကွက်ကျားဖြစ်နေတဲ့ နောက်ခံကားလိပ် တစ်ချပ်ရယ်ဆိုတော့ အဘက်ဘက်မှာ အားနည်းနေခဲ့တာ အမှန်ပဲ။





ခေတ်မီဒစ်ဂျစ်တယ်ကင်မရာတွေ၊ မိုဝိုင်းဖုန်းမှာပါတဲ့ အရည် အသွေးမြင့် ကင်မရာတွေ လူတကာလက်ထဲရောက်ပြီး Photoshop နည်းပညာနဲ့ စိတ်ကြိုက်ဖန်တီးယူလို့ရနေတဲ့ ခေတ်မှာ ကျွန်တော့်ရဲ့ 'လိုင်စင်ဓာတ်ပုံ အမြန်ရမည်'ဆိုတဲ့ ဆိုင်းဘုတ်ဟာ ခပ်တုံးတုံး ပြက်လုံး တစ်ခု ဖြစ်နေခဲ့တယ်။

ဒါကြောင့် နောက်ဆုံးတော့ မြို့ထဲက အိမ်နဲ့ ဆိုင်ခန်းကို ရောင်းချစွန့်ခွာပြီး ဆင်ခြေဖုံးရပ်ကွက်လေးတစ်ခုဆီ ရွှေ့ပြောင်းခဲ့တယ်။ ဆုတ်ခွာရပုံကတော့ ကိုယ့်ဘက်က အကျအဆုံးအများအပြားနဲ့ပဲ။ ဒါတောင်မှ အမေက ပြောသေးတာ။

"သားရယ် . . ပြောင်းလိုက်မှ ကံပွင့်ကံမြင့်သွားမှာ။ အခု ဆိုင်ဖွင့်တဲ့နေရာက သားရဲ့ ဘုမ္မိအရပ်ကျနေတယ်။ မကြီးပွား နိုင်ဘူး"

အမေရယ် . . မကြီးပွားရတာက ဘုမ္မိအရပ်မို့လို့ မဟုတ်ပါဘူး။ ပြောင်းလဲနေတဲ့ ခေတ်ကြီးထဲ ရင်ကော့တိုးဝင်ဖို့ နည်းပညာနဲ့ အရင်းအမြစ်မရှိလို့ပါ။

ခေတ်သစ်ကမ္ဘာကြီးက အကောင်းကြိုက်တယ်။

ကျွန်တော်တို့က ရှက်ကြမ်းရောကျိုထက် နည်းနည်းလေးပဲတယ်။ ဒါပါပဲ။ ကမ္ဘာကြီးက မရွေ့ဘူး။ ကျွန်တော်တို့က ရွေ့သွားတယ်။

www.burmeseclassic.com



# (၃)

ဆင်ခြေဖုံးရပ်ကွက်လေးကို ရွှေ့လာခဲ့ကြတော့မှပဲ ကျွန်တော့်ရဲ့ 'မုန်လာဥ'ဓာတ်ပုံဆိုင်လေးဟာ နည်းနည်းပါးပါး လူရောဝင်လာတယ်။

စတူဒီယိုလို့ မည်ကာမတ္တပြောလို့ ဖြစ်ရုံလောက်တောင်မရှိတဲ့ ဆင်းရဲသားရပ်ကွက်လေးထဲမှာ ကျွန်တော်ဟာ ဓာတ်ပုံလူစွမ်းကောင်းပဲ။ တစ်နေ့တော့ ဓာတ်ပုံလာရိုက်မယ့်သူကို မျှော်ရင်း မီးခလုတ်အဟောင်း တစ်ခုကို ပြင်နေတဲ့ ညနေခင်းမိုးချုပ်စမှာ ဆိုင်ထဲကို သန်သန်မာမာ အရွယ်ကောင်းအမျိုးသား (၁၅) ယောက်လောက် ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဝင်ချလာလို့ မြုန်းဆို ကျွန်တော် လန့်သွားတယ်။

သူတို့က လက်မောင်းလက်ဖျံတွေမှာလည်း ဆေးမင်ကြောင်တွေ ထိုးထားတယ်၊ ပါးစပ်မှာလည်း ကွမ်းတွေ တပျတ်ပျတ်ဝါးလို့ တစ်ကိုယ်လုံးလည်း ရွှံ့တွေနဲ့ လူးနေတယ်။ အင်္ကျီဗလာ ကျောအပြောင်သားနဲ့။

"ဘယ်မလဲ . . ဓာတ်ပုံဆရာ၊ ဘယ်မှာတုန်း . . ဗျို့"

သူတို့ခြေထောက်တွေမှာ စိုရွှဲပေကျံနေတဲ့ ရွှံ့တွေကို မဆေးကြောဘဲ ဓာတ်ပုံရိုက်တဲ့ စတူဒီယိုထဲ ဝင်လာကြတာမို့လို့ အခန်းတစ်ခုလုံး နေရာအနှံ့ ညစ်ပတ်ကုန်တာကို ရင်ထဲ ဆို့ဆို့နင့်နင့် မချိတင်ကဲ ကြည့်နေမိတဲ့ ကျွန်တော်က ရုတ်တရက် ပြန်မဖြေမိဘူး။ ဒီတော့ ၄ ယောက် ၅ ယောက်လောက်က အော်ကြီးဟစ်ကျယ်နဲ့

"ဗျို့ . . ဓာတ်ပုံဆရာ မရှိဘူးလား"

"ဓာတ်ပုံဆရာ ဘယ်သွားသေနေပြီတုန်း"

"ဟေး . . ဟေး၊ ဓာတ်ပုံဆရာ ထွက်ခဲ့ဗျို့"

အခန်းထောင့်က မှောင်ရိပ်ကျတဲ့ ချောင်ထဲမှာ မီးခလုတ်ပြင်နေတဲ့ ကျွန်တော်က 'ရှိပါတယ်ဗျ . . ရှိပါတယ်''လို့ အသံပေးရင်း ကြောက်ကြောက်ရွံ့ရွံ့နဲ့ မတ်တတ်ရပ် လူလုံးပြလိုက်ရတယ်။

သူတို့ ဘာများလိုချင်တာပါလိမ့် . . လို့ ရင်တထိတ်ထိတ်နဲ့ တွေးတုန်း သူတို့ထဲက တစ်ယောက်က . .

"ကျုပ်တို့ ဓာတ်ပုံရိုက်ချင်လို့ဗျ"

အံ့သြစရာပဲ။ ကျွန်တော့်ဓာတ်ပုံဆရာသက်တမ်းတစ်လျှောက်လုံးမှာ တွေ့ဖူးသမျှတော့ ဓာတ်ပုံလာရိုက်တဲ့လူတွေ အားလုံးဟာ တတ်နိုင်သလောက် လှလှပပ ဝတ်စားပြင်ဆင် ခြယ်သလာခဲ့ကြတာ ချည်းပါပဲ။







www.burmeseclassic.com

www.burmeseclassic.com



သူတို့ကျမှ ‥ အကျီတွေလည်း မပါ၊ တစ်ကိုယ်လုံး ရွှံ့ အလူးလူး ညစ်ပတ်ပေရေနေတဲ့ ရုပ်တွေကို ဓာတ်ပုံရိုက်ချင်သတဲ့လား။ ဟုတ်မှ ဟုတ်ရဲ့လား ‥ သက်သက်မဲ့ လာရစ်နေတာလား။

ကျွန်တော် သံသယနဲ့တွေးနေတုန်းမှာပဲ တစ်ယောက်က

''ဟိုဘက်ရပ်ကွက်နဲ့ ဘောလုံးချိန်းကန်တာ နိုင်လာလို့ဗျ။ အောင်ပွဲခံအသင်း အမှတ်တရဓာတ်ပုံ ရိုက်မလို့''

အဲဒီတော့မှပဲ သဘောပေါက်တော့တယ်။ အဲဒီတုန်းမှာ တစ်ယောက်က ရွှံ့ရေတွေ ပေလူးနေတဲ့ ဘောလုံးကို ပိုက်ထားရာက ကြမ်းပြင်ပေါ် ဘုတ်ခနဲဘုတ်ခနဲ ပုတ်နေလို့

''ဟိုးထား ‥ ဟိုးထား။ မီးလုံးကို ရွှံ့စက်တွေ စင်ကုန်မယ်''

လို့ မနည်းတားယူရသေးတယ်။

ပြီးတော့ ‥ ညစ်ပတ်ပေရေနေတဲ့ အဲဒီလူသိုက်ကို ဘောလုံး ဂျာနယ်တွေမှာ တွေ့တွေ့နေရတဲ့ ပုံစံအတိုင်း ရှေ့လူတန်းက ဒူးတစ်ဖက် ထောင်၊ နောက်လူတန်းက ကုန်းကွကွလုပ်ပြီး လေးငါးပုံလောက် ရိုက် ပေးလိုက်ရတယ်။

ဒီတော့မှ သူတို့လည်း ကျေနပ်သွားတော့တယ်။

ဓာတ်ပုံရွေးဖို့ ဘောက်ချာရေးနေတုန်း ဟိုဘက်ရပ်ကွက် အသင်းကို ဘယ်လိုတယ်ပုံ နိုင်ခဲ့တယ်ဆိုတဲ့အကြောင်း သူတို့အချင်းချင်း ပြောလိုက်ကြတာ ပွက်ပွက်ညံနေတာပဲ။

ကျွန်တော်တို့နေတာက (၉) ရပ်ကွက်၊ ဟိုဘက်က (၈) ရပ်ကွက်။ တစ်ဖက်နဲ့တစ်ဖက် မတည့်ကြဘူး။ ကထိန်လှည့်ရင်းတောင် ငြိပြီး ရိုက်ကြနှက်ကြတာ။ ခုလည်း (၈) ရပ်ကွက်ကကောင်တွေကို





ကွင်းထဲမှာ ဘယ်လိုခေါ်ခဲ့တယ်ဆိုတာ မြိန်ရေရှက်ရေ ပြန်ပြောနေကြ တယ်။

''ဟိုကောင် ‥ တင်ဋ္ဌေးက ငှါများ အချည်မှတ်နေလား မသိဘူး။ အပိုင်ဆိုပြီး သိမ်းကျုံးဖြတ်ရိုက်တာ။ ငါက လှည့်ထွက်မလိုလို နဲ့ အသာကွပြီး ဒီကောင့်ခြေဖနောင့်ကို ဆောင့်နင်းပစ်ခဲ့တယ်။ အားခနဲအော်ပြီး ထိုင်ကိုကျသွားရော''

''လန်ဘားရဲ့ ညီ့သကျည်းကို ဖြတ်ခုတ်ရတာ အရသာရှိ လိုက်တာကွာ၊ ခွေးမသား ‥ အကျိုးပဲ''

သူတို့ကသာ အားရကျေနပ်နေကြတာ၊ တကယ်ဆို အဲဒီ ကျိုးပဲ့နာကျင် ဒုက္ခိတ ဖြစ်သွားတဲ့သူတွေဟာ သူတို့တစ်မြို့တည်းသား အချင်းချင်းတွေပဲ မဟုတ်လား။ ဘာကိုများ အနိုင်ရလိုက်တယ်လို့ အရသာခံနေကြတာလဲ မသိဘူး။

ဓာတ်ပုံအတွက် စရန်ပေးပြီး ဘောက်ချာစာရွက်ငါးစောင်ကိုင် ကာ ပြန်ထွက်သွားတဲ့ သူတို့ရဲ့ ကျောပြင်တွေကို ကြည့်ရင်း ကျွန်တော် တွေးမိတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



လူ့စရိုက်သဘာဝမှာကိုက 'အစုဖွဲ့'တတ်တဲ့သဘော ပါပြီး သားပဲလေ။ ကျွန်တော့်ညီမက ကျောင်းပြီးခါနီးကျတော့ သူ့ဝါသနာ အလျောက် ဝတ္ထုတိုလေးတွေ ရေးရင်း မဂ္ဂဇင်းတွေမှာ မကြာခဏ ပါပါလာပြီး စာရေးဆရာမပေါက်စ ဖြစ်လာတယ်။

ဟိုး ‥ လွန်ခဲ့တဲ့ ၂ နှစ်၊ ၃ နှစ်လောက်တုန်းကတော့ သူတို့ စာရေးဆရာတွေ စုပေါင်းပြီး ဘာပွဲတော်ဆိုလား လုပ်ကြမှာမို့လို့တဲ့ ကျွန်တော်က သူ့ကို ရန်ကုန်အထိ လိုက်ပို့ရတယ်။

အဲဒီကိုရောက်တော့ မြင်ရတာက စာရေးဆရာတွေကလည်း သူ့အစုနဲ့ သူ ‥ သတ်သတ်စီပဲ အုပ်သင်းဖွဲ့နေကြတာပါ။ တာဝန်ခွဲဝေ ယူကြတော့လည်း 'ငါတို့အဖွဲ့က ဒီဟာလုပ်မယ် ‥ နင်တို့အဖွဲ့က ဟိုဟာလုပ်'ဆိုတဲ့ စီမံခန့်ခွဲမှုနဲ့ပဲ လုပ်ကြကိုင်ကြတယ်။





'ငါတို့အဖွဲ့ထဲကို တခြားလူ မပါရ' ဆိုတာ မူလတန်း ကျောင်းသား ပေါ်လစီပဲ။ ဒါဖြင့် ဘာလို့ စုပေါင်းလုပ်ကိုင်နေကြဦးမှာလဲ။ ရှိပြီးသားအစုအဖွဲ့သေးသေးလေးတွေဟာ ထပ်ကြီးမားကျယ်ပြန့်လာ စရာ အကြောင်းမှ မရှိတော့တာ။

'တခြားလူကို ကြောက်တဲ့ရောဂါ'ဟာ စိတ်မဖွံ့ဖြိုးမှုမှာ အခြေ ခံတယ်လို့ ကျွန်တော်တော့ ထင်တယ်။

လူတွေအားလုံးဟာ စိတ်ဓာတ်မဖွံ့ဖြိုးသေးတဲ့ ကလေးသူငယ် ဘဝမှာ 'တခြားလူ'ကို ကြောက်ကြတယ်၊ မုန်းကြတယ်၊ ပြီးတော့ နောက်တစ်ဆင့်တက်ရင် ရန်လိုကြတယ် မဟုတ်လား။

ဝေးဝေးမကြည့်နဲ့။

ကျွန်တော် ကိုးတန်း ဆယ်တန်းကျောင်းသားဘဝတုန်းက အ ‧ ထ ‧ က (၂) မှာ တက်ရတယ်။ (B) ခန်းမှာပေါ့။ အဲဒီတော့ ဘာ ဖြစ်သလဲဆိုတော့ (A) ခန်းကကောင်တွေကို ကြည့်မရဘူး။ ကိုယ့်ရဲ့ (B) ခန်းထဲက ကောင်မလေးတစ်ယောက်ယောက်ဟာ (A) ခန်းက အကောင်တစ်ကောင်ကောင်နဲ့ ကြိုက်နေရင် ဘာကြောင့်မှန်းမသိဘဲ စိတ်ထဲ မကျေနပ်ဘူး။ ဒင်းဟာ သစ္စာဖောက်ပဲ။

ကျွန်တော့်ရင်ထဲမှာ 'ကိုယ့်အခန်း'နဲ့ 'သူများအခန်း'ဆိုပြီး ခွဲခွဲခြားခြား သတ်မှတ်ချင်တဲ့စိတ် ရှိနေတယ်။ (A) ခန်းကကောင်တွေ လည်း ဒီလိုပါပဲလေ။

တစ်ခုတော့ ရှိတယ်။

ကျွန်တော်တို့တွေ ဘယ်အချိန်မှာ တည့်သွားကြသလဲ ‥ သိလား။ ဟိုတက်ရပ်ကွက်ထဲမှာရှိတဲ့ အ ‧ ထ ‧ က (၁) က ကောင်တွေနဲ့

www.burmeseclassic.com



ချကြတဲ့အခါမှာပေါ့။ ဒီအခါကျတော့ 'အုပ်စုခွဲ'ပုံက 'ငါတို့ကျောင်း' နဲ့ 'သူများကျောင်း'ဆိုပြီး ဖြစ်သွားတယ်။

ကျွန်တော်က အ ● ထ ● က (၂) မှာ တက်တဲ့သူ ဖြစ်တဲ့အတွက် အ ● ထ ● က (၁) ကကျောင်းသားကို မုန်းတီးရမယ့်တာဝန်ရှိတယ်။ ဒီကောင်တွေကို ကျောင်းအပြန်မှာ ချောင်းပြီးရိုက်ရတဲ့ အလုပ်ကြီးအကိုင်ကြီးဟာ အမျိုးသားရေးတာဝန်တစ်ရပ်လို ဖြစ်နေတယ်။

အခါအားလျော်စွာလည်း အုပ်စုဖွဲ့ပြီး ချိန်းရိုက်ကြတယ်။ ရိုက်စရာအကြောင်း ကြီးကြီးမားမားမရှိရင်လည်း တမင် ဘောလုံးချိန်းကန်ပြီး လူချရတာနဲ့၊ ဘာနဲ့။

အဲ ● ● ထူးဆန်းတာတစ်ခုက အ ● ထ ● က (၁) မှာ တက်တဲ့ကောင်မလေးတွေကိုတော့ သွားသွားပြီး 'ရိုတ်'ကြတယ်။ ဟိုဘက်ကျောင်းက ကောင်မလေးနဲ့များ ရည်းစားဖြစ်ရလို့ကတော့ ကိုယ့်ဘက်ကပဲ အနိုင်ရလိုက်သလိုလို၊ ဘာလိုလို ခံစားရတယ်။

'နိုင်တယ်'ဆိုတဲ့ စိတ်ခံစားချက်ကလည်း တစ်မျိုးပဲ။

■





ဘယ်ရှုထောင့်ကကြည့်ပြီး 'နိုင်တယ်'လို့ ဆုံးဖြတ်တာလဲ ● ● လို့ တစ်စုံတစ်ယောက်က မေးလာရင်တော့ ဒဿနပညာရှင်တွေနဲ့သာ တိုင်ပင်နိုးနော့ဖို့ တိုက်တွန်းရတော့မှာပဲ။

လူနဲ့ လူ့ရဲ့ခံစားချက်ဟာ တောရဲ့ ဥပဒေသ မဟုတ်ဘူး။ အားကစားပွဲတွေလိုမျိုး ဆုံးဖြတ်ရတာမဟုတ်ဘူးလို့ ကျွန်တော် ဝိုးတိုးဝါးတား တွေးနေမိတယ်။

နိုင်တယ် ● ● ဆိုတာ စိတ်ရဲ့ ကျေနပ်မှုတစ်စုံတစ်ရာပါပဲ။

ကျွန်တော့်ဆိုင်မှာ ဓာတ်ပုံလာလာရိုက်လေ့ရှိတဲ့ လူတစ်ယောက်အကြောင်း ပြောပြရဦးမယ်။ ကိုချစ်ထူး ● ● တဲ့။ ဆိုက်ကားသမားပါ။

သူက ဓာတ်ပုံလာရိုက်တိုင်း

''နက်ကတိုင်လေးနဲ့ ရိုက်ပေးနော်''

လို့ တောင်းဆိုလေ့ရှိတယ်။ ဓာတ်ပုံဆိုင်ဆိုတော့ နက်ကတိုင်တွေ၊ ကုတ်အင်္ကျီတွေ အသင့်ဆောင်ထားရတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ကိုချစ်ထူးက နက်ကတိုင်တော့ မစည်းတတ်ဘူး။ ကျွန်တော်ကပဲ သင့်သလို ကြည့်လုပ်ပေးရတာပေါ့လေ။

ဓာတ်ပုံထွက်လာတဲ့အခါကျရင် ဆိုက်ကားသမား ကိုချစ်ထူးတစ်ယောက် ပြုံးပြုံးကြီးလုပ်ရင်း နက်ကတိုင်တန်းလန်းနဲ့ သူ့ပုံကို ကြည့်လို့မဝ၊ ရှုလို့မဝ အကျေနပ်ကြီး ကျေနပ်နေတတ်တယ်။

ဒါ ‥ သူ့ရဲ့ဘဝကို အနိုင်ယူပုံယူနည်းတစ်မျိုးလည်း ဖြစ်ချင်ဖြစ်နေလိမ့်မပေါ့။

ဆိုက်ကားသမားက နက်ကတိုင်နဲ့မှ ဓာတ်ပုံရိုက်ချင်တဲ့ကိစ္စကို အသာထားလိုက်ဦး။ ကြုံဖူးတာ တစ်ခုရှိသေးတယ်။ တစ်ရက် ‥ ကျွန်တော် ဆိုင်ရှေ့ထွက်ပြီး မျက်နှာစာမှာ ရှုပ်ပွနေတဲ့ အမှိုက်တွေကို ရှင်းနေတုန်း မယ်သီလရှင်တစ်ပါး လာရပ်တယ်။ ဒါနဲ့ ကျွန်တော်က

"ကန်တော့ဆွမ်းပါ ‥ ဆရာလေး"

လို့ ပြောလိုက်တော့ မယ်သီလရှင်က မျက်နှာတစ်ချက်ပျက်သွားပြီး …

"အလှူလာခံတာ မဟုတ်ဘူး၊ ဓာတ်ပုံရိုက်ချင်လို့ ‥"

အသံခပ်ပြတ်ပြတ်နဲ့ ခပ်တိုးတိုးပြောတယ်။ ဒီတော့မှ ကျွန်တော်လည်း 'အထဲကြွပါ'တွေ၊ ဘာတွေ လုပ်ရတော့တာပေါ့။ အထဲရောက်တော့ ဖန်းလေး ခေါင်းပေါ်ကချပြီး

"အဝတ်လဲခန်း ဘယ်မှာလဲ"

လို့မေးတယ်။ ကျွန်တော်က လက်ညှိုးထိုးပြလိုက်တော့ ပါလာတဲ့ အထုပ်လေးကို ရင်ဘတ်မှာကျစ်နေအောင်ပိုက်ပြီး သုတ်သုတ်ပျာပျာနဲ့ ဝင်သွားတယ်။ နောက် မိနစ်နှစ်ဆယ်လောက်





ကြာမှ ပြန်ထွက်လာတယ်။

ထဘီနဲ့၊ ရင်စေ့လက်စက အင်္ကျီနဲ့၊ ခေါင်းမှာ ဆံပင်အတုတောင် စွပ်ထားလိုက်သေးတယ်။ နည်းနည်းတော့ ရှက်ကိုးရှက်ကန်းဖြစ်နေတယ်။

ကျွန်တော်ကလည်း သူရှက်နေမှာစိုးလို့ စေ့စေ့မကြည့်မိအောင် မျက်နှာလွှဲနေလိုက်တယ်။ ကိုယ့်ကို ပိုက်ဆံလာပေးတဲ့သူကိုး။ မယ်သီလရှင်လက်ထဲက ပိုက်ဆံလည်း ပိုက်ဆံပဲလေ။

ဆံပင်အတု ဖားလျားချထားတဲ့ ဆရာလေးက တစ်ပုံကို ထောင့်နှစ်ရာနှုန်းနဲ့ ကိုယ်နေဟန်ထားအမျိုးမျိုးပေးပြီး (၁၀)ပုံ ရိုက်သွားတယ်။ ဖန်းလေးကို ခေါင်းပေါ်ရွက်ပြီး ပြန်ထွက်သွားတော့ စောစောက ဓာတ်ပုံရိုက်တာ သူလို့တောင် မထင်ရဘူး။ ကျွန်တော့်ဆိုင်နဲ့ နှစ်အိမ်ကျော်လောက်ရောက်တော့

"ဒါနရှင်များ ‥ ရှင်"

လို့ အော်လိုက်သံကိုတောင် ကြားလိုက်ရသေးတယ်။ ကျွန်တော်ကတော့ ကောက်ချက်ချလိုက်တယ်။

"လူတွေဟာ ကိုယ့်စိတ်ထဲက 'အတု'တွေကို ပိုပြီး ခုံမင်တယ်" လို့။



www.burmeseclassic.com

www.burmeseclassic.com



(၄)

ပျော်ရွှင်မှုအတုတွေ၊ ရင်ခုန်သံအတုတွေ၊ ရိုးသေမြတ်နိုးမှု အတုတွေနဲ့ အနိုင်ရရှိမှုအတုတွေ။ အရာရာဟာ ကြွပ်ရွလို့ . .၊ အရာရာ ဟာ ဆူညံလို့၊ အရာရာဟာ အနည်အမှုန်တွေထလို့။ သောက်ရေမှုန် သမျှဟာ အားလုံး တညီတညာတည်း ရာခိုင်နှုန်းအတူတူ သန့်ရှင်းနေ ကြတာတော့ မဟုတ်ဘူး။

ကျွန်တော် တွေးလက်စနဲ့ ဆက်တွေးနေရင်း မသန်းဆင့် အကြောင်း ခေါင်းထဲရောက်လာတယ်။ မသန်းဆင့်က အတော်ဝတယ် ခါးကလည်း တုတ်လိုက်တာဆိုတာမှ စဉ့်အိုးအလတ်စားလောက်ရှိတဲ့ သူ့ရဲ့ တင်ပဆုံနဲ့ တဖြောင့်တည်းကို ဆက်နေတော့တာ။





မသန်းဆင့်များ အစိမ်းနုရောင်ဝမ်းဆက်ဝတ်ပြီး ထိုင်နေရင် ရောမဘူးသီးကြီးတစ်လုံး ချထားတဲ့အတိုင်းပဲ။

အဲဒီ မသန်းဆင့်က ဓာတ်ပုံလာရိုက်တိုင်း သူ့ကိုယ်လုံးကို နွဲ့ဖို့ ကြိုးစားတယ်၊ ခါးကို လိမ်ပြီး တင်ပါးကို ကော့ကြည့်ဖို့ ကြိုးစားတယ်။

''အသန်း . . ခါးလေးကို ဟောသလို လှည့်လိုက်မယ်နော်''

လို့ ပြောပြောပြီး မရမက လုပ်ကြည့်လေ့ရှိတယ်။ ဘယ်ရမှာ လဲ။ ကျွန်တော့်မှာသာ သူ့ကို စိတ်ပျက်လက်ပျက် ငေးငေးကြည့်နေရ တော့တာပဲ။

ချိုထွန်းဆိုတဲ့ ချာတိတ်လေးတစ်ကောင် ရှိသေးတယ်။ အသားက မည်းတူးနေတာပဲ။ ညဘက်မှာ သူလမ်းကူးရင် ကားမောင်း တဲ့သူက သူ့ကို မမြင်ရလို့ တိုက်မိမလို ဖြစ်တာက အကြိမ်ကြိမ်။ ရပ်ကွက်လူကြီးကတောင်

''ချိုထွန်း . . မင်း ညဘက် အပြင်မထွက်ပါနဲ့လားကွာ''

လို့ တားယူရတယ်။ အဲဒီကောင် ချိုထွန်းက ဓာတ်ပုံလာရိုက် တိုင်း

''အစ်ကို၊ ကျွန်တော့်ကို အသားဖြူအောင် ရိုက်ပေးပါ''

ဆိုပြီး အမြဲပြောလေ့ရှိတယ်။ ကျွန်တော်က စိတ်ပေါက်လာတဲ့ အခါ

''ဟေ့ကောင် . . ဒါ ကင်မရာကွ၊ လူရိုက်ရင် လူပုံထွက်တယ် ခွေးရိုက်ရင် ခွေးပုံထွက်တယ် . . မှတ်ထား''

လို့ ဟောက်ရော။



www.burmeseclassic.com

www.burmeseclassic.com



လူတွေက ဓာတ်ပုံလာရိုက်တဲ့အခါ အရှိကို အရှိအတိုင်း ကြည့်ချင်မြင်ချင်တာ မဟုတ်ဘူး။ သူတို့ရဲ့ ဆန္ဒနဲ့ ပုံဖော်ထားတဲ့ မျှော်လင့်ချက်တစ်စုံတစ်ရာကို ကြည့်ချင်မြင်ချင်ကြတာပါ။

ကျွန်တော်ကတော့ ကင်မရာမှန်ဘီလူး ချောင်းကြည့်ပေါက်က နေ တစ်ဆင့် သူတို့ရဲ့ 'စိတ်'တွေကိုပါ လှမ်းမြင်နေရတာပေါ့။

■





ဘာပဲဖြစ်ဖြစ် အဲဒီ ဆင်ခြေဖုံးရပ်ကွက်လေးမှာနေတဲ့ လူတွေက ချစ်ဖို့တော့ကောင်းတယ်။

အမေ ဆေးရုံတင်ရတော့ ကျွန်တော်တို့မောင်နှမနှစ်ယောက်တည်း မနိုင်ဘူးလေ။ ရပ်ကွက်သူရပ်ကွက်သား ခင်မင်ရာခင်မင်ကြောင်းတွေက ဝိုင်းကူကြတာပါပဲ။ မသန်းဆင့်ဆို ညီမလေးနဲ့အတူတူ ဆေးရုံမှာတောင် ညအိပ်စောင့်ပေးတာ။

သွားဟယ်လာဟယ်၊ ဟိုဆေးပြေးဝယ် ဒီဆေးပြေးရှာဆိုတဲ့ ကိစ္စတွေကျတော့ နက်ကတိုင်နဲ့ ဓာတ်ပုံရိုက်ချင်တဲ့ ဆိုက်ကားသမားကို ချစ်ထူးကို အားကိုးရတယ်။

ကျွန်တော့်ဓာတ်ပုံဆိုင်ကိုတော့ ပိတ်ထားရတာပေါ့။ မတတ်နိုင်ဘူးလေ။ ဒီအတိုင်း ပစ်ကိုထားရတော့တာ။ ဒါပေမဲ့ ရပ်ကွက်က စောင့်ရှောက်ပေးလို့ အခိုးအဝှက်အပျောက်အရှ မရှိပါဘူး။

www.burmeseclassic.com



ကျွန်တော်တို့ မောင်နှမ နှစ်ယောက်စလုံး မရှိတဲ့အခါ ချိုထွန်းက လာပြီး အိမ်စောင့်ပေးဖော်ရပါတယ်။

အမေဆုံးတော့လည်း ရပ်ကွက်လူမှုကူညီရေးအသင်းကပဲ အစစအရာရာ ကြည့်စီစဉ်သွားတာပါပဲ။ အမေ့အလောင်း မြေကျတဲ့အထိ သူတို့ အကုန်သပ်သပ်ယပ်ယပ် စေ့စေ့စပ်စပ်တာဝန်ယူသွားတယ်။

လူတွေဟာ ကိုယ်နဲ့နီးစပ်ရာပတ်သက်ရာ ဒါမှမဟုတ်ကြောင်း ကျိုးဆက်စပ်ရာ အချင်းချင်းအုပ်စုဖွဲ့တတ်ကြတယ်လို့ ကျွန်တော် ပြောခဲ့တယ်နော်။ အဲဒီလို 'အစု'လေးတွေ ဖွဲ့ရာကနေ 'ဒါ ‥ ငါတို့အုပ်စုကွ' ဆိုပြီး 'အစွဲ'လေးတွေ စိတ်မှာ ကပ်ငြိလာတယ်။

ဒီအထိလည်း သိပ်တော့ ပြဿနာ မရှိလှသေးဘူး။

'ငါတို့အုပ်စုက ဟိုကောင်တွေအုပ်စုကို နိုင်ရမယ်'ဆိုတဲ့ စေ့ဆော်မှုတစ်ခုခု ပါလာရင်တော့ ပြဿနာရှိလာပါပြီ။ 'အစု'ကနေ ‥ 'အစွဲ'၊ 'အစွဲ'ကနေ 'အနိုင်'ပေါ့လေ။

ကောင်းတဲ့ကိစ္စတွေမှာ သူ့ထက်ငါ သာအောင် ကြိုးစားရင်း ဂုဏ်ယူတာဟာ ချီးကျူးစရာဖြစ်ပေမဲ့ တစ်ဖက်အုပ်စုကို ဖိနှိပ်ချင်တာကတော့ 'အမုန်း'တရားတွေကို ထွန်ယက်စိုက်ပျိုးတဲ့ ကိစ္စပဲ။

ကျွန်တော်တို့နေခဲ့ကြတဲ့ ဆင်ခြေဖုံးရပ်ကွက်လေးရဲ့ လူမှုရေး အစုအဖွဲ့ကတော့ ချစ်ဖို့ကောင်းပါတယ်။ ဘောလုံးကန်တဲ့အခါ နိုင်ချင်လို့ လုချတာကလွဲလို့ အစွဲသေတွေနဲ့ အမုန်းတရားတွေ ဟုန်းဟုန်း တောက်မနေဘူး။

အဲဒီရပ်ကွက်လေးမှာ ဆက်နေချင်ပေမဲ့ မဖြစ်နိုင်တော့ဘူး။





အမေ့ကို ဆေးကုခဲ့ရတဲ့ စရိတ်က ရှိစုမဲ့စုထက် အများကြီး ပိုပြီး ပွန်းပဲ့သွားခဲ့ပြီလေ။ ဒါကြောင့် အဲဒီအိမ်လေးကို ရောင်းချပြီး ဟောဒီမြို့သစ်ကို ထပ်ပြောင်းရွှေ့လာခဲ့ရတာပေါ့။

ဟောဒီမှာတော့ ကျွန်တော့်ရဲ့ မုန်လာဥဓာတ်ပုံဆိုင်လေးရဲ့ အနာဂတ်ဟာ ဘာဖြစ်ဦးမလဲ မသိဘူး။

ကျွန်တော်စဉ်းစားနေတုန်း ညီမလေးက ပလတ်စတစ်ဇလုံ အဟောင်းကြီးကို သယ်ပြီး မီးဖိုခန်းထဲက ထွက်လာတယ်။ ဇလုံထဲမှာ ဖွန်းခက်ရင်းထည့်တဲ့ ခြင်းသေးသေးလေးတွေ၊ ရေချိုးခန်းထဲမှာ ဆပ်ပြာခွက်၊ သွားတိုက်ဆေးဘူးတင်တဲ့ စင်၊ အာလူး ကြက်သွန်ထည့်တဲ့ ပလတ်စတစ်ခြင်းအပြား စတဲ့ တိုလီမိုလီတွေ၊ ကျွန်တော့်ရဲ့ စွပ်ကျယ် အဟောင်း နှစ်ထည်၊ သုံးထည်လည်း ပါတယ်။

"ဟဲ့ ‥ ညီမလေး။ အဲဒါတွေ ဘာလုပ်မလို့လဲ"

"သွားလွှင့်ပစ်မလို့လေ အစ်ကိုရဲ့"

ညီမလေးက ပေါ့ပေါ့ပါးပါး ပြောလိုက်ပေမဲ့ ကျွန်တော့်စိတ်ထဲမှာ နှမြောသလိုလို ခံစားလိုက်ရတယ်။ တန်ဖိုးအားဖြင့် ဘာမှမရှိတာ မှန်ပေမဲ့ အချိန်အတော်ကြာကြာကြီး လက်ပွန်းတတီး ကိုင်တွယ် သုံးစွဲလာတဲ့ ပစ္စည်းလေးတွေဆိုတော့ ဘတ်ခနဲ လွှင့်ပစ်လိုက်ရမှာ ရင်ထဲမှာ တစ်မျိုးကြီးပဲ။

ကျွန်တော်က ‥

"အဲဒါတွေက အကောင်းကြီးရှိပါသေးတယ်ဟာ"

ညီမလေးက ရယ်လိုက်တယ်။ ပြီးတော့ ‥

"ကောင်းနေသေးတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ အခု

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းလာတဲ့အိမ်နဲ့ အံမဝင်တော့ဘူး အစ်ကိုရဲ့။ ဒီအိမ်ရဲ့ မီးဖိုချောင်က ကျဉ်းကျဉ်းနဲ့ နေရာမလုပ်အောင် လုပ်ထားတာ အစ်ကို ဝင်ကြည့်။ နံရံကပ်ကြောင်အိမ်လေးတွေနဲ့ အကန့်လေးတွေ ရိုက်ထားတော့ မီးဖိုချောင်သုံးပစ္စည်းတွေ အားလုံး သူ့နေရာနဲ့သူ ခွဲထည့်လိုက်ရုံပဲ။ အစ်ကို့ ပလတ်စတစ်ခြင်း တွေ ဘယ်နားသွားတင်ထားမှာတုန်း''

သူပြောတာလည်း ဟုတ်သလိုလိုပဲလို့ ကျွန်တော် စဉ်းစားနေမိတယ်။ ညီမလေးက ဆက်ပြီး . .

''အရင်အိမ်မှာတုန်းက ရေချိုးခန်းထဲမှာ ရေပန်းတစ်ခုပဲရှိလို့ ဇလုံတွေ၊ ဆပ်ပြာသွားတိုက်ဆေးတင်တဲ့စင်တွေ ထည့်ရတာလေ။ ဒီမှာက အုတ်ရေကန်နဲ့ဆိုတော့ ရေကန်ပေါင်ပေါ် တင်ထားလိုက်ရုံပဲ ဥစ္စာ။ အစ်ကို့ဟာတွေနဲ့ဆိုရင် ရေချိုးခန်း ထဲ ဆန့်မှာမဟုတ်ဘူး . . အစ်ကိုရဲ့''

ညီမလေးရဲ့စကားက ကြောင်းကျိုးဆီလျော်မှန်း ဦးနှောက်က သိနေပေမဲ့ နှလုံးသားကတော့ နှမြောတသ ဖြစ်မိနေတုန်းပဲ။ ညီမလေးကတော့ သူပြောချင်တာတွေကို ရပေါက်မဝင်အောင် ဆက်ပြော နေတယ်။

''အိမ်ပြောင်းတယ်ဆိုတာ . . ကိုယ်နေရမယ့် အိမ်အသစ်နဲ့ မကိုက်တော့တဲ့ ပစ္စည်းအဟောင်းတွေကို ပစ်သင့်တာပစ်၊ လိုအပ်မယ့်ဟာတွေကို အသစ်ဝယ်တန်ဝယ်ရမှာပေါ့ အစ်ကိုရဲ့။ ဘာမှ အသုံးမဝင်တဲ့ အဟောင်းတွေကို အိမ်ပြောင်းတိုင်း သယ်သယ်သွားနေရင် အစ်ကို့ဟာက အိမ်ပြောင်းတာနဲ့





မတူဘဲ အမှိုက်ပုံကြီးကို ဟိုဘက်ကနေ ဒီဘက် ရွှေ့သလို ဖြစ် နေမှာပေါ့''

အဲဒီစကားကတော့ ကျွန်တော့်ရင်ထဲကို သံနဲ့ ရိုက်သွင်းလိုက်သလိုပဲ။ ကျွန်တော်ဟာ အမှိုက်ပုံကြီးကို နေရာအသစ်ဆီ ရွှေ့ချင်သူလား။

ညီမလေးကတော့ အမှိုက်ပစ်ဖို့ အိမ်အောက်ကို ဆင်းသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



မုဒိမ်းမှုတစ်မှုကနေ အကြောင်းရင်းခံတယ်လို့ ဆိုကြတယ်။ တချို့ပြောတာကျတော့လည်း နှစ်မှုရောထွေးနေတယ်။ လိမ်ပြီးတိုင်တဲ့အမှုတွေလို့လည်း ပြောကြတယ်။ အစိုးရက သတင်းမှန်ကို ဖော်ထုတ်တာ နှေးကွေးနေတယ်။ အဲဒီကနေစပြီး မရိုးမသားလှုံ့ဆော်မှုတွေ ပါလာလို့ လူမျိုးရေးပဋိပက္ခ၊ ဘာသာရေးပဋိပက္ခပုံစံ ဖြစ်သွားတာပဲ။

ဘယ်သူဘယ်ဝါမှန်း မသိရတဲ့သူတွေ သတ်သွားလို့ လူ နှစ်ယောက်သေတယ်လို့လည်း ကြားတယ်။ ဘာသာရေးအဆောက်အဦကို ဖျက်ဆီးဖို့ကြိုးစားတာတွေ၊ အဖမ်းအဆီးရှိတာတွေ၊ လက်နက်ရှာတာတွေကိုလည်း ကြားတယ်။

ကျွန်တော့်ညီမက ဖုန်းတစ်လုံးကိုင်ပြီး သူ့ရဲ့ Facebook မှာ ပေါ်လာသမျှသတင်းတွေကို ဖတ်ဖတ်ပြနေလို့ ကြားတာပါ။ ကျွန်တော်ကတော့ အပြင်ကို မထွက်ဖြစ်ပါဘူး။

လမ်းပေါ်မှာ လူအသွားအလာလည်း သိသိသာသာ နည်းသွားပြီလေ။ လူတွေက မလွှဲသာ မရှောင်သာကိစ္စ ရှိမှပဲ လမ်းပေါ်သွားကြလာကြတော့တာ မဟုတ်လား။ ကျွန်တော်ကတော့ ဝင်လာမယ့်သူမရှိဖြစ်နေတဲ့ ကျွန်တော့်ဓာတ်ပုံဆိုင်ရဲ့ တံခါးဟောင်းလောင်းလေးကို ယောင်ယောင်မှားမှား ငေးကြည့်နေမိတယ်။

အတွေးတွေက အုံ့မှိုင်းရစ်သိုင်းလို့ပေါ့။

■





(၅)

ကျွန်တော့်ရဲ့ ဓာတ်ပုံဆိုင်လေးက မြို့သစ်ယဉ်ကျေးမှုနဲ့ အသားတကျဖြစ်အောင် မနည်းကြိုးစားနေတုန်းမှာပဲ မိုးရေစက်တွေ နည်းပါးလွန်းတဲ့ ဇူလိုင်လ တစ်လဟာ ရောက်ချလာခဲ့ပါတယ်။

မိုးစက်တွေ တဖွဲဖွဲ ကျမလာဘူး။ တချို့သောလူတွေရဲ့ မျက်ရည်တွေပဲ တဖွဲဖွဲရွာတယ်။ မှတ်သုံလေ ဝေ့ဝဲတိုက်ခတ်မသွားဘူး။ ဟစ်ကြွေးသံတချို့နဲ့ ငိုသံတချို့တလေပဲ တိုက်ခတ်သွားတယ်။

ဇူလိုင်လ (၃) ရက်နေ့မှာတော့ မန္တလေးမြို့ရဲ့ ရင်ခွင်ထဲက မြို့နယ် ခြောက်မြို့နယ်ကို ပုဒ်မ (၁၄၄) ထုတ်လိုက်တော့တာပဲ။

ကောလာဟလတွေဟာ မီးခိုးငွေ့တွေလို လေထုထဲမှာ မှောင်မှောင်မည်းမည်း ပျံ့လွင့် ‥ လို့။ လူတွေဟာ အရှုံ့ရှုံ့အထိတ်ထိတ်နဲ့၊ ကျိုးလန့်စာစား မျက်လုံးတွေနဲ့၊ စကားသံ ခပ်အုပ်အုပ်တွေနဲ့။

www.burmeseclassic.com



ကျွန်တော့်အတွေးထဲမှာ အတိတ်ကို သတိရတဲ့စိတ်တွေ ပါလာတယ်။ ကျွန်တော်နဲ့ ယုံကြည်မှုခြင်းမတူတဲ့ အမေ့ကို သတိရတယ်။ နှလုံးသား မနာကျင်ရအောင် ဆန့်ကျင်ဘက်ယုံကြည်မှုချင်း မတိုက်မိအောင် ရှောင်လွှဲခဲ့ရတဲ့အကြောင်းတွေ သတိရတယ်၊ တစ်မြို့တည်းသားအချင်းချင်း ဘောလုံးပွဲမှာ ခြေထောက်ထောက်ချိုးရတာကို ဂုဏ်ယူစရာလို့ ထင်နေတဲ့ လူတချို့ကိုလည်း ပြန်သတိရမိတယ်၊ စာသင်တဲ့ ကျောင်းချင်း မတူတာနဲ့ ဟိုဘက်ကျောင်းက ကျောင်းသားတွေကို အကြောင်းမရှိအကြောင်းရှာပြီး ချောင်းရိုက်ခဲ့တဲ့ ကျွန်တော့်ရဲ့ ငယ်ဘဝကိုလည်း ပြန်သတိရနေတယ်။ ကိုယ့်အတန်းထဲက ကောင်မလေးက တခြားကျောင်းကကောင်နဲ့ ကြိုက်ရင် ''သစ္စာဖောက်'လို့ ခံစားရတဲ့ ကိုယ့်ရဲ့ ကလေးဆန်မှုကိုလည်း ပြန်ပြီး သတိတရဖြစ်နေပါတယ်။





အားလုံးဟာ ရုပ်ပုံလွှာအပိုင်းအစတွေပဲ။ အဆက်အစပ်ပြိုကွဲနေတဲ့ လူတစ်ယောက်ရဲ့ သိမြင်မှုလို့လည်း ပြောလို့ရတယ်။ ကျွန်တော့်အတွက်တော့ အားလုံးဟာ လေးလေးလံလံပဲ။

ကျွန်တော့်သက်ပြင်းချသံကြောင့် ညီမလေးက Facebook သုံးနေရာက လှည့်ကြည့်ပြီး 'ဘာပြောချင်လို့လဲ' ဆိုတဲ့ အဓိပ္ပာယ်နဲ့ မေးငေါ့ဆတ်ပြတယ်။ ကျွန်တော်ကလည်း ကိုယ့်ဘာသာကိုယ် ဘာပြောချင်မှန်း သိတာမဟုတ်ဘူး။

ကျွန်တော်တို့တိုင်းပြည်က အရမ်းဆင်းရဲနေတယ်ဗျာ။ နိုင်ငံခြားတိုင်းပြည်တွေဆီက ပိုက်ဆံချေးထားတဲ့ အကြွေးပမာဏကလည်း ပြန်တောင် ဆပ်နိုင်ပါတော့မလား . . လို့ သံသယဖြစ်စရာကောင်းလောက်အောင် များနေပြီ။

တစ်တိုင်းပြည်လုံး မွဲနေတယ်၊ ငတ်နေတယ်၊ ဝင်ငွေ နည်းပါးနေတယ်။ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံမှုတွေ အမြန်ဆုံးလာဖို့ အရေးတကြီး လိုအပ်နေပြီ။ ဒီလိုအချိန်မှာ ဘယ်သူမှ မလာရဲအောင် လူမျိုးရေး ဘာသာရေး အဓိကရုဏ်းတွေ ဖြစ်ရတာနဲ့၊ စစ်ပွဲတွေ ဖြစ်ရတာနဲ့၊ ဘာသာရေးအဆောက်အဦ မီးရှို့ရတာနဲ့၊ လမ်းပေါ်မှာ လူအချင်းချင်း သတ်ရ ဖြတ်ရတာနဲ့။

ကြေကွဲဝမ်းနည်းမှုထဲကို ကျွန်တော့်တစ်ကိုယ်လုံး စုန်းစုန်းနစ်မြုပ်ဝင်သွားတယ်။

''လူအချင်းချင်း ခုတ်ကြထစ်ကြ၊ သတ်ကြဖြတ်ကြတာတွေ မရှိပါစေနဲ့လို့ပဲ ဆုတောင်းချင်တာပါ . . ညီမလေးရယ်။ တိုင်းပြည်'နာ' လို့ပါ။''



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားလုံးတွေက တိုးတိုးပါးပါးလေး။ ညီမလေးက

''ကိုယ့်လုပ်ပေါက်ကြောင့် တိုင်းပြည်နာလို့ နာမှန်းမသိဘဲ ကိုယ့်ကိုယ်ကိုယ် ပိုင်လှပြီလို့ ထင်နေတဲ့ လူတွေလည်း ရှိသေးတယ် အစ်ကိုရဲ့''

ဆိုက်ကားသမားက နက်ကတိုင်စည်းပြီး ကိုယ့်ဘာသာ အဟုတ်ကြီးထင်နေတဲ့ အပေါက်မျိုးပဲလို့ ကျွန်တော် တွေးလိုက်တယ်။ မနေနိုင်တော့လို့ ထပ်ပြောမိသေးတယ်။

''အဲဒါ . . ဖမ်းရမှာဟ။ မူဒိမ်းကျင့်ရင်လည်း ကျင့်တဲ့သူကို ဖမ်း၊ ဥပဒေအတိုင်း တိတိကျကျ အရေးယူ။ အကြမ်းဖက် ရင်လည်း အကြမ်းဖက်သမားကို မိအောင်ဖမ်းပြီး အရေးယူ ဒါပဲ၊ လူမျိုးတွေ၊ ဘာသာရေးတွေ လာမရောထွေးနဲ့၊ ဘယ်သူမှ ဘာသာရေးကို အကြောင်းပြုပြီး ဥပဒေချိုးဖောက်ခွင့် မရှိဘူး။ အားလုံးကို တရားဥပဒေနဲ့ပဲ ရှင်းရမှာ။ တရားဥပဒေ စိုးမိုးရေးက အဓိကပဲ''

ကျွန်တော်က မပြောစဖူး စကားအရှည်ကြီးပြောနေတုန်း ညီမလေးက ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေတယ်၊ တစိမ့်စိမ့်ကို ကြည့်ပြီး ပြုံးနေတာ။ အကြာကြီးပဲ။

သူပြုံးနေပုံက အဓိပ္ပာယ်တစ်မျိုးပဲလို့ မသင်္ကာတာနဲ့ ကျွန်တော် က

''ဘာလဲဟ . . နင်ပြုံးပုံကြီးက။ ငါပြောတာ မဟုတ်လို့လား''

လို့ မေးလိုက်တော့မှ ညီမလေးက မျက်နှာထားမချိုမချဉ်နဲ့ . .

''တရားဥပဒေစိုးမိုးရေးအတွက် တာဝန်အရှိဆုံးက အစိုးရလေ





အစ်ကိုရဲ့။ အစိုးရရဲ့ ကိုင်တွယ်ပုံကိုက ချက်ချင်း ထိရောက်မှု ရှိလား၊ မရှိဘူးလားဆိုတာ အခု အစ်ကို့အမြင်ပဲလေ''

''အင်း . . အစိုးရကလည်း ဒီမိုကရေစီစနစ် ပုံစံပေါက်အောင် လို့တော့ . . အင်း . . အပြောင်းအလဲ လုပ်တော့လုပ်နေတယ် မဟုတ်လား''

''အစိုးရလုပ်တဲ့ အပြောင်းအလဲကလည်း အစ်ကို အိမ်ပြောင်း သလိုပါပဲ အစ်ကိုရယ်။ ခေတ်နဲ့ အံမဝင်တော့တဲ့ အဟောင်း အဆွေးတွေကို ဖြုတ်သင့်တာဖြုတ်၊ ပစ်သင့်တာပစ်၊ အသစ် ထည့်သင့်တာထည့် မလုပ်ရင် ဟိုဘက်ခေတ်က အမှိုက်ပုံ ကြီးကို ဒီဘက်ခေတ် ရွှေ့လာသလိုပဲ ဖြစ်မှာပဲ''

ညီမလေးက ပြောပြီး သူ့ဖုန်းမျက်နှာပြင်ပေါ်မှာ ပေါ်နေတဲ့ Facebook က သတင်းတွေကို လက်ညှိုးတစ်ချောင်းနဲ့ ပွတ်ရွှေ့ဖတ် ကြည့်နေတယ်။

ကျွန်တော်တို့တွေ ဘာဖြစ်နေကြပြီလဲ။

ဈေးကွက်စီးပွားရေးမှာ ကမ္ဘာကြီးက အကောင်းကိုမှ ရွေး ကြိုက်တယ်။ ကျွန်တော်တို့က ရွက်ကြမ်းရေကျိုအဆင့်လောက်တောင် မကောင်းဘူး။ ဒါပါပဲ။ ကမ္ဘာကြီးက မရွေးဘူး၊ ကျွန်တော်တို့က ရွေ့ သွားတယ်။

ဟိုး . . အောက်ဘက်ကို။ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံ အောက် ဆုံးက ရေတွက်ရင် အဆင့် (၁၂) နေရာကို။

■



www.burmeseclassic.com

www.burmeseclassic.com



ညက မှောင်သထက် မှောင်လာနေတယ်။ ပုဒ်မ (၁၄၄) ရဲ့ အရှိန်အဝါကြောင့်လားတော့ မသိဘူး။ လမ်းပေါ်မှာ လူသူကင်းမဲ့ တိတ်ဆိတ်နေတယ်။

အဲဒီ အမှောင်နဲ့ တိတ်ဆိတ်မှုနောက်ကွယ်မှာ ဘယ်သူတွေ ရှိနေလေမလဲ။ ညအချိန်မို့လို့ မသိနိုင်တာ မဟုတ်ဘူး။ နေ့အချိန်မှာလည်း မသိနိုင်ဘူး။ လှို့ဝှက်ကြံစည်သူတွေ၊ ရိုးသားစွာ တက်ကြွသူတွေ၊ အခွင့်အရေးသမားတွေ၊ ကိုယ့်လူမျိုးကို ကိုယ်ကျိုးစွန့်ပြီး ချစ်သူတွေ၊ အသုံးချသူတွေ၊ အသုံးချခံရသူတွေ။

အဲဒီလူတွေဟာ လမ်းပေါ်မှာ၊ ဈေးထဲမှာ၊ အိမ်ရှေ့မှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ကားဂိတ်မှာ . . ကျောချင်းကပ် ဘေးချင်းယှဉ် သွားလာလှုပ်ရှားရင် လှုပ်ရှားနေလိမ့်မယ်။ တချို့က အခွင့်အခါကို ချောင်းမြောင်းနေပေလိမ့်မယ်။





ကျွန်တော်ကတော့ ကင်မရာတစ်လုံးလောက် လိုချင်နေတယ်။ စိတ်ကို ပုံပေါ်အောင် ရိုက်လို့ရမယ့် ကင်မရာမျိုးပါ။

အဲဒီလို 'စိတ်ပုံဖော်' ကင်မရာတစ်လုံးသာ ကျွန်တော့်ဆီမှာ ရှိခဲ့ရင် နိုင်ငံတော်သမ္မတကနေစပြီး လမ်းပေါ်မှာ တွေ့သမျှလူတွေ အကုန်လုံးကို ကျွန်တော် ဓာတ်ပုံလိုက်ရိုက်ပစ်မယ်ဗျာ။

လူကိုရိုက်ရင် လူပုံထွက်မယ်၊ ခွေးကိုရိုက်ရင် ခွေးပုံထွက်မှာပဲ။

■

မင်းခိုက်စိုးစန်
၉ လိုင်း ၅၊ ၂၀၁၄
(မန္တလေးမြို့ ချောက်ရားရွှမ်ညာရှား အလုပ်ထဲမှ)

www.burmeseclassic.com



ထက်မြတ်နိုင်ခင်

# သေနေသူတစ်ယောက်က ငါ့ကို သင်္ဂြိုဟ် နေတယ်

မဒေါင်းက သူ့ယောက်ျား ကိုဌေးဟာ အခုလိုကျတော့လည်း သနားစရာကောင်းလိုက်တာလို့ တွေးနေမိတယ်။ သူဟာ ကျန်းမာတဲ့ အချိန်တုန်းကလည်း မဒေါင်းတို့မိသားစုအပေါ် သိပ်ကောင်းတဲ့လူတော့ မဟုတ်ဘူး။

ဘယ်လိုပဲဖြစ်ဖြစ် လင်ယောက်ျားဆိုတဲ့သံယောဇဉ်ကတော့ မဒေါင်းရင်ထဲ အပြည့်ရှိတယ်။ သူ့ကို ဒီရန်ကုန်ဆေးရုံကြီးမှာ အမြဲ ထားပစ်ခဲ့ရမှာ မဒေါင်း သိပ်ကြောက်နေတယ်။





www.burmeseclassic.com

www.burmeseclassic.com



အခုလို ကိုဌေးတစ်ယောက် လေတစ်ခြမ်းဖြတ်နေမယ်ဆိုရင်လည်း သူမတစ်သက်လုံး ပြုစုပေးမယ်။ ကိုဌေးသာ မသေဘူးဆိုရင် မဒေါင်းက ဘာဖြစ်ဖြစ်လုပ်ပေးပါ့မယ်လို့ တွေးနေမိတယ်။

မဒေါင်းရဲ့ လက်ကို မလွှတ်တမ်းဆုပ်ကိုင်ထားတဲ့ ကိုဌေးရဲ့ လက်မည်းမည်း ပိန်ပိန်လေးကို စိုက်ကြည့်ရင်း မဒေါင်းမျက်ရည်တစ်ပေါက် ပါးပြင်ပေါ် ပြုတ်ကျလာတယ်။ အဲဒီအခါ သမီးဖြစ်သူက မျက်ရည်အဝဲသားနဲ့ မဒေါင်းကို လက်တို့တယ်။ ဒါနဲ့ မဒေါင်းက မျက်ရည်ကို မသိမသာပြန်သုတ်ရင်း . . .

"ကိုဌေး . . အားတင်းထားနော်၊ ရှင်နေကောင်းသွားမှာပါ"

လို့ အားပေးလိုက်တယ်။ ကိုဌေးကတော့ အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက်ရှူရင်း ဘာမှမသိတဲ့ကလေးတစ်ယောက်ကို မျက်လုံးအဝိုင်းသားနဲ့ကြည့်နေတယ်။

"ဘုရားသိကြားမလို့ . . ကိုဌေး မြန်မြန်နေကောင်းပါစေ"

မဒေါင်းတစ်ယောက် စိတ်ထဲက ဆုတောင်းရင် လူနာတွန်းလှည်းနောက်က အပြေးလိုက်သွားခဲ့တယ်။

■





မဒေါင်းနဲ့ ကိုဌေးအိမ်ထောင်ကျတော့ မဒေါင်းအသက် အလွန်ဆုံးရှိမှ ၁၈၊ ၁၉ နှစ်ထက် မပိုပါဘူး။ အပျိုပေါက်လေးကလည်း ဖြစ်ပြန် မိဘတွေကလည်း မပြေလည်ဆိုတော့ မဒေါင်းတစ်ယောက် ဖြစ်ချင်ရာဖြစ်ဆိုပြီး အိမ်ထောင်ပြုလိုက်တယ်။

ကိုဌေးက ပုသိမ်မြို့မှာ တာဝန်ကျနေတဲ့ ရဲဝန်ထမ်း။ မဒေါင်းက ၄ တန်းလောက်အထိပဲ ပညာသင်ဖူးတော့ ဝန်ထမ်းဖြစ်တဲ့ ကိုဌေးကို အထင်ကြီးပါတယ်။ သူ့ကိုပဲ အိမ်ဦးခန်းမှာထားပြီး ကိုးကွယ်တယ်။

မဒေါင်းတို့ ညားကာစကတော့ ထုံးစံအတိုင်း အလိုလိုက်အကြိုက်ဆောင်၊ အရာရာ မဒေါင်းစိတ်တိုင်းကျပဲ။ အဲ . . ဒါပေမဲ့ မဒေါင်းသမီးလေးမွေးပြီး ၂ နှစ်အကြာမှာတော့ ကိုဌေးတစ်ယောက် ဇာတိရုပ်က တဖြည်းဖြည်းပေါ်လာတယ်။

www.burmeseclassic.com



ညပြန်လာတိုင်း ကိုဌေးဆီက အရက်နံ့က တထောင်းထောင်း။ လူက မူးစပ်စပ်ဖြစ်လာတော့ တောပြော တောင်ပြောနဲ့ ပါးစပ်စည်းကမ်း မရှိတော့ဘူး။

''ဟေ့ ‥ မဒေါင်း။ မင်း ဟိုဘက်တစ်အိမ်ကျော်ကကောင်နဲ့ ဘာတွေ ရှုပ်ရှုပ်၊ ရှုပ်ရှုပ်လုပ်နေတာလဲ၊ ငါ့ကိုတော့ နွားဖြစ်ခိုင်းမယ် မကြံနဲ့နော်။ ဘာမှတ်နေလဲ၊ ငဌေးအကြောင်း ကောင်းကောင်းသိသွားမယ်၊ အေ့ ‥''

တကယ်တော့ ကိုဌေးပြောတဲ့ ''ဟိုကောင်'' ဆိုတာ မဒေါင်း ညီမရဲ့ ယောက်ျား။ မဒေါင်းရဲ့ မတ်ပေါ့။ အဲဒါကို ကိုဌေးက မူးတိုင်း ရန်ရှာတယ်။

''ကိုဌေး ‥ တိုးတိုးသက်သာ ပြောပါရှင်၊ ဟိုက ကြားသွားရင် မကောင်းဘူး။ ပတ်ဝန်းကျင်မှာလည်း ကျွန်မ သိက္ခာကျတယ်''

''ဟာ ‥ ကြားကြားကွာ၊ ကြားတော့ ဘာဖြစ်လဲ။ ဘယ် အကောင့်အမေလင်ကို အရေးစိုက်ရမှာလဲ။ ငါ့မိန်းမ ငါပြော တာ၊ မိုက်ရင် ကြိုက်တဲ့ကောင် ထွက်ခဲ့စမ်းကွာ၊ ဒုန်း ‥''

သူက ပြောပြောဆိုဆိုနဲ့ ခုံကို ဆောင့်ကန်လိုက်တယ်။

''အီး ‥ အဲ့ ‥ အဲ့ ‥ အီး''

ပခက်ထဲမှာ မှိန်းနေတဲ့သမီးလေးက ခုံကို ကန်လိုက်တဲ့အသံ ကြောင့် နိုးပြီး ထငိုပါတော့တယ်။ မဒေါင်းက ကလေးဆီ အပြေးသွား ရင်း ‥

''ကိုဌေး ကျွန်မ တောင်းပန်ပါတယ်။ ရှင် မူးလာရင်လည်း အိပ်ပါတော့လား။ ဒီမှာ သမီးလေးက သိပ်နေမကောင်းဘူး''





သမီးလေးလို့ ပြောလိုက်တော့ ကိုဌေး နည်းနည်းငြိမ်သွား တယ်။ သူက သမီးလေးကိုတော့ သိပ်ချစ်တယ်။ ဒါပေမဲ့ သူချစ်တာ ကြီးက တစ်မျိုး။ သူက ‥

''သမီး ‥ သမီးကြီးလာရင် ယောက်ျားမယူရဘူးနော်၊ အဖေ တို့ကိုပဲ ရှာကျွေးရမယ်။ ကြားလား သမီး'' လို့ ခဏခဏ ပြောတယ်။ ဒီလို စကားမျိုးဟာ အဖေတစ်ယောက်အနေနဲ့ ပြောသင့်လား။ မပြော သင့်လားဆိုတာ ကိုဌေး မစဉ်းစားဘူး။ သူဖြစ်ချင်တာ ပြောချင်တာကို ဖွတ်လုပ်တယ်။ သူဖြစ်ချင်တဲ့ဆန္ဒကသာ အမှန်တရားလို့ ထင်နေတဲ့ တစ်ယူသန်သမားပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ကိုဒွေးနဲ့ မဒေါင်းတို့ ပေါင်းသင်းလာခဲ့ကြတာ အခု ဆိုရင် မဒေါင်းတို့သမီးလေးက အသက် ၂၀ ကျော်အရွယ် ရောက်နေပြီ။

ပြောလို့ပြောတာ မဟုတ်ဘူး။ မဒေါင်းတို့သမီးလေးက လှမှာ တယ်၊ မိဘကိုလည်း သိပ်သိတတ်တယ်။ သူ့အဖေစကားကိုလည်း မြေဝယ်မကျ နားထောင်တယ်။

သူ့အဖေပြောပြောနေတဲ့ စကားတွေကြောင့်လားတော့ မသိဘူး။ အခုချိန်ထိ ရည်းစားသနာမရှိ၊ အိမ်ထောင်မပြုဘဲ မဒေါင်းတို့ကို အလုပ်လုပ်ပြီး ရှာကျွေးတယ်။

သိတဲ့အတိုင်း ‥ ရိုးရိုးရဲဝန်ထမ်းတစ်ယောက်ရဲ့ လစာဟာ မိသားစုတစ်ခုစာ ဘယ်လောက်ပေါ့မလဲ။ ကိုဒွေးက ပိုဆိုးတယ်၊ သူ့လစာဟာ သူ့အရက်ဖိုးနဲ့တင် မလုံလောက်ဘူး။ တစ်ခါတလေ အိမ်က စိုက်ရသေးတယ်။ မဒေါင်းက ‥

"ကိုဒွေးရယ် ‥ ရှင် အရက်သောက်တာ လျှော့ပါလားရှင်။





ကြာရင် ရှင့်ကျန်းမာရေး ထိခိုက်လိမ့်မယ်။ တစ်ခုခုဆို ကျွန်မတို့မှာ ဆေးကုစရာ ပိုက်ဆံမရှိဘူးနော်"

လို့ သတိပေးတယ်။ ကိုဒွေးကတော့ ခပ်အေးအေးပဲ ‥

"မင်းကလည်း ‥ လျှာမရှည်စမ်းပါနဲ့။ ငါ့သမီးတစ်ယောက်လုံး ရှိတာပဲ"

"သမီးတစ်ယောက်လုံး ရှိနေတာပဲ လုပ်မနေနဲ့။ ကျွန်မတို့မှာ သူများလို မရှိရင် ချွတ်ရောင်းဖို့ အိမ်တောင် မရှိဘူး။ အဲဒါကိုလည်း ရှင် သိထားပါဦး"

ဟုတ်တယ်၊ မဒေါင်းတို့ မိသားစု ပုလိပ်ကနေ ကိုဒွေး တာဝန်ကျတဲ့ငွေဆောင်ကို ပြောင်းလာရတော့ အိုးတစ်လုံး၊ ဖျာတစ်ချပ်နဲ့ ဘာမှမပါဘူး။ သမီးဖြစ်သူက ဟိုတယ်မှာ ညွှန်ကြားဝန်ထမ်းလုပ်တယ်။ ပြီးတော့ ငွေဆောင်ရွာထဲမှာပဲ အိမ်ခပ်တန်တန်လေးတစ်လုံး ငှားပြီး နေကြတယ်။

ကိုဒွေးတာဝန်ကျတဲ့ ငွေဆောင်ရဲစခန်းမှာတော့ လိုင်းခန်းပေး တယ်။ ဒါပေမဲ့ မဒေါင်းက ရွာထဲမှာဆိုရင် ဈေးလေးဘာလေးရောင်း လို့ရတယ်လို့ စဉ်းစားပြီး ရွာထဲမှာပဲ အိမ်ငှားလိုက်တာပါ။

အဲဒီအိမ်ရှေ့မှာပဲ မဒေါင်းက မုန့်ဟင်းခါးလေး၊ အသုပ်စုံလေး ရောင်းပေါ့။ တော်တော်လေး အဆင်ပြေတယ်ပြောရမယ်။ ၁ နှစ်အကြာမှာပဲ မဒေါင်းတို့တွေ ရွှေတိုငွေစလေး စုဆောင်းမိလာတယ်။

အဲဒီအချိန်မှာပဲ ကံကြမ္မာက တစ်မျိုးလှည့်ဖန်လာပြန်တယ်။ ကိုဒွေး ငွေဆောင်ကနေ ပြောင်းပြီး တောင်ဂူဘက်က မြို့တစ်မြို့မှာ ၆ လလောက် တာဝန်ပြောင်းရွှေ့ထမ်းဆောင်ရမယ်ဆိုတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မဒေါင်းသဘောက သူတို့သားအမိတွေ ငွေဆောင်မှာ နေခဲ့မယ်။ ကိုဋ္ဌေးတစ်ယောက်တည်း တောင်ငူမှာ သွားနေဖို့ပါ။ ဒါပေမဲ့ ကိုဋ္ဌေးက မရပါဘူး။ မိသားစုတစ်ယောက်လုံး အတူသွားမယ်။ ဟိုရောက်မှ ကြည့်ကျက်ပြီး နေမယ်ဆိုတဲ့ သဘောပါ။

နောက်ဆုံး ကိုဋ္ဌေးရဲ့ အမိန့်ကို မလွန်ဆန်နိုင်တဲ့ မဒေါင်းတို့ သားအမိဟာ ငွေဆောင်မှာ ဈေးရောင်းနေတဲ့ပစ္စည်းခွက်ယောက်တွေကို မတန်တဆဈေးနဲ့ ရောင်းချ၊ သမီးဖြစ်သူလည်း အလုပ်ထွက်ပြီး တာဝန်ကျတဲ့ တောင်ငူကို အိုးတစ်လုံး၊ ဖျာတစ်ချပ်နဲ့ပဲ လိုက်ခဲ့ရပါတော့တယ်။

■





တောင်ငူရောက်တော့ ဘာအလုပ်အကိုင်မှ မရှိတဲ့ အဆိုးရုပ်တဲ့လိုင်းခန်းမှာနေပြီး ထိုင်စားလာလိုက်တာ ရှိတာလေးတွေလည်း တတိတိနဲ့ ကုန်ပါလေရော။ ပိုဆိုးတာက အဲဒီအချိန်မှာပဲ ကိုဋ္ဌေးဟာ ဆီးချိုရောဂါဝေဒနာကို အပြင်းအထန်ခံစားနေရပြီဆိုတာ သိလိုက်ရတာပါပဲ။ အင်္ဂလင်တောင် ထိုးနေရတဲ့အခြေအနေပေါ့။

မဒေါင်းတစ်ယောက် ခေါင်းမီးတောက်သွားတယ်။ သူမ ကြားဖူးနေကျ ဗဟုသုတက ဆီးချိုရောဂါဆိုတာ ဘယ်တော့မှ မပျောက်တော့တဲ့ နာတာရှည်ရောဂါတဲ့။ အခုမဒေါင်းတို့လက်ထဲမှာလည်း ပိုက်ဆံမရှိတော့ဘူး။ ဆိုးရွားလွန်းတဲ့ကံကြမ္မာကို ဟစ်လို့သာ အော်ငိုလိုက်ချင်တော့တယ်လို့ မဒေါင်းစိတ်ထဲက ပြောနေတယ်။

အရင်က ဗီဇာကြောင်တဲ့ကိုဋ္ဌေးက အခုနေမကောင်းတော့ နှစ်ဆပိုကြောင်လာတယ်။ သူ့လိုအပ်ချက်တွေ ဖြည့်ဆည်းဖို့ မဒေါင်း စီစဉ်ရတာ ခေါင်းတွေတောင် ပူထူလာတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ နောက်ထပ်ကံကောင်းတာတစ်ခု ထပ်ဖြစ်လာတယ်။ ကိုဒွေး ငွေဆောင်ကို ပြန်ပြောင်းရတော့မယ်တဲ့။ အိုးတစ်လုံး၊ ဖျာတစ်ချပ်နဲ့ပဲ ငွေဆောင်ကို ပြန်ပြောင်းလာကြတယ်။

သူများဆီက ချေးငှားပြီး အိမ်လေးငှား၊ ဈေးရောင်းဖို့ ပြင်ဆင်နဲ့ အရင်လို ပြန်ဖြစ်လာပြန်တယ်။ သမီးဖြစ်သူကလည်း အရင်လို ဟိုတယ်မှာ ပြန်အလုပ်ဝင်ပေါ့။

ကိုဒွေးကတော့ လူမမာကြီးလုံးလုံးဖြစ်နေပြီး ဟိုလူ့ဆူ၊ ဒီလူ့ ပေါက်နဲ့ စိတ်တိုင်းမကျ ဖြစ်နေတယ်။ ဒါပေမဲ့ ဈေးရောင်းလို့ ပိုက်ဆံလေးတွေ အဆင်ပြေတော့ မဒေါင်းက ကိုဒွေးဘာပြောပြော သည်းခံလာနိုင်တယ်။

တစ်လတစ်လ သူ့ဆေးဖိုးကာမိရုံအပြင် အရင်လိုပဲ စုမိဆောင်းမိ ပြန်ဖြစ်လာပြန်တယ်။

လူရဲ့ ကံကြမ္မာဆိုတာကလည်း ပြောရခက်သားလား။ တစ်နေ့ မဒေါင်းတို့မိသားစုအဖို့ ကံဆိုးဖို့ ထပ်ကြုံလာပြန်တယ်။ အသိနည်းပါးတာကြောင့် ဆီးချိုရောဂါကို တိုင်းရင်းဆေးဆရာနဲ့ ပြမိတော့ . . .

"ခင်ဗျားဆီမှာ ဆီးချိုရောဂါပိုး မရှိတော့ဘူး။ အဲဒါကြောင့် ဆီးချိုဆေးသောက်စရာ မလိုတော့ဘူး။ အင်ဆူလင်လည်း ထိုးစရာ မလိုတော့ဘူး"

ကဲ . . ကြည့်။ ဘယ်လောက်တောင် လွဲလိုက်သလဲလို့။ တတ်ယောင်ကားဆရာရဲ့ စကားကို အဟုတ်မှတ်ပြီး မဒေါင်းတို့ သားအမိတွေ ဝမ်းသာသွားကြတယ်။





အဲဒီအချိန်ကစပြီးတော့ ကိုဒွေးတစ်ယောက် ဆီးချိုရောဂါတွေနဲ့ မတည့်တဲ့အစားအစာတွေလည်း ရှောင်စရာမလိုတော့သလို၊ အင်ဆူလင်ဆေးလည်း ထိုးစရာမလိုတော့ဘူးဆိုပြီး အေးအေးဆေးဆေးပဲ နေလိုက်ကြတယ်။

အဲ . . အဲဒီမှာတင် ပြဿနာစတော့တာပဲ။ ငွေဆောင်ကနေ ပုသိမ်သွားတဲ့လမ်းမပေါ်မှာ ကိုဒွေးနဲ့ မဒေါင်းတို့ ဆိုင်ကယ်တက္ကစီနဲ့ သွားကြရင်း ကိုဒွေးတစ်ယောက် ဆီးချိုတွေ ဆောင့်တက်ပြီး ရုတ်တရက် ပါးစပ်ရွဲ့ကာ လက်တစ်ဖက်လှုပ်မရဘဲ ဆိုင်ကယ်ပေါ်က ပြုတ်ကျမလို ဖြစ်သွားတယ်။ မဒေါင်းက ဆွဲထားရင်း လမ်းဘေးတစ်နေရာမှာ ဆိုင်ကယ်ကို ရပ်ခိုင်း၊ ပြီးတော့ ကြုံရာကားနဲ့ ဆေးရုံပို့လိုက်ရတော့တယ်။ ကိုဒွေးကတော့ စကားပီပီသသ မပြောနိုင်၊ လက်တစ်ဖက် လှုပ်မရနဲ့ ကားပေါ်မှာ ဆန့်ဆန့်ကြီး ပါသွားတော့တယ်။

■



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကစပြီး ကိုဌေးတစ်ယောက် ဆေးရုံခုတင်ပေါ်မှာ ပက်လက်လေး။ နှာခေါင်းပိုက်တန်းလန်းနဲ့ ဆန့်ဆန့်လေး လဲနေတော့တယ်။ ဆေးဝါးအခက်အခဲရယ်၊ စက်ပစ္စည်းအခက်အခဲရယ်ကြောင့် ကိုဌေးကို ဆေးရုံက ဘာမှ သေသေချာချာ ကုသမပေးနိုင်ဘူး။

ရှင်းရှင်းပြောရရင် အစာထည့်တဲ့ နှာခေါင်းပိုက်ကိုတောင် တစ်နေ့တစ်ခါ လဲမပေးဘူး။ စကားတွေ မပီတပီနဲ့ ပြောနေရှာတဲ့ ယောက်ျားဖြစ်သူကို ကြည့်ပြီး မဒေါင်း စိတ်မကောင်းဘူး။ ကိုယ်လည်း ဘာမှ လုပ်မပေးနိုင်၊ ဆေးရုံမှ ဆရာဝန်များက ဘာကုသမှုမှ မပေးဘဲ လူနာဆေးရုံခုတင်ကြီးပေါ်မှာပဲ ပက်လက်ကြီးထားတယ်။

ကိုဌေးရဲ့ ဇာတိရွာက လူနာမေးတဲ့ဆွေမျိုးတွေ၊ သူငယ်ချင်းတွေတော့ လာမေးကြပါရဲ့။ အဲဒီထဲမှာ ကိုဌေးရဲ့ ငယ်သူငယ်ချင်း ကိုကျော်ဆွေနဲ့ သန်းသန်းတို့လင်မယားလည်း ရွာကနေ ရောက်လာတယ်။ သန်းသန်းက . . .

"ဘယ်လိုဖြစ်တာလဲ ဒေါင်းရယ်"





"မြင်တဲ့အတိုင်းပဲ သန်းသန်းရယ်၊ ဘာမှလည်း ထူးခြားမလာဘူး။ ဆေးရုံတက်နေရတာလည်း ၃ ပတ်လောက် ရှိနေပြီ။ ဦးနှောက်ကို စီတီ Scan ဖတ်ရမယ် ပြောတယ်။ ဒါပေမဲ့ အဲဒီဆေးရုံမှာ အဲဒီစက် မရှိဘူးတဲ့"

သန်းသန်းအမျိုးသားက . . .

"လက်တွေကလည်း ဖောနေပါလား၊ ကေနွ ဆီးထဲပိုးဝင်ပြီ ထင်တယ်။ ဆရာဝန်တွေက ဘာပြောသေးလဲ"

"မသိပါဘူးရှင်၊ တစ်နေ့ကို ၁၅ ခါလောက်တော့ သွေးလာလာ ဖောက်ယူနေတာပဲ။ ဘာလုပ်တယ်လို့တော့ မပြောတတ်ပါဘူး"

"ဒီအတိုင်းထားလို့တော့ ဘယ်ဖြစ်မလဲဗျ။ ကျွန်တော် အကြံပေးကြည့်မယ်။ ရန်ကုန်ကို ခေါ်သွားပါလား။ အဖြူအမည်း သဲသဲကွဲကွဲ သိရတာပေါ့"

ရည်ရည်မွန်မွန်ပြောနေတဲ့ ကိုဌေးသူငယ်ချင်းဖြစ်သူကို ကြည့်ပြီး မဒေါင်း သက်ပြင်းချလိုက်တယ်။

"ကျွန်မလည်း အဲဒါပဲ သိချင်နေတာပါ။ ကောင်းမှာလား။ မကောင်းဘူးလား။ မကောင်းရင်လည်း ကျွန်မ အိမ်ပြန်ခေါ်သွားချင်တယ်။ ဒါပေမဲ့ ဆေးရုံက ပေးမဆင်းဘူး"

အားလုံးလည်း ဘာလုပ်ရမလဲဆိုတာကို မဆုံးဖြတ်နိုင်ကြဘဲ မျက်နှာတွေ ညှိုးနွမ်းနေကြတယ်။ နောက်ဆုံးကျတော့ အားလုံးဝိုင်းပြောတာနဲ့ပဲ အခုတက်နေတဲ့ဆေးရုံမှာ လက်မှတ်ထိုးပြီး လူနာကို ရန်ကုန်သယ်ခွင့်ရခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကြီး . . . အစ်မကြီး"

ဘေးနားမှ ခေါ်လိုက်သံကြောင့် မဒေါင်း တွေးလက်စတွေ ရပ်သွားပြီး လှည့်ကြည့်လိုက်တယ်။

"ရှင် . . . ဟုတ်ကဲ့"

"ကိုဒွေးလွင်က အစ်မအမျိုးသားနော်။ သူ့ကို ဦးနှောက် Scan ဖတ်ဖို့ SSC ကို ခေါ်သွားရမယ်။ အဲဒီမှာပဲ စက်က ရှိတာ။ ခေါ်သွားမလား။ ၁ သိန်းကျော်လောက်တော့ ကုန်လိမ့်မယ်"

မဒေါင်းက သက်ပြင်းတစ်ချက် ကြိတ်ချလိုက်မိတယ်။ ပြီးတော့ . . .

"ဟုတ်ကဲ့ . . သွားပါ့မယ်။ ကျွန်မပါ လိုက်ခဲ့ရမလား"

အဲဒါနဲ့ ကျွန်မလည်း လူနာတင်ယာဉ်ပေါ် လိုက်သွားတယ်။ အဲဒီကိုရောက်တော့ ကိစ္စဝိစ္စပြီးတဲ့အခါ မရှိမဲ့ရှိမဲ့ပိုက်ဆံလေးကို ပေးချေလိုက်ရတယ်။

ဆေးစစ်ချက်အားလုံးကို စစ်ဆေးပြီးချိန်မှာတော့ ဆရာဝန်ကြီးက . . .

"ဦးနှောက်ရဲ့ နေရာတော်တော်များများမှာ သွေးခဲနေတယ်။ အဲဒါ အချိန်ယူပြီး လေ့ကျင့်ခန်းလုပ်ပေးရင်တော့ ပြန်ကောင်းလာနိုင်တယ်။ ဒါပေမဲ့ လူနာရဲ့နှလုံးက ပုပ်နေပြီ၊ ပြီးတော့ အဆုတ်ထဲမှာ နမိုးနီးယားလည်း ဝင်နေတယ်ဆိုတော့ အခြေအနေ သိပ်မကောင်းဘူး။ နမိုးနီးယားကိုတော့ ကုကြည့်မယ်။ ဘာလုပ်ချင်လဲ၊ နယ်ကို ပြန်ခေါ်သွားချင်လား။ အလွန်ဆုံးခံရင် ၃၊ ၄ ရက်ပဲ"





ဆရာဝန်ကြီးရဲ့စကားအဆုံးမှာ မဒေါင်း ဘာမှ ပြန်မပြောဘဲ ကိုဒွေးလှဲနေတဲ့ ခုတင်ဘေးကို တရွေ့ရွေ့ လျှောက်သွားလိုက်တယ်။ ငိုချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်ရင်း ကိုဒွေးရဲ့ ဆံပင်လေးတွေကို သပ်ပေးနေတာမိတယ်။

သမီးဖြစ်သူကတော့ မမြင်ကွယ်ရာ နေရာတစ်ခု သွားငိုနေတယ်ထင်ပါရဲ့။ မဒေါင်းရဲ့ မျက်ရည်တစ်ပေါက် ကိုဒွေးပါးပေါ် ကျသွားတယ်။ ကိုဒွေး ဖျတ်ခနဲ နိုးလာတယ်။ ပြီးတော့ မဒေါင်းလက်ကို တင်းတင်းဆုပ်ကိုင်ပြီး . . .

"မဒေါင်း . . ငါ မသေချင်ဘူး။ ငါ့ကို မထားခဲ့ပါနဲ့။ ငါ မသေချင်ဘူးနော်၊ ငါ အိမ်ပြန်ချင်တယ်"

မျက်ရည်တွေ စီးကျပြီး ဗလုံးဗထွေး ပြောနေတဲ့ကိုဒွေးကို ကြည့်ပြီး မဒေါင်းရင်ထဲ ဆို့တက်လာတယ်။ စိတ်မထိန်းနိုင်တော့ဘဲ ကိုဒွေးရင်ဘတ်ပေါ် မျက်နှာမှောက်ချပြီး . . .

"မထားခဲ့ပါဘူး ကိုဒွေး။ ရှင် ဘာပဲဖြစ်ဖြစ် ကျွန်မအိမ်ကို ရောက်အောင် ခေါ်သွားမှာပါ။ စိတ်မပူပါနဲ့၊ မထားခဲ့ပါဘူး။ မနက်ဖြန်မနက် ကျွန်မတို့ ကျွန်မတို့အိမ်ပြန်ကြမယ်နော်"

မဒေါင်းက ကိုဒွေးကို ကလေးတစ်ယောက်လို ချော့မြူလိုက်တယ်။ သမီးဖြစ်သူလည်း ရောက်လာပြီး ဘာမှမပြောဘဲ တိတ်တဆိတ် ပစ္စည်းတွေ သိမ်းနေတယ်။

အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက်နဲ့ ပင်ပန်းကြီးစွာ ရှူသွင်းနေရတဲ့ ကိုဒွေးရဲ့ ဝေဒနာကို မကြည့်ရက်လို့ မဒေါင်းမျက်နှာ လွှဲလိုက်တယ်။ သမီးဖြစ်သူက အနားတိုးကပ်ရင်း လေသံခပ်တိုးတိုးနဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



"အမေရယ်၊ ဆရာဝန်ကြီးက ပြောတယ်မဟုတ်လား၊ နောက် ခံရင် ၃၊ ၄ ရက်ပဲတဲ့။ မကြာခင် အဖေခံစားနေရတဲ့ ဝေဒနာတွေ သက်သာသွားတော့မှာပါ။ ဒီ ၃၊ ၄ ရက်အတွင်း အဖေ့ကို စိတ်ချမ်းသာအောင် ထားကြရအောင်နော်။ အမေလည်း မငိုနဲ့၊ သမီးလည်း မငိုတော့ဘူးနော်"

သမီးဖြစ်သူကပြောရင်း အသံတိမ်ဝင်သွားတယ်။ စီးကျလာတဲ့မျက်ရည်တွေကို လက်နှစ်ဖက်နဲ့ ခပ်ကြမ်းကြမ်းပွတ်သုတ်ပြီး အဖေဖြစ်သူရဲ့လက်ကို ကိုင်ကာ မျက်နှာကို စိုက်ကြည့်နေတယ်။ မဒေါင်းလည်း သမီးဘေးမှာထိုင်ပြီး မျက်လုံးသေကြီးနဲ့ ယောကျ်ားဖြစ်သူ ကိုဋ္ဌေးကို စိုက်ကြည့်နေတယ်။

အောက်ဆီဂျင်ပေးထားတာတောင် အသက်ကို ခက်ခဲစွာရှုသွင်းရင် မျက်ရည်တွေက စီးကျနေတယ်။ ရေမသောက်ရတာ ကြာပြီဖြစ်တဲ့နှုတ်ခမ်းတွေက ဖြူဖျော့ပြီး အက်ကွဲခြောက်သွေ့နေတယ်။ အစာမစားရတာကြာပြီဖြစ်တဲ့ ခန္ဓာကိုယ်ဟာ ပိန်လှီပြီး အရိုးငေါငေါ ထွက်နေပြီ။

"ဩော် . . ကိုဋ္ဌေးရယ်၊ အရင်ကလိုပဲ ကျွန်မကို ငေါက်ပါဦးလား။ ဆူပါဦးတော့လား။ ကျွန်မ ရှင့်ကို အရင်လို ခံမပြောတော့ပါဘူး" မဒေါင်းစိတ်ထဲက ကြေကွဲစွာ ပြောနေမိတယ်။

■





နောက်တစ်နေ့ မနက်စောစောမှာပဲ ကားငှားပြီး ကိုဋ္ဌေးကို အိမ်ပြန်ခေါ်လာကြတယ်။ အောက်ဆီဂျင်ပိုက် ဖြုတ်လိုက်ပြီဆိုတော့ ကိုဋ္ဌေးဟာ အရင်ကထက် အသက်ကို ခက်ခက်ခဲခဲ ရှူနေရတယ်။ ငွေဆောင်ကိုတော့ ပြန်ခေါ်လို့မဖြစ်တာနဲ့ ကိုဋ္ဌေးရဲ့ ဇာတိရွာကို ပြန်ခေါ်သွားကြတယ်။ လမ်းမှာ တစ်ခုခုဖြစ်သွားမှာကိုလည်း မဒေါင်းတို့သားအမိနှစ်ယောက် တော်တော်စိုးရိမ်နေကြတယ်။ ကံကောင်းတယ်ပဲပြောရမလားမသိဘူး။ ရွာကိုရောက်တဲ့အထိ အခြေအနေ ဆိုးဆိုးရွားရွားဘာမှမဖြစ်သွားဘူး။

ရွာကအိမ်မှာ ကိုဋ္ဌေးကို ထားတယ်။ ပြီးရင် ပထမခုံးလုပ်ရတာကို ကက်ဆက်တစ်လုံးကို ကိုဋ္ဌေးဘေးမှာ ချပြီး အချိန်တိုင်းတရားခွေဖွင့်ထားတယ်။ ကိုဋ္ဌေးရဲ့ ညီမတွေ၊ အဒေါ်တွေကလည်း စိတ်မကောင်းကြလို့ ငိုတဲ့သူ ငို၊ ယိုတဲ့သူ ယိုနဲ့ အားလုံးဝမ်းနည်းနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က ပြောလိုက်တာ ၃၊ ၄ ရက်ဆိုတော့ ကိုဋ္ဌေးအတွက် အချိန်က သိပ်မကျန်တော့ဘူး။ အဲဒီရက် နီးလာလေလေ၊ မဒေါင်းက တိတ်တိတ်ကြိတ်ပြီး ငိုလေပါပဲ။ ခွဲထားလို့ရရင် ခွဲထားလိုက်ချင်စိတ်တောင် ဖြစ်နေမိတယ်။

ကိုဋ္ဌေးကတော့ စကားမပီကလာ ပီကလာ၊ ကိုယ်တစ်ခြမ်းကလည်း လှုပ်လို့မရဘဲ ဒီအတိုင်း ပက်လက်ကြီး မျက်လုံးအဝိုင်းသားနဲ့ သူ့ဆွေမျိုးတွေကို လိုက်ကြည့်နေတယ်။ ဆွေမျိုးတွေက . . .

''မောင်ဋ္ဌေး . . ဘုရားတရား အာရုံပြုထားနော်။ တခြားဘာမှမတွေးနဲ့၊ ဘုရားစာရွတ်နေ''

''မောင်ဋ္ဌေး . . မင်းမိန်းမနဲ့ သမီးကို စိတ်ချနော်၊ ကြီးတော်တို့ စောင့်ရှောက်ထားလိုက်ပါမယ်။ မဒေါင်းကလည်း သူ့ဘာသာသူ ရောင်းတတ်၊ ဝယ်တတ်တယ်။ အားလုံး စိတ်ချနော်''

''ကိုဋ္ဌေး နောက်ဆံမတင်းပါနဲ့ဗျာ။ ဘုရားကိုသာ အာရုံပြုထားပါ''

အဲဒီလို တစ်ယောက်တစ်ပေါက် ဝိုင်းပြောနေကြတာကို ကိုဋ္ဌေးကတော့ ဘာမှမသိသလို ကြောင်ငေးပြီး ကြည့်နေတယ်။

■





၄ ရက်မြောက်နေ့ကျတော့ ဆွေမျိုးတွေအားလုံး မျက်နှာမကောင်းကြဘဲ ကိုဋ္ဌေးရှိရာအိမ်ကို ရောက်လာကြတယ်။ သူတို့စိတ်ထဲ ဒီနေ့လောက်ဆိုရင်တော့ ကိုဋ္ဌေးတစ်ယောက် ဆုံးပြီပေါ့။ မဒေါင်းတော့ သူတို့ကို ပြေးဖက်ပြီး ငိုမှာပဲလို့ ထင်နေကြတယ်။ ဒါပေမဲ့ ကိုဋ္ဌေးကတော့ အရင်အတိုင်း မျက်လုံးအပြူးသားနဲ့ အိပ်ရာထဲ လဲနေတုန်းပါပဲ။ ဈေးကလူ သေးကလူကအစ မဒေါင်းက လုပ်ကိုင်ပေးရတယ်။

အဲဒီလိုနဲ့ ကိုဋ္ဌေးဟာ ဒီလိုလဲနေတာ တစ်လကျော်၊ နှစ်လထဲတောင် ရောက်လာပြီ။ အခြေအနေက ထူးမလာသလို၊ ဘာမှလည်း ဆုတ်ယုတ်မသွားဘူး။ မဒေါင်းတစ်ယောက်လည်း မျက်ရည်စဲသွားပြီး လူကလည်း ဖတ်ဖတ်မောပြီး ပင်ပန်းနေပြီ။ လေဖြတ်နေတဲ့လူတစ်ယောက်ကို ပြုစုရတာ တကယ်မလွယ်မှန်း မဒေါင်း သဘောပေါက်လာပြီ။

www.burmeseclassic.com



ညရေးညတာ အပေါ့အပါးသွားတာကအစ မဒေါင်းပဲ လုပ်ပေးရတော့ မဒေါင်းခဗျာ မျက်တွင်းဟောက်ပက်နဲ့ပေါ့။ သမီးဖြစ်သူကတော့ ငွေဆောင်ပြန်ပြီး အလုပ်ပြန်ဆင်းနေပြီ။

မဒေါင်းလည်း ဈေးမရောင်းရဘဲ ပစ်ထားရတာ အစုဆိုကိုယ့်ဖောက်သည်တွေက သူများဆီများ ရောက်သွားပြီလား။ အဲဒီလိုသာဆို ဒုက္ခပါပဲ။ နောင် အရှည်သဖြင့် လုပ်ကိုင်စားသောက်ရဦးမှာ။ အင်း . . တစ်နေ့ဆို အမြတ်က ၄၀၀၀ လောက်ရှိတာ။ တစ်လဆို တော်တော်လေး စုမိနေပြီ။

အဲဒီလို အတွေးတွေလည်း ဝင်စပြုလာပြီ။

ဒါပေမဲ့ လူမမာယောက်ျားကြီးကလည်း ပစ်ထားလို့မဖြစ်။

"ဟင်း . . ."

မဒေါင်းက အိပ်ပျော်နေတဲ့ ကိုဌေးကိုကြည့်ပြီး သက်ပြင်းရှည်ကြီး ချလိုက်မိတယ်။

"ဟိုဆရာဝန်ပြောတော့ ၄ ရက်ဆိုပြီး အခုတော့ . ."

အို . . ငါ ဘာတွေ လျှောက်တွေးနေမိပါလိမ့်။

မဒေါင်းလည်း အတွေးစကိုဖြတ်ပြီး လူမမာအတွက် ဆန်ပြုတ်ပြုတ်ဖို့ မီးဖိုထဲ ဝင်သွားတယ်။

အဲဒီအချိန်မှာပဲ ရွာသားတစ်ယောက်က . . .

"မဒေါင်းရေ . . . ကိုဌေးသူငယ်ချင်း ကိုကျော်ဆွေတစ်ယောက် ဦးနှောက်သွေးကြောပြတ်ပြီး ဆုံးလို့တဲ့ဟေ့"

"ဟင် . ."

မဒေါင်းလည်း ကြားကြားချင်း ဆေးလက်စ ဒန်အိုးကို





ပစ်ချပြီး သန်းသန်းတို့အိမ်ဆီ အပြေးသွားလိုက်တယ်။ အိမ်ထဲရောက်တော့ စောင်နဲ့အုပ်ထားတဲ့ ကိုကျော်ဆွေရဲ့ အလောင်းနားမှာ ရွာကလူကြီးတွေ ဝိုင်းအုံနေကြတယ်။ သန်းသန်းက သူမ ယောက်ျားအလောင်းနားမှာ ထိုင်ပြီး တရှုံ့ရှုံ့ငိုနေတယ်။

"ဘယ်လိုဖြစ်တာလဲ၊ မနေ့က ညနေကမှ အကောင်းကြီးရှိသေးတယ်။"

"ဟုတ်တယ်၊ သူမနေ့ညက ပြန်လာတော့ ခေါင်းထဲ မူးနှောက်နှောက်ကြီးလို့ ကျွန်မကို ပြောသေးတယ်။ မနက်ကျတော့ သူအိပ်ရာ မနိုးလို့ ကျွန်မသွားနိုးတော့ အသက်မရှိတော့ဘူး။ အီး . . ဟီး . . ဟီး ကိုကျော်ရယ်၊ ဖြစ်မှဖြစ်ရလေ"

"တရားနဲ့သာဖြေပါ သန်းသန်းရယ်၊ လူဆိုတာ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ အားလုံးဟာ အနိစ္စတွေပါပဲ ဟာ"

အဒေါ်ကြီးတစ်ယောက်က ဝင်ပြီး နှစ်သိမ့်ပေးနေတယ်။

"ဟုတ်ပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မနည်းနည်းတောင် သူ့ကို မပြုစုလိုက်ရတာကို ရင်နာလွန်းလို့ပါ။ ကျွန်မ ရင်နာလွန်းလို့ပါ။ အီး . . ဟီး . . ဟီး . . ဟင့် . . ဟင့်။ တကယ်ကို ပြီးခနဲ ဖျတ်ခနဲပါပဲလား ကိုကျော်ရဲ့"

အားလုံးလည်း မျက်နှာမကောင်းကြဘဲ တစ်ယောက်တစ်မျိုး ဝိုင်းပြီး နှစ်သိမ့်နေကြတယ်။ အဲဒီအချိန်မှာပဲ မဒေါင်း ရောက်လာတယ်။ ငိုနေရင်းတန်းလန်း မဒေါင်းကို မြင်လိုက်ရတာကြောင့် သန်းသန်းက ပြေးဖက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



''ကိုကျော် မရှိတော့ဘူး ဒေါင်းရယ်၊ ကိုကျော် သေသွားပြီ ‥ သိလား၊ အီး ‥ ဟီး ‥ ဟီး''

''တရားနဲ့ဖြေပါ သန်းသန်းရယ်၊ လူဆိုတာ ဒီလိုပဲပေါ့''

''မဟုတ်ပါဘူးကွာ၊ သူဟာ သေသွားတယ်။ ငါသူ့ကို နည်းနည်းလေးမှ ပြုစုခွင့်မရလိုက်ဘူး။ ငါ့အဖြစ်က ဆိုးပါတယ်။ ကိုကျော်ရဲ့ ‥ ကျွန်မကို တစ်ယောက်တည်း ထားခဲ့ပြီလားတော့ ‥ အီး ‥ ဟီး ‥ ဟီး ‥ ငါကိုက အဖြစ်ဆိုးလွန်းတာပါဟာ ‥ အီး ‥ ဟင့် ‥ ဟင့်''

မဒေါင်းက ငိုနေတဲ့ သန်းသန်းရဲ့ပခုံးကို အသာပုတ်ပြီး နှစ်သိမ့်ရင်း သန်းသန်းစကားကြောင့် မဒေါင်း ခဏတွေဝေသွားတယ်။ ပြီးတော့မှ မချိပြုံးပြုံးရင်း စိတ်ထဲက ‥‥

''နင်ကပဲ အဖြစ်ဆိုးတာလား၊ ငါကပဲ အဖြစ်ဆိုးနေတာလား'' လို့ စဉ်းစားရင်း အခုထိ အိပ်ရာထဲမှာ အသက်ကို ဖုတ်လှိုက်ဖုတ်လှိုက် ရှူနေသေးတဲ့ ကိုဌေးကို ဖျတ်ခနဲ မြင်ယောင်သွားမိပါတော့တယ်။

■

ထက်မြတ်နိုင်ဇင်၊ ၂၀၁၃




## ဖန်တီးသူတို့၏ နှလုံးသားအား ဖွင့်ကြည့်ခြင်း

ဆရာ မင်းခိုက်စိုးစန် နှင့် ...

www.burmeseclassic.com

www.burmeseclassic.com



# ဆရာ မင်းခိုက်စိုးစန် နှင့် အင်တာဗျူး

အစ်ကို "မင်းခိုက်စိုးစန်"နဲ့ အစ်ကို့ရဲ့ညီမဖြစ်သူ "မထက်မြတ်နိုင်ဇင်"
တို့ရဲ့ နှစ်ယောက်တွဲစာအုပ်ဖြစ်တဲ့ "ကျွန်တော့်ကို အမေ သတ်ခဲ့တယ်" ဆိုတဲ့
ဝတ္ထုတိုစုစည်းမှု စာအုပ်လေးဟာ ပရိသတ် လက်ထဲကို ရောက်ဖို့အဆင်သင့်
ဖြစ်နေပါပြီ။ ဒီအချိန်မှာ စီစဉ်သူ အနေနဲ့ စာဖတ်သူပရိသတ်များကို
ဘာကြောင့်ဆိုတဲ့ Message လေး တစ်ခုပေးဖို့ စဉ်းစားမိခဲ့ပါတယ်။ အဲဒါက
ကိုမင်းခိုက်စိုးစန် ဒီဝတ္ထုတွေကို ဘယ်လိုစေ့ဆော်မှုတွေနဲ့ ရေးဖွဲ့ခဲ့သလဲ
ဆိုတာပါ။ စာဖတ်ပရိသတ်အပေါ် "မိကျောင်းမင်း ရေခင်းပြ"တာမျိုး ဖြစ်မှာ
စိုးသော်လည်း ရိုးသားစွာပဲ အစ်ကိုနဲ့ စကားလက်ဆုံ ပြောဖြစ်ခဲ့တာဖြစ်
ပါတယ်။ ဝတ္ထုသွားထဲမှာမပါတဲ့ ရေးဖွဲ့လို့ မကောင်းတဲ့ အစ်ကို့ရဲ့အတွေး
တွေကို ဒီ Interview ကနေပြီး ထပ်ဆင့်ရှင်းလင်း ခွင့်ရခဲ့တဲ့အတွက် အစ်ကို
လည်း ကျေနပ်မယ်ထင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

- *"ဒီမိုကရေစီရေကန်ထဲက လိပ်တစ်ကောင်" ဝတ္ထုကို ဘယ်လိုခံစားချက်နဲ့ ရေးခဲ့တာလဲဆရာ။*

ကိုယ်တစ်သက်လုံး လေ့လာဆည်းပူးထားတာတွေ၊ သိထားတာတွေကို လောကကြီးရဲ့ ကောင်းရာကောင်းကျိုးအတွက် ပြောပြချင်တယ်။ မျှဝေချင်တယ်။ ဒါပေမဲ့ အဲဒါတွေကို နားထောင်နိုင်မယ့် နားရွက်မရှိရင် ပြောလည်း ဘာမှ အရာမထင်ဘူးလေ။ နားထောင်ရကောင်းမှန်းသိတဲ့ နားရွက်တွေ လိုတယ်။ နားလည်နိုင်စွမ်းရှိလောက်အောင် လေ့လာသင်ယူမှုအခံရှိတဲ့ နားရွက်တွေလည်း ဖြစ်ဖို့ လိုပါတယ်။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုမှာ ပါးစပ်နဲ့ နားရွက်ဟာ အချိုးကျရမယ်။ ကိုယ်သိထားတာကသာ အမှန်လို့ တစ်ဖတ်သတ် ယူဆပြီး ပြောပဲပြောချင်တဲ့ပါးစပ်တွေကိုချည်းပဲ မြင်နေရတာ စိတ်ပျက်လွန်းလို့ . . . ။

- *ကျွန်တော်တို့ မြန်မာနိုင်ငံဟာ အခုဆိုရင် ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားပြီးနေရာတိုင်းမှာ တိုးတက်သင့်သလောက် တိုးတက်နေပြီလို့ ထင်ပါတယ်။ ဒါပေမဲ့ ဆရာကတော့ အဲဒီအချက်ကို မျက်ကွယ်ပြုပြီး "ငှက်ပျောသီးပဲ စားနေတဲ့ နိုင်ငံတော်" ဝတ္ထုကို အဆိုးမြင်စိတ်နဲ့ ပုံဖော်ဖန်တီးတယ်လို့ ယူဆပါတယ်။ အဲဒါဟုတ်ပါသလား ဆရာ။*



တိုးတက်တယ်ဆိုတာ တွေးခေါ်ဆင်ခြင်စဉ်းစားပုံ ပြောင်းလဲမြင့်မားလာတာကို ခေါ်တာပျ။ လမ်းခင်းထားတဲ့ ကွန်ကရစ်တုံးတွေ၊ တံတားထိုးထားတဲ့ သံဘောင်တွေကို ပြောတာမဟုတ်ဘူး။

လူ့အဖွဲ့အစည်းမှာ စိတ်ဓာတ်တော်လှန်ရေး လိုအပ်တယ်၊ အသိပညာတော်လှန်ရေး လိုအပ်တယ်၊ နည်းပညာတော်လှန်ရေး လိုအပ်တယ်။ အဲဒါတွေမရှိဘဲ ဒုံရင်း ဒုံရင်းဘဝမှာပဲ မွေ့ပျော်နေရင်တော့ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းဟာ နောင်လာမယ့် ၁၀ စုနှစ်ဝေါင်းအနည်းငယ်အတွင်း အခြားအိမ်နီးချင်းနိုင်ငံတွေက 'လူ' ဖြစ်ပြီး ကျွန်တော်တို့က 'မျောက်' ဘဝမှာပဲ ကျန်ရစ်နေခဲ့တာ တွေ့ပါလိမ့်မယ်။

- *"ဆရာတွေစာမေးပွဲကျတဲ့အခါ" ဝတ္ထုကို ဘာဖြစ်လို့ ရေးတာလဲ ဆရာ။ အာစရိယ ဂုဏော အနန္တောဆိုတာကို အယုံအကြည် မရှိဘူးလား။*

အာစရိယဂုဏော အနန္တောဆိုတာ ရိုသေလေးစားမှုကို ချဲ့ထွင်ထားတဲ့စကားလုံးပါ။ ကျွန်တော်ထောက်ပြချင်တာက 'ဆရာ' နာမည်ခံထားတဲ့ လူတစ်စုရဲ့ အရည်အချင်းနဲ့ စိတ်ဓာတ်ဗျ။ ဒီနေ့ခေတ်ဆရာတွေမှာ အရည်အချင်း မရှိရင်၊ ကိုယ့်ကိုယ်ကိုယ် ထက်အောင်သွေးဖို့ စိတ်ဓာတ်စွမ်းရည်မရှိရင် အနန္တော အနန္တဂိုဏ်းဝင်မဖြစ်ဘဲ တိုင်းပြည်ဖျက်မယ့်သူတွေ ဖြစ်သွားမယ်။



www.burmeseclassic.com

www.burmeseclassic.com

◆ *လူတိုင်းက "မိဘကျေးဇူး မြင်းမိုရ်ဦး" တို့၊ "မိဘဆိုတာ စုန်ရေသာ ရှိတယ်၊ ဆန်ရေ မရှိဘူး" တို့၊ "မိဘ မျက်ရည်တစ်စက် သားသမီး ထင်းရဲတစ်သက်" စသဖြင့် နိုင်းနှိုင်းသုံးနှုန်းနေကြချိန်မှာ ဆရာရဲ့ "ကျွန်တော့်ကို အမေသတ်ခဲ့တယ်" ဝတ္ထုဟာ မိဘကျေးဇူးကို စော်ကားရာရောက်မနေဘူးလား။*

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မိဘရဲ့ကျေးဇူး၊ ဆရာရဲ့ကျေးဇူးတွေကို ဂါရဝထားတာဟာ ထူးခြားလေးနက်တဲ့ Social Capital တစ်ခုပါ။ အနောက်နိုင်ငံတွေမှာ ဒီလို Social Capital မျိုး နည်းပါးနေပြီလို့ လူမှုသိပ္ပံပညာရှင်များက သုံးသပ်ကြပါတယ်။ အဲဒီလူမှုအရင်းအနှီးရဲ့ အားသာချက်က ကောင်းမွန်တဲ့လူသားအရင်းအမြစ် Human Resources တွေ ထွန်းကားလာနိုင်တဲ့ အခြေခံရှိနေတာပါပဲ။

တချို့အနုပညာတွေကျတော့လည်း မိဘကျေးဇူးကို တစ်ဖွဲ့တစ်နွဲ့ အရောင်တင်ရတာကို အားသန်ကြတာပေါ့လေ။

ကျွန်တော့်ဝတ္ထုကတော့ Social Capital ကနေ လူသားအရင်းအမြစ်ဖွံ့ဖြိုးလာအောင် ပျိုးထောင်ပေးဖို့ လိုအပ်ချက်တွေထဲက အရေးကြီးတဲ့ ကလေးသူငယ်ပြုစုပျိုးထောင်ရေးဆိုင်ရာ စိတ်ပညာကို ထောက်ပြထားတာပါပဲ။



◆ *အစုနောက်ဆုံးမေးခွန်းအနေနဲ့ ဒီဝတ္ထုတစ်ခုလုံး ဖတ်ပြီးတဲ့ အချိန်မှာ ဆရာတို့ ဘယ်လို Message လေးတွေ ပေးချင်တာလဲဆိုတာ ပရိသတ်ကတော့ သဘောပေါက်မှာပါ။ ဒါပေမဲ့ တစ်ခုလုံးပြီးပြီး ဆရာ ဘာများ ပြောချင်သေးလဲ၊ နောက်ပြီး ဒီလို နှစ်ယောက်တွဲ "ကျွန်တော့်ကို အမေသတ်ခဲ့တယ်" ဆိုတဲ့ ခေါင်းစဉ်တစ်ခုတည်းအောက်မှာ ထုတ်တာနဲ့ ပတ်သတ်ပြီးတော့ရော။*

အစကကတော့ ကျွန်တော့်ညီမလေးပဲပေါ့။ ဝမ်းကွဲညီမပေမဲ့ စိတ်ချင်းကတော့ အရင်းသဖွယ် စိတ်ချင်း နီးနီးစပ်စပ်တူတဲ့အတွက်၊ ညီမလေးရေးတဲ့ဝတ္ထုလေးတွေ ဖတ်ရတဲ့အခါမှာ ကျွန်တော့်အနေနဲ့ အားရတဲ့ဝတ္ထုလေးတွေလည်း ရှိလာတယ်။ ဒါကြောင့် သူ့ကို စာအုပ်ထုတ်စေချင်တယ်။ ပြီးတော့ ပထမဆုံးထွက်မယ့်စာအုပ်ဖြစ်တဲ့အတွက် အမှတ်တရဖြစ်သွားအောင် ကျွန်တော်တို့ မောင်နှမနှစ်ယောက်တွဲပြီး စီမံဖြစ်သွားတာပါ။ စီမံဖြစ်သွားတဲ့အခါကျတော့လည်း ကျွန်တော်က 'ကျွန်တော့်ကို အမေသတ်ခဲ့တယ်' ဆိုတဲ့ ဝတ္ထုလေးရေးပြီးလို့ တစ်ပတ်လောက်ကြာတဲ့အခါ ညီမလေးက သူရေးထားတဲ့ ဝတ္ထုလေး ရေးပြီးလို့ တစ်ပတ်လောက်ကြာတဲ့အခါ သူရေးထားတဲ့ဝတ္ထုလေးတစ်ပုဒ်ကို ပြတယ်၊ ခါတိုင်းဆိုရင်တော့ ကျွန်တော်က သေသေချာချာ ဖတ်ခဲ့တယ်။ သဘောလောက်ပဲ ဖတ်ပြီး ပြောတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့် အယူအဆတွေ သူ့အထဲပါကုန်မှာစိုးလို့ ပြောလေ့မရှိဘူး။ အဲဒီဝတ္ထုလေးကျတော့ သေသေချာချာ ဖတ်ကြည့်တယ်။ ညီမလေးမှာ ဘာပြဿနာရှိလဲဆိုတော့ သူ ဝတ္ထုတွေ ရေးပြီးရင် ခေါင်းစဉ်မပေးတတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတလေ သူ ဆရာဇော်ဇော်အောင်ဆီ သွားတယ်၊ ဆရာ ဇော်ဇော် အောင်က နာမည်တပ်ပေးရတယ်။ ဒီဟာလည်း သူရေးပြီး ခေါင်းစဉ် မတပ်တတ်ဘူး။ တကယ်တော့ အနုပညာရှင်တစ်ယောက်မှာ ခေါင်းစဉ် တပ်တယ်ဆိုတာ တော်တော်ခွကျတဲ့ကိစ္စ။ ဝတ္ထုတစ်ပုဒ် ပြီးသွားပြီ၊ ကဗျာရေးလို့ ပြီးသွားပြီဆိုရင် ခေါင်းစဉ် မလိုတော့ဘူး။ ခေါင်းစဉ် ပေးရတာက နောက်ထပ်အလုပ်သတ်သတ်တစ်ခုလို ဖြစ်နေတယ်။ ခေါင်းစဉ်က မပေးလို့ကလည်း မဖြစ်ဘူးပြန်ဘူး။ အဲဒီခေါင်းစဉ်က ကိုယ့်ဝတ္ထုတစ်ပုဒ်လုံးကို မခြုံငုံမိဘူးလို့ ခံစားရပြန်ရင်လည်း တနုံ့နုံ့ ဖြစ်နေပြန်ရော။ အဲဒါနဲ့ ခေါင်းစဉ်ပေးပေးမယ်ဆိုပြီး ဖတ်ကြည့်တော့ ဒီလိုပဲ သားသမီးနဲ့ မိဘကြားထဲမှာဖြစ်တဲ့ ပြဿနာ၊ သားသမီးဘက် ကနေ မိဘကို ပြန်မြင်တဲ့၊ ပြန်ဝေဖန်တဲ့ အမြင်လေးဆိုတော့၊ ပြီးတော့ ကျွန်တော့်ရှုထောင့်နဲ့မတူဘဲ အခြားရှုထောင့်ကနေပေါ့။ ကျွန်တော့် မှာလည်း 'ကျွန်တော့်ကို အမေသတ်ခဲ့တယ်' ဆိုတဲ့ ဝတ္ထုတစ်ပုဒ် ရှိတယ်။ ညီမလေးဝတ္ထုကလည်း ဒီခေါင်းစဉ်နဲ့ လိုက်ပြန်ရောလို့ တွေးမိပြီး ကျွန်တော်တို့ ဝတ္ထုတွဲထုတ်တဲ့အခါကျရင်လည်း ဒီဝတ္ထု နှစ်ပုဒ်လုံးကို ဒီနာမည်ပဲ ပေးကြတာပေါ့လို့ဆိုပြီး ပေးခဲ့တာ။ ကျွန်တော် တို့က ဒီခေါင်းစဉ်အောက်မှာ အတူတူ ရေးခဲ့ကြတာ မဟုတ်ဘူး။

■




# ဖန်တီးသူတို့၏ နှလုံးသားအား ဖွင့်ကြည့်ခြင်း

## ဆရာမ ထက်မြတ်နိုင်ဇင် နှင့် . . .

www.burmeseclassic.com

www.burmeseclassic.com



# ဆရာမ ထက်မြတ်နိုင်ဇင် နှင့် အင်တာဗျူး

◆ *ဆရာမအတွက် ဝတ္ထုတို၊ ဝတ္ထုလတ်၊ ဝတ္ထုရှည်တွေ ရေးသားတဲ့ အခါမှာ ပိုပြီး အားသာတဲ့အမျိုးအစားကို သိချင်ပါတယ်၊*

အနုပညာကို ထုံးစံရှိလို့သာ အမျိုးအစားခွဲပြီး ပြောနေရပေမဲ့ တကယ်တမ်းကျတော့ အဲဒီသတ်မှတ်ချက်တွေဟာ အံဝင်တဲ့အခါလည်းရှိ မဝင်တဲ့အခါလည်း ရှိပါတယ်။ အခုမေးတဲ့မေးခွန်းထဲမှာ ပါတဲ့ ဝတ္ထုတို၊ ဝတ္ထုအရှည်၊ ဝတ္ထုလတ်ဆိုတဲ့ ကိစ္စမျိုးပေါ့။ ရယ်စရာကောင်းတာက တချို့သူတွေဆိုရင် ဝတ္ထုအရှည်ကို ဇာတ်လမ်းချုံ့လိုက်ရင် ဝတ္ထုတိုဖြစ်သွားတယ်လို့ ထင်ကြတယ်။ အဲဒီလိုပဲ။ ဝတ္ထုတိုကို ဆွဲဆန့်လိုက်ရင် ဝတ္ထုရှည်ဖြစ်သွားလိမ့်မယ်လို့ အောက်မေ့နေကြတာတွေကိုလည်း တွေ့ဖူးတယ်။ ဒါမျိုးကတော့ 'အဖြစ်အပျက် ဇာတ်လမ်း' ဆိုတာလောက်ကိုပဲ ဝတ္ထုလို့ သတ်မှတ်ယူဆနေကြသူတွေအတွက် ဟုတ်ချင်ဟုတ်မှာပေါ့လေ။



www.burmeseclassic.com


www.burmeseclassic.com

ကျွန်မအတွက်ကတော့ ဝတ္ထုတစ်ပုဒ်ကို ရေးတဲ့အခါမှာ အဖြစ်အပျက်ဇာတ်လမ်းအပြင် ကိုယ်ချဉ်းကပ်ရမယ့်ရှုထောင့်၊ ကိုယ့်ဇာတ်ကောင်အပေါ် ကျရောက်ဖန်တီးနေတဲ့အခြေအနေ၊ ကိုယ့်ဇာတ်ကောင်ရဲ့ တုံ့ပြန်မှု၊ ပြီးတော့ အဲဒီတုံ့ပြန်မှုဟာ လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့စံတွေထဲမှာ အံဝင်ခွင်ကျဖြစ်၊ မဖြစ်၊ အဲဒါတွေအကုန်လုံး ရောပွမ်းပါဝင်နေတဲ့ Creative Writing ဟာ ကျွန်မလက်ထဲက ထွက်ကျလာတဲ့ ကျွန်မရဲ့ အနုပညာပါပဲ။ အဲဒါဟာ ဝတ္ထုတိုဖြစ်ရင်လည်း ဖြစ်မယ်၊ ဝတ္ထုရှည်ဖြစ်ချင်လည်း ဖြစ်မယ်။ ဖြစ်တဲ့အတိုင်း အတိအကျပဲ။ ထပ်ဆွဲဆန့်ရအောင် သားရေကွင်းမဟုတ်သလို၊ ချုံ့ပစ်လိုက်လို့ရတဲ့ စပရိန်လည်း မဟုတ်ဘူး။

ဥပမာပေးရရင် မိုးရွာသလိုပဲပေါ့။

ခဏလေးရွာပြီး ပြန်တိတ်ချင်လည်း တိတ်သွားမယ်၊ တစ်နေ့လုံး တဖွဲဖွဲရွာချင်လည်း ရွာနေမယ်။ မိုးကြိုးပစ်သလို၊ ပြင်းထန်ကျယ်လောင်ချင်လည်း ကျယ်လောင်မယ်။ အားလုံးဟာ ကြိုတင်ဆုံးဖြတ်မထားတဲ့ ကျွန်မ ရင်ထဲက မိုးတိမ်တွေအပေါ် မူတည်ပါတယ်။





◆ ငွေဟာ လူတစ်ယောက်ရဲ့ စာရိတ္တအတွက် ဘယ်လောက်အထိ အရေးပါသလဲ ဆရာမ။

ဟုတ်ကဲ့ပါ။ ကျွန်မစိတ်ကူးအရပြောရမယ်ဆိုရင် 'လူတစ်ယောက်ဟာ သူ့ဘဝကို ဘယ်လိုမြင်သလဲ၊ ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားသလဲ' ဆိုတာနဲ့ပဲ တိုင်းတာပါတယ်။ ဘဝဆိုတာ ငွေပဲလို့ ခံယူထားတဲ့လူအတွက် ငွေကြောင့် သူ့ရဲ့စာရိတ္တ အထိခိုက်နိုင်ဆုံးက ၁၀၀ ရာခိုင်နှုန်းသေချာပါတယ်။

ဘဝမှာ ငွေဟာ သိပ်တော့ အရေးမကြီးလှဘူး၊ ဒါပေမဲ့ ငွေမရှိရင်လည်း ဘဝကို ခိုင်မာအောင် မတည်ဆောက်နိုင်ဘူးလို့ စဉ်းစားသူအတွက်ကတော့ ငွေကြောင့် သူ့စာရိတ္တဟာ ၅၀ ရာခိုင်နှုန်း ထိခိုက်သွားနိုင်တာပေါ့။

ဘဝဆိုတာ လွတ်လပ်စွာ နေထိုင်ရှင်သန်ခြင်းလို့ ရိုးရှင်းစွာ ခံယူသူအတွက်က ငွေဟာ သူ့အတွက် လုံးဝ အရေးမပါပါဘူး။ အဲဒီကြောင့် အဲဒီလူမျိုးဟာ ငွေကြောင့် သူ့စာရိတ္တထိခိုက်နိုင်ခြေ ဆိုတာ မရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

◆ *ကိုယ်ရရှိမယ့်အခွင့်အရေးကိုစွန့်ပြီး အနစ်နာခံတဲ့လူ၊ ကိုယ်လိုချင်တဲ့ အကျိုးအတွက် ခံစားခွင့်တွေ စွန့်ထားတဲ့သူ၊ အဲဒီနှစ်မျိုးမှာ ဘယ်သူက ပိုပြီး လှပီသတယ်လို့ထင်ပါသလဲ ဆရာမ၊*

ကျွန်မအသက်အရွယ်နဲ့ ဒီမေးခွန်းကို ဖြေရမှာ အလွန်ကို အန္တရာယ်များပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မ မဖြေတော့ပါဘူး။ ခရစ်ရှနာမူရ်တီး Reader ထဲမှာပါတဲ့ စာပိုဒ်လေးကို ပြောပြပါမယ်။

"ထက်သန်ပြင်းပြမှုမရှိရင် ဖန်တီးမှု မရှိနိုင်ပါဘူး။ အလုံးစုံစွန့်လွှတ်ခြင်းဟာ အဲဒီအဆုံးမဲ့ ထက်သန်ပြင်းပြမှုကို ဖြစ်လာစေပါတယ်။ စေ့ဆော်မှုပါတဲ့ စွန့်လွှတ်ခြင်းက တစ်ဖုံ၊ ရည်ရွယ်ချက်မဲ့ တွက်ချက်မှုမဲ့ စွန့်လွှတ်ခြင်းက တစ်မျိုး ဖြစ်နေပါတယ်။

စွန့်လွှတ်ခြင်းဟာ အဆုံးသတ်နဲ့ ဦးတည်ရာရှိနေတဲ့ အရာဟာ ကြာရှည်မခံဘဲ ထိခိုက်နစ်နာမှု ဖြစ်လာစေတယ်။ အကျိုးအမြတ်ရရေးသာ ရှေးရှုတာက အောက်တန်းကျပါတယ်။ ရည်ရွယ်ချက်၊ ဒါမှမဟုတ် ရလိုမှု၊ အကြောင်းတရားတစ်ခုခုက တွန်းအားပေးတာမျိုးမဟုတ်တဲ့ စွန့်လွှတ်ခြင်းကတော့ အဆုံးအစမဲ့သဘော ဆောင်ပါတယ်။

အဲဒီစွန့်လွှတ်ခြင်းဟာ 'ငါ' ဆိုတဲ့ အတ္တကင်းမဲ့ခြင်းပါ။ ဒါပေမဲ့ အဲဒီ 'ငါ' ဆိုတဲ့ အတ္တဟာ လုပ်ဆောင်ချက်တချို့၊ ယုံကြည်မှု၊ တခြား စိတ်ကူးယဉ်အိပ်မက်၊ လူတွေရဲ့ ချီးမြှောက်မှု၊ လက်ခုပ်သြဘာစတဲ့ အရာတွေထဲမှာ ပျော်ဝင်ပျောက်ဆုံးသွားနိုင်ပါသေးတယ်။



ပြီးတော့ အတ္တကို စွန့်လွှတ်ထားတဲ့ ထက်သန်ပြင်းပြမှုဟာ ဖော်ထုတ်ပြသဖို့ လိုအပ်ပါသလား။ ပြသဖို့ လိုအပ်သည်ဆိုရင်တော့ အလုံးစုံ စွန့်လွှတ်ခြင်းဆိုတဲ့ သင် ဖန်တီးလိုက်တဲ့အရာဟာ လေးစားခံလိုမှု၊ အရှက်ကင်းမဲ့သူအတွက်သာ ဖြစ်နေတော့မှာပေါ့"

◆ *ရာဇဝတ်မှု မမြောက်တဲ့ လူသတ်မှုတစ်ခုမှာ သေဆုံးခဲ့ရတဲ့ လူငယ်လေးတစ်ယောက်ကို ဆရာမရဲ့ဝတ္ထုထဲမှာ တွေ့လိုက်ရတယ်၊ ဒီစာအုပ်ရဲ့ Title လည်း ဖြစ်နေတယ်၊ အရမ်းသိသင့် သိထိုက်တဲ့ အကြောင်းအရာတွေလည်း ဖြစ်နေတယ်၊ အမေ အခေါ်ခံရမယ့် မိန်းမတိုင်းအတွက် သိသင့်သိထိုက်တာလေးတွေကို အတွေး ကောင်းကောင်းနဲ့ လမ်းပြပေးထားတယ်နော်၊ ဒီဝတ္ထုလေး ရေးဖြစ်သွားရတဲ့အကြောင်းလေးကို ရှင်းပြပေးနိုင်မလား။*

ဒီဝတ္ထုလေးရေးဖို့ စိတ်ကူးရတာက ကျွန်မပတ်ဝန်းကျင်မှာ မြင်တွေ့ခဲ့ရတဲ့အမျိုးသမီးတစ်ယောက်ကြောင့်ပါ။ အလုပ်လက်မဲ့ယောက်ျားတစ်ယောက်ကို မိမိပိုင်ပစ္စည်းလုပ်ချင်လို့ လူ့လောကထဲကို မရောက်သေးတဲ့ ကိုယ့်ရင်သွေးကို ခုတုံးလုပ်ပြီး အဲဒီယောက်ျားကို ယူလိုက်တဲ့ အလွန်တရာမှ မိုက်မဲလှသော အဲဒီအမျိုးသမီးကြောင့် အခုလို ဝတ္ထုလေးဖြစ်လာတာပါပဲ။

တစ်ခါတလေမှာ လူတွေဟာ လူသတ်တယ်ဆိုတာ အသက်ရှိနေတဲ့ အခြားလူသားတစ်ယောက်ကို အသက်မဲ့သွားအောင် အားထုတ်ခြင်းလို့ ထင်နေကြတယ်။ မဟုတ်ပါဘူး ...။



www.burmeseclassic.com

www.burmeseclassic.com

တခြားလူတစ်ယောက်ရဲ့ အတွေးတွေ၊ လွတ်လပ်ခွင့်တွေ၊ အိပ်မက်တွေ၊ ယုံကြည်မှုတွေကို ဖျက်ဆီးလိုက်တာဟာလည်း လူသတ်လိုက်တာပါပဲ။

ကျွန်မတို့နိုင်ငံမှာ တစ်နှစ်တစ်နှစ် သန်းနဲ့ချီတဲ့ကလေးတွေဟာ နည်းနည်းချင်းစီ အသတ်ခံနေရတယ်။ သူတို့ ရွေးချယ်ခွင့်မရှိတဲ့ လူယောက်ျားနဲ့ လူမိန်းမကို မိဘတော်ရတယ်။ သူတို့ရွေးချယ်ခွင့်မရှိတဲ့ ဘဝထဲမှာ အလျားလိုက် ရွေ့လျားနေရတယ်။ ရန်ကုန်မြို့ထဲမှာတင် ကားတွေကြားထဲ ဈေးရောင်းတဲ့ ကလေးတွေ၊ တောင်းစားနေတဲ့ ကလေးတွေ၊ လက်ဖက်ရည်ဆိုင်မှာ မျက်နှာထားဆိုးတဲ့ ဆိုင်ပိုင်ရှင်ရဲ့ အငေါက်အငမ်းကိုခံပြီး စားပြီးသား ထမင်းပန်းကန်တစ်ပုံကြီးကို ဆေးနေရတဲ့ကလေးတွေ အများကြီး ရှိနေပါတယ်။ မိဘက စနစ်တကျ ပြင်ဆင်ပြီးမွေးထားတဲ့ ကလေးတွေရဲ့လက်ဟာ ကွန်ပျူတာခလုတ်ပေါ်တင်နေချိန်မှာ အဲဒီအမိုက်အမဲမိဘတွေရဲ့ကလေးတွေဟာ လက်သည်းကြားထဲမှာ ချီး (ကြေး) အထပ်ထပ်နဲ့၊ အစားအသောက်ပန်းကန်တွေ ကိုင်ပြီး စားပွဲထိုးနေရတယ်။

ကဲ . . အဲဒီကလေးတွေ ဘဝပေးကို ကျွန်မတို့က ဘယ်လို ခေါင်းစဉ်တပ်ကြမလဲ။ သူတို့အဲဒီလို လူဖြစ်ရှုံးခြင်းအတွက် ကျွန်မတို့က ဘာတွေနဲ့ နှစ်သိမ့်ပေးရမလဲ . . ။



လောကဓံကြောင့် . . . ။ ကံတရားကြောင့် . . . ။ ရှေးရှေးဘဝက ကောင်းမှုကုသိုလ်နည်းခဲ့လို့ . . . ။ အဲဒီအကြောင်းပြချက်တွေဟာ ယုတ္တိလုံးဝမရှိသလို၊ အခြေအမြစ်လည်း မရှိဘူးလို့ ကျွန်မ ထင်တယ်။ အဲဒါတွေဟာ အလွန်ကို အတွေးအခေါ်ဉာဏ်တိမ်တဲ့ အညံ့စားလူတွေရဲ့ Reason တစ်ခုပဲ။ အဲဒါထက် ဘာမှမပိုဘူး . . ။

သူတို့ဘဝရဲ့ အဓိကတရားခံဟာ မိုက်မဲလွန်းတဲ့မိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ယောက်ကြောင့်ပါပဲ။

ယောက်ျားတစ်ယောက်ကို အရယူဖို့ အဲဒီ မမွေးသေးတဲ့ ကိုယ့်ရင်သွေးကလေးကို ဓားစာခံလုပ်တယ်။ မိမိလက်ထပ်ထားတဲ့ ယောက်ျားတစ်ယောက် မိမိအနားက ထွက်မသွားဖို့၊ မိမိကို ထားမသွားဖို့ ကိုယ့်ရင်သွေးနဲ့ အကာအကွယ်ယူတယ်။

တချို့ပြောကြတာ တစ်ခု ကြားဖူးတယ်။

''အိမ်ထောင်ကျပြီး စောစောစီးစီး ကလေးယူကြ၊ ယောက်ျားဆိုတာမျိုးက ကလေးရှိမှ အိမ်ကပ်တာ၊ ကလေးရှိမှ ကလေးကို ထောက်ထားပြီး မဖောက်ပြန်မှာ'' တဲ့ . . ။

ကြည့်ပါဦး၊ အဲဒီစာကြောင်းမှာ ကလေးအနာဂတ်အတွက် ပူပန်မှုတစ်စက်တောင် မရှိဘူး မဟုတ်လား။ ကလေးဟာ သူတို့ အိမ်ထောင်ရေးတစ်ခုရဲ့ အဖြေရှာခံပစ္စည်းသက်သက်တစ်ခုပါပဲ။ ကဲ . . အဲဒီလိုကလေးတွေကိုသတ်တဲ့ အမေဆိုတဲ့ အမျိုးသမီးမှ လူသတ်သမား မဟုတ်ရင် ဘယ်သူက လူသတ်သမား ဖြစ်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအမြင်နဲ့ အတွေးကတော့ အဲဒါပါပဲ။ အဲဒီလောက် စိတ်ပျက်ဖွယ်ကောင်းတဲ့ လူအဖွဲ့အစည်းကို ထောက်ပြချင်တာနဲ့ ဟောဒီ ''ကျွန်တော့်ကို အမေ သတ်ခဲ့တယ်'' ကို ရေးဖြစ်ပါတယ်။

◆ လင်ယောကျ်ားဆိုတာ မိန်းမတစ်ယောက်ရဲ့ဘဝမှာ ဘယ်လောက်ထိ အရေးပါပါသလဲ။

ဒီမေးခွန်းအတွက် အရင်ဆုံး မိန်းမအမျိုးအစားတွေ ခွဲပြပါမယ်။

(၁) ဘာအရည်အချင်းမှမရှိဘဲ (ရှိကောင်း ရှိမယ်၊ သို့သော် ကိုယ်တိုင် အလုပ် မလုပ်ချင်သူ) မိမိဟာ အားနွဲ့သူ၊ တစ်နေ့မှာ ကလေးအမေပဲ လုပ်မယ်၊ အိမ်ထောင့်ဝေယျာဝစ္စတွေပဲ လုပ်မယ်။ ပြီးရင် ယောကျ်ားကို ပြုစုမယ်လို့ တရားသေ စဉ်းစားထားတဲ့မိန်းမ။

(၂) ကိုယ့်ကိုယ်ကိုယ် အရည်အချင်းရှိအောင် ကြိုးစားမယ်။ ရလာတဲ့ အရည်အချင်းတွေကိုလည်း ထိုက်တန်တဲ့နေရာမှာ ပြန်သုံးချင်တယ်။ မိမိတန်ဖိုးဟာ ကိုယ်ခန္ဓာအရေပြားအလှပေါ်မှာမဟုတ်ဘဲ မိမိရဲ့တန်ဖိုး ဟာ မိမိဘာကို လုပ်နိုင်တယ်လို့ ပြတာပဲလို့ တထစ်ချ ခံယူထားတဲ့ မိန်းမ။ မိသားစုဘဝကို အသိဉာဏ်နဲ့ယှဉ်ပြီး အဆင်ပြေအောင် တည်ဆောက်မယ်လို့ ခံယူထားတဲ့မိန်းမ။



နံပါတ် (၁) အမျိုးအစားမိန်းမအတွက်တော့ လင်ယောကျ်ားဟာ ဘုရားသခင်(God) နီးနီး သူမအတွက် လိုအပ်ပါတယ်။ အဲဒီယောကျ်ား မရှိတော့ ခြင်းဟာ သူမဘဝသေဆုံးတာနဲ့ အတူတူပဲလို့ ခံယူထားတယ်။ အဲဒါ ကြောင့် မိမိယောကျ်ား ဘယ်မှ ထွက်မသွားဖို့ သူ့ရင်သွေးကလေးနဲ့ မျှားခွယ်ထားမယ်။ ယောကျ်ားရဲ့ ပုဆိုးစ ဒါမှမဟုတ် ဘောင်းဘီစကို ဆွဲပြီး လိုက်နေမယ်။ အဲဒီယောကျ်ားအိမ်ပြန်လာဖို့အတွက် အကောင်း မွန်ဆုံး စားကောင်းသောက်ဖွယ်တွေကို ချက်ပြုတ်ကျွေးမယ်၊ ကျွန်လို ပြုစုမယ်။ အဲဒါကိုပဲ သူမဟာ မိန်းမတွေထဲမှာ အရည်အချင်းရှိပြီး ပါးနပ်တယ်လို့ ထင်နေတတ်တယ်။ သူမ အဲဒီနည်းလမ်းတွေသုံးပြီး သူမ အိမ်ထောင်ရေးခိုင်မြဲနေတာကို အောင်မြင်တဲ့ဘဝကို သူမ လုပ်နိုင် ခဲ့ပြီလို့ ထင်နေသူတွေပေါ့။ အဲဒီလို မိန်းမအတွက် လင်ယောကျ်ား ဆိုတာ သူမရဲ့ အနာဂတ်ပဲ။

နံပါတ် (၂) အမျိုးအစား မိန်းမအတွက်တော့ လင်ယောကျ်ားဟာ မရှိရင်မဖြစ်သလောက် အရေးမပါဘူး။ အဲဒီမိန်းမဟာ အဲဒီယောကျ်ား နဲ့ အိမ်ထောင်ပြုထားတယ်ဆိုကတည်းက ကျွန်လုပ်ဖို့ မဟုတ်ဘူး။ ဘဝပါတနာလုပ်ဖို့ စဉ်းစားခဲ့လို့ပါ။ သူမ စိတ်ထဲမှာ ယောကျ်ားနဲ့ မိန်းမ လို့သာ ခွဲခြားထားတာ။ ဒါပေမဲ့ အားလုံးဟာ လူတွေပါ။ အဲဒါကြောင့် လူလူချင်း လေးစားရမယ်လို့ တရားသေပြောသူ စောစောကပြောသလို



www.burmeseclassic.com

www.burmeseclassic.com

ဘဝပါတနာဆိုတာ ဥပမာ– အလုပ်တစ်ခုကို လူနှစ်ယောက်စပ်တူ လုပ်ကြမယ်။ ပါတနာအချင်းချင်း သစ္စာရှိရမယ်၊ တက်ညီလက်ညီ ကြိုးစားမယ်၊ အဲဒါဆိုရင် ကြိုးစားမှုရဲ့အသီးအပွင့်ကို အတူစားကြမယ် ပေါ့။ အဲဒီလိုမဟုတ်ဘဲ ပါတနာနှစ်ယောက်မှာ တစ်ယောက်က စိတ်ပြောင်းသွားပြီဆိုရင်တော့ အသာလေး လမ်းခွဲလိုက်ရုံနဲ့ ကိစ္စအားလုံး ပြီးပါတယ်။

အဲဒါကြောင့် ဘဝပါတနာဆိုတာ အဲဒီလို အလုပ်လုပ်သလိုပါပဲ။ စိတ်အခန့်မသင့်တဲ့အခါမှာ တစ်ယောက်နဲ့တစ်ယောက် ပွင့်လင်းစွာ ဖွင့်ပြောလိုက်ရုံနဲ့ အလွယ်တကူ ပြီးသွားတယ်။ ဒါဟာ ကျွန်မတို့ မြန်မာ့ လူအဖွဲ့အစည်းအတွက် အခုပြောတဲ့ကျွန်မစကားဟာ နည်းနည်း ပစ်စလက်ခတ်နိုင်ကောင်း နိုင်နေနိုင်ပါတယ်။ ဒါပေမဲ့ မိမိဘဝကို ချစ်သော၊ မိမိရဲ့လွတ်လပ်ခွင့်ကို မိမိက တန်ဖိုးထားမြတ်နိုးသော၊ မိမိ၏ ယုံကြည်မှုကို မိမိ၏ အရည်အချင်းပေါ်မှာပဲ မြှုပ်နှံထားသော မိန်းမ တစ်ယောက်အတွက်တော့ ဒါဟာ သူမအတွက် ကြီးမားတဲ့ဘဝ အောင်မြင်မှုတစ်ခုပါပဲ။





◆ *နည်းပညာအသစ်တွေ ထွန်းကားလာတာနဲ့ အမျှ လူ့အဖွဲ့အစည်းဟာ ပိုပြီး သက်သာလွယ်ကူလာတယ်လို့ပြောကြပါတယ်၊ ဒါပေမဲ့ အဲဒီနည်းပညာ အသစ်တွေနဲ့ လိုက်မမီနိုင်တဲ့လူတန်းစားအဖို့ ဘယ်လို အကျိုးဆက်တွေနဲ့ ရင်ဆိုင်ရမလဲ၊ ဝဋ္ဋကထဲက ဇာတ်ကောင်ဟာ တစ်စုံတစ်ရာကို ကိုယ်စားပြု နေတဲ့ သင်္ကေတလား။*

လူ့အဖွဲ့အစည်းဆိုတာ ခေတ်အဆက်ဆက် ရွေ့လျားနေတဲ့ လူ့သတ်ကွင်းကြီးတစ်ခုပါ။ အခြေအနေနဲ့ အံဝင်အောင် နေထိုင်နိုင် သူသာလျှင် အသက်ရှင်ကျန်ရစ်တဲ့ Survival of the fittest သဘောပေါ့။ ခရစ္စတိုဖာကိုလံဘတ်က အမေရိကတိုက်ကို ရှာဖွေတွေ့ရှိလိုက်တော့ ကမ္ဘာ့ယဉ်ကျေးမှုဟာ တစ်ဆင့်တိုးမြင့်သွားတယ်။ ဒါပေမဲ့ ဒေသခံတွေ ရဲ့ ယဉ်ကျေးမှုကတော့ ပြိုလဲပျက်စီးသွားတယ်။ အခု Globalization ခေတ်မှာလည်း Digital နည်းပညာတွေနဲ့အတူ အဆင့်တွေ မြင့်သွား သလောက် ဝါးမျိုကိုက်စားခံလိုက်ရတာတွေကတော့ ရှိနေမှာပါ။ ကျွန်မ တို့မြန်မာနိုင်ငံရဲ့ အခြေအနေကရော ကျွန်မဝဋ္ဋကထဲက ဇာတ်ကောင် ဓာတ်ပုံဆရာလို နည်းပညာတွေ အမီမလိုက်နိုင်လို့ အလင်းကွယ်နေ ရမှာလား။ ကိုယ့်ရင်သွေးသားသမီးကို အိမ်နီးချင်းနိုင်ငံတွေမှာ အလုပ် ကြမ်းလုပ်ဖို့ ကျွန်ဇာတ်သွင်းတဲ့ဘဝကို ရောက်ရမှာလားဆိုတဲ့အကြောင်း စာဖတ်သူတွေကို ကိုယ်တိုင်ပဲ ခံစားသုံးသပ်အဖြေထုတ်ကြည့်စေချင်ပါ တယ်။

www.burmeseclassic.com

*"သေဆုံးသူတစ်ယောက်က ငါ့ကို သတိရလွမ်းဆွတ်နေတယ်" ဆိုတဲ့ ဝတ္ထုတိုလေးထဲမှာ ဇာတ်ကောင်အမျိုးသမီး မဒေါင်းက နှာတာရှည် လင်ယောက်ျားကို မြန်မြန် သေသွားစေချင်နေတာက ရက်စက်ရာမရောက်ဘူးလား။*

လူသားချင်းစာနာထောက်ထားမှုအရရော၊ လူ့ယဉ်ကျေးမှု ထုံးတမ်းစဉ်လာအရရော၊ ကျွန်မတို့လူ့အဖွဲ့အစည်းက တသားတကျ လက်ခံထားတဲ့ လင်နှင့်မယားနှစ်ယောက်မှာ လင်က အိမ်ဦးနတ်လို့ တင်စားတဲ့ပညတ်အရရောဆိုရင်တော့ ကျွန်မဇာတ်ကောင် မဒေါင်းဟာ ရက်စက်တဲ့ မိန်းမဆိုးတစ်ယောက်ပေါ့။ ဒါပေမဲ့ ဒါကိုပဲ ကျွန်မက နောက်ထပ်ရှုထောင့်အသစ် တစ်ခုပြောင်းကြည့်လိုက်တယ်။

လူသားတိုင်းရဲ့ ရင်ထဲမှာ မလုံခြုံမှုတွေ၊ ကြောက်ရွံ့မှု ကိုယ်စီ ရှိကြတယ်။ လူတွေဟာ ထမင်းငတ်မှာ ကြောက်တယ်၊ အမိုးအကာ အောက်မှာ မနေနိုင်မှာ ကြောက်တယ်၊ မအောင်မြင်မှာ ကြောက်တယ်၊ ကိုယ်ရထားတဲ့ အလုပ်အကိုင်အခွင့်အလမ်းတစ်ခု ဆုံးရှုံးသွားမှာ ကြောက်တယ်။ ပြီးတော့ အဆိုးဆုံးက ကိုယ့်အနာဂတ်အတွက် အာမခံ ချက်မရှိတော့မှာကို အကြောက်ဆုံးပဲ။

အဲဒီကြောက်ရွံ့မှုတွေဟာ လူကို တွေဝေသွားစေတယ်၊ ထုံထိုင်းဆွံ့အသွားစေတယ်၊ လူရဲ့ စွမ်းဆောင်ရည်နဲ့ ကိုယ်ချင်းစာစိတ် ကို ဖျက်ဆီးပစ်လိုက်တယ်။ အသိဉာဏ်နဲ့ တွေးတောဆင်ခြင်ဉာဏ်ကို အမှောင်ဖုံးပစ်လိုက်တယ်။ အကြီးမားဆုံးကတော့ မေတ္တာတရားနဲ့ စေတနာကရုဏာကို ခြေမွဖျက်ဆီးပစ်လိုက်တာပါ။



အဲဒါကြောင့် လူသားရဲ့ရင်ထဲမှာ မေတ္တာတရားရှိဖို့အတွက် စောစောက ကျွန်မပြောတဲ့ အကြောက်တရားတွေ ကင်းရှင်းဖို့ လိုပါ လိမ့်မယ်။

◆ *ဆရာမအနေနဲ့ အစုစေတ်ပညာရေးကို ဘယ်လိုမြင်ပါသလဲ။*

ကလေးတွေကို ဆရာဝန်ကြီးဖြစ်အောင်၊ ကွန်ပျူတာပညာရှင် ကြီးဖြစ်အောင်၊ ပညာသင်ကြားပေးခြင်းဟာ ပညာရပ်နယ်ပယ်ကို ချဲ့ထွင်ထွန်းကားစေမယ့်သူတွေ ပေါ်ပေါက်လာစေဖို့ ရည်ရွယ်ခြင်း ဖြစ်ပါတယ်။ အခုတော့ ဆရာဝန်အဖြစ်နဲ့ ပိုက်ဆံများများရှာနိုင်အောင်၊ ဘာရာထူး ညာရာထူးကြီးနဲ့ ဇိမ်ကျကျအသက်မွေးနိုင်အောင် ငွေရှာဖို့ နည်းလမ်းတွေ သင်ပေးနေတဲ့ဘက်ကို ယိမ်းယိုင်နေတယ်လို့ မြင်ပါ တယ်။ တကယ်တော့ ပညာဆိုတာ အနာဂတ်ဆီဦးတည်ရမှာ ဖြစ်ပါ တယ်။ ကျွန်မတို့ဆီမှာတော့ အတိတ်က စံပြုထားတဲ့သတ်မှတ်ချက် တွေနဲ့ အံဝင်အောင် နေတတ်ဖို့ သင်ပေးသလို ဖြစ်နေတယ်။ ဒါဟာ တိုးတက်မှုကို ရပ်တန့်သွားစေနိုင်တဲ့နည်းလမ်းတွေပါပဲ။ ကလေးတွေက သူတို့ရဲ့ အနာဂတ်ကို အသိပညာရှိရှိ ရွေးချယ်ဖန်တီးနိုင်ဖို့ ပညာရေး က ကူညီရမှာပါ။ အခုတော့ ကလေးတွေဟာ မိဘတွေရဲ့ဆန္ဒကို ဖြည့်ဆည်းပေးဖို့ စာသင်နေတဲ့ စက်ရုပ်ကလေးတွေ ဖြစ်နေကြတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## ကိုယ်ရေးအကျဉ်း

- အမည် – ထက်မြတ်နိုင်ဇင်
- ကလောင်အမည် – **ထက်မြတ်နိုင်ဇင်**
- ရောဝတီတိုင်း၊ မြောင်းမြမြို့မှ အဖ ဦးရဲမြင့်၊ အမိ ဒေါ်ခင်မာလှိုင်တို့မှ ၁၉၈၆ ခုနှစ်တွင် မွေးဖွားခဲ့သည်။
- ၂၀၀၂ ခုနှစ်တွင် မြောင်းမြမြို့ အ ၊ ထ ၊ က (၁)မှ ၁၀ တန်း အောင်ပြီး ပုသိမ်တက္ကသိုလ်တွင် ဥပဒေ အထူးပြုမေဂျာဖြင့် ပညာဆက်လက်သင်ကြားခဲ့၏။
- ၂၀၀၆ ခုနှစ်တွင် ဥပဒေဘွဲ့ရသည်။
- ရန်ကုန်မြို့တွင် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အထက်တန်းရှေ့နေဘဝဖြင့် အသက်မွေးပြီး ၂၀၁၃ ခုနှစ်တွင် အစ်ကိုဝမ်းကွဲဖြစ်သူ၏လက်တွဲခေါ်မှုကြောင့် စာပေအနုပညာနယ်ထဲသို့ စတင် ဝင်ရောက်ခဲ့ပါသည်။

- ပထမဆုံးရေးသားခဲ့သည့် ဝတ္ထုတိုမှာ 'နောင်ကြိုးဖွဲ့မယ့်ကြယ်' အမည်ရှိဝတ္ထုဖြစ်သည်။ ထို့နောက် 'သရဲ့ျာအပြင်ဘက်က တန်ဖိုး'၊ 'နှစ်ဖက်ကြည့်မှန်'၊ 'သူနိုး'၊ 'ချစ်တဲ့နှလုံးသားက တင်းမာနေတယ်'၊ 'ကြိုးတိုက်ထဲက မိန်းမများ' စသဖြင့် ဝတ္ထုတိုပေါင်း ၃၀ ကျော်ကို ရေးသားခဲ့၏။
- ရုပ်ရှင်အနုပညာဘက်တွင်လည်း အစ်ကိုဖြစ်သူနှင့်အတူ ဇာတ်ညွှန်းများလည်း ရေးသားရင်း လက်ထောက်ဒါရိုက်တာအဖြစ် ရုပ်ရှင်ကားကြီးတစ်ကားကို ရိုက်ကူးနေဆဲဖြစ်သည်။ အပတ်စဉ် တနင်္ဂနွေနေ့ မြဝတီရုပ်မြင်သံကြားတွင် ပြသလျက်ရှိသော 'ပဟေဠိနန်းတော်' အစီအစဉ်တွင် အစ်ကိုနှင့်အတူ ဒါရိုက်တာအဖြစ် ရိုက်ကူးတင်ဆက်လျက် ရှိသည်။
- ဝတ္ထုရှည်များအနေဖြင့် 'ခြသေ့်ခံတွင်းထဲက နှင်းဆီ'၊ 'စနေကျိန်စာသင့်တဲ့ မိန်းမ'၊ 'မနေ့ကလိုပဲ သူငယ်ချင်း'၊ 'ရည်းစားများတဲ့ ကောင်မလေး'၊ 'နတ်နဲ့နဂါး' စသဖြင့် အမည်ပေးထားသော ဝတ္ထုများကိုလည်း ထုတ်ဝေရန် စီစဉ်လျက်ရှိသည်။
- လစဉ်ထုတ်မဂ္ဂဇင်းဖြစ်သော လှိုင်းသစ်မဂ္ဂဇင်းတွင်လည်း စာပေနှင့်အနုပညာအတွေးများ၊ ဘာသာပြန်စာပေများကို လစဉ် ရေးသားလျက်ရှိပါသည်။
- အတွေးအခေါ်စာအုပ်အနေဖြင့် 'Zen နှင့် ဘုရားသေဆုံးခြင်း' ဟု အမည်ပေးထားသောခေါင်းစဉ်ဖြင့် လက်ရှိရေးသားလျက်ရှိပါသည်။
- 'သစ်သီးကောက်' ဟု အမည်ပေးထားသော ဖင်ပုံပြင်နှင့် ဉာဏ်အလင်းဖွင့်အတွေးများကိုလည်း အစ်ကိုဖြစ်သူနှင့်အတူ ပူးတွဲဘာသာပြန်ဆိုနေသည်။


www.burmeseclassic.com